# City MAGAZINE

Vol- 249, 2017






## မျက်မမြင်လမ်းလျှောက်ပွဲ

## ခြိမ့်ခြိမ့်သဲဆင်နွှဲ





# City MAGAZINE

VOL - 249, 2017

အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ
သန့်စင်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၁)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀

**City MAGAZINE**

Vol : 249, 2017



# Contents


4 EDITORIAL NOTE

## POEM

5 ပစ်တိုင်းထောင်ပော့ — မြင်းမူမောင်နိုင်မိုး
6 နေမမြင့်မီ — မောင်စိမ်းနောင်(လယ်ဝေး)
7 အပယ်ခံရရှာ ကိုအတ္တာ — ကျော်စောဟန်
8 ပရလှူသား — မောင်လွမ်းနိုင်(စံပယ်ငုံ)
26 သမုဒယချိန်ခွင် — ခက်လှိုင်းကျော်
27 တမာလမ်းက လွမ်းပုံပြင် — မင်းဇော်ထွေး
28 အိုးနဲ့ဆန် — အောင်မြင့်စိုး(ရေစကြို)
106 ပုစွန်ဆိတ် — လင်္ကာမြင့်မိုရ်
107 ညို့အသွင်စာကိုခင် — မနောသစ်(ပခုက္ကူ)
108 ကံ၊ စိတ်၊ ဥတု၊ အာဟာရ — ရွှေတိုင်ခင်မောင်ထွေး

## CARTOON

9 လေနီကြမ်း 10 ကိုရိုး 11 ဖြိုးလေး 12 မောင်မောင်ညွှက်
42 ရန်ကြီးအောင် 43 လှမင်းထက်လှ 44 ဇက်တီ
116 မောင်မောင်ထွေး 128 စောဟန် 134 သန်းနိုင်

## COVER ESSAY

22 မျက်မမြင်လမ်းလျှောက်ပွဲ မြိမ့်မြိမ့်သဲဆင်နွှဲ — ချမ်းမြေ့(Eco)

## CITY ARTICLE

17 ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့် စီးပွားရေးထူထောင်မှု — ဇော်ဟိန်း

## RELIGION

13 မဟာဓမ္မရံသီဘွဲ့တော်ချီ အိမ်တော်ရာစေတီတော် — မောင်မြတ်မှန်(ဆူးလေ)
45 နှလုံးသားဝယ်မွှေးထုံ သရဏဂုံ — မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)
89 ဗလိငါးဖြာ — တက္ကသိုလ်မလေးခိုင်

## EXPERIENCE ESSAY

65 မေတ္တာမိုးမြေ သက်သေတည် — ဟန်သီဇင်










# ARTICLE


51 ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်နီညိုအန္တရာယ်

မေယု-မျိုးအောင်

79 ရုပ်ရှင်ခေတ်ဦးမှသည် အနာဂတ်ရုပ်ရှင်ခေတ်ဆီသို့(အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

129 ဆင်အကြောင်း သိကောင်းစရာလေးများ ပေါက်ပေါက်


# STRANGE


75 ကောစတာရီကာမှ ကျောက်ဘောလုံးကြီးများ ကိုခန့်(သုတေသန)


# TRANSLATION


55 ကျောင်းဆရာမက်ကတ် မောင်သီဟ

93 ပန်းချီကားစုဆောင်းခြင်း၏ ဇီဇာ ဘနင်း


# PHOTO


102 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ သန့်စင်


# CELEBRITY


117 *Celebrity and Showbiz* ကိုသားကြီး


# SHORT STORY


29 ပေါက်ပင်ကိုင်းကိုင်း မစန္ဒာ

35 မငိုပါနဲ့ မိန်းကလေး ဆင်ဖြူကျွန်းအောင်သိန်း

60 အနိုင်ပ်သည် ကိုဇော်

70 လူတောသားစကားလိုဆိုလိုက်ချင် မကျေးဥ

84 အစ-အလယ်-အဆုံး-နိဂုံး တက္ကသိုလ်မောင်မိုးရိပ်

109 အခွံ ခင်လပြည့်ဝန်း

121 စဉ်းစားပေးပါ မိုးပန်းမွှန်(ရာမည)

135 ဒေါင်းတစ်ဖ ချေ(ဂျီ)နစ်မ မောင်မြင့်မား(ဗိုလ်ကလေး)


# YOUTH


140 ထူးချွန်ထက်မြက်လိုသူများအတွက်လက်ဆောင်မှန် ကိုဇော(ပထဝီဝင်)


# JOKE


34, 69, 88, 92, 115, 127 မောင်သီဟ


# HEALTH


97 သန့်ရှင်းကျန်းမာ အာဟာရပြည့်ဝသော အစားအစာများ စားသုံးရန် ဒေါက်တာမြင့်သန်းထွန်း


# LONG STORY


144 မောင့်မျက်နှာငယ်မလေး ထွေး သောင်းဝေဦး









၇၉

၇၅

၁၄၄








# ရှေးဦးစကား

မင်္ဂလာပါ စာရှုသူများခင်ဗျား။

City Magazine-249 အတွက် ရှေးဦးစကားဆိုပါရစေ။ စာရှုသူများကို ရသစုံ ခံစားစေချင်သော အယ်ဒီတာအဖွဲ့၏ စေတနာ ဖြင့် "ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်ကြောက်ရွံ့၊ ရဲဝံ့အံ့ဩ၊ ရောအရသာ" ဟူသည့် ရသကိုးမျိုးလုံး မဟုတ်သည့်တိုင် အောင် တတ်နိုင်သမျှ ရသစုံပါအောင် ကြိုးစားထားပါသည်။

ကဗျာလက်ာတွင် ကဗျာလက်ာအလျောက်၊ ဆောင်းပါးတွင် ဆောင်းပါး အလျောက်၊ ဝတ္ထုတွင်လည်း အလားတူ ပရိသတ်အမျိုးမျိုး အတွက် မရိုးရအောင် စီမံထားပါသည်။ သုတအတွက်လည်း ထည့်သွင်း ထားပါသည်။ ပြုပြင်စရာများ၊ သတိပြုစရာများကိုလည်း မီးမောင်းထိုးပြ ထားပါ သည်။

မဂ္ဂဇင်းပါ စာမူများထဲမှ စာရှုသူအတွက် တစ်စုံတစ်ရာ ကျန်ခဲ့ မည်ဆိုလျှင် ကျေနပ်အားရရှိပါကြောင်း၊ အကယ်၍ တစ်စုံတစ်ရာ ဝေဖန်အကြံပြုအပ်ပါလျှင်လည်း တန်ဖိုးထားလေးစားစွာဖြင့် ခံယူပြုပြင် စီမံသွားမည်ဖြစ်ကြောင်း ပြောလိုပါသည်။

လေးစားစွာဖြင့် -

အယ်ဒီတာချုပ်

# ပစ်တိုင်းထောင်ပေ



- ပစ်တိုင်းထောင်ပေ
  ယောင်၍ မလဲ၊ ထောင်ပေမြဲစွ
  လဲလျှင် ပြန်ထ၊ အားမာန်ပြရင်း
  အာဂယောက်ျား၊ ငါတကားဟု
  ဟားတိုက် ဟစ်ရယ် နေဦးမည်။

- ပစ်တိုင်းထောင်ပေ
  နှောင်ကြိုး တစ်ဆစ်၊ လာမရစ်နဲ့
  ပစ်တိုင်းထောင်ရုပ်၊ ကြိုးရှုပ်မခံ
  သူ့ဟန်မလိုက်၊ ကိုယ့်စရိုက်ဖြင့်
  ထိုက်သင့်ရာလမ်း၊ ကိုယ်တိုင်လှမ်းရင်း
  ကိုယ့်လမ်း ကိုယ်သာ လျှောက်ချင်သည်။

- ပစ်တိုင်းထောင်ပေ
  အချောင် ရလို့၊ ရေသာခို၍
  ဟိုက ပေးနီး၊ သည် ပေးနီးဖြင့်
  မျှော်ကိုးလည်ဆန့်၊ လက်မဖြန့်တတ်
  အညှ မခံ၊ လေသံ မပျော့
  အား မလျှော့ဘဲ
  ခေါင်းမော့ လျှောက်သာ နေချင်သည်။

- အရပ်ဈေးမှာ၊ ကြည့်စမ်းပါလေ
  ပြင်လျာအဆင်း၊ ရုရှင့်ခြင်းဖြင့်
  ဖန်ဆင်း ပုံဆောင်၊ ပစ်တိုင်းထောင်လျှင်
  သွေးရောင်လည်းနီ၊ ခံညားသည့်လျှင်
  မြန်ပြည်မှာ မွှား၊ ပြည်ချစ်သား၏
  ရှိထား စိတ်ဓာတ်၊ နိမိတ်မှတ်လော့
  ချစ်မြတ်နိုးသည့်၊ မြန်မာပြည်ကို
  မွန်ရည်ခိုင်ကြံ့၊ မျိုးဂုဏ်လွှံ့အောင်
  နိုင်ငံ့သမိုင်း၊ ဘယ်မရှိုင်း အောင်
  တိုင်းကျိုးပြည်ပြု၊ ရပ်တည်မှုဖြင့်
  ပြည်သူ့ အကျိုးဆို၊ သည်ပိုးလိုသည်
  မိုးကို ဒူးနှင့်တိုက်ရဲတကား။ ။

မြင်းမူမောင်နိုင်မိုး



# နေမမြင့်စီ

❑ ကိုက်တော့မယောင်၊ အုပ်ဖွဲ့ဟောင်လျက်
တစ်တောင်ကျော်ဖြတ်၊ တစ်တောပတ်လည်း
မရပ်မနား၊ နောက်အပါးဝယ်
ပြေးလွှားလိုက်လာ၊ ထက်ချပ်ပါသည့်
ရွာမှ တောလိုက်ခွေးများတည်း။

❑ သူတို့နောက်ပါး၊ တလွှားလွှားနှင့်
ရွာသားတစ်သိုက်၊ တစိုက်စိုက်လျှင်
လိုက်လာကြပေ၊ မဝေးချေတည့်
ရေကုန်ရေခန်း၊ အားစိုက်လှမ်းလည်း
နွမ်းဟိုက်လှစွာ၊ သည်တစ်ခါမှ
ငါသည်လွတ်မှ လွတ်နိုင်စ။

(၂)

❑ မုဆိုးငသောင်း၊ မှိန်းတစ်ချောင်းနှင့်
ခွေးကောင်းသုံးကောင်၊ ရှေ့ကဆောင်လျက်
ဖိုးထောင် အောင်ဘု၊ လူတစ်စုလည်း
သူထက်ငါသာ၊ လှယက်ကာလျှင်
ရွာမှထွက်လေ၊ သားကောင်ဖွေသည့်
ချေငယ် စိုင် ဆတ် ရရန်တည်း။

❑ အလို . . .
ဆတ်ကြီးတစ်ကောင်၊ ဟိုဘက်တောင်ဝယ်
ဟောင်ကြခွေးများ၊ ပြေးခုန်လွှားလျက်
နောက်ပါးဆီ၌၊ ငသောင်းလိုက်ကာ
မောဟိုက်သည့်တိုင်၊ မလွတ်နိုင်မို့
ပြေးနိုင်သည့်လမ်း၊ ချင့်တွက်မှန်းရင်း
ခြေလှမ်းသွက်အောင်၊ အားစိုက်ဆောင်သည့်
သားကောင်ရမှ ရနိုင်စ။

❑ ဩော် . . .
ပြေးတမ်းလိုက်တမ်း၊ တောစခန်းဝယ်
လွတ်လမ်းရှာသူ၊ ဖမ်းချင်သူတို့
အပူကိုယ်စီ၊ ဇောကိုယ်စီနှင့်
ဤနယ်မြေလေ၊ ရုံခါတွေ့စဉ်
မေ့ခဲ့မိကြ၊ သံသရာဝယ်
တစ်ခါ "မုဆိုး"၊ ဖြစ်ခဲ့ရိုးတည့်
ကံညှိုးချိန်မှာ၊ "သားကောင်"ငါဟု
သေချာတွေးမှ၊ သံဝေရမို့
ဘဝလွတ်လမ်း၊ ချင့်တွက်မှန်းရင်း
မြတ်ပန်းသုံးပွင့်၊ ဦးထိပ်ဆင့်သည့်
နေမြင့်ချိန်ခါ မတိုင်စီတည်း။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# အပယ်ခံရှာ ကိုအဇာ

တံစက်မြိတ် မိုးရေကျ
မသုံးကြ ရိုးစဉ်လာ
မိုးရွာရွာ ခါမလပ်
ရေခပ်ရရှာ၊
အုပ်မိုးလို့ "မဏ္ဍလာ"
ရခိုင်ရွာ စဉ်လာရေး၊
ကန်သာယာ ရေချိုအေး
ခါခါသယ် လုံမလေး
မိုးစိုရသေး။

"ပန်းတူ"ကို နှုတ်မှာကိုက်
ပွေ့ပိုက်လို့ ရေအိုးငယ်
အိုးလည်တိုင် သာယာဖျစ်
ခါးထစ်မှာတည်၊
ဖော်များနှင့် စကားကြွယ်
ရေခပ်မယ် တူတူလား၊
ခေါင်းပေါ်မှာ တချို့များ
နှစ်လုံးဆင့်ထား။

"မယားသည်" ဝတ်မပျက်
ဇယ်စက်သို့ လက်မလည်
နှုတ်ဖျားဝယ် "ပန်းတူ" ကိုက်
နှစ်မြိုက်ပါကွယ်၊
ရင်သွေးက နို့ချိုတွယ်
ဖွာရိုက်မယ် မျက်နှာလွှဲ
လုပ်များလေ ဖွာလေကဲ့
"ပန်းတူ" အစွဲ။

"ဈေးပြု" ဖို့ ကူးတို့ရောက်
ဆေးသောက်ဖို့ "ပန်းတူ" မပါ
ဗျာကရာ ပြန်ကာလှည့်
ကြုံခဲ့ခါခါ၊
"ပန်းတူ" နဲ့ "ကိုအဇာ"
မေ့စရာ ကြုံလာခဲ့
ယှဉ်ပြိုင်ကာ ရွေးပါလှည့်
ပန်းတူကို အသာငံ့
"ကိုအဇာ" ရှင်နေခဲ့
"ပန်းတူ" ကိုထည့်။

ရခိုင်ဝေါဟာရများ

| | |
|---|---|
| မဏ္ဍလာ | = ခမောက် |
| ပန်းတူ | = ဆေးတံ |
| မယားသည် | = ဇနီး |
| ဈေးပြု | = ဈေးဝယ်သွား |
| လား | = သွား |

ကျော်စောဟန်





# ပရလူသား

- ရေကြည်တစ်ပေါက်
  သင်သောက်လိုက၊ ဝီရိယဖြင့်
  တူးဆွဖော်မှ ကြိုးပါမှ။

- သရက်တစ်လုံး၊ အချိုဆုံးကို
  စားသုံးလိုက၊ ဝီရိယဖြင့်
  လုံ့လထုတ်မှ၊ ပျိုးစိုက်မှ။

- စပါးတစ်ခင်း၊ လယ်တစ်ကွင်းကို
  မိုးတင်းစိုက်ပျိုး၊ အားမာန်ကြိုးမှ
  ဝေဖြိုးပုံအိ၊ ကျီလည်းပြည့်လိမ့်
  အဓိကလူ၊ သင်မှတ်ယူပါ
  လူသည် အားနှင့်မာန်နှင့်စွမ်းရည်နှင့်။

- ဖစက်မှုရာ၊ သွားလမ်းသာ၍
  လာလမ်းဖြောင့်စေ၊ ဆန္ဒတွေနှင့်
  ဆုချွေရှုမျှ၊ သဘာဝလျောက်
  ဘာမျှမဖြစ်၊ သင်သိရစ်ပါ
  အားသစ်မာန်ပျို၊ ရင်းနှီးကြိုးမှ
  တန်ဖိုးအမြစ်၊ သင်ဆန်းစစ်မှ
  အနစ်ဒုက္ခ၊ သင်ကြုံရမှ
  အလှမပါ၊ ဘဝနာမှ
  ခဏတာရေး၊ မမျှော်တွေးဘဲ
  နှောင်ရေးလှပ၊ သင်တွက်ဆမှ
  ဘဝသာမြင့်၊ အခေါင်တင့်လိမ့်
  သင့်တွင်ဆုပ်ကိုင်၊ မမြင်နိုင်သော
  ဖြိုးနိုင်အင်အား၊ စွမ်းပကားဖြင့်
  လူသားအကျိုး၊ ပြည့်အကျိုးကို
  တန်ဖိုးစိစစ်၊ လုံ့လညှစ်မှ
  လူဖြစ်ကျိုးနပ် နိုင်မည်တကား။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)

# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON





# မဟာဓမ္မရံသီ ဘွဲ့တော်ချီ
# ဒီမိတော်ရာစေတီတော်

မောင်မြတ်မွန်(ဆူးစေ)





တတိယမြန်မာနိုင်ငံတော်ကုန်းဘောင်မင်းဆက်ကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တည်ထောင်ပေးတော်မူခဲ့သည်။ ကုန်းဘောင်မင်းဆက် ၁၁ ဆက်ရှိက၊ ကုန်းဘောင်မင်းဆက် ၈ဆက်မြောက် ကုန်းဘောင်မင်း။ သာယာဝတီမင်းနှင့် ရွှေဘိုမင်းဟု သုံးမည်ရသည့် သာယာဝတီမင်းသည် ခရစ်–၁၈၃၇ ခုနှစ်တွင် အမရပူရနေပြည်တော်တွင် ထီးနန်းစိုးစံခဲ့သည်။ ထိုကာလသည် အင်္ဂလိပ်–မြန်မာ ပထမကျူးကျော်စစ်ကြောင့် ရန္တပိုစာချုပ်ဖြင့် ရခိုင်နှင့် တနင်္သာရီတို့အပြင် စစ်လျော်ကြေးငွေ တစ်ကုဋေကို မြန်မာတို့က ပေးရမည့်အချိန်ဖြစ်သည်။

ထို့ကြောင့် သာယာဝတီမင်းသည် အင်အားချိန်ခွင်လျှာ မဲတင်းသည့်အနေဖြင့် ကောဇာ ၁၂၀၃ ခုနှစ်တွင် 'နေပြည်တော် အမရပူ'၌ မြို့စောင့်တပ်မှူးသာ နောက်ချန်ထားပြီး အဝေးရောက်မြို့ဝန် အုပ်ချုပ်

## ဓမ္မရုံသီဘွဲ့တော်ချီ အိမ်တော်ရာစေတီတော်သည် မြတ်ဘုရားရွှေတိဂုံ ထီးရိပ်ဝန်းအောက်ရှိ ကုန်းဘောင်မင်းများ၏ ထာဝရပန်းဥယျာဉ်ဖြင့် ဆက်ကပ်ပူဇော်ထားသော ကုန်းမြတ်မြေမွန်တွင် တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ ကိုလိုနီကာလတွင်မူ နယ်ချဲ့ဝန်ထမ်းကြီးအိမ်ရာများ ဝန်းရံဆောက်လုပ်မှုကြောင့်…

နေသည့် ရန်ကုန်မြို့သို့ ရေကြောင်းမှ လှေတပ်တော်ခင်းကျင်းကာ မင်းခမ်းမင်းနားဖြင့် စုန်ဆင်းလာတော်မူခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်တော်မူသောအခါ သာယာဝတီမင်းသည် 'ရန်ပုံခွင်းဝံတား'ကနေ အသင့်ဖောက်လုပ်ထားသော လမ်းမတော်မှ ဥက္ကလာပ အောင်မြေရန်နိုင်မြို့သို့ တက်ရောက်မူကာ အသင့်ဆောက်လုပ်ထားသော 'မြတ်နန်းအောင်ချာနန်းတော်'၌ ယာယီစံမြန်းတော်မူခဲ့သည်။ လှေတပ်တော်တွင်ပါလာသည့် ဗိုလ်ခြေတစ်ထောင်နှင့် စစ်သည်ရဲမက်များကို မြစ်ကမ်းပါးတစ်လျှောက် 'ချရပ်'တပ်စွဲထားသည့်အရပ်မှာ ယခုအခါ ဗိုလ်တထောင်ရပ်ဟု အမည်တွင်နေပေသည်။

ဥက္ကလာပအောင်မြေရန်နိုင်မြို့၏ 'မြင်ကွင်းကျယ်'ကို ကုန်းဘောင်ခေတ် ဒုတိယမဟာရာဇဝင်တော်ကြီးတွင် ကျစ်လျစ်ခံညား ခွန်အားပါသော မြန်မာစာအရေးအသားဖြင့် မှတ်တမ်းပြုထားသည်မှာကား–''ဥက္ကလာပအောင်မြေရန်နိုင်မည်သော' မဟာရာဇဌာနီ မင်းနေပြည်တော်သည် မြတ်စွာဘုရား သာသနာစည်ပင် ပွင့်လင်းထွန်းပ၍ အမျိုးလေးပါးတို့ ပြွမ်းနှောပေါင်းစည်း၊ စုဝေးရာဖြစ်လျက် ဆင်သံ၊ မြင်းသံ၊ ရထားသံ စသော အသံဆယ်ပါးတို့ဖြင့် 'မဆိတ်မည်'သော ရှေးအမရဝတီပြည်ကြီးကဲ့သို့ ဖြစ်သည်ဟု ပုလဲတစ်ကန့် ခွဲတစ်ကန့်ဖြင့် စီခြယ်ရေးသားထားပေသည်။ သာယာဝတီမင်း တည်ဆောက်တော်မူခဲ့သော 'ဥက္ကလာပအောင်မြေရန်နိုင်မြို့သည် တာဝန်း ၁၈၀၀ ရှိသော 'မြေမြို့'ဖြစ်သည်။ မြို့ပြအင်္ဂါရပ်ပြည့်စုံစွာဖြင့် တည်ဆောက်ထားသည်။ အရှေ့ဘက်မြို့ရိုးသည် မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်သည့် 'ဓမ္မရက္ခိတကုန်းတော်'(ဂေါ်ရာကုန်း)၏ အရှေ့ဘက်တွင်ရှိသည်။ တောင်ဘက်မြို့ရိုးသည် ယခု တပ်မတော် စစ်သမိုင်းပြတိုက်ဟောင်း(ဂျူဘလီဟော/ ပန်းချီကျောင်း)နှင့် ကျားကျူးသိမ်အကြား တည်ရှိကာ၊ ကျားကျူးသိမ်မှာမူ မြို့ပြင်ကျုံးထိပ်တွင် တည်ရှိခဲ့သည်။ အနောက်မြို့ရိုးသည် ယခု အလုံလမ်း(မင်ရှင်)အနီး တည်ရှိခဲ့ကာ၊ မြောက်ဘက်မြို့ရိုးမှာမူ ရှင်စောပု တည်ထားခဲ့သည့် မြို့ရိုးအတိုင်းဖြစ်သည်။ သာယာဝတီမင်းစံတော်မူခဲ့သော 'မြတ်နန်းအောင်ချာနန်းတော်ရာ'နေရာကား မိုင်းဒါကွင်း(မြင်းပြိုင်ကွင်းဟောင်းမြောက်ဘက်) အင်္ဂလိပ်ဘုရားရှိခိုးကျောင်း 'SEVENth Day Adventist Church' နေရာပင်ဖြစ်ပေသည်။ နန်းတော်အရှေ့ဘက် မျက်နှာစာပြုသည့် နန်းတော်အနောက်မြောက်ထောင့်တွင် 'သာယာဝတီမင်း၏သားတော် ပုဂံမင်းသား၏ ယာယီအိမ်တော်'ရှိသည်။

ကောဇာ ၁၂၀၃ ခု၊ ခရစ် ၁၈၄၁ ခုနှစ်တွင် သာယာဝတီမင်းသည် ရန်ကုန်သို့ စစ်အင်အားပြရင်း၊ လှေတပ်တော်ဖြင့် စုန်ဆင်းလာသည့်အခါ သားတော်ပုဂံမင်းသားပါ နောက်တော်ကပါလာကာ ''ယာယီမင်္ဂလာစံအိမ်တော် တည်ဆောက်နေထိုင်ခဲ့လေသည်။ ပုဂံမင်းသား၏ ယာယီစံအိမ်တော်နေရာတွင် အထိမ်းအမှတ်ပြုကာ စေတီတော်တည်ထားကိုးကွယ်နိုင်ရန် 'ရေဝန်၊ ပဲခူးမြို့စား မဟာမင်းခေါင်ကျော်'ကို ကြီးကြပ်တည်ဆောက်စေခဲ့သည်။ ဖိနပ်တော်သံတောင် ၄၀ အရပ် သံတောင် (ဉာဏ်တော်) ၄၅ တောင်ရှိကာ မဟာရံတံတိုင်း လေးမျက်နှာကာရံထားပြီး မုခ်ဦးလေးမုခ်နှင့်တကွ တည်ထားပြီးစီးချိန်တွင် 'ဓမ္မရုံသီဘွဲ့တော်ချီ'၍ ရွှေထီးတော်တင်လှူတော်မူခဲ့သည်။ သို့ရာတွင် 'ပုဂံမင်းသား၏ အိမ်တော်ရာဘုရား/စေတီ'ဟူသော မျက်မှောက်ကာလတိုင် ခေါ်ဝေါ်သမုတ်နေကြပေသည်။ ထိုနည်းတူစွာ ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဖြစ်သည့် မင်းတုန်းမင်းတရားကြီး၊ တည်ဆောက်နန်းစံခဲ့သော ရတနာပုံမန္တလေး နေပြည်တော်တွင်လည်း အိမ်တော်ရာစေတီရှိနေပေသည်။

ဓမ္မရုံသီဘွဲ့တော်ချီ အိမ်တော်ရာစေတီတော် တည်မြေပထာဗျာ(ထူးမြတ်သောမြေ)ကား ကုန်းဘောင်မင်းဆက်လက်ထက်က မြတ်ဘုရားရွှေတိဂုံအား သဘာဝပန်းမျိုးစုံဖြင့် ထာဝရဆက်ကပ်ပူဇော်ထားသော ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်ရှိ ကုန်းမြင့်အရပ်တွင် ပန်းမျိုးတစ်ထောင်ကို စိုက်ပျိုးပူဇော်ထားသည့် ပန်းဥယျာဉ်ကြီး၊ အဝန်းအဝိုင်းအတွင်း တည်ရှိနေပေသည်။ 'ဘုရားကျောင်းကန်'ဟူသော အညာ မည္ပပျူယာနှင့်အညီ အဝေးရောက် ရန်ကုန်



မြို့ဝန် ဦးမှုံ၊ အခွန်ဝန်ကြီး ဦးရွှန်းနှင့် သံတော်ဆင့်ရေဝန် ဦးတုတ်တို့က စေတီတော် မြောက်ဘက်တွင် 'မတ္တရာကျောင်းတိုက်ကြီး'ကို ဆောက်လုပ်လှူဒါန်းတော်မူခဲ့ကြသည်။ (နယ်ချဲ့တို့က ကန်တို့မင်တပ်မြို့ တည်ဆောက်ချိန်မှာ နယ်ချဲ့အရာရှိကြီးများ နေထိုင်ရန် 'ဘန်ဂလိုပုံစံ'အိမ်ကြီးများတည် ဆောက်ဖို့အတွက် ရှေးဟောင်းလက်ရာ 'မတ္တရာကျောင်းတိုက်ကြီး'ကို ဖြိုဖျက်ပစ်လိုက်ကြလေသည်။) မတ္တရာကျောင်းတိုက်ကြီး၏ အရှေ့တောင်ထောင့်တွင် မတ္တရာဆရာတော်ကြီးက 'သိမ်သမုတ်'ပြီး သိမ်နယ်နိမိတ်ကို ကျောက်တိုင်များ စိုက်ထူပေးထားခဲ့သည်။ ထို့ပြင် သိမ်အဆောက်အအုံနှင့် သိမ်နယ်နိမိတ်ပတ်ပတ်လည်တွင် ထန်းပင်များ စီတန်းစိုက်ပျိုးထားခဲ့သည်။ အိမ်တော်ရာစေတီ အရှေ့ဘက်တွင် 'အုတ်စီရေကန်ကြီး'ကို (ထိုစဉ်က ဒီရေရောက်အရပ်ဖြစ်၍) တူးဖော်တည်ဆောက်ပေးထားသည်။ ဘုရားပွဲတော်ကာလများတွင် ထိုရေကန်ကြီးကာရေကိုသာ အားထားသုံးစွဲခဲ့ကြရသည်။ မြောက်ဘက်ကန်ပေါင်ရိုး တစ်လျှောက်ကို စေတီတော်အဝင်မုခ်ဦးလမ်း ပြုလုပ်ထားကာ ထန်းပင်များစိုက်ပျိုးထားသည်။ စေတီတော်တောင်ဘက်တွင် 'ဒါနသာလာ'အဖြစ် ကုသိုလ်တော်ဘုံကိုးဆင့်ပါ ဇရပ်ကြီးကို အုပ်ကြွပ်မိုး နှစ်ထပ်လည်ပေါ်ဖြင့် တည်ဆောက်ပေးထားခဲ့သည်။ ဘုရားပွဲတော်ကာလများတွင် ရပ်ဝေးနီးက လာရောက်ဘုရားဖူးကြသူများအတွက် တည်းခိုရာနှင့် အလှူအတန်းပြုကြရာ 'ဒါနသာလာကြီး'ဖြစ်ခဲ့သည်။ (ယခုမရှိတော့)

### ဖမ့်ရုံသီဘွဲ့တော်ချီ
### အိမ်တော်ရာစေတီတော်၏
### ဝိသေသအထွေထွေ

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် ၉၀ တွင် 'အိမ်တော်ရာဘုရား'၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်ဟု ဖော်ပြထားသည်။ မြို့မကျောင်းလမ်း၏ ကိုလိုနီခေတ်အမည်မှာ 'ရန်ကုန်မြို့ကွက်တွင် ပထမဦးဆုံး ကတ္တရာလမ်းဖြစ်သော Godwin Road ' ဖြစ်ပေသည်။ ကိုလိုနီကာလကပင် အမျိုးသားကျောင်းများ၏ 'လမ်းပြကြယ်'ဖြစ်ခဲ့သည့် 'မြို့မအမျိုးသားကျောင်းတော်ကြီး'(ယခု-အထက-၂ ဒဂုံ)သည် ဂေါ်ဒွင်လမ်းတွင် တည်ရှိလာ၍ 'မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားကျောင်းများ၏ ဂုဏ်ပတိတ်ကို ထာဝရအမှတ်ရနိုင်စေရန် ရည်သန်ကာ ကိုလိုနီအမည်အစား ''မြို့မကျောင်းလမ်း''ဟု အမည်ပြောင်းလဲပေးထားခြင်း ဖြစ်ပါပေသည်။ ထို့နည်းတူစွာ Church လမ်းဟူသော ကိုလိုနီအမည်ကိုလည်း ဘုရားဖူးလမ်းညွှန်အဖြစ် 'အိမ်တော်ရာလမ်း'ဟု အနွတ္တသညာ ပြုထားလေသည်။

ဖမ့်ရုံသီဘွဲ့တော်ချီ အိမ်တော်ရာစေတီတော်သည် မြတ်ဘုရားရွှေတိဂုံ ထီးရိပ်ဝန်းအောက်ရှိ ကုန်းဘောင်မင်းများ၏ ထာဝရပန်းဥယျာဉ်ဖြင့် ဆက်ကာပ်မှုဖော်ထားသော ကုန်းမြတ်မြေမွန်တွင် တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ ကိုလိုနီကာလတွင်မူ နယ်ချဲ့ဝန်ထမ်းကြီးအိမ်ရာများ ဝန်းရံဆောက်လုပ်မှုကြောင့် 'မန္တလေးအိမ်တော်ရာစေတီကဲ့သို့' ဘန်ဂလိုပုံစံ အဆောက်အအုံကြီးများကြားတွင် မထင်မရှားတည်ရှိခဲ့ရသည်။ 'ချိန်တုန်း

ဒါသတို့၊ ပန်းနယ်ပွင့်သည့် ဘက်စုံမွမ်းမံ တည်ဆောက်ရေးကာလသို့ ရောက်တော့မှသာ ဘုန်းပန်းပွင့်လန်းတော်မူလာရပေသည်။ မျက်မှောက်ကာလတွင်မူ မဟာမွေ့ရုံသီ ဘွဲ့တော်ချီ အိမ်တော်ရာစေတီတော်သည် 'ရွှေရောင်တလျှပ်လျှပ်ဖြင့် သဗ္ဗါတတ်ကို ယှဉ်ညွှတ်စေရန်အတွက် ကျယ်ဝန်းသော စေတီတော်ပရဝုဏ်အတွင်းဝယ် သာသနိကအဆောက်အအုံများ ဝန်းရံနေသကဲ့သို့ မုခ်ဦးတန်ဆောင်းများဖြင့် နတ်လမ်းသွယ်ပေးထားသောကြောင့်လည်း တင့်တယ်ထည်ဝါစွာ ဖူးမြော်ခံလျက်ရှိနေပေသည်။

ကုန်းဘောင်ခေတ်နှောင်း ယဉ်ကျေးမှုလက်ရာများဖြင့် တည်ထားကိုးကွယ်သော မွေ့ရုံသီဘွဲ့တော်ချီ အိမ်တော်ရာစေတီတော်၏ ဝိသေသများမှာကား 'ဒုတိယပစ္စယ်ထောင့်လေးထောင့်တွင်သာ စေတီရုံလေးဆူကို တည်ထားခြင်း၊ ပထမနှင့် ဒုတိယပစ္စယ်များတွင်မူ 'ရွှေပန်းခိုင်စိုက်ပန်းအိုးများဖြင့်သာ စေတီတော်အား ဆက်ကပ်လှူဒါန်းပူဇော်ထားခြင်း။ စေတီတော်အောက်ခြေရင်ပြင်တော် လေးဘက်လေးတန်ရှိ ထောင့်တိုင်းတွင် ကုန်းဘောင်ခေတ်နှောင်းလက်ရာ ခြင်္သေ့ရုပ်တုများကို အစောင့်အရှောက်အဖြစ် ထုဆစ်ဝန်းရံပေးထားပြီး အာရုံခံတန်ဆောင်းသို့ ဝင်ပေါက်များကို ခြင်္သေ့ရုပ်တုများကြားကနေ ဖောက်လုပ်သွယ်တန်းပေးထားခြင်း စသည့်ဝိသေသများပင် ဖြစ်ပါပေသည်။

ထို့ပြင် အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းမှာ ကြေးဆင်းတုတော် ငါးဆူကို ထူးခြားစွာဖူးမြော်ကြရပေမည်။ ပလ္လင်အောက်ခြေပါ ကမ္ပည်းစာသားများကို လေ့လာဖတ်ရှုပါက ''ကောဇာ-၁၂၉၄ ခုနှစ် ရန်ကုန်မြို့၊ ကျုံကြီးလမ်း၊ တိုက်နံပါတ် ၂၇၉ နေ အဖ ဦးတင်၊ အမိ ဒေါ်လေးအမှူးပြုလျက် ငါးဆူဒါယကာ ဦးဘလှိုင်၊ ဒါယိကာမ မြန်မာအမျိုးသမီးခေါင်းဆောင် ဒေါ်မိမိကြီး။ သားခင်မောင်မောင်၊ သမီးစောမမ၊ ခင်မမ ညီမ ညွန့်ညွန့်၊ စိန်စိန်၊ မြမြ၊ သန့်သန့် (မောင်) မောင်ဘသိန်းတို့ကောင်းမှု၊ နတ်လူသာဓုခေါ်စေသော်။ ဘာသာလူမျိုးခြားလူမျိုးကွဲဖျက်ဆီးမည့်ဆဲဆဲတွင် ရယူပူဇော်သည်''ဟု ခေတ်ကြေးမုံပြင်ဖြစ်သော ကမ္ပည်းစာသားကို ဖတ်ရှုရမည်ဖြစ်သကဲ့သို့ ထူးခြားစွာဖူးမြော်ရမည့်သမိုင်းတင် ကြေးဆင်းတုတော်များပင် ဖြစ်ပါပေသည်။

ထိုနည်းတူစွာ ကောဇာ ၁၂၉၅/ ခရစ် ၁၉၃၃ ခုနှစ်တွင် လှူဒါန်းထားကြောင်း ကမ္ပည်းစာသား ရေးထိုးထားသည့် သမိုင်းဝင် ခေါင်းလောင်းတော်ကိုလည်း အလှူဒါနပြုကြသူ့ငါ့အတွက် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ခေါင်းလောင်းထိုး၊ အမျှဝေနိုင်ကြစေရန် ချိတ်ဆွဲထားလေသည်။ ပေစာ၊ ပုရပိုက်နှင့် ကျမ်းစာအစုစုကို ထိန်းသိမ်းထားရှိနိုင်ရန် 'ပိဋကတ်ကျောင်းတိုက်ကြီး'ကိုပါ စေတီတော်ဝန်းကျင်တွင် တည်ဆောက်လှူဒါန်းခဲ့သော်လည်း ရန်ကုန်မြို့သည် စစ်ကိုလည်းကြုံ၊ ပြာပုံလည်း ဖြစ်ခဲ့ရသော ကာလတွင်မူ ပိဋကတ်ကျောင်းတိုက်ကြီး ပျောက်ကွယ်သွားခဲ့ရလေသည်။

မွေ့ရုံသီဆရာတော်ဟု ထင်ရှားခဲ့သော ဆရာတော်ကြီး ဦးနန္ဒိယသည် စေတီတော်ကြီးကို 'မြန်မာ့ဦးစွန်း အနောက်သို့မယွန်းမီ' ကုန်းဘောင်ခေတ်နှောင်းကာလကပင် စတင်ထိန်းသိမ်း စောင့်ရှောက်ပေးတော်မူခဲ့သည်။ ပရိယတ္တိသာသနာအတွက် စာသင်တိုက်ကြီးကိုလည်း တည်ထောင်ပေးတော်မူခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဆရာတော်ကြီး ဦးနန္ဒိယသည် ပန်းတနော်မြို့သို့ ကြွသွားတော်မူခဲ့သောကြောင့် ဂျပန်ခေတ်ရောက်သောအခါ 'ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့ ပြန်ဝင်လာသည့် 'CASB' အုပ်ချုပ်ရေးကာလတွင် ဆရာတော်ကြီး ဦးနန္ဒိယကို ဆက်ခံသူများနှင့် ဘဏ္ဍာထိန်းဂေါပကတို့အကြား ပြဿနာဖြစ်ပွားခဲ့ရသည်။ ထို့ကြောင့် 'သာသနာတော် ညွှန်ကြားရေးဝန်ရုံးက ဝင်ရောက်ထိန်းသိမ်းပြီး စေတီတော်ကြီး၏ ဝေယျာဝစ္စ ကိစ္စအရပ်ရပ်ကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ရဖူးသည်။



မျက်မှောက်ခေတ်ကာလတွင်ကား စေတီတော်ဂေါပကအဖွဲ့ကို ဂေါပကအဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်လေသည်။ စည်းမျဉ်းအရ ဖွဲ့စည်းတာဝန်ပေးထားသော ဂေါပကအဖွဲ့သည် စေတီတော်ကြီး တင့်တယ်သပ္ပာယ်မှုကို အလေးထားဆောင်ရွက်နေကြသောကြောင့် သပ်ရပ်သန့်ရှင်းသော ဝန်းကျင်တွင် တင့်တယ်ထည်ဝါသော မုခ်ဦးဆောင်းတန်းများနှင့်တကွ ရွှေရောင်တလျှပ်လျှပ်ဖြင့် ဘုန်းပန်းပွင့်လန်းလာပြီး ဖြစ်လေသည်။ တက်နေပမာ ကျက်သရေလျှမ်းပြောနေပြီဖြစ်သော ''မဟာမွေ့ရုံသီ ဘွဲ့တော်ချီ အိမ်တော်ရာစေတီတော်ကြီး''၏ သမိုင်းအတ္ထုပ္ပတ်ကို ဗျုပ္ပတ်များနှင့်တကွ ကြည်ညိုဖွယ်ဖြစ်အောင် သမိုင်းမှတ်တမ်းပြုလိုက်ရပေသတည်း။

**မောင်မြတ်မွန်(ဆူးလေ)**

# ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့် စီးပွားရေးထူထောင်မှု

ဇော်ဟိန်း



၁၉၆၇ ခုနှစ်မှာ စတင်ထူထောင်ခဲ့တဲ့ အာဆီယံအသိုက်အဝန်းဟာ ၂၀၁၇ ခုနှစ်မှာ နှစ် ၅၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံကတော့ အာဆီယံဖွဲ့စည်းပြီး နှစ် ၃၀ အကြာ ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ လက်ရှိ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံရှိပြီး တီမောလက်စတေနိုင်ငံက လေ့လာသူမိတ်ဖက်နိုင်ငံအဖြစ် တည်ရှိပါတယ်။ အရှေ့တောင်အာရှဒေသမှာရှိတဲ့ အာဆီယံအသိုက်အဝန်းကို နိုင်ငံတစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင် လူဦးရေအချိုးအစားအများဆုံး အဆင့် ၃ နေရာမှာရှိပြီး စီးပွားရေးဈေးကွက် နေရာရရှိမှုမှာ ကမ္ဘာ့အဆင့် ၆ ဖြစ်ပါတယ်။ ကုန် ထုတ်လုပ်နိုင်စွမ်း မြင့်မားတဲ့အတွက် စားသုံးဆီနဲ့ ရော်ဘာထုတ်လုပ်မှုအဆင့် ၁၊ ဆန်စပါးထုတ်လုပ်မှု အဆင့် ၂၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးထုတ်လုပ်မှု အဆင့် ၃ အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ကုန်ထုတ်စွမ်းအားကောင်းပြီး ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ တွင်ကျယ်နေတဲ့ အာဆီယံအသိုက်အဝန်းရဲ့ ကုန်သွယ်မှုအချိုးကို လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံအနေနဲ့ ရာခိုင်နှုန်းအနည်းငယ်သာ ပါဝင်ကြောင်း အာဆီယံနဲ့ အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့အစည်း (Economic Research Institute for ASEAN and

















East.Asia-ERIA) က ထုတ်ပြန်ထားတဲ့ အစီရင်ခံစာမှာ တွေ့ရှိရပါတယ်။

အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ကို သတ်မှတ်ခဲ့ပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်း (၂၀၁၅) အရ လွတ်လပ်သောကုန်သွယ်မှုဧရိယာ(ASEAN Free Trade Area-AFTA) အတွင်း ထည့်သွင်းဖို့ ၂၀၁၈ ခုနှစ်အထိ စောင့်ဆိုင်းပြေလျှော့ပေးထားပါတယ်။ လက်ရှိအခြေအနေမှာ ဗီယက်နမ်နိုင်ငံဟာ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားလာတဲ့အတွက် စီးပွားရေးနောက်ကျသုံးနိုင်ငံအဖြစ် ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာသာ ကျန်ရှိတယ်လို့ ဆိုရပါမယ်။ တိုင်းပြည်ရဲ့ နယ်မြေအကျယ်အဝန်း၊ လူဦးရေသိပ်သည်းမှု၊ သယံဇာတပေါကြွယ်မှု၊ နှစ် ၇၀ လွတ်လပ်ရေးကာလ စတာတွေကို ကြည့်ရင် မြန်မာနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်သင့်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဗဟိုအစိုးရအကြား ပဋိပက္ခ၊ နိုင်ငံရေး မတည်ငြိမ်မှု၊ စီးပွားရေးမူဝါဒနဲ့ စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ(Least Development Country LDC) အဖြစ်က ရုန်းမထွက်နိုင်သေးတာကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးတည်ငြိမ်မှု၊ မှန်ကန်တဲ့ စီးပွားရေးမူဝါဒ ဖော်ဆောင်မှုတို့အပေါ်မှာ တည်မှီနေပါတယ်။ ဒီ လုပ်ငန်းရပ်တွေဟာ တစ်ခုပြီးမှတစ်ခု လုပ် ရမှာမျိုးမဟုတ်ဘဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သူ့ကဏ္ဍနဲ့သူ စွမ်းနိုင်သလောက် ရှေ့ရောက်အောင် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်အဖြစ် ရောက်ရှိစေရမယ်လို့ ခေတ်အဆက်ဆက် ကြွေးကြော်ခဲ့ကြပေမယ့် လက်တွေ့မှာ ဆင်းရဲတွင်းက မလွတ်ကင်းနိုင်သေးတာ တွေ့ရပါတယ်။ လက်မှုလယ်ယာမှသည် စက်မှုလယ်ယာသို့ ပြောင်းလဲစေရမယ်ဆိုသော်လည်း မြန်မာ့လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဟာ မိရိုးဖလာ စိုက်ပျိုး၊ ကုန်ထုတ်၊ ကုန်သွယ်မှုအဆင့်က မတက်နိုင်သေးဘဲ ဖြစ်နေပါတယ်။ ၅၁ သန်းသော ပြည်သူတွေထဲက အများစုဖြစ်တဲ့ မြို့ပြနဲ့ ကျေးလက်အခြေခံ လူတန်းစားများရဲ့ စားဝတ်နေရေး အဆင်ပြေမှု၊ တိုင်းပြည်ရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product-GDP) မြင့်မားစေမှု စတာတွေအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်အရေးတွေပါ တိုးတက်ဖို့ဆိုရင် **စီးပွားရေးတောင့်တင်းနိုင်မာဖို့** လိုအပ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ကုန်ထုတ်လုပ်မှုမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများက အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထက် ပါဝင်လျက်ရှိတယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ဖြစ်သလို မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများဟာလည်း အသေးစား၊ အလတ်စား လုပ်ငန်းများပဲဖြစ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community - AEC) ရဲ့ ပြဋ္ဌာန်းချက်၊ မြန်မာနိုင်ငံရဲ့ ပကတိလိုအပ်ချက်တွေအရ ပြည်တွင်းအသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးမယ်ဆိုရင် နိုင်ငံရဲ့ စီးပွားရေးဟာလည်း မလွဲမသွေ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့




အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပေမယ့် အမှန်တကယ် အလုပ်လုပ်ရမယ့် အေဂျင်စီနဲ့ အေဂျင်စီရုံးခွဲများ ဖွင့်လှစ်ထူထောင်နိုင်အောင် တာဝန်ယူ၊ တာဝန်ခံရမယ့် **အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (SMEs Development Working Committe) ကို မဖွဲ့စည်းနိုင်သေးတာ တွေ့ရပါတယ်။** လုပ်ငန်းကော်မတီဖွဲ့ပြီးတာနဲ့ **လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ (Evaluation and Reporting Body)၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ (Fund Management Body)၊ အေဂျင်စီနဲ့ အေဂျင်စီ ရုံးခွဲများ (Agency and Agency Branch Offices)** တွေကို အမြန်ဆုံးဖွဲ့စည်းပြီး အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို အားမြှင့်ပေးရမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့မှာပါတဲ့အတိုင်း လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းကို မဆောင်ရွက်နိုင်သေးရင်၊ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့များရဲ့ စီမံခန့်ခွဲမှုနဲ့ ကြိုတင်လုပ်ဆောင်နိုင်တာတွေ ရှိပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ စာရင်းဇယား၊ ကိန်းဂဏန်းများဟာ ဌာနဆိုင်ရာအသီးသီးမှာ အမျိုးမျိုး အစားစား ကွဲပြားနေတာ ဖြစ်ပါတယ်။ အနီးစပ်ဆုံး မှန်ကန်တိကျတဲ့ ကိန်းဂဏန်းများ အပေါ်မှာ အခြေခံပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရမှာဖြစ်တဲ့ အတွက် ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးရဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကို ကနဦးလုပ်ငန်းအဖြစ် ကောက်ယူစုဆောင်းဖို့ လိုအပ်ပါတယ်။ စာရင်းဇယားကောက်ယူတဲ့အခါမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာဆန်းစစ်ဖို့ လိုပါမယ်။ ဥပဒေမှာ ပြဋ္ဌာန်းထားတာက ထုတ်လုပ်မှုလုပ်ငန်းမှာ အမြဲတမ်းဝန်ထမ်း ၅၀ ဦးထက် မပိုသော၊ သို့မဟုတ် မြေတန်ဖိုးမပါဝင်တဲ့ မတည်ရင်းနှီးငွေ ကျပ်သိန်း ၅၀၀ ထက် မပိုသော လုပ်ငန်းဟာ အသေးစားစီးပွား

> ပြည်ထောင်စုအစိုးရအနေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့မှာ ပါတဲ့အတိုင်း လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းကိုမဆောင်ရွက်နိုင်သေးရင် သက်ဆိုင်ရာပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များရဲ့ စီမံခန့်ခွဲမှုနဲ့ ကြိုတင်လုပ်ဆောင်နိုင်တာတွေ ရှိပါတယ်

ခရေး လုပ်ငန်းဖြစ်တယ်လို့ ဆိုပါတယ်။ လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စတာတွေမှာလည်း ကိန်းဂဏန်းသတ်မှတ်ချက်က ထိုနည်းနှင်နှင် ဖြစ်ပါတယ်။

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုတာ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာသားငါး သစ်တောဥယျာဉ်ခြံနဲ့ မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်စည်ရောင်းဝယ် ကုန်သွယ်လုပ်ငန်း စသည်ဖြင့် လွန်စွာ နယ်ပယ်ကျယ်ဝန်းပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အရ ဝန်ထမ်း ၅၀ ထက်မပိုသောလို့ ဆိုထားတာကြောင့် အနည်းဆုံး ဝန်ထမ်းတစ်ယောက်ရှိရင် အကျုံးဝင်သလို မတည်ရင်းနှီးငွေမှာလည်း အလားတူ ယှဉ်ဆနိုင်ဖွယ်ရှိပါတယ်။ လက်တွေ့ မြေပြင်အခြေအနေမှာ အသေးစားလုပ်ငန်းကို ထပ်ဆင့်ခွဲခြားနိုင်ပါတယ်။ မိသားစု တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းနဲ့ စီးပွားဖြစ် အသေးစားလုပ်ငန်းတို့ပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ဝေါဟာရအားဖြင့် Micro and Small Enterprise လို့ ဆိုလိုပါတယ်။ အာဆီယံဒေသတွင်းမှာ Micro,Small and Medium Enterprise - MSMEs လို့ သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။ ဒါကြောင့် လုပ်သားဝန်ထမ်း ဘယ်လောက်နဲ့ ရင်းနှီးမတည်ငွေ ဘယ်မျှအထိက မိုက်ခရို(Micro)၊ ဝန်

50th Anniversary Malaysia

ASEAN


1967 - 2017

ထမ်းနဲ့ ငွေကြေး ဘယ်အတိုင်းအတာထက် ကျော်ပြီး လုပ်သား ၅၀၊ မတည်ရင်းနှီးငွေ သန်း ၅၀၀ ကျပ်အထိ အသေးစားလုပ်ငန်းဆိုပြီး ခွဲခြားသတ်မှတ်ပေးသင့်ပါတယ်။ လုပ်ငန်းငယ်ကလေးများ လုပ်ကိုင်ကြတဲ့အခါ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာန၊ သမဝါယမ၊ လယ်ယာ၊ သားငါး သစ်တော၊ စက်မှုဝန်ကြီး ဌာန စတဲ့ ဌာနအသီးသီးမှာ သင့်သလို မှတ်ပုံတင်လုပ်ကိုင်နေကြတဲ့ အတွက် စာရင်းဇယားကောက်ယူမှုမှာ လွန်စွာ အခက်အခဲတွေပြီး ကွဲလွဲချက်အများအပြား ရှိနိုင်ပါတယ်။ ဒါကြောင့် ဘယ်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ ဌာနတစ်ခုတည်းမှာ အရေးဝင်မှတ်ပုံတင်ခြင်းဖြင့် လုပ်ငန်းလည်ပတ်ခွင့်ရစေသင့်ပါတယ်။

ကနဦး စာရင်းဇယားကောက်ယူမယ် ဆိုရင် စနစ်တကျ ဆင့်ကဲဆောင်ရွက်သင့်တာတွေ ရှိပါတယ်။ MSMEs အတွက် တိကျပြတ်သားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဒေသတွင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရပါမယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် MSMEs ဖွံ့ဖြိုးတိုးတက်ရေးဌာန သီးခြားထားရှိ မှတ်ပုံတင်စေရပါမယ်။ မှတ်ပုံတင်ဖို့ စာရင်းကောက်ယူတဲ့အခါ နယ်မြေအလိုက် လုပ်ငန်းတည်ရာဌာနကိုသာ အတည်ပြုပိုင်းခြားသတ်မှတ် ဆောင်ရွက်သင့်ပါတယ်။ ကုန်ထုတ်လုပ်ငန်းတစ်ခုတည်းမှာပင် သံထည်၊ သစ်သားထည်၊ ပလတ်စတစ်၊ စား

**အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုတာ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာသားငါး၊ သစ်တောဥယျာဉ်ခြံနဲ့ မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်စည်ရောင်းဝယ် ကုန်သွယ်လုပ်ငန်း စသည်ဖြင့် လွန်စွာနယ်ပယ်ကျယ်ဝန်းပါတယ်။**






သောက်ကုန်၊ အိမ်သုံးဆေးဝါး စသည်ဖြင့် အမျိုးအစားခွဲခြားပြီး မျိုးနွယ်စုတူရာ အုပ်စု (Cluster) အလိုက် စာရင်းဇယားပြုစုရပါမယ်။ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်၊ ဖြစ်နိုင်ခြေအလားအလာတို့ကို အပြည့်အစုံဖော်ပြနိုင်မည့် စာရင်းကောက်ယူရေး မေးခွန်းလွှာကို အတိုဆုံး၊ အကျဉ်းဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ပြုစုပြီး၊ စာရင်းကောက်ယူရေးအဖွဲ့များကို အချိန်မီပိုင်းရက်တိုသင်တန်းပေးပြီးမှ နယ်မြေအသီးသီးသို့ စေလွှတ်သင့်ပါတယ်။ စာရင်းကောက်ယူမည့် နယ်မြေများရှိ စည်ပင်သာယာရေးအဖွဲ့ စာရင်းဇယားများကို အခြေခံထား၍ ကောက်ယူခြင်းသည် အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံးဖြစ်နိုင်သည့်အတွက် ဆိုင်ရာမြို့ပြနယ်မြေဌာနများသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်း ဒေသန္တရအမိန့် ကြိုတင်ထုတ်ပြန်အသိပေးထားသင့်ပါတယ်။

စာရင်းဇယားများ ကောက်ယူပြီးပါက လုပ်ငန်းအုပ်စု၊ အပိုင်းအကန့်ခွဲခြားခြင်း၊ မှတ်တမ်းပြုစုခြင်းတို့ကို အီလက်ထရောနစ်နည်းပညာအထောက်အကူပစ္စည်းများဖြင့် ခေတ်ညီ၊ ခေတ်မီဆောင်ရွက်ရပါမယ်။ အဆိုပါ စာရင်းဇယားများကို အခြေခံ၍ လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခြင်း၊ ရင်းနှီးငွေ လိုအပ်ချက်ရှိပါက ချေးငွေထုတ်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း၊ သတင်းအချက်အလက်ထုတ်ပြန်ပေးခြင်း စသည်များကာ မြို့နယ်အတွင်း၊ နေရာတစ်ခု သတ်မှတ်၍ လုပ်ငန်းအဆင်ပြေအောင် စီမံဆောင်ရွက်စေခြင်းဖြင့် မိုက်ခရို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အမှန်တကယ် အထောက်အကူပြုရာ ရောက်မည်ဖြစ်ပါတယ်။ လုပ်ငန်းစဉ် အစမှအဆုံး လိုအပ်သော ဘတ်ဂျက်အသုံးစရိတ် ငွေချထားပေးသင့်သည့်အပြင် လုပ်ငန်းသုံးသပ်ချက် ထုတ်ပြန်ခြင်း၊ ရန်ပုံငွေ ထူထောင်ထိန်းသိမ်းခြင်း၊ နယ်မြေဒေသအလိုက် ရုံးခွဲငယ်များ ဖွင့်လှစ်ခြင်း စသည့် အကျင့်စီနှင့် လုပ်ငန်းကော်မတီတို့က လုပ်ဆောင်ရမည့် အချက်များကို ကြိုတင်ဆောင်ရွက်ထားသင့်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) က ချမှတ်ထားတဲ့ ၂၀၁၈ ခုနှစ် လွတ်လပ်သော ကုန်သွယ်မှုဧရိယာအတွင်းသို့ ကောင်းစွာဝင်ရောက်နိုင်ရန် မိုက်ခရို၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးထားသင့်ပါသည်။

ပြည်ထောင်စုအဆင့်ကို တာဝန်ခံမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မိုက်ခရို၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် ဖော်ပြပါ ကနဦးလုပ်ဆောင်ချက်များကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးက စတင်ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်ခြေရှိပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အစိုးရပုဂ္ဂလိက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်တဲ့အလျောက် ဆိုင်ရာပညာရှင် သုတေသီများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ အမြန်ပူးပေါင်း အကောင်အထည်ဖော်သင့်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဇော်ပဒိန်း**

# မျက်မမြင်လမ်းလျှောက်ပွဲ ခြိမ့်ခြိမ့်သဲဆင်နွှဲ




ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အတွင်း နေထိုင်ကြသော မြို့တော်သူ၊ မြို့တော်သားများ အသက်ရှင်သည့်မှအစ သေဆုံးချိန်အထိ ကျန်းမာရေး လူနေမှု အဝ ဖူလုံရေး၊ သွားလာမှု လွယ်ကူလျင်မြန်စွာ ဈေးမွေ့ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးမှအစ မြို့အင်္ဂါရပ်နဲ့ ကိုက်ညီသော စံပြမြို့တော်ကြီးဖြစ်အောင် တာဝန်ယူဆောင်ရွက်ပေးနေသော အဖွဲ့အစည်းကြီးဖြစ်သည်။ မြို့တော်အတွင်းနေထိုင်သော မြို့တော်သူ၊ မြို့တော်သားများ ကျန်းမာရေးအသိရှိစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများ၊ အသိပညာပေးမှုများ အမြဲတစေ ကွင်းဆင်းဆောင်ရွက်နေကြသကဲ့သို့ မြို့တော်သို့ ပေးဝေနေသောရေများ ပြတ်လပ်မှုမရှိစေရေးနှင့် ရေအဆင့်အတန်း စမ်းသပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာတွင် ကြန့်ကြာမှုမရှိဘဲ လွယ်လင့်တကူ ပေးဆောင်နိုင်ရန် အခွန်များ လေလွင့်မှုနည်းပါးစေရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့တော်ကြီး သာယာလှပပြီး သန့်ရှင်းသပ်ရပ်နေအောင် နေ့ဆိုင်း၊ ညဆိုင်းများခွဲကာ ၂၄ နာရီ နေ့ည မပြတ် အမှိုက်သိမ်း၊ အမှိုက်လှဲခြင်းများ၊ အမှိုက်ကန်များ အသစ်ဆောက်လုပ်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် မြောင်းများ တူးဖော်ရှင်းလင်းပေးခြင်း အစရှိသော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ အမှိုက်ကို စည်းစနစ်တကျ စွန့်ပစ်တတ်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြို့တော်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် သွားလာရေး လွယ်ကူစေရန်အတွက် လမ်းများ အသစ်ဖောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း အစရှိသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်မြို့တော်သည် မြန်မာပြည်တွင် လူနေသိပ်သည်းဆုံး မြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်နေ မြို့သူမြို့သားများ နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာများ ဖော်ထုတ်ဆောက်လုပ်ပေးကာ အရစ်ကျရောင်းချပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ နှစ်စဉ် မိုးတွင်းကာလတွင် ဖြစ်ပေါ်တတ်သော ရေကြီးရေလျှံပြဿနာရပ်များကို ဖြေရှင်းရန်နှင့် ရန်ကုန်တိုင်းအစိုးရ၏ လမ်းညွှန်မှုကိုခံယူကာ Master Plan များ ချွဲ၍ နှစ်အလိုက် တစ်ဆင့်ချင်း ဖြေရှင်းဆောင်ရွက်နေသည်။ ရေဆိုးစွန့်ပစ်စနစ်ကို YCDC နှင့် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းတို့ ပူးပေါင်းကာ Master Plan ရေးဆွဲပြီး ဖုန် ၁၃ ဖုန် ခွဲခြားကာ နှစ်အလိုက် ဘတ်ဂျက်ပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီး စည်းကမ်းတကျနှင့် စနစ်ကျပြီး ဖွံ့ဖြိုးစည်ပင်သာယာမြို့တော်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်ရာတွင် မြို့တော်နေပြည်သူများ စိတ်ပျော်ရွှင်ကြည်နူးစေရန် အများပြည်သူ အပန်းဖြေအနားယူသော ပန်းခြံများ Public Space များတွင် အခါအားလျော်စွာ ရာသီအလိုက်ပွဲတော်များ၊ အသိပညာ ဗဟုသုတ ရရှိစေမည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မကြာသေးခင်က ကျင်းပပြုလုပ်ပေးခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် "မြို့ရွာဖွံ့ဖြိုး



တိုးတက်ဖို့ လူတိုင်းပါဝင်မှုပေါင်းစုံ" ခေါင်းစဉ်ဖြင့် ၂၀၁၇ ခုနှစ်၊ ပန်းချီ ကာတွန်း၊ သရုပ်ဖော် ပိုစတာပြိုင်ပွဲများကို ရန်ကုန်မြို့တော်ရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ဝါသနာရှင်များနှင့် ပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးခြင်း၊ ၂၆ ကြိမ်မြောက် နိုင်ငံတကာ လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်အဖြစ် မျက်မမြင်များ စိတ်ချမ်းသာပျော်ရွှင်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို နှစ်စဉ် အောက်တိုဘာ ၁၅ ရက်နေ့၌ ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယခုနှစ်တွင်လည်း ၂၀၁၇ ခုနှစ်၊ နိုင်ငံတကာ လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ၂၆ ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် မျက်မမြင်လမ်းလျှောက်ပွဲကို ရည်ရွယ်ချက် ၄ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(က) မျက်မမြင် ကျွေးအာရုံတစ်ခု ချို့ယွင်းရုံမျှဖြင့် မိမိဘဝကို စိတ်ပျက်အားငယ်မှု မရှိစေရန် စိတ်ဓာတ်မကျစေရန်နှင့် ဘဝ၏အထိကို ကြံကြံခိုင်ခိုင် ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် မိမိကိုယ်ကို ယုံကြည်သည့်သတ္တိများ ရှိလာစေရန်။

(ခ) တုတ်ဖြူလေး (White Cane) များ၏ ထူးခြားအရေးပါမှုကို ထင်ရှားအောင်ပြသရန်၊ မျက်မမြင်များနှင့်အတူ ပြည်သူလူထု မိတ်ညီအစ်ကို မောင်နှမအပေါင်းက စာနာစိတ်၊ ညှာတာစိတ်များဖြင့် လိုက်လိုက်လှဲလှဲ ပါဝင်ဆင်နွှဲပြီး မျက်မမြင်များသည် အခြားသူများနှင့် ကွဲပြားခြားနားမှုမရှိဆိုသည့် အသိကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်များနှင့် အများပြည်သူသိရှိစေရန်။

(ဂ) မျက်မမြင်များ၏ဘဝတွင် နေ့စဉ်နှင့်အမျှ သွားလာနေရသော မိမိကျောင်း၊ အလုပ်ရုံစသော ပတ်ဝန်းကျင်အပေါင်းများမှသည် ယခုကျင်းပသည့် လမ်းလျှောက်တုတ်နေ့တွင် ပတ်ဝန်းကျင်အသစ်တစ်ခုကို စိတ်ချလုံခြုံစွာဖြင့် နေရာအသီးသီး၊ ကျောင်းအသီးသီးမှ မျက်မမြင်ညီအစ်ကိုမောင်နှမများ၊ စုစုစည်းစည်း ပျော်ပျော်ပါးပါးဖြင့် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်။

(ဃ) အမြင်အာရုံချို့ယွင်းသော်လည်း ဖွံ့လှံ့လဖြင့် ကြိုးစားသူများသည် ထူးချွန်ထက်မြက်သည့်သူများ ဖြစ်နိုင်သည်ကို နိုင်ငံအဝန်းရှိ မျက်မမြင်များနှင့် အများပြည်သူများ သိရှိစေရန် -

ဟူသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးခဲ့သည်။

အဖြူရောင်လမ်းလျှောက်တုတ်သည် ကျွေးအာရုံချို့တဲ့သူများအတွက် အမှတ်သင်္ကေတတစ်ခုဖြစ်ပြီး လူတစ်ဦးတစ်ယောက်၏ အကူအညီပါမှသာ လှုပ်ရှားနိုင်သောဘဝမှ လွတ်မြောက်စေရန် ရည်ရွယ်ထားသော ကိရိယာပင်ဖြစ်ပါသည်။ လမ်းလျှောက်တုတ်၏ မူလပထမအစသည် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကြားကာလမှ စတင်ခဲ့ပြီး ဂျိမ်းစ်ဘစ်ဂ်ဆိုသူမှ ၁၉၂၁ ခုနှစ်တွင် စတင်တီထွင်အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ဂျိမ်းစ်သည် ဘရစ်စတောမှ ဓာတ်ပုံဆရာတစ်ယောက်ဖြစ်ပြီး မတော်တဆမှုတစ်ခုကြောင့် အမြင်အာရုံ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ဂျိမ်းစ်သည် အမြင်အာရုံဆုံးရှုံးပြီး




နောက် အိမ်အနီးအနားရှိ ကားများသည် ယင်းအား ဖြိမ်းခြောက် နေသကဲ့သို့ ခံစားနေရပြီး သူ၏ လမ်းလျှောက်တုတ်ကို ယာဉ်မောင်းများ မြင်သာနိုင်စေရန် အဖြူရောင်ဆေးသုတ်ခဲ့ခြင်းမှ အဖြူရောင် လမ်းလျှောက်တုတ်ကို စတင်တီထွင် အသုံးပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ ဆယ်နှစ်ကြာပြီးနောက် ၁၉၃၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြင်သစ်နိုင်ငံမှ ဂွလီဒီဟာဘီမောင့်က စက္ခုအာရုံချို့ယွင်းသူ(မျက်မမြင်)များအတွက် အမျိုးသားအဖြူရောင်လမ်းလျှောက်တုတ် လှုပ်ရှားမှုကို စတင်လှုပ်ရှားခဲ့ပါသည်။ ၁၉၃၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ဂွလီသည် မျက်မမြင်တို့၏ သင်္ကေတအနေဖြင့် အဖြူရောင် လမ်းလျှောက်တုတ်နှစ်ချောင်းကို များစွာသော ပြင်သစ်ဝန်ကြီးတို့၏ရှေ့မှောက်တွင် အမြင်အာရုံချို့တဲ့သူနှစ်ဦးကို ပေးအပ်ခဲ့ပြီး နောက်ပိုင်းတွင် လမ်းလျှောက်တုတ်အရေအတွက် ၅၀၀၀ ကျော်ကို ပထမကမ္ဘာစစ်မှ စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများနှင့် အမြင်အာရုံချို့တဲ့နေသူများထံသို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင်မူ Lions Club International မှ ဂျော့ရှ်အောင်ဟမ်ဆိုသူက အဖြူရောင်လမ်းလျှောက်တုတ်နှင့် ဆက်စပ်၍ စတင်တွေးတောမိခဲ့သူ ဖြစ်ပါသည်။ ၁၉၃၀ ခုနှစ်တွင် Lions Club မှ ဂျော့ရှ်သည် အနက်ရောင် လမ်းလျှောက်တုတ်ဖြင့် လမ်းဖြတ်ကူးနေသော မျက်မမြင်တစ်ဦးကို တွေ့ရှိခဲ့ပြီး ယင်း အနက်ရောင် လမ်းလျှောက်တုတ်သည် ညဘက်မှောင်နေချိန်များတွင် ယာဉ်မောင်းများ အလွယ်တကူမြင်နိုင်မည်မဟုတ်ဟု တွေးတောခဲ့သည်။ ဂျော့ရှ်သည် လမ်းလျှောက်တုတ်ကို ပိုမို၍ ထင်သာမြင်သာရှိစေရန် အဖြူရောင်ဆေးသုတ်ရမည်ဟု စဉ်းစားဆုံးဖြတ်ခဲ့ပါသည်။ ၁၉၃၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ Lions Club International မှ မျက်မမြင်များအတွက် အဖြူရောင်လမ်းလျှောက်တုတ်များကို ပြောင်းလဲအသုံးပြုနိုင်ရန် အစီအစဉ်များချမှတ်၍ စတင်လုပ်ဆောင်ခဲ့ပါသည်။ ပထမဦးဆုံးသော အဖြူရောင်လမ်းလျှောက်တုတ် အထူးကြေညာစာတမ်းကို ၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ကတည်းက ပီအိုးရီးယား၊ အီလီနွိုက်၌ ထုတ်ပြန်ကြေညာထားပြီး ဖြစ်ရာ အဖြူရောင်လမ်းလျှောက်တုတ်ကို အသုံးပြုခြင်းသည် မှန်ကန်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ အမြင်အာရုံချို့တဲ့သူများအတွက် ကာကွယ်ပေးခြင်းဖြစ်ကြောင်းကို လက်ခံခွင့်ပြုခဲ့ပါသည်။ လမ်းလျှောက်တုတ်အရှည်ကိုမူ ဒုတိယကမ္ဘာစစ် စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးကု ရစ်ချတ် ဒီဟိုဗာက Valley Forge စစ်ဆေးရုံတွင် ထပ်မံတီထွင်ခဲ့ပြီး၊ ၁၉၄၄ ခုနှစ်တွင် သစ်သားဖြင့်ပြုလုပ်ထားသော မူလ အဖြူရောင်လမ်းလျှောက်တုတ်ရှည်ကို Lions Club သို့ ယူဆောင်ပြီး ပြသခဲ့ပါသည်။ ဆေးရုံ၏ အနီးအနားတွင်လည်း မျက်စိကို အဝတ်ဖြင့်စည်းထားပြီး လမ်းလျှောက်တုတ်ဖြင့် သွားလာမှုကို ရက်သတ္တပတ်အကြာထိ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်နေစဉ်အတွင်း ဟိုဗာသည် မျက်မမြင်များ လမ်းလျှောက်တုတ်ရှည်ကို လွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် စနစ်မှန်နည်းလမ်းများကို တိုးတက်အောင် လုပ်ဆောင်ပေးပြီး ၎င်းနည်းလမ်းများကို လမ်းလျှောက်တုတ်ရှည် နည်းလမ်း၊ သို့မဟုတ် ဟိုဗာနည်းလမ်းဟူ၍ ခေါ်ဆိုခဲ့ကြပါသည်။

ယခုအခါတွင် ဟိုဗာအား ပေါ်ပါးသည့် လမ်းလျှောက်တုတ်ရှည် အသုံးပြုနည်းတို့၏ ဖခင်ဟု လူအများက ခေါ်ဆိုနေကြပြီ ဖြစ်ပါသည်။ အထက်ပါအဖြစ်အပျက်များ အားလုံးတို့သည် အမြင်အာရုံချို့တဲ့သူတို့အတွက် အားကိုးအားထားစရာ အဖြူရောင်လမ်းလျှောက်တုတ် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းပင် ဖြစ်ပါသည်။

ယခုနှစ် ၂၀၁၇ ခုနှစ်၊ ၂၆ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာလ ၁၅ ရက်နေ့ နံနက် ၆နာရီတွင် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော်ခန်းမရှေ့တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး၊ မြို့တော်ဝန် ဦးမောင်မောင်စိုးတက်ရောက်၍ လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ယင်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ၊ မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကျင်းပရေးကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်း ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မျက်မမြင်လမ်းလျှောက်ပွဲတွင် ပါဝင်လမ်းလျှောက်ကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများမှ မျက်မမြင်နှင့် အတူ ဝန်ထမ်းများ၊ စုစုပေါင်း ၁၇၅၈ ဦး၊ တက်ရောက်ခဲ့ကြသည်။

မျက်မမြင်လမ်းလျှောက်ပွဲတွင် ရန်ကုန်မြို့တော်ဝန်မှ မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော်ခန်းမရှေ့ စင်မြင့်ထက်မှ သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်နှင့်တစ်ပြိုင်နက် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲ လမ်းလျှောက်ကြသည့် မျက်မမြင်ကျောင်းနှင့် အလုပ်ရုံများမှ မျက်မမြင်များသည် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမှ စတင်လမ်းလျှောက်ကြရာ ရန်ကုန်မြို့တော်ခန်းနှင့် တာဝန်ရှိသူများ









က မျက်မမြင်များနှင့်အတူ လိုက်ပါအားပေးလမ်းလျှောက်ကြသည်။

မျက်မမြင်များ လမ်းလျှောက်ရာ လမ်းတစ်လျှောက်ဖြစ်သော ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များရှိ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးဝန်ထမ်းများ၊ ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုအားပေးပြီး အမောပြေ အချိုရည်များ၊ စားသောက်ဖွယ်ရာများနှင့် လန်းဆန်းပဝါများ ကမ်းလှမ်းကြသည်။ ထို့နောက် မျက်မမြင်လမ်းလျှောက်သူများသည် ရန်ကုန်မြို့တော်ခန်းမ ပန်းဝင်ရာအရပ်သို့ ဝင်ရောက်လာကြသည်။ မျက်မမြင်လမ်းလျှောက်ပွဲတွင် ပါဝင်လမ်းလျှောက်ကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ခန်းမကြီးတွင် ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်ပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသော မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများအား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ရန်ကုန်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်မေမေသွယ်နှင့် ဒေါ်သန်းမြင့်အောင်တို့က ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသော မျက်မမြင်များကိုယ်စား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာရမှ နောက်ဆုံးနှစ်(သမိုင်း)ကျောင်းသူ မနန်းဇင်မာသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မျက်မမြင်ကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများက ခေတ်ပေါ် တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြပြီး အလှူရှင်များက အလှူငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ မျက်မမြင်လမ်းလျှောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေ ပြည်သူပြည်သားများ စိတ်အေးချမ်းသာပြီး လူမှုဘဝ တိုးတက်စေရန် အဘက်ဘက်က အစွမ်းကုန်ကြိုးစားအားထုတ်နေသကဲ့သို့ ရန်ကုန်မြို့တော်ကြီးကိုလည်း နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်အောင် အစဉ်တစိုက် အားထုတ်နေလျက်ရှိရာ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့နှင့် ရန်ကုန်မြို့တို့ ညီအစ်မမြို့တော် တစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို ရန်ကုန်မြို့၌ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ မူဝါဒနှင့် လမ်းညွှန်မှုများကို အကောင်အထည်ဖော်ဆောင်ကာ မြို့တော်ကြီး သာယာလှပ ဖွံ့ဖြိုးတိုးတက်အောင် ခေတ်ရေရှည် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ချမ်းမြေ့(Eco)**

# သမုဒယချိန်ခွင်

❑ အချစ်ကိုစာဖွဲ့တဲ့
ပြာလဲ့လဲ့ကောင်းကင်ပြင်။
အက္ခရာကြယ်စာလုံးတို့
ကုံးသီကြစဉ်။
ညှို့ဦးယံမှာပင်
စာရင်ခွင်အပြည့်အသိပ်။
ပင်လယ်ပြင်ရင်တဲ့တိုင်းလည်း
လှိုင်းတရိပ်ရိပ်။

❑ အမုန်းကိုစီကုံးမှ
တစ်လုံးတည်းအက္ခရာ။
မြင်းမိုရ်တောင်ပမာဏ
ရေးပြချင်တာ။
ကောင်းကင်နဲ့သမုဒ္ဒရာ
စာမျက်နှာပြည့်စေပေါ့။
မုန်းရောင်ခြယ် နေတစ်စင်း
ထွေခင်းတော့ . . .ရော့။

❑ သူဖြူလျှင် ကိုယ်မည်းလို့
ကိုယ်ဆွဲတော့ သူငင်။
အချစ် နဲ့ အမုန်းက
လုံးဝဆန့်ကျင်။
သမုဒယချိန်ခွင်တွင်
သံယောဇဉ်တင်စက်မှ။
နှစ်ကိုယ့်တစ်စိတ် အမြွာ
ညှို့လိပ်ပြာ အခွာခက်သော်လည်း
အသာတစ်ဖက်ရယ်မို့
တစ်ဖက်အသာမှာ
တစ်မျက်နှာကမ္ဘာဝေးရော့လို့
တစ်ကွက်စာအနှာအတေးကို
(သူလေ)
လျှာကလေးထုတ်ပြ။ ။

ခက်လှိုင်းကျော်



ပြောပြချင်ပါရဲ့
သောကရှင် တမာလမ်းပေါ်က
ရမ်းဇော်ကာ တမ်းမျှော်စောင့်
ချစ်ဦးမောင့် လွမ်းပုံပြင်။

ပြုံးထေ့ထေ့ရယ်
မုန်းမေ့ လွယ်သူရဲ့
ခနဲ့ နယ် မြစ်ပြင် တစ်ကြောမှာဖြင့်
အလှကြွယ် အသစ်မြင် မျှောလေသလော့
ချစ်ကြင်ဇာနဲ့ ကြည့်ရှာမှေ့
သိပါစေ မုန်းဆ
လွမ်းသမျှ ကဗျာသီလို့
စာပန်းချီ အငှုစွန်းမှာလည်း
အမှုကွန်းတင်။

တစ်ရက်ကြွေ ညှိုးလေတိုင်း
လက်ရေချိုးကာ မချင့်မရဲနဲ့
တဖင့်ဖွဲ့ဖွဲ့ သမင်လည်ပြန်
သခင်ဘယ်ထံ ဆက်ဆက်ယွန်းပါလိမ့်
မကြင်လွယ်ဟန် ရက်စက်လွန်းပါဘိ
မျက်ဝန်းမှာ မျက်ရည်ဥတွေက
ကြွေလှ ကြွေချင်ချင်ပေါ့
တစ်နေ့ဝင် တစ်မျှော်စိုးသော်မှ
ရောက်နိုးငယ် မျှော်မိသေးပါရဲ့
အတွေးနဲ့ ထင်ယောင်မြင်
မောင့်သခင် လာလေသလား။

ပြောပြလိုက်ပါရဲ့
သောကဝိုက်ကာ တမာလမ်းပေါ်က
ရမ်းဇော်ကာ တမ်းမျှော်ဆဲပါပဲ
ရင်ထဲမှာ ရတက်ဝေဖြာ
ရက်ရှည်ကြာ ပြန်မလာတော့
ကံကြမ္မာ ဘယ်လိုယုံလို့
ဘယ်လိုပုံ မောင်ဖြေသိမ့်ပါ့မယ်
(သခင်ရယ် . . . . . .)
နေစိမ့်နိုင်အာ။

မင်းဇော်ထွေး

# တမာလမ်းက လွမ်းပုံပြင်



- သူ့အိုးနဲ့သူ့ဆန်
  တန်ပါရဲ့မေး။

  ကိုလူပျိုနားတစ်ဖက်ပန်နဲ့
  ဆံအမြုံရောင်စုံဆိုးပါလို့
  လျှာထိုးကိုနောက်ပြန်ဆောင်းတယ်
  ပျိုစောင်းလို့ငေး။

- သူ့အိုးနဲ့သူ့ဆန်
  တန်ပါရဲ့လေး။

  မလေးပျိုစကတ်ကွဲနဲ့
  လှုထဲမှာဒူးပေါင်ပေါ်လို့
  ကြော်ငြာဟန်ရက်ကြောပြတ်တယ်
  (ကိုလူပျိုမတော့)
  မတ်တတ်ရပ်ငေး။

- ခေတ်ရေ့ပြေးသူ့မှာတော့
  မူယာကြော့ဟန်ကူ။

  ရှေးလူ့အမြင်ဘဝင်မချင့်တယ်
  မျောက်နှင့်ဆင်တူ။

  သူဖြူရင် ဖြူ
  သူ့မဲတော့ကိုယ်မဲ။

  နှစ်ယောက်ထဲကမှာ
  မဖောက်လွှဲပါ အသွင်တူတာမို့
  မြင်သူတကာကဲ့ရဲ့စမ်းတော့
  မရှက်တမ်းမျက်နှာပြောင်နဲ့
  ခွေးဟောင်တောင် ဘယ်သူ့မမှုတယ်
  (ကွယ်)ယခုခေတ်ထဲ။ ။

အောင်မြင့်စိုး(ရေစကြို)

# အိုးနဲ့ဆန်





SHORT STORY

"ဟွန်း…တစ်ခါလာလည်း ကန်စွန်း ရွက်ကြော်၊ နှစ်ခါလာလည်း ကန်စွန်းရွက် ကြော်၊ ငါ့ဗိုက်ထဲမှာတော့ ကန်စွန်းခင်းကြီး ဖြစ်နေလောက်ပြီထင်ပါရဲ့"

ကိုရေခဲက စားပွဲဝိုင်းလေးပေါ်တွင် တင်ထားသောကန်စွန်းရွက်ပန်းကန်ကို ငုံ့ ကြည့်ရင်း စိတ်ထဲတွင်မအီမသာဖြစ်သွား သည်။

"ဆီကလေးနိုင်နိုင်နဲ့ ကြော်ထားတာ ဆို ဟုတ်သေးရဲ့လား ခုတော့…ဟူး"

ကိုရေခဲက သက်ပြင်းတစ်ချက်ကို ကြိတ်၍ချမိစဉ် မစိန်မြက ငါးပိရည်ဖလုံ လေးကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

"ရှင်စိန်မြတို့ ငါးပိရည်ကတော့ ကျဲ သလားမမေးနဲ့၊ နောက်ပြီး ရေတ်သီးမှုန့် ကလည်းနည်းသေး၊ တို့ရောကျတော့ လာပါ လိမ့်မယ်၊ သခွားသီး သုံးလေးစိတ်၊ ထပ် ယောက်ကိုတစ်စိတ် ခွဲတမ်းနဲ့စားရမှာ"

ဝမ်းဗိုက်ထဲတွင် ဟာကာဆာနေသော် လည်း ကိုရေခဲသည် စားချင်သောက်ချင် စိတ် ကုန်ခမ်းနေသည်။ သူ့လျှာက ဆီပြန် ဟင်းလေးတစ်ခွက်လောက်ကို တောင့်တနေ သည်။ ဒါမှမဟုတ်လျှင်လည်း ခရမ်းချဉ်သီး ငါးပိချက်ကို ဆီစိုစိုလေးချက်ပြီး နယ်ဖတ် စားချင်သည်။

နောက်ဆုံး ငါးပိရည်နှင့် စားရစေဦး၊ ကြက်သွန်မြိတ်၊ ပုစွန်ခြောက်၊ ရေတ်သီးစိမ်း တို့ရောနှောထောင်းကာ ဖျော်ထည့်ထားလျှင် စား၍မြိန်မည်ထင်သည်။ တို့စရာအဖြစ် တည်းသီးပြုတ်စေးစေးကလေးနှင့် မချစ်စု

သရက်သီးဝမ်းပျဉ်းကလေးဆိုလျှင်

"ပြောရင်းဆိုရင်း ဆာလိုက်တာ"

ကိုရေခဲက တွေးရင်း တံတွေးကို မျို့ချ လိုက်မိသည်။ တညင်းသီးပေါ်နေသည်မှာ ကြာပြီဖြစ်သော်လည်း မစိန်မြ တစ်ခါမျှ ဝယ်မလာဖူးသေးပေ။

"အမေကလည်းဗျာ၊ ကန်စွန်းရွက်ကို ဘာလို့များဒီလောက်ကြိုက်နေရတာလဲမသိဖူး ဘူး။ နေ့တိုင်းနေ့တိုင်း ကန်စွန်းပြီး ကန်စွန်း ပဲ"

ဆယ်နှစ်ကျော်ကျော်ရှိပြီဖြစ်သော သားအကြီးကောင် မောင်သံချောင်းက ထမင်းဝိုင်းတွင် လေးလေးတွဲတွဲဝင်ထိုင်ရင်း ညည်းညည်းညူညူပြောသည်။

"ကန်စွန်းရွက်က ဗီတာမင်ပါတယ်၊ နင်ဘာသိလို့လဲ"

"အမေ့ ဗီတာမင်တွေကလည်း ဒီ လောက်စားနေရတာတောင် ကျွန်တော်တို့ မှာဝိန်လို့"

အလတ်ကောင်က သူ့လက်မောင်းကို မြှောက်ပြရင်း၊ သွားကျိုးပေါက်လေးပေါ် အောင် ရယ်နေသည်။

"တော်စမ်း၊ ဗီတာမင်ဆိုတာ အားသာ ရှိတာ၊ အဆီတိုးတာမဟုတ်ဘူး။ နင်ဘာ သိလို့ဝင်ရှုပ်နေတာလဲ ဟင်"

နှုတ်ရေးစကားတတ်လုပ်တော့ အလတ်ကောင်ရဲ့ပါးစပ်ကို မစိန်မြက ဗိုက် အာတာနှင့်ပိတ်လိုက်သည်။ ထို့နောက် ကန်စွန်းရွက်တစ်ဖွန်းကော်ကာ သူ့ပန်းကန် ထဲလှမ်းထည့်ပေးသည်။

"ရော့ စားချင်စား၊ မစားချင်ရင်လည်း နေ၊ အဲဒီ ကန်စွန်းရွက်ကို နင်မစားလည်း ကျန်နေမယ်တော့မထင်နဲ့ စားချင်တဲ့သူတွေ မှပြည့်လို့"

ထမင်းကို ငါးပိရည်ကျဲဆမ်းကာ အား ရပါးရစားနေသော နို့ညှာကောင်ကို အားကိုး စွာလှမ်းကြည့်ရင်း မစိန်မြက ခပ်တင်းတင်း ပြောသည်။ နို့ညှာကောင်က အစားကောင်း သည်။ မည်သူမစားဘဲကျန်ကျန် လှမ်းယူပြီး သူ့ပန်းကန်ထဲလောင်းထည့်လေ့ရှိသူဖြစ်သည်။ သူမစားဘဲကျန်မှစားရသော ခွေးပိန်မလေး မှာတော့ အရတလော အငတ်ဘေးရှည်ပြီး ဆက်တိုက် ဆိုက်နေသတ်သည်ကို မစိန်မြ သတိထားမိသည်။

"တစ်ခါတလေများ ဘဲဥလေး ကြက် ဥလေးကြော်စမ်းပါလား အမေရယ်"

"အောင်မာ ကိုယ်တော်လေး၊ ဘဲဥ ကြက်ဥများ ရှင်ကပေါတယ် အောက်မေ့နေ လို့လား၊ ငါးမူးသုံးမတ်ခေတ်မှတ်နေလား"

"ဒီလိုဆို ငါးကြော်"

"အမလေးလေး ငါးကြော်စားချင်ရင် နင် နဂိုတုန်းက ဘာလို့ငါ့ဗိုက်ထဲဝင်လာရ သလဲ၊ အနားထပိတ်ကတော်တို့ ဗေဒါက ကတော်တို့ဗိုက်ထဲဝင်ရတာယ်ဟဲ့"

"ကလေးက စားချင်တာ၊ တစ်ခါတစ် လေများလည်း လုပ်ပြုကျွေးလိုက်စမ်းပါလား မိန်းမရာ"

ဆေးပေါ့လိပ်ကလေးတငေ့ါငေ့ါဖွာနေ သော ကိုရေခဲက လေပျော့ပျော့လေးနှင့် ဝင်ပြောတော့ မစိန်မြသည် ကင်း အကိုက်



ဝမ်းဗိုက်ထဲတွင် ဟာကာဆာနေသော်လည်း
ကိုရေခဲသည် စားချင်သောက်ချင်စိတ် ကုန်ခမ်းနေသည်။
သူ့လျှာက ဆီပြန်ဟင်းလေးတစ်ခွက်လောက်ကို
တောင့်တနေသည်။ ဒါမှမဟုတ်လျှင်လည်း
ခရမ်းချဉ်သီး ငါးပိချက်ကို ဆီစိုစိုလေးချက်ပြီး…

# ကလေးတွေ မသိတတ်ရင် ထားပါတော့ ခုတော့ အဖေကပါတစ်မျိုး။ ပုစွန်ခြောက်စားချင်ရအောင် ရှင် ရှင့်ကိုယ်ရှင် ဒေါ်လာရှာနိုင်တယ်လို့များ ထင်နေလို့လား



ခံရသူလို ဆတ်ခနဲဖြစ်သွားသည်။

"ဒီမှာ ကိုရေခဲရေ၊ ကျွန်မက အမေ ပါ။ ကိုယ့်သားသမီးကို ဘယ်သူမကျွေးချင် ဘဲရှိပါ့မလဲ၊ ရှင်ကသား လောက်အောင် ရှာ ပေးစမ်းပါ၊ ကျွန်မလက်ထဲ ငွေတွေအထပ် လိုက်ထည့်ပေးစမ်းပါ၊ ဟင်း၊ တစ်နေ့တစ် မျိုး မရိုးရလေအောင် အမျိုးမျိုးချက်ကျွေး စမ်းပါ့မယ်...ကဲ"

မစိန်မြက လင်တော်မောင်ကိုရေခဲ အား စိန်ခေါ်သောအကြည့်နှင့် လှမ်းကြည့် သည်။ ကိုရေခဲကတော့ ဘဏ္ဍာရေးဝန်ကြီး ၏ အစီရင်ခံစာကို မကြားလိုဟန်နှင့် ဆေးလိပ်ကိုဖိ၍ဖွာသည်။

"ငါးပိရည်ဆိုရင်လည်း ပုစွန်ခြောက် လေး၊ ကြက်သွန်ဖြူလေးချဲ့ပြစ်ပြစ်ကလေး ဖျော်ရင်ကလေးတွေကြိုက်မှာပဲ"

ကလေးတွေဗန်းတင်ပြီး သူကြိုက် သည်ကို ပြောသည်။ သူ့အသံက ခပ်တိုး တိုး ခပ်ပျော့ပျော့နှင့် တိုးညင်းနေသော် လည်း ဒေါသထွက်နေပုံရသည်။ သူ့လက် ထဲမှာ ကြေရည်သုတ်သံဇွန်းကို သံဇလုံထဲ သို့ ဒေါသတကြီးပစ်ထည့်လိုက်ရာ သံကို သံချင်းထိခတ်၍ "ဒန် တန် တန်"ဟု ကျယ် လောင်စွာမြည်သွားသည်။

"အင်း အမေတော့ အဖေ့ကိုချဲတော့ မယ်"

အလတ်ကောင်က ထမင်းစေ့များထဲ တွင် ရောနှောနယ်ကာ မျက်စပစ်နေသော ငပိလုံးများကို ရွေးမထုတ်တော့ဘဲ အကုန် လုံးကျုံးပြီး ပါးစပ်ထဲသို့ထည့်သည်။ ပန်းကန် ထဲကထမင်းမြန်မြန်ကုန်မှ ထမင်းဝိုင်းက မြန် မြန်ခွာနိုင်သည်။ ထမင်းဝိုင်းက မြန်မြန်ခွာ နိုင်မှ အမေနှင့်ဝေးရာသို့မြန်မြန်ရောက်မည်။

"ဟွန်း အမေက ကောင်းတာမဟုတ် ဘူး။ အဖေကို မကျွေးနိုင်ရင်အခြောက်တိုက် ဘေးလှည့်ပြီးရန်ရှာရော၊ ဘေးကင်းချင်ရင် ဝေးဝေးနေမှ"

သူ့လိုပင် စိတ်ကူးမိကြသော အကြီး ကောင်နှင့် နို့ညှာကောင်သည်လည်း ထမင်း ကို ခပ်သွက်သွက်စားပြီး ခပ်မြန်မြန်ထပြေး ရန် တာစူနေကြသည်။

"ကလေးတွေ မသိတတ်ရင် ထားပါ တော့ ခုတော့ အဖေကပါတစ်မျိုး။ ပုစွန် ခြောက်စားချင်ရအောင် ရှင် ရှင့်ကိုယ်ရှင် ဒေါ်လာရှာနိုင်တယ်လို့များ ထင်နေလို့လား ဟင်"

"ဒေါ်လာမရှာလို့ ငါးပိရည်ဖျော် လောက်ပဲ ပြောတာပေါ့ကွ"

ကိုရေခဲကလည်း ခပ်ဆတ်ဆတ် ပြန် အော်သည်။ မစိန်မြကို မကြည့်ဖူးခပ်ရှုးရှုး ပြန်ကြည့်ကာ အာခံလိုက်သည်။

"ဒီမိန်းမ ရူးနေပြီလားမသိဘူး။ တစ်ခါ လာဒေါ်လာ၊ နှစ်ခါလာဒေါ်လာ၊ သူ့အသက် များငယ်ဦးမယ် ချောဦးမယ်ဆိုရင် ငါ့ကို ပစ်ပြီး ဒေါ်လာသမားနောက် လိုက်ပြေးမ လား မသိဘူး"ဟုတွေးရင်း ဒေါသထွက်နေ သည်။

"ဆန်ဈေး ဆီဈေးကို ရှင်သိတယ်မ ဟုတ်လား"

မစိန်မြက ဆန်သိုင်းကို စတင်သုံးကာ တိုက်စစ်ဆင်သည်။

"တစ်နေ့တစ်နေ့ ဆန်ဖိုးချည်းပဲ ဘယ် လောက်ကုန်နေလဲ ရှင်သိရဲ့လား၊ ဟော့ ဟိုမှာ ရှင့်ကြီးကြောင့် လူဖြစ်လာတဲ့ သတ္တဝါ လေးတွေက ငါးကောင်၊ သူတို့မွေးထားတဲ့ ခွေးပိန်မကတစ်ကောင်၊ ကျုပ်တို့လင်မယား နဲ့ပေါင်းတော့ခုနစ်ကောင်၊ အဲ ခုနစ်ယောက် နဲ့ တစ်ကောင်"

ခွေးပိန်မဟူသော အသံကိုကြားတော့ အိမ်နောက်ဖေးလှေကားထစ်တွင် ဝပ်ကာ မှိန်းနေသော ခွေးပိန်မက မသိမသာမျက်လုံး ကျယ်သွားသည်။ ခေါင်းထောင်ပြီး အမြီးကို တစ်ချက်နှစ်ချက်ယမ်းလိုက်ရာ၊ သူ့ဘေးတွင် အဝတ်ရုပ်ကလေးဖိုက်ပြီး ငုတ်တုတ်ထိုင်နေ သောအငယ်ဆုံး၏ လက်မောင်းကိုဆတ်ကနဲ ဆတ်ကနဲ ရိုက်မိသည်။

"ဟဲ့– မိပိန် ငြိမ်ငြိမ်နေစမ်း။ ဒီမှာ ကလေးနိုးသွားမယ်"

အငယ်မက ပုံပန်းမကျလှသော အဝတ်ရုပ်ကလေးကို ပွေ့ကာ" အို အေး အေး အိပ်ပါညီမလေးရယ်"ဟု ချော့သည်။ သူက အဖေနှင့်အမေ၏ရန်ပွဲကို တွေ့ဖူးလှ ပြီမို့ လုံးဝစိတ်မဝင်စား။ သူ့စိတ်ကူးထဲမှ သူစားချင်သမျှ ကြားဖူးသမျှကိုသာ သူ့အရုပ် ကလေးအားကျွေးရန် လုံးပန်းနေသည်။

"ညီမလေးဆာရင် မွှားနို့သောက်လေ၊ အို–မွှားနို့မကြိုက်ဘူးလား၊ ဒါဆိုရင် အိုဗာ တင်းသောက်နော် မမဖျော်ပေးမယ်"

"အဲဒီဆန်ကို ထမင်းဖြစ်အောင်ချက် ရတဲ့ မီးသွေးဈေးကိုရော ရှင်သိရဲ့လား"



ထိုနေ့ကလည်း သူတို့တစ်အိမ်လုံး ထမင်းစားမြိန်ကြသည်။ ထမင်းကို ပဲဟင်းဆမ်းပြီး အားရပါးရစားလိုက်၊ ချဉ်ဆီရိုးစုပ်လိုက်နှင့် တစ်ပျော်တစ်ပါးကြီးဝိုင်းဖွဲ့၍ . . .

သမီးအသံချိုချိုပျော့ပျော့လေးက သူ့အမေ၏ ဒေါသသံကြမ်းကြမ်းနှင့်ပြိုင်ထွက်လာသည်။ ကိုရေခဲဆီကတော့ ဘာသံမှ ထွက်မလာ။

ထမင်းကျန်သွားပြီဖြစ်သော အလတ်ကောင်က ထမင်းဝိုင်းမှ အရင်ဆုံးထပြေးသည်။ ပန်းကန်ဆေးသောနေရာတွင် လက်ကို ရေကလေးတစ်ချက်နှစ်ချက်ပက်ဆေးကာ အိမ်ရှေ့ခန်းသို့ ခပ်သုတ်သုတ်ရှောင်တိမ်းသွားသည်။

"အမေ ဆာတယ်"

ထိုစဉ်တွင် သုံးနှစ်မပြည့်တတ်သေးသော အငယ်ဆုံးကောင်က စီးဖိုထဲလှမ်းဝင်လာ၍ ကိုရေခဲကကောင်းသွားသည်။ တိုက်စစ်မှူး မစိန်မြထဘီစကိုဆွဲကာ သားငယ်က ပူဆာသည်။

"ဆာရင်စားလေ သားရဲ့"

မစိန်မြက ပိန်းမျှောင်းမျှောင်း သားထွေးကလေးကို ဂရုဏာပိုတတ်သည်။ အကြီးများကို 'ဟဲ့ အကောင် ဟဲ့ ကောင်မ' နှင့် နုတ်ကြမ်းလေ့ရှိသော်လည်း အငယ်ဆုံးလေးနှင့်ကျလျှင် လေသံကနှစ်ပတ်သုံးပတ်လောက်လျှော့သွားတတ်သည်။

"ဖွန်းရွက်စားချင်ဘူး"

"ဒီလိုဆို အာလူးစားမလား။ အမေ မီးဖုတ်ကျွေးမယ်"

"ဆီများကြီး ဆမ်းပေး"

"အေးပါဟယ် အေးပါ"

မစိန်မြက ဆီသိုင်း၊ ဆန့်သိုင်း၊ မီးသွေးသိုင်း၊ ဆပ်ပြာသိုင်းတွေကို တရစပ်သုံးကာ တိုက်စစ်ဆင်ရန်သတိမရတော့ဘဲ ခြင်းတောင်းထဲမှ တစ်လုံးတည်းကျန်သော အာလူးကိုလှမ်းယူသည်။ ထို့နောက် မီးအရှိန်မသေသေးသော မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ အာလူး ငါးဆယ်သားကို ငွေအစိတ်ပေးပြီး သူကိုယ်တိုင် ဝယ်ခဲ့ရသည်မို့ ကိုရေခဲက အာလူးဈေးကိုသိသည်။

သချ်ာမတော်လှသော်လည်းငွေအစိတ်ကို အာလူးဆယ့်သုံးလုံးနှင့်စားကြည့်ပြီး အာလူးတစ်လုံးကို ငွေနှစ်ကျပ်လောက် တန်ကြောင်း သူသိထားပြီးဖြစ်သည်။

"တစ်နေ့တုန်းက အာလူးကို အချဉ်ဆီကျို့ရေကျန်လေးချက်ပြီး မဆလာလေးအုပ်ပေးတုန်းကတော့ စားလို့ကောင်းသား။ သူလည်း တတ်သမျှ မှတ်သမျှတော့ စားကောင်းအောင် ချက်ရှာပါတယ်လေ"

အာလူးဟင်းလေးကို သတိရမိပြန်တော့ ကိုရေခဲက စိတ်ကပျော့ကျသွားသည်။ သူတို့တစ်တွေစားနေသည်ကို တစ်ပြုံးပြုံးနှင့်ကြည့်နေပြီး သူကိုယ်တိုင်ကျတော့ အကြွင်းအကျန်လေးများကို ပန်းကန်ထဲစုထည့်ပြီး နယ်ဖတ်စားခဲ့သောမိန်းမကို သနားသွားသည်။

"အမေ့ ပဲဟင်းမချက်တော့ဘူးလား"

သူ့အမေမျက်နှာ ပျော့နေတုန်း အကြီးကောင်ကြီးက အခွင့်ကောင်းယူကာပြောသည်။

"ပဲတွေက ဈေးတတ်တယ် သံချောင်းရဲ့ နောက်ပြီး မီးသွေးသိပ်ကုန်တာ"

"ဟိုတစ်ခါတုန်းက ကုလားပဲကို ဆီတိုရိုးနဲ့ချက်တုန်းက စားလို့ကောင်းလိုက်တာဗျာ"

ထိုနေ့ကလည်း သူတို့တစ်အိမ်လုံး ထမင်းစားမြိန်ကြသည်။ ထမင်းကို ပဲဟင်းဆမ်းပြီး အားရပါးရစားလိုက်၊ ချဉ်ဆီရိုးစုပ်လိုက်နှင့် တစ်ပျော်တစ်ပါးကြီးဝိုင်းဖွဲ့၍ စားခဲ့ကြသည်။ သူတို့သားမကာ ဗိုက်ပါ ပျော်ခဲ့ရသည်ကို အားလုံးမှတ်မိနေသည်။ ခြင်ဆီကုန်ကာ ပြောင်နေသောအရိုးများပင်ဖြစ်သော်လည်း ဗိုက်ခများ တမက်တမောနှင့် ကိုက်၍ မဆုံးနိုင်အောင် ရှိခဲ့လေသည်။

"မွှေးလိုက်တာ"

အာလူးမီးဖုတ်နံ့က သင်းပျံ့လာသည်။ ကိုရေခဲလည်း ထမင်းဝိုဆာလာသည်။

"အဲဒီ ပဲဟင်းလေးများ ခုနေစားလိုက်ရရင် ဟီး၊ နို့ညှာကောင်ကပါ ဝင်ပြောတော့ မစိန်မြမျက်နှာ အတန်ငယ်ညှိုးသွားသည်။

"ဆိတ်ချဉ်ဆီကလည်း တစ်ခါတစ်လေမှရတာဟာ ငါက အသားမငယ်ဘဲ အရိုးချည်းပဲဝယ်တော့၊ ကုလားကလည်း ရောင်းချင်ရဲ့လားမသိ"

မစိန်မြက နောက်ဆက်တွဲစကားကို ဆက်မပြောဘဲ ရပ်လိုက်သော်လည်း စိတ်ကတော့ ဆက်မတွေးဘဲမနေနိုင်၊ "ဟို ဝဝအန်တီကြီးက နေ့တိုင်းမှာထားတယ်အစ်မ၊ သူ့အိမ်မှာ ခွေးပါးကောင်ရှိတယ်တဲ့၊ အိမ်ပေါ်အမဲသား အမဲရိုးမတင်ချင်လို့ ဆိတ်ရိုးပဲဝယ်ကျွေးတာတဲ့"ဟု ကုလားက အရည်လည်စွာပြောတော့ မစိန်မြသည် ဆိတ်ရိုးဖြူဖြူများကို ငေးကြည့်ရင်း "သူ့ ခွေးပါး

မစိန်မြက စိတ်မထိန်းနိုင်တော့ဘဲ
အငယ်ကောင်ကျောကို ဖြန်းခနဲချသည်။
အရိပ်သုံးပါးကို မျက်ခြည်မပြတ်အကဲခတ်နေသော
နို့ညှာကောင်က လျှင်သည်…



ကောင်အတွက်ယူပြီး ပိုမှ ငါ့ကလေး ငါးကောင်အတွက် ရောင်းလိုက်မယ်ထင်ပါရဲ့''ဟု ရှက်စနိုးစိတ်တစ်ဝက်နှင့်ဝမ်းနည်းခဲ့ရသည်။

''ဟင်…အမေ…အာလူး''

အကြီးကောင်က နှာခေါင်းကို ရှုံ့ပွ ရှုံ့ပွလုပ်ကာအော်သည်။

''ဟဲ့ အာလူး အာလူး''

ကိုရေခဲကလည်း မီးဖိုကို လက်ညှိုးထိုးကာအော်သည်။

''အမလေးတော် ကုန်ပါပြီ''

တုံးခါးခါးအနံ့ကို ယခုမှသတိထားမိပြီး မစိန်မြ ပြာယာခတ်သွားသည်။ မီးညှပ်နှင့် ကမန်းကတန်းယက်ထုတ်လိုက်တော့ မဲတူးနေသော အလုံးလေးတစ်လုံးက မီးဖိုထဲမှ လိမ့်ထွက်လာသည်။

''သွားပါပြီတော်၊ စားမရတော့ပါဘူး''

မစိန်မြ စိတ်လက်ညစ်ညူးစွာ ရေရွတ်သည်။

''အာရှူးစားမယ် ဟီး အာရှူးစားမယ်''

အခြေအနေအရပ်ရပ်ကို ချက်ချင်းသဘောပေါက်သွားသော အငယ်ဆုံးကောင်က ငိုမဲ့မဲ့ဖြစ်လာသည်။

''စားချင်မနေနဲ့တော့ ဒီတစ်လုံးပဲရှိတာ''

''ကုန်ပြီ သားရဲ့၊ ကန်စွန်းရွက်ကောင်းတယ်လေ''

''ရွှန်းရွက်ကောင်းဘူး အာရှူး''

''အမေ ခွဲကျွေးမယ်လေ လေနော်''

''ခွဲ့ကျွေးနဲ့ အာရှူး''

''ထမင်းကုန်ရင် ငှက်ပျောသီးတစ်လုံးဝယ်ကျွေးမယ် သားရယ်''

''ဟီး ပျောသီးစားဘူး။ အာရှူး စားမယ်''

''အို…မရှိပါဘူးဆိုမှ''

''အာရှူး…ဟီး…အာရှူး''

''ဟဲ့ ကုန်ပါပြီဆိုမှ''

''အာရှူးပဲကြိုက်တယ်''

အငယ်ဆုံးကောင် ခြေကိုဆောင့်ကာငိုသည်။ မစိန်မြက လက်ကို တဲတွေးဆွတ်၍ မီးဖိုဘေးရောက်နေသော အာလူးလေးကိုကိုင်သည်။ အခွံတွေမှာကား မီးသွေးတစ်ခက်ဖြစ်နေပြီမို့ ခွဲကြည့်စရာပင်မလို၊ စားမရတော့ကြောင်းသိလိုက်ရ၍ စိတ်လည်းညစ်၊ စိတ်လည်းတိုကာ၊ သူ့ဝါသနာအတိုင်း၊ တရားခံရှာချင်စိတ်ပေါ်လာသည်။

''အာရှူး ထပ်လုပ်ပေး''

''မရှိတော့ပါဘူးဆိုမှ ဟယ်''

''စားမှာပဲ အာရှူး''

''စား စား အဲဒီမှာ မီးသွေးတုံးဖြစ်နေပြီ စား''

''ဟီး အဲဒါ စားဘူး။ အသစ် အာရှူး''

''ကဲဟာ အဲဒါ အာလူးအသစ်ပဲ''

မစိန်မြက စိတ်မထိန်းနိုင်တော့ဘဲ အငယ်ကောင်ကျောကို ဖြန်းခနဲချသည်။ အရိပ်သုံးပါးကို မျက်ခြည်မပြတ်အကဲခတ်နေသော နို့ညှာကောင်က လျှင်သည်။ သူ့ဘက် လက်မလာမီ ထမင်းဝိုင်းမှ လက်မဆေးဘဲ ထပြေးတော့သည်။

''ဟဲ့ ဟိုအကောင်၊ လက်မဆေးဘဲ ဘယ်ထပြေးတာလဲ၊ နင်ကရော ကြီးကောင်ကြီးမားနဲ့ ခုထိစားမပြီးသေးဘူးလား။ စားချိန်သောက်ချိန်ဆို ခလေပေါ်နေပြီ''

အာလူးတုံးရခြင်း၏ တရားခံကို ချက်ချင်းတွေ့သွားသော မစိန်မြက အကြီးကောင်၏ကျောပြင်ကိုပါ တစ်ဆက်တည်း ရိုက်သည်။ ဒီအကြီးကောင်က ဆိတ်ရိုးပဲ ဟင်းကို တဗ်းတအစဖော်နေ၍ သူ့နှာခေါင်းထဲသို့ပါ မဆလာနံ့ကူးစက်ပြီး မီးဖိုထဲမှ အာလူးကိုမေ့သွားခြင်းဖြစ်သည်ဟု သတ်မှတ်လိုက်ပြီး အကြီးကောင်ကြီးကို ပုဒ်မအကြီးကြီးတပ်ကာ ခေါင်းတစ်ချက် ထပ်ခေါက်သည်။

''ညီမလေး အိုဗာတင်းသောက်ပြီးရင် ကိတ်မုန့်စားရအောင်နော်၊ ပြော် ထမင်း ဆာပြီလား။ လာ…လာ မမ ကြက်သား ချက်ထားတယ်၊ ဟောဒါက ကြက်သား။ ဟောဒါက ဝက်သား။ ဟောဒါက ပုစွန်ထုပ်ကြီးလေ ညီမလေးရဲ့''

ကျောကော့သွားသော အကြီးကောင်က ထမင်းဝိုင်းမှ အလျှင်အမြန်ထပြေးသည်။ သို့သော် ဖင်ထိုင်ခုံကို ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲမတတ်ဖြစ်သွားစဉ် အလာဘ်မကို ဝင်တိုက်မိသည်။ သူ့အတွေးနှင့်သူကြည်နူးနေသော အလာဘ်မက အခြေအနေအရပ်ရပ်ကို ဘာမှစိတ်မဝင်စား။ သူ့အစ်ကိုအား မော့ကြည့်ကာ အချပ်ကလေးတောင်ပြပြီး ထမင်းစားဖိတ်သည်။

''ဟော ညီမလေး ဒီမှာကိုကိုကြီး လာနေပြီ၊ ထမင်းစားရအောင် ခေါ်လိုက်လေ၊ ပုစွန်ထုပ်ကြီးချက်တယ်လို့''

''တယ် အရေထဲ ဒီ အရှုံမကာလေးက တမျှော်''

စိတ်တိုနေသော အကြီးကောင်က အဝတ်ရှပ်ကလေးကို ဆောင့်၍တွန်းလိုက်သည်။ အလတ်မ၏ခေါင်းကို တစ်ချက်ထုပြီး''ကိုကိုကြီးက ဒီတာမင် ကန်စွန်းရွက်တွေအစားခဲ့ပြီဟ''ဟု ပြောကာ မီးဖိုထဲမှ သုတ်ခြေတင် ထွက်သွားလေတော့သည်။

''အီး…သံချောင်းလုပ်တယ်''

အလတ်မ ခေါင်းကိုပွတ်ရင်း ငိုမဲ့မဲ့နှင့် အော်သည်။ သို့သော် သူ့ကို မည်သူမျှ ဂရုမစိုက်အား၊ သူ့မိခင် ဒေါ်စိန်မြက သားငယ်ကို ကောက်ချီကာ ''တိတ် တိတ်''ဟု အသံမာမာနှင့် ချော့သည်။ သူ့ဖခင် ဦးရေခဲကတော့ မီးကျွမ်းနေသော အာလူးလေးကိုခွဲပြီး အတွင်းသားလေးများကို သတိကြီးစွာနှင့် ခြစ်ထုတ်နေသည်။

အဖေနှင့် အမေက ဂရုမစိုက်သော်လည်း ခွေးမပိန်ပိန်ကမူ အလတ်မလေးကို သနားဟန်တူသည်။ အမြီးကို တလှုပ်လှုပ်ယမ်းရင်း မျက်နှာကို လျှာနှင့်လှမ်း၍ လျက်သည်။

''သွားစမ်းဟာ…သွားစမ်း''

သူ့ လျှာစိုစိုကြီးကို ရှောင်တိမ်းရင်း အလတ်မက မိပိန်အား လေ့ကားပေါ်မှ အတင်းတွန်းချလိုက်သည်။

''အလကား ခွေးစုတ်မ''

မြေကြီးပေါ်သို့ ခွေးကျကျသွားသော မိပိန်ခမျာမှာတော့ ဘာဖြစ်လို့ဖြစ်သွားမှန်း သိလိုက်ပုံမရ။ သူ့ကို နိုင်လိုမင်းထက် ကြည့်နေသော အလတ်မအား မော့ကြည့်ကာ နာကျင်စွာနှင့် 'တကိန်ကိန်' အော်နေသည်။

''အို…စိတ်ရှုပ်ရတဲ့အထဲ၊ ဒီခွေးမကလည်း တကိန်ကိန်နဲ့''

မစိန်မြကပင် ထိုင်ခုံနှင့်တွဲ၍ခေါက်သည်။

မြေတွင် ဝပ်ကာအော်နေသော ခွေးပိန်မက အရှောင်အတိမ်း နည်းနည်းမှ မတော်။ သို့သော် သူ့လက်က မတည့်တော့ ပစ်မှတ်မှ တစ်ထွာလောက် လွဲသွားသည်။

သို့သော် ခွေးမက သူ့ကို တိုက်ရိုက် ထိလိုက်သလို ကိန်ကိန် ကိန်ကိန်နှင့် အော်ပြန်သည်။

''ဟဲ့ ခွေးနာရဲ့ ခွေးစုတ်မရဲ့ ဘာလို့ ဒီလောက် ကိန်နေရတာလဲ''

မစိန်မြက စိတ်တိုဒေါသထွက်စွာနှင့် အော်သည်။

ပစ်ရော ခတ်ရော လက်နှက်ကိုထပ်ရှာရင်း မိပိန် ကိန်ရခြင်းတရားခံကို စိတ်ထဲမှ တွေးနေသည်။

မိပိန် ဘာကြောင့် ကိန်ရတယ်
အလတ်မ ရိုက်လို့ ကိန်ရတယ်
အလတ်မ ဘာကြောင့် ရိုက်ရတာယ်
အကြီးကောင်ထုလို့ ရိုက်ရတယ်
အကြီးကောင် ဘာကြောင့်ထုရတယ်
အမေကြီးခေါက်လို့ ထုရတယ်
အမေကြီး ဘာကြောင့်ခေါက် အဲ…
အမေကြီး ဘာကြောင့်ခေါက်ရ ခေါက်ရ

မစိန်မြ၏အတွေးက ရှေ့ဆက်မသွားဘဲ ထစ်ငေါ့နေသည်။

ကိုရေခဲကတော့ ခြစ်ထုတ်၍ရသမျှ အာလူးအတွင်းသားလေးများကိုသာ သားငယ်ပါးစပ်ထဲ ခွံ့ပေးလိုက်ရင်း ''ကလေးတွေလည်း သနားပါတယ်ဟာ''ဟု ခပ်တိုးတိုး ပြောလေသည်။

**မစန္ဒာ**



## တော်တော်ညံ့တဲ့လူ

ခရီးဝေးကို နေ့စဉ်အလုပ်သွားနေရတဲ့ လူတစ်ယောက်က သတင်းစာဖတ်နေရာကနေ ဘေးကခရီးဖော်ကို လှမ်းပြောတယ်–

''သတင်းစာမှာ ရေးထားတာကတော့ အဲဒီစုံတွဲက လက်ထပ်ဖို့ ကတိပေးထားပြီး အနှစ်လေးဆယ်ကျော်မှ လက်ထပ်ဖြစ်ကြတယ်ဆိုပဲ''

''အင်း–ကျုပ်အထင်တော့ ဒီသနားစရာသတ္တဝါဟာ ဒီထက်ပိုပြီး အချိန်ဆွဲထားဖို့ မတတ်နိုင်ဘူးထင်တယ်''လို့ ဘေးကခရီးဖော်က မှတ်ချက်ပေးပါတယ်။

**မောင်သီဟ**


City MAGAZINE
ဆင်ဖြူကျွန်း
အောင်သိန်း
ဗဒုံပန်း
ဖိုးကလေး....
WT

"ငိုမနေပါနဲ့ အချစ်ရယ်၊ အိမ်ထောင်တစ်ခုမှာ ပြဿနာကို မျက်ရည်နဲ့ရှင်းလို့ရတာ မဟုတ်ဘူးဆိုတာလည်း သတိထားဦးမှပေါ့ကွယ်"

ကိုကျော်သူက အေးဆေးစွာပြောသည်။ အချစ်ကတော့ ကိုကျော်သူ၏စကားကို ကြားနိုင်စွမ်းမရှိ။ မျက်နှာကို လက်ဖဝါးဖြင့်အုပ်လျက် ရှိုက်ငိုရှိုက်၍ ငိုမြိုငိုနေသည်။ ကိုကျော်သူက ဆေးလိပ်တိုကို ခွက်ထဲသို့ အသာအယာချထားလိုက်ပြီး အချစ်၏ဘေးသို့ ရွှေ့ထိုင်၏။

"အကိုပြောတာ ဘာများလွန်သလဲ အချစ်ရယ်…၊ မိန်းမဆိုတာဟာ အိမ်ထောင်ရက်သားကျလာတဲ့နေ့ကစပြီး အိမ်ရှင်မ ဖြစ်လာတယ်။ အိမ်ရှင်မဖြစ်လာတဲ့နေ့ကစပြီး အိမ်ထောင်ထိန်းသိမ်းရေး အိမ်မှုတာဝန်ကို တာဝန်ယူရမှာပဲ မဟုတ်လား"

အချစ်၏ပခုံးကလေးများကို ဆွဲဖိုက်ကာ ကိုကျော်သူသည် လေအေးကလေးဖြင့်ပြောသည်။ ယင်းသို့ပြောရင်းက အချစ်ထံမှ တုံ့ပြန်လာမည့်စကားလုံးများကို စောင့်မျှော်၏။ အချစ်ကားငိုမြဲသာ။

"အမေတို့ဆီမှာတုန်းက ဘာမှမလုပ်ရတာနဲ့ အိမ်ထောင်ကျတဲ့အခါမှာလဲ အိမ်မှုကိစ္စကိုမလုပ်နိုင်ဘူးဆိုတာဟာ အတော်အဓိပ္ပာယ်မဲ့တယ်။ ဒါတွေကို ရွတ်ပြောနေတာမဟုတ်ဖူးနော်။ အချစ်သဘောပေါက်စေချင်လို့ပြောနေတာ"

အချစ်သည် ကိုကျော်သူမျှော်လင့်သလို တုံ့ပြန်လာပေ၏။ သို့သော် ပျော့ပြောင်းညှင်သာသောချေပခြင်း၊ သို့မဟုတ် ခက်ခက်ထန်ထန်ချေပခြင်းမျိုးများမဟုတ်ပဲ ကိုကျော်သူ၏လည်ပင်းကိုဖက်၍ ပါးချင်းအပ်လိုက်ခြင်းသာဖြစ်၏။ အချစ်က သူ၏ချောမွတ်သောပါးကလေးကို ကိုကျော်သူ၏နှာခေါင်းဖျား၊ နှာခေါင်းရင်း၊ ပါးစသည်တို့နှင့် ညင်သာစွာပွတ်၍ "အချစ်ကြိုးစားပါတယ် အကိုရယ်…." ဟု အသံတိုကလေးနှင့်ဆိုလေသည်။

ကိုကျော်သူသည် အချစ်၏ပါးကို သိုင်းဖက်လိုက်၏။ အချစ်၏မျက်ရည်အေးများကို နိမ်ပါးတွင် လိမ်းလူကာ "အချစ်ငိုတာ အကို မကြည့်ရက်ပါဘူးအချစ်ရယ်…၊အချစ်ကို နေရာမှန် အခြေအနေမှန်ကိုသိစေချင်လို့ ပြောရတာပါ" ဟု အချစ်ကြားရုံမျှပြောသည်။

> ကိုကျော်သူ သက်မပင့်မိ၏။
> ပလီပလာနှင့်
> တီတာနွဲ့လျသောစကားဆိုရုံနှင့်
> အိမ်ရှင်မ မပီသမှုကို
> ဖျောက်ပစ်လိုက်ရန်မှာ
> ယနေ့အချိန်မှာ
> မလွယ်ကူတော့ပြီ…



"အချစ်ကြိုးစားတာကို အကိုအမြင်ဘဲ မဟုတ်လား။ ဒီဘီပေးတာ အဝတ်တွေ နာတယ်၊ တွေ့ရာဆပ်ပြာနဲ့လျှော်လို့ ပိန်နာတယ် ဆိုလို့ အချစ်အပင်ပန်းခံပြီးလျှော်သားပဲ အကိုရယ်။ မီးပူတိုက်တာ မကျွမ်းကျင်သေးလို့၊ ခေါက်တာနေရာမကျတာတို့၊ အတွန့်မပြေသေးတာကို မီးကျွမ်းသွားတာတို့ကို ခွင့်လွှတ်ပါအကိုရယ်၊ အချစ်ဘက်ကလဲ ကြည့်ပါဦး။ အချစ်အပင်ပန်းခံလုပ်တာပါ၊ အချစ်ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း အကို ကျေနပ်ရင် အချစ်ဝမ်းသာပါတယ်၊ အခုတော့ အကိုက အကိုအလိုကျ မဖြစ်တာနဲ့ပဲ ပြောတော့မာန်တော့ အချစ်ဝမ်းနည်းတာပေါ့အကိုရယ်"

ကိုကျော်သူ သက်မပင့်မိ၏။ ပလီပလာနှင့် တီတာနွဲ့လျသောစကားဆိုရုံနှင့် အိမ်ရှင်မ မပီသမှုကို ဖျောက်ပစ်လိုက်ရန်မှာ ယနေ့အချိန်မှာမလွယ်ကူတော့ပြီ။ ညားစကြင်စစ္စမက်စအချိန်တုန်းကတော့ "ဝတ္တုဖတ်နေမိလို့ ထမင်းအိုးတူးသွားတယ်အကို" ဆိုသောအကြောင်းပြများ၊ "ဟိုတက်ခန်းက ကုလားမလေးရဲ့ဆာရီစ သွားကြည့်နေလို့ ဟင်းချိုအိုးဝေကျသွားတယ်အကို" ဟူသည်များနှင့် "အိပ်ပျော်သွားလို့ အဝတ်မလျှော်လိုက်ရဘူး" ဟူသည်များသည် "ဩော်…သနားပါတယ် အိပ်ပါစေ၊ အိုဝတ္တုဆိုတာ ဆွဲဆောင်တာမျိုးပဲ" စသည်ဖြင့် ခွင့်လွှတ်နိုင်ခဲ့သော်လည်း ဤအဖြစ်မျိုးတွေ ထပ်ပြန်တလဲလဲဖြစ်ပွားလာသောအခါ ခွင့်လွှတ်ပြီးရင်းခွင့်လွှတ်၊ သည်းခံပြီးရင်း သည်းခံရန်မှာ ခက်၍ ခက်၍ လာလေ၏။

ယနေ့လည်း အချစ်မှုဆောလွန်းသဖြင့် တနင်္ဂနွေနံနက်ပွဲအဖြစ် ပြသသော ရုပ်ရှင်ကားတစ်ကားသွားကြည့်ရန်ပြင်ဆင်ရာ ကိုကျော်သူ၏ ရှပ်အင်္ကျီရင်ဘက်တွင် လက်မလောက် အမဲကွက်တစ်ခုတွေ့ရသည်။ မီးပူအိုးထဲမှကျသော ပြာမှုန့်ကိုမီးပူအိုးနှင့် ဖိမိဟန်တူ၏။ ဤသည်ကို ကိုကျော်သူသည်းခံ၍ လက်ဖြင့်ဖောက်ပစ်လိုက်သည်။

တစ်ဖန် ရင်ဘက်ကြယ်သီးတပ်သောအခါ ကြယ်သီးတစ်လုံးပြုတ်နေ၏။ အချစ်သည် ဆံထုံးထုံးနေရာက လှည့်မကြည့်။ အံဆွဲထဲက အပ်နှင့်ချည်ယူပြီး တပ်လိုက်ပါဟု ဆိုသည်။

ကိုကျော်သူ အပ်ချည်ကိုရှာ၏။ အပ်ကိုရှာ၏။ ရွှေဒီးဒီးကျသည်။ အပ်နှင့် အပ်ချည်ရှေ့နောက်လျှင် အစားထိုးစရာ ကြယ်သီးမရှိ။ ကိုကျော်သူစိတ်ဆိုးလာသည်။ သို့စေကာမူ စိတ်ကိုချုပ်လိုက်ကာ ပင်အပ်တစ်ချောင်းကို သုံးစွဲလိုက်ပေ၏။

နောက်ဆုံးအလှပျက်အောင် အချစ်ငို၍ ရုပ်ရှင်သွားရန်အစီအစဉ်ပျက်သွားခြင်းမှာ အင်္ကျီလက်ကြယ်သီးရှာမတွေ့ခြင်း ဖြစ်ပေသည်။

လက်ကြယ်သီးကို ဟိုနေရာမှာ မှိုးနိုးဖြင့် နှုတ်ခမ်းဆိုးရင်း အချစ်ညွှန်ကြားသမျှ ကိုကျော်သူက လိုက်လံရှာဖွေရာ သုံးလေးနေရာ၌ မတွေ့သည့်အခါတွင် ကိုကျော်သူသည်းမခံနိုင်တော့။

"မင်းရဲ့ဆံညှပ်လေးငါးဆယ်ကို ပစ်ချင်ရာပစ်ထားပြီး ဘယ်နားကကောက်ယူယူ၊ ကောက်ယူလို့ရပေမယ့် ငါ့လက်ကြယ်သီးက တစ်စုံတစ်ရာသွားလား။ မှုကလေးတစ်ခုနဲ့ သတိသတိမှတ်မှတ်ထားပါလို့ ငါ ပြောတယ်မဟုတ်လား"

သည်းမခံနိုင်တော့သလို အသံအနှုန်းကြမ်းလာသည်။ အသံလည်းခက်ထန်၍ ကျယ်လောင်၏။ အချစ်၏အဖြေကား မျက်နှာကိုလက်ဝါးအုပ်၍ ငိုခြင်းသာဖြစ်တော့သည်။

ကိုကျော်သူ လိုလားသည်မှာ နှုတ်ခမ်းဆိုးဆေးတောင့်ကို ပစ်ချထားခဲ့ပြီ လက်ကြယ်သီးကိုရှာခြင်းဖြစ်၏။ ကိုကျော်သူကြုံရသည်မှာ မျက်ရည်ခံထိုးခြင်းဖြစ်သည်။

အတော်လည်း စိတ်ပျက်သွား၏။ အတော်လည်းခံပြင်း၏။ ဤမိန်းကလေးသည် မိမိအား သည်လိုချည်းတစ်သက်လုံး မျက်ရည်ဖြင့် အနိုင်ယူတော့မည်လော။

ထိုအခါတွင် ပစ်ပယ်ခံရသော မယားကြီး မဘော်းတာဘဲနှင့်သတိရ၏။ မယားကြီးကား ကလေးငါးယောက်နှင့်ဖပ်သီဖပ်သီလုပ်၏။ ကျောင်းသွားရမည့်အကောင်လည်း အချိန်မီကျောင်းသွားနိုင်စေ၊ အိမ်တွင်ကျန်သည့် ကလေးများလည်း အေးချမ်းပျော်ရွှင်စေ၊ ခင်ပွန်းသည် ကိုကျော်သူလည်း ရုံးချိန်မီစား၍ အကြိုက်တွေ့စေ၊ စိတ်ချမ်းမြေ့စေရုံသာမက ဝတ်စရာဆင်စရာ လုံချည်အင်္ကျီနှင့် ဖိနပ်ကိုပါ အဆင်သင့်ဖြစ်စေ၏။ မယားကြီးသည် "ဒီအရောင်နဲ့ ဒီအရောင် တွဲတာ ငါမကြိုက်ဘူးဟေ့"ဟု တစ်ကြိမ်ပြောထားလျှင် မှတ်မိသည်။

မယားကြီး၏အမည်ကား ငွေးငွေးတည်။ ကိုကျော်သူနှင့် ငွေးငွေးသည် သက်တူရွယ်တူဖြစ်၏။ တစ်ရုံးတည်း၊ အတူတကွ အလုပ်လုပ်ရင်း ချစ်ကာ လက်ထပ်ခဲ့ကြသည်။

ငွေးငွေးသည် ကလေးမြေးငယ်မရှိမီ အိမ်ထောင်တာဝန်တစ်ဖက်၊ ရုံးတာဝန်တစ်ဖက် ထမ်းဆောင်နေစဉ်ကပင် အိမ်ထောင်ကို နိုင်နင်းခဲ့၏။ အိမ်၏သန့်ရှင်းရေး မပြောရ၊ စည်းစနစ်ကျနရေးကို မပြောရ၊ အဆင်ပြေမည့် ဟင်းလျာချက်ပြုတ်ရေးကို မသင်ရ၊ ငွေလျှော်ဖွပ်ရေးကို မပြောရ၊ ချွေတာရေးဆိုလည်း၊ အလိုလိုတတ်သည်။

အတော်လည်း
စိတ်ပျက်သွား၏။
အတော်လည်းခံပြင်း၏။
ဤမိန်းကလေးသည်
မိမိအား သည်လိုချည်း
တစ်သက်လုံး မျက်ရည်ဖြင့်
အနိုင်ယူတော့မည်လော . . .



ငွေးငွေးသည် မိမိဘက်မှ ဆွေမျိုးသားချင်းကို စောက်စွာလျော်စွာ ထောက်ပံ့ကူညီသလောက် လင့်အမျိုးအပေါ်တွင် ရက်ရောသည်။ လင့်ဆွေမျိုးမိဘအား လင့်လစာ တစ်လစာပြောင်လှမ်းပါးဖြစ်အောင် ထောက်ပံ့လိုက်ရသည့် အခါများမှာပင် မျက်နှာမပျက်ချေ။

ကလေးတစ်ယောက်မှငါးယောက်ဖြစ်လာသည့်တိုင်အောင် ငွေးငွေးသည်အိမ်ရှင်မတာဝန်ကို နိုင်နင်းပြနိုင်နင်းနေသည်။ ကိုကျော်သူအလုပ်နှင့်ပတ်သက်၍ စိတ်ညစ်နေပုံပေါ်လျှင် ကလေးတွေကိုကြပ်မတ်ထိန်းသိမ်း၏။ ကိုကျော်သူမျက်နှာညိုလျှင် သူ့ခမျာနေစရာမရှိ။ ထို့ပြင် ကလေးတွေကိုတိုး

ရွှံ့ချုပ်ချယ်လွန်းသည့်အတွက် ကိုကျော်သူပင် မျက်နှာမညိုရဲအောင်ဖြစ်ရသည်။

တစ်ကြိမ်တွင် သူငယ်ချင်းတွေမြှောက်ပေးသဖြင့် ကိုကျော်သူသည် အရက်သောက်လာပြီး ငွေးငွေးအားမောနှိပ်၏။ ဆူပူ၏၊ ငွေးငွေးသည် မူးရူးနေသူအား ပြန်လှန်၍ မပြောမဆိုပူဘဲ ခံနက်ကျမှ ညကအကြောင်းတွေကို စီကာပတ်ကုံးပြောပြ၏။ ကိုကျော်သူရှက်လိုက်သည်မှာမပြောပါနှင့်တော့။

ဤသို့လျှင် အဘက်ဘက်မှ လိုလေသေးမရှိသော ငွေးငွေးအား အငယ်ဆုံးကလေး မျက်နှာပြင်ပြီးအချိန်မှစ၍ ကိုကျော်သူသည် အေးစက်လာခဲ့သည်။ အကြောင်းမှ အချစ်နှင့်တွေ့ဆုံရင်းနှီးလာသောကြောင့်ဖြစ်၏။

ငွေးငွေးမှာအချစ်နှင့်ယှဉ်ကြည့်လေလေ ကိုကျော်သူအတွက် ခင်မင်တွယ်တာစရာ အချက်ရှားပါးလေလေဖြစ်လာခဲ့ရသည်။ ပေါ့ပေါ့ယှဉ်လျှင်ပေါ့ပေါ့ကွာ၏။ သေသေချာချာယှဉ်လျှင် သေသေချာချာကွာသည်။

ကွာပေမည်။ ငွေးငွေးက ၃၄-နှစ်ရွယ်၊ အချစ်က ၁၆-နှစ်ရွယ်၊ ငွေးငွေးက ကလေး၅-ယောက်အမေ၊ အချစ်က အပျိုစင်ကလေး။

အချစ်၏ပါးမို့မို့ကလေးသည် လုံးဝန်း၍ နုဖတ်နေ၏။ ငွေးငွေး၏ပါးမို့ကား ကြမ်းထော်၍ရှုံ့နေသည်။ ငွေးငွေး၏မျက်လုံးများသည် ငြိမ်သက်ထုံ့ထိုင်းသော်လည်း အချစ်၏မျက်လုံးအစုံမှာ ရွှန်းစိုတောက်ပလေစွ။

အချစ်၏မျက်တောင်တို့ ရှည်လျားပြန့်ချီသလောက် ငွေးငွေး၏မျက်တောင်များမှာ စင်းငိုက်နေချေသည်။ ငွေးငွေး၏ ပြောသံဆိုသံသည် ရေသေနှင့်တူစေကာမူ အချစ်၏အသံကား စမ်းရေစီးသံနှယ်၊ ရွှင်ချိသွက်၏။

ငွေးငွေး၏ အသားအရေတို့သည် ပျော့တွဲကျနေပြီဖြစ်သော်လည်း အချစ်၏ အသားအရေမှာ တင်းရင်းကျစ်လစ်သည်။ အရိုးတုံကြီးကို မွေ့ပိုက်ရခြင်း၌ စိတ်ကုန်လာသည်နှင့်အမျှ ဖွံ့သစ်စည်ပင်သော ငယ်နုသူကို တွေးပိုက်ရခြင်း၌ သာယာခဲ့သည်။

ရက်မှသည်လသို့ ကူးပြောင်းလာသောအခါ ဆယ်နှစ်ကျော် ပေါင်းသင်းလာသော ငယ်ချစ်ငွေးငွေး၊ ကလေး ၅ယောက်အမေ ငွေးငွေးထံတွင် တစ်နာရီနေရခြင်းကို

ပင် ငရဲတစ်သက်ထင်လာ၍ မနေ့တစ်နေ့က မှတွေ့သော အချစ်နှင့် တစ်နေ့ကုန်တွေ့ဆုံ ရခြင်းကို တစ်ခဏမျှ ထင်လာသည်။ သား တို့ သမီးတို့၏ အသံကလေးများသည် ရွှေ ခေါင်းလောင်းသံ မဟုတ်တော့။

ဌေးဌေးသည် လင်သည်မှုပျက်နေ သည်ဟုသိသဖြင့် မည်သည့်အဖုအထစ်မျှ မဖြစ်ပေါ်အောင် ကြိုးစားနေသည့်ကြားက တစ်ညနေ ကိုကျော်သူ အလုပ်မှအပြန်တွင် အပြစ်တစ်ခုကို ကျူးလွန်ထားမိတော့သည်။

''ဟော့…ဒီစားပွဲမှာ ပုရွက်ဆိတ်တွေ တက်နေတာ ဘယ်သူဘာလုပ်သလဲဟေ့'' ဟူသော အသံကို ကြားလိုက်စဉ်တွင် ဌေး ဌေးသည် ''ပုစုး မုန့်စားရင်း အဲဒီစားပွဲ ဘက်ကိုထပြေးလို့ ကိုင်မိသွားတာထင်ပါ တယ်မောင်''ဟု ခပ်ပေါ့ပေါ့ပြောကာအဝတ် တစ်ခု ရေဆွတ်၍ အပြေးအလွှားသုတ်ပေး မိ၏။

''မင်းအဝတ်ကိုကြည့်စမ်းပါအုံး ဘယ် က ထဘီစုတ်ကို ဆွဲလာတာလဲ''ဟု ကို ကျော်သူက ဒေါသတကြီးမေးရာ ဌေးဌေး ထိတ်လန့်သွား၏။ ကိုကျော်သူ၏ ပုဆိုးစုတ် ဖြစ်သည်။ သန့်ရှင်းစွာ လျှော်ဖွပ်ထားသည်။ ထဘီနှင့် ယိုးမှားမြင်စရာမရှိ။

ဒေါသဖြစ်နေသူကိုလည်း မဆန့်ကျင် လို၊ စွပ်စွဲချက်မမှန်ကြောင်းလည်း ရှင်းချင် နှင့်၊ ဌေးဌေး ဘာမျှမပြောနိုင်မီ ကိုကျော် သူက အံဆွဲကိုဆောင့်ပိတ်၏။

''တော်ပီဟေ့…တော်ပီ၊ ဒီလောက် အိမ်ထောင်ထိန်းသိမ်းမှုညံ့တဲ့မိန်းမ၊ ကလေး မွေးပြီး ကလေးကို မထိန်းသိမ်းနိုင်တဲ့ မိန်းမ နဲ့ ရှေ့ဆက်ပြီးအတူနေရင် ပိုပြီးစိတ်ဆင်းရဲ ရုံပဲ ရှိတော့မယ်''

ဌေးဌေးသည် ပါးစပ်ကိုဟကာ မျက် လုံးကိုပြူးကာ ကိုကျော်သူအားကြည့်လျက် ကျန်ခဲ့သည်။ သူ့ကို စိတ်ဆိုးအောင်စသဖြင့် ပုစုးမသည် ဖအေ၏ခေါင်းကို ထမင်းပန်း ကန်ဖြင့်ပင် မှောက်ချူး၏။ ပုစုးမ၏အထက် က အကောင်သည် ကိုကျော်သူ၏ ဆေးတံ ကို တံခါးကြားမှာ ကလန့်၍ချိုးပစ်ဖူး၏။ ကလေးတွေကို ချစ်လည်းချစ်၊ အလိုလည်း လိုက်ခဲ့သော ကိုကျော်သူသည် စားပွဲ မျက်နှာ၏ ထောင့်စွန်းတွင် လက်မဝက် လောက် သကြားစေ့ကလေးမတော်တဆ စွန်းရုံနှင့် အဘယ်ကြောင့် မအည်နိုင် မတန် နိုင် ဒေါသဖြစ်သွားရပါသနည်း။

ဌေးဌေး အံ့ဩ၍မပြီးမီ ကိုကျော်သူ သည် အဝတ်အစားများကိုယူ၍ အိမ်မှဆင်း ခဲ့၏။ သုံးရက်မျှအကြာတွင် ကိုကျော်သူ သည် အချစ်နှင့် တရားဝင်ပေါင်းသင်းနေ ထိုင်သည်။ သည်အခါကျမှ ကိုကျော်သူ ဒေါသကြီးသွားခြင်းကို ဌေးဌေး နားလည် တော့၏။ သို့သော် ကိုကျော်သူပျော်၏။

ကိုကျော်သူသည် သဲကန္တာရမှလာ၍ အမြဲစိမ်းနေသော သစ်တောသို့ ရောက်လာ သည်ထင်၏။ အချစ်နှင့် ပေါင်းသင်းနေထိုင် ရခြင်းကား ချမ်းသာခြင်းအတိပါတကား။ ပျော်ရွှင်ဖွယ်အတိပါတကားဟု ကျူးရင့်မိ သည်။

ငယ်သောအချစ်၊ သနားဖွယ်ပြည့် လျှမ်းသော အချစ်၊ ကြင်နာဖွယ်ကောင်း သော အချစ်သည် ကျန်ခဲ့လေသူ ကလေး ၅ ယောက်အမေနှင့် ယှဉ်ချင်တိုင်းယှဉ်၊ ကွာ ချင်တိုင်း ကွာလှပါ၏။ ကိုကျော်သူသည် ဌေးဌေးထံတွင် အေးစက်ငြီးငွေ့သမျှကို အတိုးချ၍ ပျော်ကြည့်သည်။ အစတွင် အချစ်ကို မနိုင်းရက်သဖြင့် ထမင်းချိုင့် မှာ စားကာ အဝတ်ကို ဒိုဘီပေး၏။ နောက်တွင် ကုန်ဈေးနှုန်းများ အဆမတန်တက်ကာ ဝတ် ထည်ဈေးစင်းလည်း ရှားပါးလာသည့်အတွက် အဝတ်ကောင်းကို ကြာကြာဝတ်ရစေရန် အိမ်တွင် ဖွပ်လျှော်စေခြင်းနှင့် ဟင်းကိုက် စေရန် အိမ်တွင် ချက်ပြုတ်ခြင်းကို ကိုကျော် သူသည် အချစ်အား မခိုင်းရက်ခိုင်းရက်နှင့် ခိုင်းခဲ့သည်။

ဟင်းလျာတွင် ဆားငန်လျှင် ''မချက် တတ်ရှာသေး''ဟု ကိုကျော်သူပြော၏။ ဟင်း ထဲတွင် အညှီမပျောက်၊ ဟင်းအစပ်မတည့် လျှင် ''ဩော်–ကလေးသာသာပဲ ရှိသေး တာကိုး''ဟု ကိုယ့်ဘာသာပင် ခွင့်လွှတ် သည်။



ထမင်းကာပျော့ပြီး တူးတဲ။ တူးပြီးမနပ်သည့်အခါ မာပြီးမနပ်သည့်အခါလည်း ရှိ၏။ အင်္ကျီလျှော်ရာတွင် မစင်၊ မစင်သည့်အပြင် ဆပ်ပြာနံ့ကမပျောက်။ မီးပူတိုက်ရာတွင်လည်း အပေအကျံ အစွန်းအထင်းနှင့် အတွန့်များပါသေး၏။ အိုးခွက်ပန်းကန်ကို စင်အောင်မဆေးတတ်။ နေရာတကျမထားသိတတ်။ အဝတ်အစားကိုလည်း မရိုသေ၊ ငြိုးကယ်စ်ထိုးကြိတ်လုံးထွေးထားခြင်း စသည့်များ၊ ညည့်ခန်းက ပုံတွေ့သော်မှ လုံရမည်မသိခြင်း စသည်များကို "ငယ်သေးတာပဲ" ဟု ကိုကျော်သူ ခွင့်လွှတ်၏။

ခွင့်လွှတ်ခြင်းမည်သည် မိတနှင့် သားသမီးတို့ကလွဲလျှင် ထာဝရတည်သောအရာ မဟုတ်ချေ။ ကိုကျော်သူ၏ ခွင့်လွှတ်ခြင်းစွမ်းအားသည် တဖြည်းဖြည်းကုန်ဆုံးလာခဲ့ရသည်။ ထမင်းဟင်း မီးနိုးစော်နံသည်ကို ပြောလာ၏။ အဝတ်လျှော်ရာတွင် ချေးမစင် ဆပ်ပြာနံ့မပျောက်ခြင်းကို ပြောလာသည်။

အချစ်သည် ပမ်းပန်းတာနည်း ငိုခြင်းဖြင့် အနိုင်ယူသည်။ ကိုကျော်သူမှာ သနားခြင်း၊ စိတ်မကောင်းခြင်းဖြင့် ချော့မော့ကာ အရှုံးပေးရ၏။ အချစ်သည် မိမိ၏ ချွတ်ယွင်းမှုကို ပြည့်စုံမှုသို့ရောက်အောင်ကား မကြိုးစား၊ မျက်ရည်ကိုသာ ဆက်လက်ဆုပ်ကိုင်ထားခဲ့သည့်အတွက် ယနေ့မူ အချစ်၏ ငွေမျက်ရည်ဥများသည် အာနိသင်လျော့ကျရလေပြီ။

တစ်လသော် ချောမောနီ၊ နောက်တစ်လသော် အိမ်ရှင်မ ပီသနီ၊ မျှော်ကိုးရင်း အချစ် စိတ်လိုလက်ရရှိသည်ထင်သည့်အခါတိုင်း ကိုကျော်သူသည် အချစ်အား သွန်သင်ခဲ့၏။ ညွှန်ပြခဲ့၏။ အချစ်၏ ချွတ်ယွင်းချက်များ မပျောက်ပြယ်သည့်အခါ ကိုကျော်သူသည် "ဒွေးဒွေးဆိုရင်"ဟူ၍ အမှတ်မဲ့ နှိုင်းယှဉ်ရာက အချစ်၏ အိမ်ထောင်ထိန်းသိမ်းမှု ညံ့ဖျင်းချက်ကိုတွေ့တိုင်း ဒွေးဒွေး၏ စနစ်ကျနနိုင်နင်းပုံကို တသသဖြစ်လေ၏။

ဒွေးဒွေးကို သတိရလျှင် ကိုကျော်သူသည် ကြိုးစား၍ပျောက်သည်။ ဒုတိယမယား၏ လက်ထဲမှနေ၍ ပထမ မယားအား တသခြင်းသည် အချစ်အပေါ် သစ္စာဖောက်မှုဟု ကိုကျော်သူတင်၏။ ကိုကျော်သူက ကိုယ့်တာလဲအောင် လုပ်စေကာမူ၊ အချစ်ဘက်ကတာမှာ ယနေ့အထိ ဆက်လက် ယိုယွင်းခဲ့သည်။

ယနေ့မူ ကိုကျော်သူသည် ဒွေးဒွေးကို ပစ်ခဲ့တာ မှားလေပြီလားဟု တွေးမိလေ၏။

အချစ်သည် ပါးချင်းတင်းတင်းကပ်ရင်း ရှိုက်နေသည်။ အချစ်၏ခါးကို ရစ်ထားသော ကိုကျော်သူ၏လက်များ ပြေကျသွားလျှင် အချစ်သည် ကိုကျော်သူနှင့် မျက်နှာချင်းဆိုင်ကာ ရင်ခွင်ထဲသို့ ခေါင်းထိုးဝင်လိုက်သည်။ ကိုကျော်သူမှာ မိမိ၏အသက်ထက် တစ်ဝက်ကျော်ကျော်ငယ်သော အချစ်၏ တွေးနွေးတစ်ရစ်သော ကိုယ်လုံးကလေးကို မတပ်မက်နိုင်လောက်အောင် အတွေးက ရှည်လျားနေချေသည်။

**အချစ်သည် မိမိ၏**
**ချွတ်ယွင်းမှုကို**
**ပြည့်စုံမှုသို့ရောက်အောင်ကား**
**မကြိုးစား၊ မျက်ရည်ကိုသာ**
**ဆက်လက်ဆုပ်ကိုင်**
**ထားခဲ့သည့်အတွက်**
**ယနေ့မူ အချစ်၏**
**ငွေမျက်ရည်ဥများသည်**
**အာနိသင်လျော့ကျရလေပြီ**



"အိမ်ထောင်ပြုတယ်ဆိုတာဟာ ဖိုမ ဆက်ဆံရေးလား။ ဖိုမဆက်ဆံရေးဟာ အိမ်ထောင့် သုခလား။ အိမ်ထောင့်သုခဆိုတာ သာယာအေးချမ်းတဲ့ အိမ်ထောင်ကို တည်ဆောက်တာလား"

ကိုကျော်သူ၏အတွေးသည် ဝေးလံသော်လည်း မြန်ဆန်၏။ ကာလဟောင်းများကို အတွေးသည် ခဏချင်းမှေ့နောက်ကာ ဒွေးဒွေးနှင့်နေရစဉ်က အခြေအနေကို ယခုအချစ်နှင့်နေရသော အခြေအနေနှင့် တွဲယှဉ်သုံးသပ်ခြင်းဖြင့် အဆုံးသတ်၍ တခက်တည်း သက်ပြင်းချမိလေ၏။

ထိုအချိန်တွင် "နေလယ် ၁၂နာရီခွဲပဲ မှပဲ သွားရအောင်အကို"ဟု အချစ်ကပြောရာ ကိုကျော်သူ ခေါင်းညိတ်လိုက်သည်။

"မြို့ထဲရောက်မှ ဆိုင်မှာဝယ်စားမယ် ဆိုပြီး ထမင်းတောင်မချက်မိဘူးအကို"

"ဆိုင်သွားဝယ်ပေါ့ကွယ်"ဟု ကိုကျော်သူက စိတ်မပါ့တပါပြော၏။

ထမင်းဟင်းဝယ်ရန် အချစ်ထွက်သွားတော့မှ ကိုကျော်သူသည် လေးလေးလံလံ့စွာထ၍ အဝတ်လဲသည်။ အင်္ကျီချွတ်၍ ဗီရိုကိုဖွင့်လိုက်ရာ အနံ့ဆိုးများ ထောင်းခနဲထွက်လာသည်။ လျှော်သင့်လျက်မလျှော်ဘဲ လုံးထွေးထားသော အဝတ်များ၊ တိုကြိတ်ထားသော အဝတ်များဖြစ်၏။ ကိုကျော်သူသည် ဗီရိုကို ပြန်ပိတ်ကာ မီးဖိုထဲသို့ ဝင်လာ၏။

ကြွက်တစ်ကောင်သည် အလန့်တကြား ထွက်ပြေးရာ ကြောင်အိမ်ပေါ်မှ ကြွေခွက်တစ်ချောင်း ကျကွဲသည်။ အချစ်ပြန်လာလျှင် အသင့်ထည့်၍စားနိုင်ရန် ပန်းကန်များကိုထုတ်၍ ဆေး၏။ ရေဇလုံလေးတွင်ချ၍ ဆေးလျှော်ဆေးချင်း ပန်းကန်ပြားတစ်ချပ်မှာ လက်ချောင်းများဖြင့် ညှစ်ထား၍မရဘဲ ချော်ထွက်ကာ ကျကွဲသွားလေသည်။

ကျန်ပန်းကန်များကို လက်နှစ်ဖက်ဖြင့် ကိုင်၍ မှောက်ကြည့်၏။ ဆီချေးများဖြင့် ချွဲနေသည်။ တစ်ချပ်စီ ပက်လက်လှန်၍ စီထားပြီး ကိုကျော်သူ မတ်တတ်ရပ်ကြည့်၏။ ဟင်းစနှင့် ထမင်းစေ့များ ပေကျံနေသော ပန်းကန်များချည်း ဖြစ်နေသည်။

ကိုကျော်သူ ဆက်မဆေးတော့ပေ။ အချစ်ပြန်အလာကို စောင့်၏။ ဤမျှ အိမ်ထောင် ထိန်းသိမ်းမှုညံ့ဖျင်းသော မိန်းမတစ်ယောက်နှင့် ဆက်လက်ပေါင်းသင်းနေ

ရန် မသင့်တော့ဟု ဖွင့်ပြောရန် ဆုံးဖြတ်လိုက်တော့သည်။ သို့သော် အချစ်ကား အချိန်တန်၍လည်း မလာ၊ အချိန်ကျွန်၍လည်း မရောက်လာခဲ့ချေ။

* * * * *

အချစ်သည် ထမင်းနှင့်ဟင်းဝယ်ရန် ထွက်လာခြင်းဖြစ်သော်လည်း ဆိုင်သို့မရောက်မီ စိတ်ဓာတ်ကျဆင်းကာ မီတာအိမ်သို့ ထွက်ပြေးလာခဲ့ခြင်းဖြစ်၏။ မီခင်သည် သမီးငယ်အား ဝမ်းသာအားရ ဆီးကြိုစေကာမှ အိမ်ထောင်တာဝန်ကို မထမ်းဆောင်နိုင်တော့သောကြောင့် ထွက်ပြေးလာသည်ဟု သိရသောအခါတွင် မျက်လုံးပြူး မျက်ဆံပြူးဖြင့် အပြစ်ဆိုတော့သည်။

"ဟဲ့…မိန်းကလေးရဲ့ အိမ်ထောင်ပြုတယ်ဆိုတာ ကလေးကစားတာ မဟုတ်ပါဘူးကွယ်၊ ပန်းကန်စင်အောင်မဆေးတာကို အပြစ်ပြောရင် စင်အောင်ဆေးပေါ့။ ဆပ်ပြာနဲ့ မစင်တာကို ဆပ်ပြာနဲ့စင်အောင်လျှော်ပေါ့ကွယ်၊ ဒါတွေက လွယ်ပါတယ်၊ မလွယ်တာက မဆင်မခြင်အိမ်ထောင်ပြုပြီး မဆင်မခြင် ကွာရှင်းတာပါ မိန်းကလေးရယ်"

"သမီး မှားပါတယ် မေမေရယ်"

"အေး…အိမ်ထောင်ရေးမှာတော့ မှားပြီးရင် အမှားဒဏ်ကို ဆက်ခံပြီး မှန်အောင်ကြိုးစားရမယ် မိန်းကလေး ကလေးကစားသလို ဘွာခတ်လို့မရဘူး"

"သမီး…သမီး အိမ်ထောင့်တာဝန်တွေကို မထမ်းဆောင်နိုင်တော့ဘူး မေမေရဲ့၊ သမီးကြာရင် သေရတော့မယ်"

"မိန်းကလေးရယ်။ ဒီသူငယ်နဲ့ လက်ထပ်မယ်ကြံကတည်းက ဒါတွေကို မတွေးခဲ့ဘူးလားကွယ်။ အိမ်ထောင်ပြုတယ်ဆိုတာဟာ အိပ်မက်ကိုပြောင်းပြန်လှန်ပစ်တယ်ဆိုတာ စာတွေ ဒါလောက်ဖတ်နေတဲ့ သမီးလေး သိသင့်ပါတယ်ကွယ်၊ ကဲ–ကဲ ထမင်းဟင်းထည့်ပြီး ပြန်သွားပေတော့"

"သမီး မပြန်ပါရစေနဲ့ မေမေရယ်"

အချစ်သည် မိခင်ကြီးအားဖက်၍ ငိုကြွေးလေသည်။ အိမ်ထောင်ဆိုသည်မှာ စိတ်ကူးယဉ်သမားတို့အတွက် ငရဲခန်း၊ ချစ်ပြီးရင်းချစ်မည့်သူတို့အတွက် သေမင်းဖြစ်ကြောင်းကို အချစ်တစ်ယောက် သဘောပေါက်ပြီထင်၏။ အိပ်မက်မှ လန့်နိုးခဲ့ပြီလည်း ဖြစ်ဟန်ရှိသည်။

"သမီးလက်ထပ်တုန်းက သမီးသဘောနဲ့ သမီးလုပ်သွားတာပါ မိန်းကလေးရယ်၊ အခုမှ ငိုနေလို့ အလကားပဲ၊ ဒီလိုပြောလိုက်လို့ သမီးကို မေမေတို့က ပစ်မယ်တာမဟုတ်ဘူး။ မဆင်ခြင် မစဉ်းစားလုပ်တာကို အားမပေးချင်လို့၊ သူရဲဘောကြောင်တာကို အားမပေးချင်လို့"

"သမီးကို သနားပါ မေမေရယ်"

"သမီးကိုမေမေသနားပါတယ်၊ မေမေ့ အချစ်ဟာ ဘယ်တော့မှလည်း သမီးလေး အပေါ်မှာ မလျော့ပါးပါဘူး။ ဒါပေမဲ့ အခုဥစ္စာက သမီးကိုမချစ်လို့၊ မသနားလို့မှ

အိမ်ထောင်ရေးမှာတော့

မှားပြီးရင် အမှားဒဏ်ကို

ဆက်ခံပြီး

မှန်အောင်ကြိုးစားရမယ်

မိန်းကလေး၊

ကလေးကစားသလို

ဘွာခတ်လို့မရဘူး…



မဟုတ်တာပဲကွယ်၊ သမီးဟာ သူနဲ့ တရားဝင် လက်ထပ်ထားတာမဟုတ်လား"

အချစ်သည် မိခင်ကို အတင်းသာ ဖက်ထား၏။ မစဲအောင်သာ ငိုနေသည်။ အချစ်၏မိခင်မှာ ရင်နှစ်သမီးကို နှင်ပဲငဆ ဆိုကာ မောင်းမထုတ်ရက်၊ ထို့ကြောင့် သမီးကလေး လွမ်းစိတ်ပေါ်သည်အထိ နေခွင့်ပြုလိုက်ပြီး အိမ်နီးချင်းတစ်ယောက်အား အချစ်ရောက်နေကြောင်း၊ မကြာမီ ပြန်ပို့မည်ဖြစ်ကြောင်း ကိုကျော်သူထံ စာရေး၍အပ်လွှတ်လိုက်သည်။ သို့သော် စာသွားပေးသူသည် ကိုကျော်သူကို မတွေ့ခဲ့ရချေ။

အိမ်တွင် ဖခင်ကြီးရှိရှိက် အနေကြာ ခြင်းကလွဲလျှင် အချစ်မှာ ချမ်းသာခြင်းကြီး ရရှိနေပေသည်။ ဤသည်ကို နောက်တစ်နေ့နံနက်မှ စတင်ခံစားရ၏။

အချိန်မီသင့်ဍ ရောခွအိုးမတည်ကောင်းလားဟု အပြစ်တင်သူမရှိ။ အိပ်ရာမသိမ်းခဲ့ကောင်းလားဟူ၍လည်း မိခင်က အပြစ်မဆာင်။ သည်တော့မှ ညွှန့်ပုပ်ကို သနပ်ခါးထင်ပြီး လိမ်းခဲ့မိပါကလားဟု အချစ်နောင်တရသည်။ အချစ်ဆိုသည်မှာ ခရီးကြမ်း၊ ဒုက္ခကြမ်းများထဲသို့ ရှုရှုမိုက်မိုက်ဝင်တိုးစေရန် ဖုံးထားသော သကြားမြှေးပါကလားဟု အချစ်ဆင်ခြင်မိ၏။ ရုတ်တရက် ဖို့လာမသိ၊ အချစ်သည် ကိုကျော်သူအား မလွမ်း။

အပြစ်အရှိအားဖြင့် အပျိုစင်ကလေး ပြန်မဖြစ်နိုင်စေကာမူ အချစ်၏စိတ်သည် အပျိုပြန်ဖြစ်သွား၏။ လွတ်လပ်သည်၊ ပေါ့ရွှင်သည်၊ ငြိမ်းချမ်းသည်။ နေ့လယ်ကျလျှင် အိမ်နီးချင်းတစ်ယောက် အဖော်ခေါ်ကာ ရုပ်ရှင် သွားကြည့်မည် ကြံစည်၏။

သတင်းစာရောက်လာလျှင် ရုပ်ရှင်ကြော်ငြာကြည့်ရန် အချစ် ပြေးထွက်လာသည်။ ဖခင်ကြီးနှင့် ပက်ပင်းတိုးမိသဖြင့် ကိုယ်ရှိန်သပ်နေလိုက်စဉ် အချစ်၏ ဖခင်သည် သတင်းစာကိုမကောက်ဘဲ သမီးကိုသာ စိမ်းစိမ်းကြည့်နေ၏။ အချစ်သည် သတင်းစာကိုမကိုင်ဘဲ ဒူးထောက်၍ မျက်နှာဖုံးကိုကြည့်သည်။

အတွင်းသို့လှန်မည်အပြုတွင် မျက်နှာဖုံး၌ သတင်းတစ်ခုကြောင့် လက်တွန့်သွား၏။

**"ငါတော့ မယားငယ်ယူမည်၊**
**နှင်တော့ နောက်လင်မယူရ"**

ယခုနေ့နေ့လယ် ၁၂နာရီက---မြို့သစ်တွင် သုံးလောင်းပြိုင်လူသတ်မှုတစ်ခု ဖြစ်ပွား၏။ သေသူမှာ---ရုံးမှအထက်တန်းစာရေး ကိုကျော်သူ၊ ၎င်း၏ဇနီး မဌေးဌေးနှင့် နောက်ယောက်ျား ကိုဟန်ဘော်(---ဌာန)တို့ဖြစ်၏။

ကိုကျော်သူသည် ဇနီးဌေးဌေးနှင့် ကလေး၅ယောက်ကိုပစ်ကာ သမီးအရွယ် မိန်းကလေးတစ်ယောက်ကို သွေးဆောင်ပေါင်းသင်း နေထိုင်ခဲ့ရာ၊ ကိုးလအတွင်း တစ်ပြားတစ်ချပ်မျှ မထောက်ပံ့ခဲ့သည့်အတွက် မဌေးဌေးသည်-----ဌာန အမှုထမ်း ကိုဟန်ဘော်နှင့် အိမ်ထောင်ပြုခဲ့၏။

ယနေ့တွင် ကိုကျော်သူသည် နောက်မယားမှာ အိမ်ထောင်ထိန်းသိမ်းမှု ညံ့ဖျင်းသည်ဆိုကာ မဌေးဌေးထံပြန်အလာတွင် ငါခွင့်မပြုဘဲ အိမ်ထောင်ပြုရမည်လားဆိုကာ မဌေးဌေးအား ဓားမြှောင်နှင့်ထိုး၏။ ကိုဟန်ဘော်က ဝင်ရောက်တားမြစ်ရာ ကိုဟန်ဘော်ကိုပါ ဓားနှင့်လိုက်လံထိုးသဖြင့် ကိုဟန်ဘော်က ထင်းခွဲသောဓားဖြင့် ပြန်ခုတ်၍ ကိုကျော်သူမှာ နေရာတွင်သေဆုံးသွား၏။

ကိုဟန်ဘော်နှင့် မဌေးဌေးတို့မှာ ဆေးရုံသို့အပို့ လမ်းတွင်သေဆုံးသွားကြ၏။ ကိုကျော်သူနှင့် မဌေးဌေးတို့၏ ကလေးငယ် ၅ ယောက်မှာ အားကိုးရာမဲ့ဖြစ်နေကြ၏။ အမှုကို---ပြည်သူ့ရဲတပ်ဖွဲ့က---အရေ-

အချစ် ဆက်မဖတ်နိုင်၊ စာလုံးများကို မမြင်ရ။ စာမျက်နှာတစ်ခုလုံး မျက်ရည်ဖြင့် ရွှဲနေပြီ။

မြန်းခနဲ ဖခင်ကြီးကိုသတိရသည်။ တစ်ချက်မျှမကြည့်ပံ့ဘဲ ကြောက်ရွံ့စွာ အခန်းထဲဝင်ပြေးလာ၏။ အခန်းထဲမှထွက်လာသော မိခင်ကြီးကို ဝင်တိုက်မိရာ မိခင်ကြီးက ဆီးဖက်ထားလေသည်။

"ဟဲ့…မိန်းကလေး၊ အို…ဘယ်လိုဖြစ်တာလဲကွယ်"

"မေမေ……မေမေ၊ သမီးကို သတ်လိုက်ပါတော့ မေမေရဲ့"

အချစ်သည် မိခင်ကိုဖက်ထားရာက ကြမ်းပေါ်သို့ ဒူးထောက်ကျသွား၏။

"ဘာလဲ မိန်းကလေးရယ်၊ အကျိုးမသိအကြောင်းမသိနဲ့ဘာဖြစ်တာလဲ၊ မေမေ့ကို ပြောစမ်းပါဦး"

"သမီး…သမီး၊ ရေတိမ်နစ်ခဲ့ရပါပကော မေမေရဲ့၊ သမီး ခွေး…ခွေးဖြစ်ခဲ့ရပြီ မေမေရဲ့"

ရှိုက်ရင်းရှိုက်ရင်း အချစ်၏အသံသည် နစ်ဝင်သွားသည်။ တိမ်၍ပျောက်သွားသည်။ မိခင်ကြီးမှာ ယခုထက်ထိ မည်သို့မျှသဘောမပေါက်တိုင်း "ရှင်းအောင်ပြောစမ်းပါ မိန်းကလေးရယ်"ဟု မေးနေမိ၏။ အချစ်သည် မဖြေနိုင်၊ မဖြေရဲ။ ထိုအခါ ဖခင်ကြီးက မလှမ်းမကမ်းမှ ပြောသည်။

"မိဘကိုခွေးလုပ်ပြီး သူလက်ထပ်ခဲ့တဲ့ယောက်ျားဟာ ကလေးငါးယောက်နဲ့ မယားကြီးငုတ်တုတ်နဲ့သူဖြစ်တဲ့အကြောင်း သတင်းစာထဲမှာ ပါလာလို့ပေါ့"

"အမယ်လေးတော်၊ ကိုယ်ကျိုးနည်းပါပြီတော်၊ မြတ်စွာဘုရား…မြတ်စွာဘုရား"

"အဲဒါ မနေ့တုန်းက မယားကြီးဆီ ပြန်သွားတော့…"

အချစ်၏ဖခင်ကြီးသည် သတင်းစာထဲမှာပါသည့်အတိုင်း ဇနီးသည်အား ပြန်ပြောပြီးနောက် 'ထွီ'ခနဲတံတွေးထွေးလိုက်သည်။

"လူတစ်ယောက်ကိုတွေ့လို့ ဟန်ဟန်ပန်ပန်ကလေး ဝတ်စားထားတာမြင်ရင် ကြိုက်၊ အပြောကလေးကောင်းရင် ကြိုက်၊ မယားကြီးနဲ့လား၊ ဘာကောင်လဲ၊ ညာကောင်လဲ မစုံစမ်းဘူး၊ မစဉ်းစားဘူး၊ တစ်ခါတည်း ကိုယ့်သဘောနဲ့လက်ထပ်၊ ဒီလို မိန်းကလေးတွေ ဒီလိုဖြစ်တာ ဘာဆန်းသလဲ၊ ဘာများကော သနားစရာရှိသေးသလဲ ဟင်၊ ထွီ…"

ဖခင်ကြီး၏အသံသည် ဖုံးကွဲသံ၊ အမြောက်ပစ်သံထက် ပြင်းထန်သည်။ ဖခင်ကြီး၏ ရင်ထုမနာ စိတ်မှလာသော ဒေါသက ထို့ထက်ပြင်းထန်၏။ ဖခင်ကြီး၏ အသံပျောက်သွားလျှင် အခန်းထဲမှာ တိတ်ဆိတ်နေသည်။ သို့သော် ကြိတ်၍ရှိုက်နေသော အသံကမူ…။

**ဆင်ဖြူကျွန်းအောင်သိန်း**



# CITY CARTOON



# CITY CARTOON



# CITY CARTOON






မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)

# နှလုံးသားဝယ်မွှေ့ထုံ သရဏဂုံ





အရှေ့တောင်အာရှရှိ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများအနက် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ အထွန်းကားအစည်ပင်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ယုံကြည်လေးမြတ်စွာ ကိုးကွယ်ဆည်းကပ်သူများဖြစ်သည်။ ထိုရတနာသုံးပါးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ အမျိုးစောင့်တရားပင်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတည်းဟူသော မျိုးစောင့်တရားကြောင့် မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားမြင့်မြတ်သူများဖြစ်နေသည်။ အတိတ်ခေတ်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားထင်ကြွားနိုင်ခဲ့သည်နှင့်အမျှ ယနေ့ခေတ်တိုင်အောင်လည်း မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ် ဝင့်ထည်နိုင်သူများဖြစ်သည်။

သို့သော် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့စဉ်က မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မှေးမှိန်အောင် ပျောက်ပျက်အောင် နယ်ချဲ့အစိုးရက နည်းမျိုးစုံဖြင့်လုပ်ဆောင်ခဲ့ကြသည်။ ကျွန်သက်ရှည်စေရေးအတွက် နယ်ချဲ့တို့၏ ကြီးကြယ်ခမ်းနားပုံ သမိုင်းကြောင်းကို သင်ကြားစေခြင်း၊ သားသမီးများကို မြန်မာအမည်ထက် အင်္ဂလိပ်အမည်ပေးရခြင်းကို ပိုမိုနှစ်သက်လာစေခြင်း၊ မြန်မာပြည်တစ်ဝန်းရှိ မြို့အမည်၊ လမ်းအမည်များကအစ အင်္ဂလိပ်အမည်၊ အင်္ဂလိပ်အသံထွက်နှင့် ခေါ်ဝေါ်ခဲ့ခြင်းများသည် မြန်မာ့အမျိုးဂုဏ်၊ ဇာတိဂုဏ် တစ်နည်းတစ်ဖုံ မှေးမှိန်အောင်လုပ်ဆောင်ချက်များဖြစ်သည်။ ၁၉၈၉ခုနှစ် မေလတွင် တည်ဆဲအစိုးရက မြန်မာ့အခေါ်အဝေါ်များ မှန်ကန်စေရန် တရားဝင်ပြင်ဆင်လိုက်သည်။ မြန်မာနိုင်ငံကို မှားယွင်းစွာ ခေါ်ဝေါ်နေခြင်းအစား မြန်မာအသံထွက်မှန်ကန်ပြီး အဓိပ္ပာယ်လည်း တိကျမှန်ကန်သော Myanmar ဟု ပြင်ဆင်လိုက်သည်။ မြို့အမည်၊ လမ်းအမည်များကိုလည်း မြန်မာအမည်၊ မြန်မာအသံထွက်အတိုင်း ပြင်ဆင်ခေါ်ဝေါ်စေခဲ့သည်။ ရန်ဂွန်းကို ရန်ကုန်ဟု ပြင်ဆင်သည်။ အက်ကယက်ဗ်ဟု ခေါ်နေမှုကို စစ်တွေဟုပြင်ဆင်သကဲ့သို့ ပရုမ်း(မ်)ကိုလည်း ပြည်ဟုပြင်သည်။ ဘက်ဆင်းကို ပုသိမ်ဟုပြင်သည်။

ရန်ကုန်မြို့တွင် စကော့ဈေး၊ ဒါလဟိုဇီလမ်း၊ ဖရေဇာလမ်း၊ ယောက်လမ်းစသည်ဖြင့် အင်္ဂလိပ်အသံထွက်၊ အင်္ဂလိပ်ဘာသာဖြင့် ရှိနေသောလမ်းများအားလုံးကိုလည်း မြန်မာဘာသာ၊ မြန်မာအသံထွက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ ယောမင်းကြီးလမ်းဟူ၍ ပြောင်းလဲပြင်ဆင်ခေါ်တွင်ခဲ့သည်။ နယ်ချဲ့၏ သူလျှိုဒလန်ဖြစ်သည့် စစ်ကဲမောင်ထော်လေးလမ်းကိုလည်း နယ်ချဲ့ဆန့်ကျင်ရေးသူရဲကောင်းဖြစ်သည့် ဗိုလ်ဆွန်ပက်လမ်းအဖြစ်သို့ ပြောင်းလဲပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေးသူရဲကောင်းဖြစ်သည့် ဗိုလ်ဆွန်ပက်လမ်းအဖြစ်သို့ ပြောင်းလဲပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ ပြင်ဆင်သည်ကို ကုလသမဂ္ဂနှင့် နိုင်ငံအများစုကလည်း လိုက်လံပြင်ဆင် သုံးစွဲပေးခဲ့ကြသည်။



စင်စစ်မြန်မာဟူသည်မှာ ''မြန်''နှင့် ''မာ'' သဒ္ဒါနှစ်ရပ်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ''မြန်''တစ်လုံးနှင့် ''မာ''တစ်လုံးကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ တစ်လုံးစီတွင် ပြည့်ဝသောအဓိပ္ပါယ်ရှိသည်။ ''မြန်''ဟူသည်မှာ ခရီးရှေ့ဆက်ရာတွင်ဖြစ်စေ၊ စစ်ချီစစ် တက်ရာတွင်ဖြစ်စေ၊ အခက်အခဲနှင့်ကြုံကြုံ၊ ဘေးရန်နှင့်ကြုံကြုံ မတုန်မလှုပ်ဘဲ နောက်မတွန့်ဘဲ တခဲနက်ပွတ္တိ၊ ဉာဏ်သတ္တိတို့ဖြင့် အောင်မြင်သည့်တိုင် လျင်လျင်မြန်မြန်ဆောင်ရွက်ခြင်းအဓိပ္ပါယ်ဖြစ်သည်။ ထိုနည်းတူ ''မာ''ဟူသည်မှာ ဆောင်ရွက်လိုသည့်ကိစ္စ၊ လိုရာအာသီသကို လုံ့လတင်းတင်းဖြင့် အားမာန်သွင်းကာ မဖြစ်မနေ ပြင်းပြင်းထန်ထန်ဇာတိမာန်များဖြင့် ဆရှုပြီး မြောက်အောင် ဆောင်ရွက်ခြင်း ဖြစ်သည်။

မြန်မာတို့သည်သတ္တိရှိသည်၊ ဖွဲ့နှပဲကြီးသည်။ စိတ်ရှည်သည်။ သည်းခံသည်။ ခွင့်လွှတ်တတ်သည်။ စိတ်ဆိုးလျှင်ခဏသာဖြစ်သည်။ ကျေအေးလွယ်သည်။ အငြိုးကြီးသူများမဟုတ်။ အာဃာတကြီးသူများမဟုတ်၊ ကလဲ့စားချေတတ်သူများမဟုတ်။ သို့သော် မြန်မာတို့သည် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်သူများဖြစ်သည်။





အမျိုးကိုချစ်သူများဖြစ်သည်ဟုလည်း ဆိုထားပါသေးသည်။ မြန်မာတို့ ကိုယ့်အမျိုးကိုယ့်ချစ်ကြောင်းသမိုင်းကြောင်းတွင်သက်သေမြောက်မြားစွာရှိသည်။ မြန်မာတို့ ကိုယ့်အမျိုးကိုယ်ချစ်သည့်အချက်နှင့် ပတ်သက်၍ အလျဉ်းသင့်သဖြင့် ကျွန်စစ်သားမင်းကြီး၏ ကိုယ့်အမျိုးကိုယ်ချစ်သော၊ အမျိုးကို စောင့်ရှောက်သော ဆုံးဖြတ်ဆောင်ရွက်ချက်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်စစ်သားမင်း၏ မြေးတော် ရွှေအိမ်စည်သည် ပဋိက္ကရာ ကုလားမင်းသားနှင့် ရည်ငံနေကြောင်း ကြားသိသောအခါ အမတ်တို့ကိုခေါ်၍ တိုင်ပင်သည်။ အမတ်တို့က "အရှင့်သမီးတော်ကို ပဋိက္ကရာကုလားမင်းသားနှင့် စုံဖက်တော်မူသော် အရည်သဖြင့် ကုလားပြည်ဖြစ်တော့မည်"ဟူ၍ လျှောက်တင်ကြသည်။ မင်းကြီးလည်း ရွှေအိမ်စည်အား ကုလားနှင့်မပေးစားတော့ဘဲ စောလူးမင်း၏သား ခြေမစွမ်း၍ မသွားနိုင်သော ဒုက္ခိတနှင့် စုံဖက်စေတော်မူသည်။ ကုလားနှင့်စားလျှင် မိမိတိုင်းရင်းသားဒုက္ခိတကို အမျိုးဂုဏ်စောင့်၍ ဦးစားပေးစောင့်ရှောက်သော ကျွန်စစ်မင်းသား၏ ဆုံးဖြတ်ချက်မှာ နောင်လာနောင်သားတို့ နမူနာယူဖွယ်ရာပင် ဖြစ်သည်။ မြန်မာတို့ ကိုယ့်အမျိုးကိုယ်ချစ်သော စိတ်ဓာတ်ကို သမိုင်းမော်ကွန်းထိုးခဲ့သည်။

မြန်မာတို့သည် ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သူများလည်းဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော တစ်နည်းအားဖြင့် သရဏဂုံသုံးပါးကို ဦးထိပ်ပန်ဆင် ယုံကြည်လေးမြတ်စွာ ကိုးကွယ်ဆည်းကပ်ကြသူများဖြစ်သည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ကြသူများဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် ဘုရား၊ တရား၊ သံဃာဟူသော သရဏဂုံသုံးပါး၊ ရတနာသုံးပါး သို့မဟုတ် အမျိုးစောင့်တရားသည် လွန်စွာအရေးပါလှပေသည်။

## သုံးပါးရတနာ

ရတနာဟူသည်ကား နီလာ၊ စိန်၊ ကြောင်မျက်ရွဲ၊ ပတ္တမြား၊ မြ၊ ဂေါ်မုတ်၊ ဥဿဖယား၊ သန္တာ၊ ပုလဲ စသည့် နဝရတ်ကိုးသွယ် ရတနာကိုးပါးဖြစ်သည်။ အဆိုပါကျောက်မျက်များသည် ရှားပါးတန်ဖိုးကြီးမားသဖြင့် လူသားတို့ကို နှစ်သက်လိုလား စေတတ်သောကြောင့် ရတနာဟူသောအမည်ကို ရရှိထားခြင်းဖြစ်ပါသည်။ ဤသည်ကား လောကီရတနာဖြစ်သည်။

ရတနာသုံးပါးမှာ ဘုရား၊ တရား၊ သံဃာဖြစ်၏။ ဘုရား၊ တရားနှင့် သံဃာတို့သည်လည်း ကြည်ညိုကိုးကွယ်သူတို့၏ နှစ်သက်မှုကိုဖြစ်စေတတ်သောကြောင့် ရတနာမည်ပါသည်။ ဤသည်ကား လောကုတ္တရာရတနာဖြစ်သည်။ တစ်နည်းအားဖြင့် သရဏဂုံသုံးပါး သို့မဟုတ် အမျိုးစောင့်တရားလည်း ဖြစ်သည်။

## ဘုရားရတနာ ကျေးဇူးတော်များ

ဘုရားဂုဏ်တော်ဟူသည်မှာ အခြားမဟုတ်။ မြတ်စွာဘုရား၌တည်ရှိသော လောကီ၊ လောကုတ္တရာတရားဖြစ်သော အနှစ်သာရများနှင့် ၎င်းတရားတော်၏ သတ္တိစွမ်းပကားများပင်ဖြစ်သည်။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဆင်းရဲမှုအနန္တကို ခံယူတော်မူပြီး ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ဆည်းတော်မူ၍ သဗ္ဗညုဘုရားစင်စစ် ဖြစ်တော်မူသောအခါ ကိလေသာအာသဝေါတို့မှ ကင်းဝေးစေရန် တရားဟောကြားတော်မူလေသည်။ မိမိကိုယ်တော်တိုင် မဟောက်မပြန် အမှန်အတိုင်းသိသင့်သိအပ်သော တရားအားလုံးကို ထိုးထွင်းသိမြင်တော်မူသည့်နည်းတူ လူနတ်ဗြဟ္မာတို့အားလည်း သိစေတော်မူသည်။

မိမိကိုယ်တော်တိုင် အိုနာသေသောဘေးကင်းရာ နိဗ္ဗာန်သို့ ပြောင့်မတ်စွာ ကြွသွားတော်မူသည့်နည်းတူ သတ္တဝါတို့အားလည်း

နောက်တော်က ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြစေရန် တိုက်တွန်းနှိုးဆော်တော်မူလေသည်။

မိမိကိုယ်တော်တိုင် လောကရေးရာဟူသမျှကို နက်ရှိုင်းစွာ တတ်သိနားလည်တော်မူသည့်နည်းတူ လောကအကြောင်းကို လေ့လာလိုက်စားကြသည့် ပညာရှင်အဆက်ဆက်တို့အတွက် လောကဓါတ်အကြောင်း၊ အရာများကိုလည်းကောင်း။ ထိုလောကမှ ထွက်ရပ်လမ်းကိုလည်းကောင်း၊ ပြသခဲ့လေသည်။

မြတ်စွာဘုရားသည် ဆုံးမထိုက်သူမှန်သမျှ ခြွင်းချန်မထားဘဲ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူခဲ့လေသည်။ မဆုံးမထိုက်သူ ဖြစ်ပါမူ မိမိအား ရန်ပြုသော ရန်သူပင်ဖြစ်လင့်ကစား မဟာကရုဏာတော်သက်၍ သည်းခံတော်မူလေသည်။ လူနတ် ပြဟ္မာ သတ္တဝါအပေါင်းအား လက်ရှိဘဝ ချမ်းသာစေရန်အတွက်လည်း ဆုံးမသည်။ နောင်ဘဝအဆက်ဆက် သုခတိုးပွားစေရန် အတွက်လည်း ဆုံးမသည်။ ထို့ထက် ဘဝသံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်စေရန်အတွက်လည်း ပဋိ၊ ပဋိပဒါအကျင့်မြတ်ကို ပေးတော်မူလေသည်။

ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဆင်းရဲဒုက္ခကြားမှ သတ္တဝါအများ လုံးဝကင်းလွတ်စေရန်အတွက် ဟောကြားတော်မူလေသည်။ ကိုယ်တော်မြတ်၏ ကျက်သရေရှိလှသောပုံတော်ကို အဖူးအမြော်ခံခြင်းအားဖြင့် ကမ္ဘာလောကသားတို့အား ကုသိုလ်ရရှိကြစေရန် အကျိုးပြုတော်မူလေသည်။ ဤသို့ဖြင့် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လူသုံးပါးတို့၏ ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူပါပေသည်။

**မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များမှာ**
**အစိန္တေယျ၊ အပ္ပမေယျ မကြံစည်အပ်၊**
**မနှိုင်းယှဉ်အပ်လောက်အောင် မြင့်မြတ်လှပါသည်။**
**ဘုရားဂုဏ်တော်ကို**
**နှဲ့မြွှာ ဆင်ခြင်ပွားများသည်ရှိသော်**
**အောက်ပါအကျိုးကျေးဇူးများကို**

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များမှာ အစိန္တေယျ၊ အပ္ပမေယျ မကြံစည်အပ်၊ မနှိုင်းယှဉ်အပ်လောက်အောင် မြင့်မြတ်လှပါသည်။ ဘုရားဂုဏ်တော်ကို နှဲ့မြွှာ ဆင်ခြင်ပွားများသည်ရှိသော် အောက်ပါ အကျိုးကျေးဇူးများကို မုချမသွေ ရရှိနိုင်ပါသည်။

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွှတ်သော စိတ် အမြဲရှိလာခြင်း။
(၂) ယုံကြည်မှု လေးနက်လာခြင်း။
(၃) သတိပိုင်၍ ကောင်းလာခြင်း။
(၄) ပညာဉာဏ်ထက်မြက်လာခြင်း။
(၅) ကောင်းမှုတိုးပွားလာခြင်း။
(၆) စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာ နေရခြင်း။
(၇) ကြောက်ရွံ့ထိတ်လန့်ဖွယ်ကြုံရလျှင် မကြောက်မလန့် စိတ်တည်တံ့ခြင်း။
(၈) မတော်တဆ ဆင်းရဲဒုက္ခတွေ့ရလျှင်လည်း သည်းခံနိုင်ရည်ရှိခြင်း။
(၉) မြတ်စွာဘုရားနှင့်အတူ နေရသကဲ့သို့ စိတ်တွင် ထင်မှတ်လျက်ရှိခြင်း။
(၁၀) ဗုဒ္ဓါနုဿတိ ဘာဝနာအစွမ်းကြောင့် မိမိကိုယ်သည်စေတီတိုက်၍ သူတစ်ပါးတို့၏ပူဇော်မှု၊ ရှိခိုးမြှောက်မှုကို ကောင်းစွာ ခံယူနိုင်ခြင်း။
(၁၁) မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်၌ ကိုင်းညွှတ်လာခြင်း။
(၁၂) မကောင်းမှုကိုကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာစောင့်စည်းထိန်းသိမ်းနိုင်ခြင်း။
(၁၃) သေလျှင် အပါယ်လေးပါးမှကင်း၍ လူပြည်နတ်ရပ် ကောင်းမြတ်သောသုဂတိ ဟု သုဂတိဘဝကို ရရှိစေခြင်း၊ စသည်တို့ဖြစ်လေသည်။

အမှန်စင်စစ် မြတ်စွာဘုရားသည် အစိန္တေယျဖြစ်သည့်နည်းတူ အစိန္တေယျ မြတ်စွာဘုရား၌ ကိုးစားကြည်ညိုသူများ ရရှိနိုင်သည့်ကောင်းကျိုးသည်လည်း အစိန္တေယျပင် ဖြစ်ပေသည်။

### တရားရတနာကျေးဇူးတော်များ

မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလည်း၊ မြတ်စွာဘုရားအကျိုးပြုသဖြင့် လူနတ်ပြဟ္မာတို့ ရရှိခံစားရသည့် မဂ်ဖိုလ်နိဗ္ဗာန်တရားကိုလည်းကောင်း။ စိစစ်ကြည့်လျှင် ဂုဏ်ထူးဝိသေသခြောက်မျိုးနှင့် ပြည့်စုံကြောင်း တွေ့ကြရလေသည်။ ဤခြောက်မျိုးကို တရားဂုဏ်တော်ခြောက်ပါးဟုခေါ်၏။ ယင်းဂုဏ်တော်ခြောက်ပါး၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။ သွာက္ခာတော = ကောင်းစွာ ဟောကြားထားသည့် သွာက္ခာတဂုဏ်ရှိ၏။ မြတ်စွာဘုရားဟောကြားထားသည့် တရားကို လေ့လာကြည့်လျှင်–

(၁) အစနိဒါန်းပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ်ရှိ၏။
(၂) အလယ်ပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ်ရှိ၏။
(၃) အဆုံးနိဂုံးပိုင်း၌လည်း ကောင်းမြတ်သော ကလျာဏဂုဏ်ရှိ၏။
(၄) သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း တို့ဖြင့်လည်း ပြည့်စုံ၍ စာပေအဆင့်အတန်းမြင့်၏။
(၅) အဓိပ္ပာယ်အနှစ်သာရလည်း ပြည့်ဝ၏။
(၆) ရှုထောင့်စုံမှကြည့်လျှင် အဘက်ဘက်မှ ပြည့်စုံလျက်ရှိ၏။
(၇) အရေးကြီးဆုံးမှာ ဗြဟ္မစရိယဟုခေါ်သည့် မြတ်သောအကျင့်ကို ဖော်ပြခြင်း ဖြစ်၏။

ဤကဲ့သို့ ဂုဏ်ရည်ခုနစ်ရပ်နှင့် ဟောကြားခဲ့သည့် တရားတော်များသည် စိတ်က ယုံကြည်နိုင်ရုံအဆင့်မျှမက ၎င်းတရားကို လူကိုယ်တိုင် ရှုမြင်နိုင်၏။ လက်တွေ့ရသူနိုင်၏။ ကိုယ်တိုင်ရှုမြင်လိုသူတိုင်း ကြိုးစားအားထုတ်ပါလျှင် မဂ်တရား၊ ဖိုလ်တရားကို ကိုယ်တိုင်ရပေ၏။ သူတစ်ပါးက ဟောပြောပြသည်ကိုနားထောင်ပြီး ဘေးက သွား



ရည်ကျပြန်ရုံအဖြစ်မျိုးမဟုတ်၊ အမှန်တရားသည် တစ်နေရာရာမှာ ရှိလေ၏ဟု ရော်ရမ်းမှန်းဆ စိတ်ချယုံကြည်နေရမှုမျိုးလည်း မဟုတ်။ မိမိကိုယ်တိုင် လက်တွေ့သိရမြင်ရ သိနိုင်မြင်နိုင်သည့် တရားဖြစ်၍ တရားတော်သည် သန္ဒိဋ္ဌိကဟူသော ဂုဏ်ထူးဝိသေသ ရှိလေသည်။ အခါမလင့်ချက်ချင်း အကျိုးပေးသော တရားလည်းဖြစ်၏။ ဤတရားကား အခြားမဟုတ် မဂ်တရားသာဖြစ်၏။ မဂ်တရားသည်သာ ဖိုလ်ဟူသောအကျိုးကို ချက်ချင်းဖြစ်ပေါ်စေ၏။

ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်များကို တိတ်တဆိတ် သိုဝှက်ပြီးဖတ်ရန် မလို၊ အခြားဘာသာဝင်များအား မဖတ်ရဟု တားမြစ်ရန်မလို၊ မယုံသူကိုမဆို တရားတော်ကို လေ့လာကျင့်ကြံကြည့်ရန် ခေါ်ပြရမည်ဖြစ်ပါသည်။ ကျင့်ကြံလေ့လာနိုင်သော တရားတော်လည်းဖြစ်သည်။ ထို့ကြောင့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော ဗုဒ္ဓ၏ တရားတော်သည် နိုင်ငံတကာကို ဖိတ်ခေါ်ပြနိုင်သည့် ဧဟိပဿိကဂုဏ်နှင့်လည်း ပြည့်စုံပါသည်။ မြတ်ဗုဒ္ဓ၏တရားကို မိမိစိတ်မှာ လက်ခံထားလိုက်လျှင် စိတ်ချမ်းသာမှုရ၏။ စိတ်ရှိင်းစိတ်ယုတ်များကင်း၏။ စိတ်ထားမှန်လာသည့်အတွက် ပြုမူပြောဆိုရာ၌လည်း အမှားမှားအယွင်းယွင်း မဖြစ်တော့ပေ။ တရားတော်ကို မည်သူမဆို ကျင့်ပိုင်ခွင့်၊ သိပိုင်ခွင့်၊ ခံစားပိုင်ခွင့်ရှိ၏။ ထို့ကြောင့် တရားတော်သည် ပုဂ္ဂလိကအသွင်ဆောင်သော ဘုံပိုင်ပစ္စည်းဖြစ်၏။ တစ်ဖန် တရား၏ အကျိုးကျေးဇူးကို တစ်ဦးစီ ခံစားရယူနိုင်ပါသည်။

မြတ်စွာဘုရားသည် လူတို့နားမလည်နိုင်သော တရား၊ လူတို့ မကျင့်နိုင်သော တရားများကို ဟောကြားခဲ့ခြင်းမရှိပေ။ မြတ်ဗုဒ္ဓ၏တရားတော်များသည် လောကီအမြိုက်ဆေး တစ်ပါးလည်းဖြစ်သည်။ ထိုအမြိုက်ဆေးကို စနစ်တကျ မှီဝဲသုံးဆောင်တတ်လျှင် ကိလေသာအပူမီးငြိမ်း၍ သေသည့်အခါ အပါယ်လေးပါးမှ ကင်းပေမည်။ လူပြည်နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိဘဝကို ရရှိနိုင်မည်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားတော်များကား ဤမျှ အကျိုးကျေးဇူးကြီးမားလှပါပေတော့သည်။

## သံဃာရတနာကျေးဇူးတော်များ

အရိယာသံဃာတော်အပေါင်းတို့သည် တစ်လောကလုံးရှိ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုင်းညွတ်ရှိသေ ရှိခိုးမှုများကို ခံထိုက်ပေ၏။ သံဃာတော်များသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ သုံးမျိုးကို ကိုယ်တိုင်အားထုတ်၍ သူတစ်ပါးနားလည်အောင် ပို့ချဟောပြောခဲ့တော် မူကြသည်။ ဤသာသနာသုံးရပ်ကို မကွယ်မပအောင် ဘုရားရှင်လက်ထက်တော်မှစ၍ ကျမ်းဂန်တတ်သိသည့် ပညာရှိအပေါင်းတို့သည် အဆက်ဆက်ဆောင်ရွက်လာခဲ့ကြသည်။ ရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက်သာ တရားကို အားထုတ်နေခဲ့ကြလျှင်လည်းကောင်း၊ ရဟန်းသံဃာများကို စာပေမပို့ချဘဲ နေခဲ့ကြလျှင်လည်းကောင်း၊ ဤသာသနာသုံးရပ်သည် မကြာသောကာလအတွင်း ကွယ်ပျောက်သွားနိုင်ဖွယ်ရာရှိပါသည်။ စာချဆရာတော်များ လုံ့လဖြင့် အပင်ပန်းခံလျက် ကျမ်းဂန်ပြုစုခြင်း၊ အဆက်ဆက်ပို့ချခဲ့ခြင်းကြောင့်သာ ယနေ့ထက်တိုင် ဤသာသနာတော် တည်တံ့နေခြင်းဖြစ်၏။ ရှေးအဆက်ဆက် ကျမ်းပြုဆရာ၊ စာချဆရာတော်ကြီးများကို အထူးကြည်ညိုလေးစားဖွယ်ရာ ကောင်းလှပေတော့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ၇ ရက်ခန့်အကြာ ရှင်မဟာကဿပရှေ့တွင် ရဟန်းတစ်ပါးက မဖွယ်မရာစကားဖြင့် သာသနာကို ထိပါးပုတ်ခတ်ပြောဆိုခဲ့သည်။ ထို့ကြောင့် လေးလပြောက် ၃ လနှင့် ၄ ရက်အကြာ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူတွင် အရှင်မဟာကဿပ ဦးဆောင်ဦးရွက်ပြုကာ ရှင်ဥပါလိ၊ ရှင်အာနန္ဒတို့နှင့်အတူ ရဟန္တာ ၅၀၀ ဖြင့် ပထမအကြိမ် သင်္ဂါယနာတင်သည်။

အဓောတသတ်မင်းလက်ထက်တွင်ဖြစ်ပြီး ၇ လ ကြာမြင့်ခဲ့သည်။ ပထမသင်္ဂါယနာတင်ခြင်းဖြစ်သည်။

ထို့နောက် နှစ် ၁၀၀ ခန့်အကြာ ရဟန်းအချို့ မအပ်မရာ အဓမ္မဝတ္ထု ၁၀ ပါး အလျှံခံမှုကြောင့် ဝေသာလီပြည်၊ ဝါဠုကာရာမကျောင်းတွင် အရှင်မဟာယသ ဦးဆောင်ဦးရွက်ပြုပြီး အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတတို့နှင့်အတူ ရဟန္တာ ၇၀၀ ဖြင့် ဒုတိယအကြိမ် သင်္ဂါယနာတင်ခဲ့သည်။ ကာလာသောကမင်းလက်ထက်ဖြစ်ပြီး ၈ လ ကြာမြင့်ခဲ့သည်။ ဒုတိယသင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ ၂၃၅ နှစ်မြောက်၊ သီရိဓမ္မာသောကမင်းလက်ထက်တွင် သာသနာတော်ကို ရဟန်းတုမိစ္ဆာဒိဋ္ဌိတို့ နှောင့်ယှက်မှုကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿ ဦးဆောင်ဦးရွက်ပြုကာ အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝတို့နှင့်အတူ ရဟန္တာ ၁၀၀၀ ဖြင့် တတိယအကြိမ် သင်္ဂါယနာတင်ခဲ့သည်။ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်းတွင်ဖြစ်သည်။ ၉လ ကြာမြင့်ခဲ့ပြီး တတိယသင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။ သီရိဓမ္မာသောကမင်းက ကိုးတိုင်းကိုးဌာန သာသနာပြုခဲ့ရာ မြန်မာနိုင်ငံ၊ သုဝဏ္ဏဘူမိ အပါအဝင်ဖြစ်သည်။

ထိုသင်္ဂါယနာတင်ပြီးနောက် သာသနာတော် စည်ပင်ထွန်းကားနေစဉ် သီဟိုဠ်ကျွန်းတွင် သူပုန်ဘေး၊ ဝတ်မွတ်ဘေးကြီး ပေါ်လာသဖြင့် ကျမ်းတတ်အကျော်ဆရာတော်များ၊ လူများစားစရာကလျားဖြစ်ကာ အရွမ်းဘောစဉ်ကိုပင် မှတ်အောင်မကြံတော့ပေ၊ သို့သော် ရဟန်းတော်များသည် နှုတ်တက်ဆောင်ထားသော ကျမ်းဂန်များ မေ့လျော့သွားမည်စိုးသောကြောင့် ရေစိုနေသော သဲပြင်ပေါ်တွင်လျောင်းနေပြီး ရင်မှအောင်ရင်ဘတ်ပေါ်သဲစိုတင်၍ ရွတ်အံသရဇ္ဈာယ်လျက် ထိန်းသိမ်းဆောင်ရွက်တော်မူခဲ့ကြပါသည်။ ဝတ်မွတ်ဘေး၊ သူပုန်ဘေးမှာ ၁၂ နှစ်ကြာမြင့်ခဲ့သည်။ သူပုန်ဘေးကြီး ငြိမ်းအေးသွားသည့်အခါ နောင်ယခုကဲ့သို့ ဘေးမျိုးဖြစ်ပေါ်လာခဲ့လျှင် နောင်လာနောင်သားတို့ ပိဋကတ်တော်ကို နှုတ်တက်ဆောင်ရွက်နိုင်ရန် ခဲယဉ်းလာမည်ကို သိလာကြသည်။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်

> **မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်မှစ၍**
> **နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် သမိုင်းကာလကြီး**
> **တစ်လျှောက်လုံး သာသနာတော်ကြီး**
> **မကွယ်ပျောက်ရအောင် ဆောင်ရွက်တော်မူလာကြသော**
> **အရိယာသံဃာတော်နှင့် ပုထုဇဉ်ပညာရှိအပေါင်း**
> **သူတော်ကောင်း သံဃာတို့သည် ...**

မူပြီးနောက် အနှစ် ၄၅၀ ခန့်အကြာ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် အရှင်မဟာဓမ္မ ဦးဆောင်ဦးရွက်ပြုကာ ရဟန္တာ ၅၀၀ နှင့်အတူ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။ တစ်နှစ်ကြာမြင့်ခဲ့ပြီး ပေရွက်ပေါ်တွင် သင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။


စတုတ္ထသင်္ဂါယနာတင်ပြီးနောက် မြန်မာနိုင်ငံတွင် သထုံမှ ပုဂံသို့ သာသနာတော်ပြန့်ပွားလာခဲ့သည်။ မြန်မာရဟန်းတော်များ ကြိုးကြိုးစားစား၊ ဆောင်ရွက်လာခဲ့ကြ၍ မြန်မာသမိုင်းတစ်လျှောက် ဗုဒ္ဓသာသနာ ရှင်သန်တည်တံ့လာခဲ့သည်။ ပေရွက်များသည် အချိန်ကြာလျှင် ပျက်စီးနိုင်ပြီး မှုကွဲများလည်း ရှိလာသောကြောင့် မင်းတုန်းမင်းလက်ထက် မြန်မာနိုင်ငံ၊ မန္တလေး ရတနာပုံ နေပြည်တော်တွင် အရှင်ဇာဂရ ဦးဆောင်ဦးရွက်ပြုလျက် ရဟန်း ၂၄၀၀ ဖြင့် ပဥ္စမသင်္ဂါယနာတင်ခဲ့သည်။ ပေရွက်ပေါ်မှ စကျင်ကျောက်ပြား ၇၂၉ ချပ်ပေါ်တွင် ကျောက်ထက်အက္ခရာ တင်ခဲ့သည်။ သာသနာနှစ် ၂၄၁၅ နှစ်တွင်ဖြစ်ပြီး ၇ နှစ် ၆ လ ၁၄ ရက်ကြာမြင့်ခဲ့သည်။

ပဥ္စမသင်္ဂါယနာတင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ သူကျွန်ဘဝတွင် အမျိုးဘာသာ သာသနာရောင်ဝါညှိုးမှိန်ခဲ့ရသည်။ သံဃာတော်များကြောင့် သာသနာတော် တည်တံ့ခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ဖဆပလအစိုးရလက်ထက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတွင် ညောင်ရမ်းအရှင်ရေဝတ၊ မဟာစည် ဦးသောဘဏ၊ မင်းကွန်းဦးဝိစိတ္တသာရာဘိဝံသတို့ ဦးဆောင်ဦးရွက်ပြုကာ ရဟန်း ၂၅၀၀၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများဖြစ်သည့် မြန်မာ၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်များဖြင့် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။ ပုဒ်ပါဠိ အက္ခရာတို့ကို သုတ်သင်၍ သာသနာနှစ် ၂၄၉၈ တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။ စာရွက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်သည်။ သင်္ဂါယနာ ၆ ကြိမ်တွင် ပထမ၊ ဒုတိယနှင့် တတိယအကြိမ်များသည် နှုတ်တက်သင်္ဂါယနာတင်ခြင်းဖြစ်သည်။ စတုတ္ထအကြိမ်သည် ပေရွက်တွင်တင်ခဲ့ခြင်းဖြစ်သည်။ ပဥ္စမအကြိမ်တွင် ပေရွက်မှကျောက်ထက်အက္ခရာတင်ခဲ့ပြီး ဆဋ္ဌမအကြိမ်တွင် စာရွက်ပေါ်တင်ခဲ့ခြင်းဖြစ်သည်။ သင်္ဂါယနာ ၆ကြိမ်စလုံးတွင် ရဟန်းသံဃာတော်များက ဦးဆောင်၍ တင်ခဲ့ကြခြင်းဖြစ်သည်။

ဤသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်မှစ၍ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် သမိုင်းကာလကြီး တစ်လျှောက်လုံး၊ သာသနာတော်ကြီး မကွယ်ပျောက်ရအောင် ဆောင်ရွက်တော်မူလာကြသော အရိယာသံဃာတော်နှင့် ပုထုဇဉ်ပညာရှိအပေါင်း၊ သူတော်ကောင်း သံဃာတို့သည် နောင်လာနောင်သား ဗုဒ္ဓဘာသာဝင်များအတွက် လွန်စွာပင် ကျေးဇူးတော် ကြီးမားလှပါသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူး၊ အကျိုးကျေးဇူးတော်များကို အလေးမူတန်ဖိုးထားလျက် သရဏဂုံကို မြဲမြံစွာကိုးကွယ်ဆည်းကပ်ဆောက်တည်နေကြရသည် ဖြစ်သည်။

**မောင်မောင်မိုးအောင်**
**(တာပေဗီမာန်စာမူဆုရ)**




# ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုအန္တရာယ်

မေယု-မျိုးအောင် (MANA)



ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ သမုဒ္ဒရာများ၏ အပူစုပ်ယူမှုသည် ပိုမိုများပြားလာသည်။ ကမ္ဘာ၏ သုံးပုံနှစ်ပုံခန့်အထိ ရှိသော သမုဒ္ဒရာများသည် လူသားတို့ကြောင့် ထွက်ပေါ်လာသည့် ဖန်လုံအိမ်အာနိသင်ကိုဖြစ်စေသော ဓာတ်ငွေ့များကြောင့် ဖြစ်ပေါ်သည့် ပိုလျှံအပူပမာဏ၏ ရာခိုင်နှုန်း ၉၀ ကျော်ကို စုပ်ယူလျက်ရှိကြသည်။ အပူစုပ်ယူမှု အရှိန်မြင့်လာ



ဖြင်းသည် လူသားများနေထိုင်ရာ နေရာများကို အေးမြအောင် ကူညီပေးနိုင်သော်လည်း ရေရှည်တွင် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအခြေအနေနှင့် ရာသီဥတုဖြစ်စဉ်များကို ထိခိုက်ပျက်စီးစေသည့် အချိန်ကိုက်ဗုံးကဲ့သို့ ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၀ နာရီခွဲကျင်းပရာ အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်သည့် အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ကြောင်း သိရသည်။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သောသဘာဝဘေးအန္တရာယ်များကို ကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်သွင်းခဲ့သည်။

ဒေါက်တာမောင်သင်းက တင်သွင်းရာတွင် အယ်လ်နီညိုကြောင့် အပူအန္တရာယ်၊ သောက်သုံးရေရှားပါးမှု၊ မီးအန္တရာယ်ကြုံတွေ့မှု၊ ယင်းတို့နှင့်ဆက်စပ်သည့် ကျန်းမာရေးပြဿနာများ၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ကြုံတွေ့လာနိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအတွက် ရေရှည်ကြိုတင်ကာကွယ်မှုများ ချမှတ်ထားရန် လိုအပ်ကြောင်းနှင့် ၂၀၁၆ခုနှစ်တွင် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အချက်အလက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သင့်သည်ဟု ပါရှိသည်။

အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးကြသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာ လှမိုးက ပြင်းထန်သည့် အယ်လ်နီညိုရာသီဥတု နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်သည့် အရှေ့တောင်အာရှနိုင်ငံများ အသီးသီးသည် ဖြစ်ပေါ်လာနိုင်သည့် အရာများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အင်န်ဂျီအိုများနှင့် ပေါင်းစပ်ပြီး နိုင်ငံအသီးသီးတွင် ရေချိုရေသန့်ရရှိရေး ဆောင်ရွက်ခြင်း၊ လူနှင့် တိရစ္ဆာန်အစားအစာ ကြိုတင်စုဆောင်းခြင်း၊ အပူချိန်မြင့်မားသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရန် အစီအမံထားရှိခြင်း၊ ဝတ်မှုတ်ခေါင်းပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာဇဝတ်မှုများကို မည်သို့ဖြေရှင်းမည်ဆိုသည့် ကြိုတင်စီမံမှုများကို စီမံထားကြပြီဖြစ်ကြောင်းကို ဗီဒီယိုမှတစ်ဆင့် ကြားသိရကြောင်း၊ မိမိတို့နိုင်ငံ၌ ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်း၊ တောမီးလောင်ခြင်းစသည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက လိုအပ်သည်ထက် ဆုံးရှုံးမှုများ မဖြစ်ပွားရလေအောင် မူဝါဒများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

ခွာတိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်တူးအောင်က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်နေခြင်းကြောင့် မိုးနည်းမှု၊ ပူပြင်းခြောက်သွေ့မှု ခံစားရမည်ဖြစ်ကြောင်း၊ နွေရာသီတွင် ဘေးဒုက္ခခံစားရနိုင်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြင့်အေးက အယ်လ်နီညိုကြောင့် ငါးလုပ်ငန်းထိခိုက်ပြီး ပြည်သူများ၊ တောင်သူလယ်သမားများ လူမှုဘဝလုံခြုံမှုရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၆ သန်း ရှာပေးသည့် ငါးတင်ပို့မှုတန်ဖိုးကို ယခုနှစ်တွင် ပြည့်မီနိုင်ရန် စိုးရိမ်နေရကြောင်း ဆွေးနွေးခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးက အယ်လ်နီညိုကြောင့် ၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံရှိ ဒေသအတော်များများတွင် ရေရှားပါးမှု ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရေကို အလေအလွင့်မဖြစ်အောင် သတိပြုသင့်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီးက အယ်လ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေ အခက်အခဲများ ကြုံတွေ့လာနိုင်သဖြင့် ရေပြတ်လပ်မှုမရှိစေရန် ဌာနအလိုက် အမျိုးသား ရေသိုလှောင်ရေး၊ လှုပ်ရှားမှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အယ်လ်နီညိုကြောင့် ကျန်းမာရေး အကျိုးသက်ရောက်မှုအဖြစ် အပူဒဏ် ကာကွယ်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေမှု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အမျိုးသားသဘာဝအန္တရာယ်

ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လူ့အသက် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများတို့ကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ် ကြုံတွေ့ခဲ့မှုသော ၂၀၁၀ ပြည့်နှစ်၊ မန္တလေးမြို့တွင် စံချိန်တင် အမြင့်ဆုံးအပူချိန်အဖြစ် ၄၅ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့တွင် ၄၆ ဒသမ ၅ စင်တီဂရိတ်နှင့် မြင်းမူမြို့တွင် ၄၇ ဒသမ ၂ စင်တီဂရိတ်အထိ မြင့်တက်ခဲ့မှုသည်။

မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် ၂နှစ်ဆက်တိုက် အယ်လ်နီညိုရာသီဥတုများကို ကြုံတွေ့ခဲ့ရပြီး ၂၀၁၀ မတ်၊ ဧပြီ၊ မေလများတွင် မြို့နယ်ပေါင်း ၁၆ မြို့နယ်အတွင်း စံချိန်တင် ပူပြင်းမှု ၂၁ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် သမိုင်းတစ်လျှောက်မှာ အားအကောင်းဆုံးဖြစ်လာနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ထောက်ပြပြောဆိုနေကြသည်။ အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းများဖြစ်ပေါ်နိုင်ပြီး နောက်ဆက်တွဲ ပြဿနာအဖြစ် အစာရေစာရှားပါးခြင်း၊ ရောဂါဘယများ ကူးစက်ခြင်း၊ အပူချိန်လွန်ကဲပြီး တောမီးလောင်ခြင်း စသည့်ဖြစ်ရပ်များ ကြုံတွေ့လာနိုင်သည်။

၂၀၁၆ ခုနှစ်မှစ၍ နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုများကြောင့် လာမည့်နွေရာသီကာလမှာ အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ မီးလောင်မှုများကိုလည်း မဖြစ်မနေ သတိပြုရမည့်အခြေအနေများ ဖြစ်ပေါ်နေသည်။

မီးလောင်မှုများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သေးငယ်သော မီးလောင်မှုများကစ၍ ဆုံးရှုံးမှုကြီးမားသော မီးလောင်မှုများမှာ ၂၀၁၆ ခုနှစ်မှစပြီး ဆက်တိုက် ဖြစ်ပွားခဲ့သောကြောင့် ပြည်သူများအကြား ထိတ်လန့်မှုများဖြစ်ပေါ်နေပါသည်။ ၂၀၁၆ ခုနှစ် မီးလောင်မှုများအနက် သိန်းပေါင်းများစွာ ဆုံးရှုံးခဲ့သော ရန်ကုန်မြို့ မင်္ဂလာဈေးမီးလောင်မှု ၁၃ နာရီကျော်ကြာ ငြိမ်းသတ်ခဲ့ရပြီး၊ အိမ်ခြေ ၂၀၀ ကျော် ဆုံးရှုံးခဲ့သော ရှမ်းပြည်နယ် နမ့်ဆန်မြို့ မီးလောင်မှု၊ အိမ်ခြေ ၂၀၀ ကျော် လောင်ကျွမ်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးလောင်မှုနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျောက်ထွာကျေးရွာ အိမ်ခြေ ၃၀၀ နီးပါး လောင်ကျွမ်းခဲ့သော မီးလောင်မှုမှာလည်း ဆုံးရှုံးမှုကြီးမားသော မီးလောင်မှုများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

> **အယ်လ်နီညိုရာသီဥတုကြောင့်**
> **မိုးခေါင်ခြင်း၊**
> **ရေကြီးခြင်းများဖြစ်ပေါ်နိုင်ပြီး**
> **နောက်ဆက်တွဲ ပြဿနာအဖြစ်**
> **အစာရေစာရှားပါးခြင်း၊**
> **ရောဂါဘယများ ကူးစက်ခြင်း၊**
> **အပူချိန်လွန်ကဲပြီး**
> **တောမီးလောင်ခြင်း**
> **စသည့်ဖြစ်ရပ်များ. . .**

အပူချိန်မြင့်မားမှုကြောင့် ကျန်းမာရေးဆိုးကျိုးအဖြစ် အပူရှပ်ခြင်း၊ မျက်စိနာအမျိုးမျိုး၊ သွေးတိုးခြင်း၊ ချွေးထွက်လွန်ခြင်း၊ သွေးပေါင် ကျခြင်းနှင့် အခြေပြားရောဂါအမျိုးမျိုး ဖြစ်ပွားလာနိုင်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိရေးနှင့် နည်းပညာပံ့ပိုးမှုလုပ်ငန်းအတွက် ဒေါ်လာ ၇ ဒသမ ၅သန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး စီမံချက်စမ်းသပ်ဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ စီမံချက်လုပ်ငန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေး





> တစ်နိုင်ငံလုံး အတိုင်းအတာအရ ၂၀၁၇ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၆ ရက်အထိ မိုးကြိုးပစ်ခံရခြင်းကြောင့် သေဆုံးသူဦးရေ ၇၀ ကျော်ရှိခဲ့ကာ ယမန်နှစ်ကထက် သေဆုံးသူဦးရေ တိုးလာနေပြီး သေဆုံးသူအများစုသည် ...

ဘဏ်တို့မှဦးဆောင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

စီမံချက်လုပ်ငန်းကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၅သန်းဖြင့် ၂၀၁၇ မှ ၂၀၂၁ ခုနှစ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း။ စီမံချက်စမ်းသပ်ဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စီမံချက်၏ အဓိကရလဒ်ကြီး သုံးခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုမှုဖွံ့စပ်လျှော့ပြီး အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဘေးဒဏ်ခံနိုင်ရည်ရှိသော ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်စေခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများအတွက် ရန်ပုံငွေကြေးနှင့် လိုအပ်သည့် အစီအမံများအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်မည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တွဲ့ ပြန်နိုင်စွမ်းရှိသည့် မြန်မာပြည်သူလူထု ဖြစ်ပေါ်စေရေးအတွက် နည်းပညာပံ့ပိုးမှု စီမံချက်လုပ်ငန်းစတင်ခြင်း၊ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

မုတ်သုံကာလ ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပေါ်လေ့ရှိသည့် မုတ်သုံလေအား ပြတ်သည့်ဖြစ်စဉ်ကြောင့် ယခုရက်ပိုင်းအတွင်း မိုးတိမ်တောင်အန္တရာယ်ကို အထူးဂရုပြုရန်လိုအပ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကသတိပေးထားသည်။

မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်းနှင့် လေပြင်းကျခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြန်မာနိုင်ငံတွင် မုတ်သုံလေအား လျော့နည်းသွားခြင်း။ နေသာချိန်များ ဖြစ်ပေါ်ခြင်း။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာခြင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေများ မြစ်များပိုင်းဒေသတွင် မြင့်တက်လာခြင်း။ မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးတိမ်တောင် ဖြစ်ထွန်းမှုများ ပိုလာခြင်း စသည့်ဖြစ်စဉ်များ ကြုံရတတ်လေ့ရှိကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

အခုလောလောဆယ်မှာ မိုးတိမ်တောင် ဖြစ်ထွန်းနိုင်ခြေက ဒေသအများစုမှာ တွေ့နေရသည်။ မိုးကြိုးအန္တရာယ်နှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို သတိထားရမည်။

ကမ္ဘာပေါ်တွင် စက္ကန့်တိုင်း၊ မိုးတိမ်တောင် ၂၀၀၀ ခန့်နှင့် မိုးကြိုးပစ်မှု ၁၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ ညနေပိုင်းမှာ မိုးခြိမ်းသံကြားရပါက မိုးတိမ်တောင်သည် မိမိနှင့် နီးကပ်စွာတည်ရှိနေခြင်းကြောင့် အန္တရာယ်ကို ပိုမိုသတိထားရန် လိုအပ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှု အလားအလာများအနေဖြင့် ရခိုင်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်း (တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၅၉ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းခန့်၊ ပဲခူးနှင့် ရှမ်း (အရှေ့ပိုင်း) ၃၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းခန့် ဖြစ်နိုင်ပြီး ကျန်ဒေသများတွင် ၁၅ ရာခိုင်နှုန်းမှ ၃၅ရာခိုင်နှုန်းခန့်အထိ ရှိနိုင်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ၂၀၁၇ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၆ ရက်အထိ မိုးကြိုးပစ်ခံရခြင်းကြောင့် သေဆုံးသူဦးရေ ၇၀ ကျော်ရှိခဲ့ကာ ယမန်နှစ်ကထက် သေဆုံးသူဦးရေ တိုးလာနေပြီး သေဆုံးသူအများစုသည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ကျန်းမာရေးဌာန၏ သတိပေးထုတ်ပြန်ချက်များကို ကျန်းမာရေးအသိ သတိရှိစွာ လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**မေယု–မျိုးအောင်(MANA)**

# ကျောင်းဆရာ မက်ကုတ်

ဖောင်သီဟ



**ဖရင့်ရဲ့ အတိတ်ဘဝက ဆင်းရဲနွံ့ချာလွန်းတော့ ပြန်ပြောင်းပြောပြဖို့တောင် ရှက်ဖို့ကောင်းတယ်။ မိခင်ရဲ့ နောက်အိမ်ထောင်ဖြစ်တဲ့ ပထွေးဖြစ်သူနဲ့အတူ လီမာရစ်မြို့မှာ•••**

နယူးယောက်မြို့ရဲ့ လင်ကွန်းစင်တားစင်မြင့်မှာထိုင်နေတဲ့ လူတစ်ယောက်ရဲ့ ဆံပင်ဖြူဖြူတွေက အလင်းရောင်နဲ့ တောက်ပလို့နေတယ်။ သူ့အသက် ၆၆ နှစ်ဆိုပေမယ့် လူငယ်လေးတစ်ယောက်လိုပါပဲ။ မျက်လုံးက ပြုံးရောင်သမ်းပြီး ရွှန်းလဲ့လို့နေတယ်။ အဲဒီမျက်လုံးမှာ လောကကြီးကို စူးစမ်းလိုတဲ့ မျက်ဝန်းကို တွေ့နေရတယ်။ မကြာခင်မှာ သူဟာ ၁၉၉၇ ခုနှစ်မှာ ကျောင်းဆင်းကြတော့မယ့် အတန်းကျောင်းသားတွေကို အမှာစကားပြောရတော့မှာ ဖြစ်ပါတယ်၊ သူက အဲဒီကျောင်း၊ စတူးယက်ဗ်ဆင့်ရဲ့ အင်္ဂလိပ်စာပြဆရာအဖြစ် ၁၈ နှစ်လုံးလုံး တာဝန်ထမ်းဆောင်ခဲ့တာ။ သူဟာ ဖရင့်မက်ကုတ်ဆိုတဲ့ ကျောင်းဆရာတစ်ယောက်ပဲ ဖြစ်ပါတယ်၊

သူဟာ ခန်းမကြီးကို လှမ်းမျှော်ကြည့်လိုက်ပြီး တွေးနေတာကတော့ "ငါဟာလည်း ဒီကလေးတွေဆီက အများကြီးသင်ယူခဲ့ရတယ်၊ ငါက သူတို့ကို သင်ကြားပေးတဲ့ သင်ခန်းစာတွေထက် သူတို့က သင်ကြားပေးလိုက်တာက ပိုများပါလား"ဆိုတာ အတွေးပါပဲ။

ဖရင့်မက်ကုတ်ဟာ ၁၉၃၀ ပြည့်နှစ်မှာ နယူးယောက်မြို့တော်၊ ဘရွတ်ကလင်းရဲ့ ဆင်းရဲသားရပ်ကွက်မှာ မွေးဖွားခဲ့ပါတယ်။ သူ လေးနှစ်သားအရွယ်မှာ သူ့မိဘနှစ်ပါးဟာ ဇာတိမြို့ဖြစ်တဲ့ အိုင်ယာလန်ကို မိသားစုခေါ်ပြီး ပြောင်းရွှေ့သွားခဲ့ကြတယ်၊ ဒါပေမဲ့ စီးပွားရေးက မကောင်းရတဲ့အပြင် ဖခင်ဖြစ်သူဟာ အရက်စွဲသွားတာကြောင့် အခြေအနေက ပိုလို့ဆိုးသွားပါတယ်။

ဒီလိုနဲ့ ဖရင့်ထက် အငယ်သုံးယောက်က နို့စို့အရွယ်ကပင် ဆုံးသွားကြပြီ။ ကျန်ညီအစ်ကိုလေးယောက်က လီမာရစ်မြို့မှာပဲ ဆင်းဆင်းရဲရဲနဲ့ ကြီးပြင်းလာခဲ့ရတယ်။ မကြာပါဘူး ဖခင်ဖြစ်သူက မိသားစုကိုစွန့်ခွာထွက်သွားလို့ ဖရင့်တို့မိသားစုဟာ သူများတွေရဲ့ အပေးအကမ်း၊ အထောက်အပံ့နဲ့ ရှင်သန်ခဲ့ရတာပေါ့။ ဖရင့်အဖို့ တစ်နေ့ သုံးနပ်စားဖို့ ရေချိုး အဝတ်သစ်လဲဖို့ဆိုတာ တိုက်ဖွိုက်ရောဂါနဲ့ ဆေးရုံတက်ရတော့မှပဲ အခွင့်အရေးရခဲ့တာပါ၊

ဖရင့်ငယ်စဉ်က ဉာဏ်ကောင်းပြီး ဆရာရဲ့ ချီးမွမ်းမှုကို ခံခဲ့ရပေမယ့် အသက် ၁၄ နှစ်သားမှာ မိဘကိုကူညီဖို့ ကျောင်းထွက်ခဲ့ရတယ်။ စာပတ်ဝါသနာပါတဲ့ ဖရင့်ဟာ လက်လှမ်းမီသမျှကို ညဉ့်ဦး၊ လမ်းမီးတိုင်အောက်မှာ ဖတ်ခဲ့တယ်။ နောက် ၅နှစ်လောက်ကြာတော့ ၁၉၄၉ ခုနှစ်မှာ မြိုးမြိုစုဆောင်းခဲ့တဲ့ငွေလေးနဲ့ အမေရိကကို ထွက်နိုင်ခဲ့တယ်။ ဖရင့်ရဲ့ အတိတ်ဘဝက ဆင်းရဲနွံ့ချာလွန်းတော့ ပြန်ပြောင်းပြောပြဖို့တောင် ရှက်ဖို့ကောင်းတယ်။ မိခင်ရဲ့ နောက်အိမ်ထောင်ဖြစ်တဲ့ ပထွေးဖြစ်သူနဲ့အတူ လီမာရစ်မြို့မှာ စာပို့သမားတာဝန်ယူခဲ့ရသေးတယ်။

အမေရိကရောက်တော့ ဆီးဝဒ်ပတ်အထက်တန်းကျောင်းမှာ ကျောင်းဆရာ အလုပ်ရတယ်။ အဲဒီကျောင်းကလည်း မန်ဟန်တန်ရဲ့ အရှေ့ပိုင်းမှာ အတော်ကြီးဟောင်းနွမ်းစုတ်ချာတဲ့ အဆောက်အဦကြီးပါ။ စာသင်ရက် ပထမပတ်အတွင်းမှာပဲ ကျောင်းသားတွေက သူ့ကို ပညာစမ်းလာပြီ၊

"ဆရာ စာသင်တာ တစ်မျိုးပဲ၊ ရယ်လည်း ရယ်ရတယ်၊ ပြီးတော့ ဆရာ ဘယ်မြို့ဘယ်ရွာက လာတာလဲ"လို့ မေးတော့ "အိုင်ယာလန်"ကလို့ ဖရင့်က ပြောလိုက်တယ်။ ဒီလိုမေးခွန်းမျိုးနဲ့ ပက်သက်လို့ကတော့ ဖရင့်အတွက် ဘာမျှ တအံ့တသြမဖြစ်မိပါဘူး။ ဒါပေမဲ့ ကျောင်းသားတစ်ယောက်က "ဆရာ ဘယ်ကျောင်းက ထွက်တာလဲ"လို့ မေးလိုက်တော့ ဖရင့် နည်းနည်းတုန့်လှုပ်သွားတယ်။

"ငါ အမှန်အတိုင်းပြောလိုက်ရင် ကျောင်းသားတွေက ငါ့ကိုအထင်သေးသွားမယ်"လို့ ဖရင့်က စဉ်းစားတယ်။ "အထက်တန်းကျောင်း မနေခဲ့ဘူးတဲ့ ခင်ဗျားက အထက်တန်းကျောင်းမှာ ဆရာလာလုပ်တာ အဓိပ္ပာယ်မရှိဘူး"လို့ အပြောခံရမှာ သူ့အကြောက်ဆုံးပဲ။

ဒါပေမဲ့လေ ဘာပြောပြော ဒီကလေးတွေက သူတို့ရဲ့ ဆရာ့အဖြေကို အကဲခတ်နေတာဖြစ်တဲ့အတွက် သူတို့တဝ်တွေ တစ်စုံတစ်ရာ အမြေရှိက ငါ့ရိုသားရမယ်လို့လည်း တစ်ဖက်က တွေးမိပြန်တယ်။

"လုပ်ပါဆရာ၊ ဘယ်ကျောင်းမှာ နေခဲ့တယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြပါအုံး"

"ဆရာ ဘယ်ကျောင်းမှ မနေခဲ့ဖူးဘူး" လို့ ဖရင့်က ပြောလိုက်တယ်။ "ဆရာ ကျောင်းက အထုတ်ခံရတာလား"လို့ ကျောင်းသားတစ်ယောက်က အတွန့်တက်တယ်။ ဖရင့်က သူဟာ အလယ်တန်းအထိပဲ နေခဲ့ဖူးတဲ့အကြောင်း ရှင်းပြတယ်။

"ဒါဆို ကျောင်းဆရာ ဘယ်လိုဖြစ်လာတာလဲ"တဲ့။ "ဆရာ အမေရိကကိုလာတော့ ရည်မှန်းချက် အကြီးကြီးထားခဲ့တယ်၊ စာရေးစာဖတ်အလုပ်က ဆရာ့ဝါသနာလေ၊ ဆရာအဖြစ်ချင်ဆုံးကလည်း စာသင်တဲ့အလုပ်ပဲ၊



ဒီတော့ နယူးယောက်တက္ကသိုလ်ကို ကျောင်းဆက်တက်ဖို့ အာဏာပိုင်တွေကို ဆရာ ချဉ်းကပ်ခဲ့တယ်''

ဖရင့်မက်ကုတ်က ကျောင်းသားတွေ စိတ်ဝင်စားမှုကိုသိတယ်။ သူတို့တစ်တွေရဲ့ ဘဝက လျှပ်စစ်မီးနဲ့ စားရေး၊ သောက်ရေးက အဆင်ပြေတယ်။ သူ့ရဲ့ ဆင်းရဲမွဲတေလှတဲ့ ဘဝဇာတ်ကြောင်းကို သူတို့မကြားဖူး၊ မကြုံဖူးခဲ့ကြဘူး။ ဒါပေမဲ့ တချို့ ကျောင်းသား အနည်းငယ်ကတော့ ဆင်းဆင်းရဲရဲ လေးတွေပါပဲ။ သူတို့လေးတွေအတွက်တော့ သူ့ဘဝဇာတ်ကြောင်းက အားဆေးတစ်ခွက်ပါ။

ပုံပြောကောင်းတဲ့ မက်ကုတ်ဟာ သူ့ဘဝဇာတ်ကြောင်းကို နားထောင်ချင့်စဖွယ် အသေးစိတ်ပြောပြတဲ့အခါ ကျောင်းသားများ

## မက်ကုတ်ဟာ သူ့ဘဝဇာတ်ကြောင်းကို နားထောင်ချင့်စဖွယ် အသေးစိတ်ပြောပြတဲ့အခါ ကျောင်းသားများအဖို့ ထူးဆန်းဖွယ်ဆိုတာထက် ပိုပြီး လွှမ်းမိုးလာနိုင်တာကို...

အဖို့ ထူးဆန်းဖွယ်ဆိုတာထက် ပိုပြီး လွှမ်းမိုးလာနိုင်တာကို ရိပ်စားမိလာတယ်။ တစ်နေ့ မက်ကုတ်ဟာ အတန်းထဲကို ထိတ်ရိုကော်ဖီ ယူလာတယ်။ ''တပည့်တို့ အခု တို့ စာရေး



ကြမယ်၊ မင်းတို့ တစ်ဦးချင်းစီ ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ်ပြောပါ'' အဲဒီနောက် သူတို့ဘဝတွေကို သူက စာနဲ့ရေးတယ်။ ကောင်လေးတစ်ယောက်က မီးလောင်တဲ့အချိန် ပြတင်းပေါက်ကနေ ထွက်ပြေးလာခဲ့ရတဲ့ အကြောင်းပြောတယ်။ နောက်တစ်နေ့ကျတော့ မက်ကုတ်က အဲဒီဇာတ်လမ်းကို လက်နှိပ်စက်ရိုက်ထားတဲ့စာကို ကောင်လေးကိုပေးတယ်။ ''တွေ့လား။ မင်းက စာရေးဆရာတစ်ယောက်ပဲ''လို့ပြောတော့ ကောင်လေးက ''ကျွန်တော်က စကားပဲပြောတာ၊ ဒီစာ ကျွန်တော်ရေးတာ မဟုတ်ဘူး''လို့ ငြင်းတယ်။

''ဒါ မင်းရေးတာပဲ၊ ဒီစာလုံးတွေက မင်းဦးနှောက်ကနေလာတာ၊ ဒါကိုပဲ ဆရာက စာရွက်ပေါ်ချရေးလိုက်တာ'' ကောင်လေးက ပခုံးတွန့်ပြီး လက်ခံသွားတယ်။ ဒီအဖြစ်အပျက်လေးက မက်ကုတ်အတွက် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုရှိတယ်။ တက္ကသိုလ်မှာတုန်းက ပါမောက္ခတစ်ယောက်က သူ့ရဲ့ အတိတ်က ကလေးဘဝအကြောင်းကို ပြောပြခိုင်းတော့ မက်ကုတ်က သူတို့ညီအစ်ကိုတွေ စုပေါင်းအိပ်ကြရတဲ့ ခုတင်ဟောင်းကြီးအကြောင်းကနေ စပြောတယ်။ အောက်က မွေ့ရာအခင်းက အဟောင်း၊ ကြမ်းပိုးကိုက်တဲ့အကြောင်းတွေပါတယ်။ ပါမောက္ခက သူရေးတဲ့စာကို A အဆင့် မှတ်ချက်ပေးပြီး၊ အတန်းရှေ့ကနေ ဖတ်ခိုင်းတယ်။ မက်ကုတ်က မဖတ်ချင်ဘူး။ ရှက်ရွံ့နေတယ်။ ဒါပေမဲ့ ဖတ်ပြတဲ့အခါမှာ တစ်တန်းလုံးက စိတ်ဝင်စားကြတယ်။ ပြီးတော့ မက်ကုတ်က ''ငါ့မှာ စာရေးဖို့ ပါရမီပါတယ်နဲ့တူတယ်''လို့ တွေးမိစေတယ်ပေါ့။

# ငါက ကျောင်းသားတွေကို စာရေးဖို့ သင်ကြားပေးတာထက် သူတို့လေးတွေဆီက ပြန်သင်ယူရတာ ပိုများပါလားလို့…




မက်ကုတ်က တစ်ဖက်က စာသင်ရင်း၊ တစ်ဖက်က ဆောင်းပါးများကို အခါအခွင့် သင့်ရင် သင့်သလို ရေးပြီး သတင်းစာ၊ မဂ္ဂဇင်းတိုက်များကို ပို့တယ်။ ဒါပေမဲ့ အဓိက အားထည့်ပြီး ရေးခဲ့တာကတော့ (စာမျက်နှာ ၁၅၀၀ လောက်ပေါ့) မှတ်စုမှတ်တမ်းပဲ ဖြစ်တယ်။ အဲဒီ မှတ်တမ်းစာအုပ်ကို အဆုံး မသတ်နိုင်ခဲ့ဘူး။ -----------လိုအပ်ချက်ကိုတော့ သူကျောင်းသားတွေရေးခဲ့တဲ့ အက်ဆေးတွေကနေ သူရလိုက်တယ်။ ဒီတော့ သူကတွေးတယ်။ ''ငါက ကျောင်းသားတွေကို စာရေးဖို့ သင်ကြားပေးတာထက် သူတို့လေးတွေဆီက ပြန်သင်ယူရတာ ပိုများပါလားလို့''

၁၉၇၂ ခုနှစ်မှာ မန်ဟက်တန်အထက်တန်းကျောင်း စတူးယက်ဗ်ဆင့်ရဲ့ အလယ်တန်းမှာ စာသင်ရင်၊ သူကိုယ်သူ ကောင်းကင်ဘုံကို ရောက်နေတယ်လို့ ခံစားခဲ့ရတယ်။ မက်ကုတ်ဟာ စာရေးနည်းသင်တန်းမှာ သင်တန်းသားတွေကို မေးခွန်းမေးလေ့ရှိတယ်။ ''မနေ့ညက မင်းတို့ ညစာဘာနဲ့စားခဲ့ကြလဲ'' ကျောင်းသားတွေက ဆရာ ဘာတွေမေးနေတာလဲလို့ သူ့ကို ကြောင်ကြည့်ခဲ့ကြတယ်။

''ဆရာ ဒီလိုမေးတာ အကြောင်းရှိတယ်။ မင်းတို့တစ်တွေ စာရေးတော့မယ်ဆိုရင် အသေးစိတ်ကို ကြည့်တတ်၊ မြင်တတ်ရမယ်လို့'' ရှင်းပြတယ်။ တစ်ဆက်တည်း မေးခွန်းတွေကိုမေးတယ်။ ''ဘယ်နေရာမှာ စားခဲ့တာလဲ၊ ဘယ်သူတွေပါသေးလဲ၊ စားပြီးတော့ သန့်ရှင်းရေး ဘယ်သူလုပ်သလဲ'' စသဖြင့်ပေါ့။

ကျောင်းသားတွေက တစ်ယောက်ပြီး တစ်ယောက် မိသားစုအတွင်းရေးကိစ္စကို ဖွင့်ဟလာကြတယ်။

''ကျွန်တော်တို့ စားရင်း သောက်ရင်း စကားပြောကြတယ်'' ''ကျွန်တော်တို့ ထမင်းအတူ မစားကြဘူး''စသဖြင့် မက်ကုတ်က သူတို့လေးတွေရဲ့အဖြေကို နားထောင်ရင်းနဲ့ တူညီတဲ့အချက်၊ ကွဲပြားတဲ့ အချက်တွေကို ယှဉ်တွဲထားတယ်။ သူ့ အမေကျွေးခဲ့တဲ့ အစားအသောက်တွေနဲ့လည်း နှိုင်းယှဉ်လို့ဝေဖန်မိတယ်။

အဲဒီညက မက်ကုတ် ကောင်းကောင်း အိပ်မပျော်ဘူး။ သူ့ဇာတိမြေမှာ (လမ်းတစ်လျှောက်ရှိတဲ့) စတိုးဆိုင်တွေကို မြင်ယောင်မိတယ်၊ ဖြတ်သွားဖြတ်လာသူတွေကိုလည်း မှတ်မိနေတယ်။ အဲဒါတွေက နောင် သူ့စာအုပ်ထဲက အကြောင်းအရာဇာတ်ကောင်တွေ ဖြစ်လာတယ်။

မက်ကုတ်ဟာ အဲဒီညက တွေ့ခဲ့ မြင်ခဲ့တာတွေကို စာရေးဖို့ကြိုးစားခဲ့ပေမယ့် သူ့အမေရဲ့ ဟန့်တားချက်တွေကြောင့် လက်က တွန့်နေတယ်။ သူ့အမေက သူ့ရဲ့ အတိတ်ကာလဇာတ်ကြောင်းဟာ အကျည်းတန်လို့ဆိုပြီး မရေးစေချင်ခဲ့ဘူး။ ဒါပေမဲ့ ၁၉၈၁ ခုနှစ်မှာ အမေကွယ်လွန်သွားပြီဖြစ်လို့ သူက မျိုးသိပ်စရာ၊ ထိမ်ချန်စရာမလိုတော့ဘဲ ရေးဖြစ်သွားခဲ့တယ်။



ဒီလိုနဲ့ အပိုင်းလိုက် သူပြောပြတဲ့ သူ့ဇာတ်လမ်းကို အတန်းက စိတ်ဝင်စားကြတယ်။ ''လူတိုင်း လူတိုင်းမှာ အနည်းနဲ့အများ ပြောပြစရာဇာတ်လမ်းဆိုတာ ရှိတတ်စမြဲပဲ၊ မင်းတို့ဘဝနဲ့ရင်းပြီး ရလာတဲ့အသိနဲ့ ဒီအကြောင်းကို နှိက်နှိက်ချွတ်ချွတ်ရေးပါ'' လို့ တိုက်တွန်းခဲ့တယ်။ ပြီးတော့ အဲဒါကို ဖော်ပြတဲ့အခါ ကိုယ့်ကာကွက်နဲ့ ကိုယ်က၊ ကိုယ့်အသံနဲ့ ကိုယ်သရုပ်ဖော်လို့ ဆက်ပြီး လမ်းညွှန်တယ်။

သောကြာနေ့တွေမှာ ကျောင်းသားတွေက သူတို့ရဲ့ စာစီစာကုံးတွေကို အသံထွက်ပြီး ဖတ်ကြရတယ်။ အဲဒီအထဲက မက်ကုတ်က ထုတ်နုတ်ပြီး သူ့မှတ်စုစာအုပ်ထဲမှာ ထည့်ထားတယ်။ သူရေးထားတဲ့ သူ့ဇာတ်လမ်းကိုလည်း ကျောင်းသားတွေကို သူက ဖတ်ပြတယ်။ ကလေးတွေက ''ဆရာ့မှာ အင်မတန်စိတ်ဝင်စားဖို့ကောင်းတဲ့ ဒီလို ကလေးဘဝဆိုတာ ရှိခဲ့တာလား။ ဘာဖြစ်လို့ စာအုပ်မထုတ်သလဲ''ဆိုပြီး ပြောကြတယ်။ ဒါ့အပြင် သူ့စကားကိုပဲပြန်သုံးပြီး ''ဒီဇာတ်လမ်းတွေမှာ ဆရာပြောစရာ အများကြီးရှိအုံးမှာပါ၊ နှိက်နှိက်ချွတ်ချွတ် ရေးစမ်းပါ''လို့လည်း ဝေဖန်ကြတယ်။

နှစ်ကြာလာတာနဲ့အမျှ မက်ကုတ်ရဲ့ အတန်းကနေ ထွက်သွားကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနက် အနုပညာအရည်အသွေးရှိတဲ့ ကျောင်းသား၊ ကျောင်းသူတချို့လည်း ထင်ပေါ်လာခဲ့ကြပါတယ်။ လော်ရီဂွင်ရှာပီရို(Laurie Gwen Shapiro) ဆိုရင် ထင်ရှားတဲ့ စာရေးဆရာဖြစ်လာပါတယ်။

တစ်ခါမှာ မက်ကုတ်က အတန်းတွင်း စာစီစာကုံးရေးစေခဲ့ရာမှာ လော်ရီရဲ့ အဖြေလွှာကို ရမှတ် ၁၀၀ ပေးပြီး အတန်းရှေ့မှာ ကိုယ်တိုင်ဖတ်ပြစေတယ်။ လော်ရီဟာ ပထမတော့ ရှက်ရွံ့ပြီး မငံ့မရဲဖြစ်နေတယ်။ ဒါပေမဲ့ တကယ်တမ်းဖတ်ပြရတဲ့အခါမှာတော့ သူ့အဖေ လေဖြန်းပြီး မသန်စွမ်းဖြစ်ခဲ့တာတွေ၊ အဖေ့ဆီက ဘာတစ်ခုမှ အကူအညီမရခဲ့တာတွေကို အိတ်သွန်ဖာမှောက် ဖတ်ပြခဲ့တယ်။

လော်ရီဟာ သူ့စာစီစာကုံးကို ဖတ်ပြီးတဲ့အခါမှာ မျက်ရည်တွေကြားက အတန်းဖော် သူငယ်ချင်းတွေရဲ့ လက်ခုပ်သံကို ကြားလိုက်ရပါတယ်။ အတန်းသားတွေကို ကြည့်နေတဲ့ မက်ကုတ်ရဲ့အမြင်မှာလည်း ဝေဝါးလို့နေတယ်။ ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလမှာ မက်ကုတ် ကျောင်းဆရာဘဝကနေ အနားယူခဲ့ပါတယ်။ နီးလင်းဖို့မှာထိုင်ရင်း သူ့ကျောင်းသားတွေရဲ့ ဒေါသဖြစ်တဲ့ အသံ၊ စိတ်အားငယ်တဲ့အသံ၊ တစ်စုံတစ်ရာကို အားကိုးတဲ့အသံတွေကို ကြားယောင်နေမိတယ်။ နောက်တော့ သူ့ကျောင်းသားတွေကို သူပြောခဲ့၊ ဆိုခဲ့တဲ့အသံကို ပြန်ပြီးကြားယောင်မိတယ်။

''အမှန်တော့ မင်းစသင့်ပြီ၊ ထဲထဲဝင်ဝင် ဖော်ထုတ်ပါ။ ကိုယ့်အသံနဲ့ကိုယ်၊ ကိုယ့်တီးကွက်နဲ့ကိုယ် ကလိုက်စမ်းပါ'' ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလမှာ ''Angela's Ashes''ဆိုတဲ့ စာအုပ်တစ်အုပ် စာအုပ်ဆိုင်တွေပေါ် ရောက်လာတယ်။ ရက်ပိုင်းလပိုင်းအတွင်း သူ့အအေးကျင့်ဆီကနေ ဆက်သွယ်အကြောင်းကြားလာတဲ့ စိတ်လှုပ်ရှားစရာ သတင်းတစ်ခု မက်ကုတ် ကြားသိခဲ့ရတယ်။ အကြောင်းကတော့ သူ့စာအုပ်ဟာ ရောင်းအားကောင်းတဲ့အကြောင်းနဲ့ စာအုပ်ဝေဖန်ရေးကဏ္ဍကနေ ချီးကျူးစကားဆိုတဲ့အကြောင်း၊ အထူးခြားဆုံးသတင်းကတော့ ၁၉၉၇ ခုနှစ်၊ မေ ၇ ရက်နေ့မှာ သူ့စာအုပ် Angela's Ashes ဟာ အမေရိကရဲ့ ထင်ရှားတဲ့ စာပေဆုတစ်ဆုဖြစ်တဲ့ ပူလစ်ဇာဆုကို ရရှိတဲ့အကြောင်းပါပဲ။

မက်ကုတ်က ဘုရားကျောင်းက ဘိုင်ဘယ် စာအုပ်တင်တဲ့ စင်ပေါ်မှာ လက်တင်ထားရင်း လင်ကွန်းစင်တာမှာ အမှာစကားပြောဖို့ အချက်အလက်များကို ရေးခြစ်ဖို့ စဉ်းစားနေတယ်။ ''ကျွန်ုပ်ရဲ့ အစောပိုင်း စာသင်ချိန်များမှာ ကလေးတွေက ကဗျာလင်္ကာတစ်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို မေးတယ်၊ ကျွန်ုပ်ဟာ မင်းတို့သိသလောက်ပဲ ဆရာသိတယ်၊ မင်းတို့ထက် ပိုမသိဘူး၊ အဲဒီနောက် ကျွန်ုပ်သိလိုက်တာက ကျွန်ုပ်တို့တစ်တွေဟာ တစ်လောတည်းစီးသူများ ဖြစ်ကြတယ်ဆိုတာပါပဲ။

''ဒါကြောင့် ဆရာ့ကျောင်းသားတွေ ဒီနေ့ည မင်းတို့ ဆက်လက်စဉ်းစားကြပါ၊ မင်းတို့ရဲ့ရှေ့မှာ ဘဝတစ်လျှောက်လုံး လေ့လာ သင်ယူစရာတွေဟာ စိတ်လှုပ်ရှားဖို့ကောင်းတယ်''လို့ ပြောလိုက်တယ်။ မက်ကုတ်က ကျောင်းသားတွေကို စိန့်ခေါ်တဲ့အနေနဲ့ ကြည့်လိုက်တယ်ဆိုရင်ပဲ ကလေးတွေက သူ့တို့ထိုင်နေရာကထပြီး လက်ခုပ်သံပြိုကာ ခုန်ပေါက်ထွက်သွားကြတယ်။ သူတို့ရဲ့ တုံ့ပြန်မှုက တကယ့်ကို အံ့မခန်းပဲ။ သူတို့ဆီက လာတဲ့ အဖြေတွေက အမြင့်ဆုံး စဉ်းစား၊ တုံ့ပြန်ချက်တွေဖြစ်တယ်ဆိုတာ သိရတဲ့အခါမှာတော့ ဆရာဖြစ်တဲ့ မက်ကုတ်အဖို့ တကယ်ပဲ ခံစားရပါတယ်။

အမှန်တကယ်တော့ ကျောင်းဆရာဖရင့်မက်ကုတ်အဖို့ သူသင်ကြားပေးခဲ့တဲ့ ကျောင်းသားကလေးတွေဆီက သူကိုယ်တိုင် ဖြည်းဖြည်းချင်း ကောင်းစွာသင်ယူနိုင်ခဲ့တာပါပဲ။

**မောင်သီဟ**
**(Ref: R/D January,1998)**
**Education of**
**Frank McCourt)**



လူတကာခေါ်အောင်လို့လည်း မအော်ခဲ့ပါ။ ကျော်အောင်လို့လည်း မညာခဲ့ပါ။ ရပ်ကွက်ထဲမှာလည်း မလှည့်လည်ပါ။ ခေါ်သူရှိတိုင်းလည်း အိမ်တွေအပေါ်သို့ မတက်ပါ(အလှူအိမ်မှတစ်ပါး)။

လူတကာအပေါ်မှာ ခြေနဲ့ လှူးလာတဲ့ ခေါက်၊ စကြဲလျှောက်ပြီး အညောင်းအညာပြေသွားအောင် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပြီး နင်းနှိပ်စားသူမဟုတ်ပါ။

လူတကာကိုယ်ပေါ် လက်နဲ့ စနှရား ခလုတ်တွေလိုနှိပ်ပြီး အီး...အား..ကျွတ်ကျွတ် စုပ်သပ်သံထွက်လာရအောင် ရက်ပ်သီချင်းလည်း မဆိုတတ်ခဲ့ပါ။

လူတကာရဲ့အကြောလည်း မသိဘဲနဲ့ သူ့အကြိုက်လိုက် အတင်းမပြော၊ မြှောက်ပင့်တာမျိုး၊ ဩသဘာ အာသဘောကို မဆောင်၊ သူ့အပူထုတ်၊ ကိုယ့်အပူလည်း မလုပ်တတ်ခဲ့သူပါ။

ခေတ်ကြီးလေးပါးကို ဖတ်ဖူးခဲ့လို့ မှတ်သားခဲ့ရပါသည်။ ထိုနည်းတူ ပညတ်သွားရာ ခေတ်သက်ပါဆိုသကဲ့သို့ ခေတ်ရဲ့ သဘောသဘာဝ၊ အခြေခံမှစပြီး သင်ယူမှတ်သား နားလည်ခဲ့ရပါသည်။ ဒီခေတ်ကို အားကိုးပြီး ခေတ်ဆင်ခေတ်ရိုက်ကာ ဘယ်သို့ဘယ်ညာနဲ့ ပို့နှိပ်လွှတ်ရမည်၊ ဘယ်မှ ဘယ်ပုံဘယ်နည်းနှင့် အာရုံခံဖမ်းယူနိုင်သည်ကို သူ ကောင်းစွာလုပ်နိုင်ခဲ့ပါသည်။

လူတကာကြားထဲက လူပါပဲ။ သူသည်ကား ခေတ်ဆင်ခေတ်ရိုက်နှင့် သွားလာ



ဖိုင်ဖားနေသော အနှိပ်သည်ကြီး ကိုမောင်စိန်…။

◆ ◆ ◆ ◆ ◆

ကိုမောင်စိန်သည် အနှိပ်သည်ပညာကို အခြေခံမှစပြီး စာတွေ့လက်တွေ့များဖြင့် ဆရာသမားများထံတွင် တပည့်ခံကာ နည်းနာယူသင်ကြား၊ လေ့ကျင့်ကြိုးစားလာခဲ့ရသည်မှာ ရာသီတွေပြောင်းလို့ နှစ်ပေါက်အောင် ကြာခဲ့လေပြီ။

''ဘယ်လိုလဲ ချစ်မိန်းမ…ကိုယ်နှိပ်တာ ကောင်းရဲ့လားဟင်…''

''ရှင်နှိပ်တာ ကောင်းမကောင်း ဘယ်သိနိုင်မှာလဲတော်၊ ကျွန်မက ရှင့်ကိုချစ်လို့ နားပူထူနေတာကို သည်းငြိမ်ခံနေရတယ် ရှင့်''

ဒီလိုနဲ့စခဲ့တဲ့ ကိုမောင်စိန်တာဝ၊ အနှိပ်သည် အသိအမှတ်ပြု စပါယ်ရှယ်လက်မှတ်လေးရရှိဖို့ စာမေးပွဲကို စာတွေ့လက်တွေ့ ဝင်ရောက်ဖြေဆိုသည်။

စပါယ်ရှယ်အဆင့် အောင်လက်မှတ်ရခဲ့လေပြီး အနှိပ်သည် အလုပ်ရရှိရန် ရှာပုံတော်ဖွင့်ခဲ့ရလေသည်။

ပစ္စက္ခအခြေက လင်ကိုယ်မယားဆိုသော်လည်း နောင်အနာဂတ် ပေါက်ဖွားလာမည့် ပါးစပ်နှင့် စားဝတ်နေရေးက ရှိနေပါသေးသည်။

သူငယ်ချင်းများရဲ့ ကူညီမစမှုကလည်း အရှုံးနှင့်အားရစရာကောင်းမွန်ပါသည်။ ဆုနာဒီ မဟုတ်သော်လည်း အိမ်ကလေး၊ ကျွတ်တမ်းဝင်သွားရှာပြီ။

ချစ်မိန်းမကိုလည်း ကိုမောင်စိန်ရဲ့ ခလေပြည့်လေညင်းလေးနဲ့ သဘောပေါက်အောင် ချော့မော့ပြောဆိုကာ သူ့အမေအိမ်သို့ ပြန်ပို့ထားလိုက်ပါသည်။

မထာတ်သာလို့ ခင်ခွာခွာလေးနေကြရမည့်အရေးစခဲ့ပြီး ကိုမောင်စိန်သည် မြန်မာနိုင်ငံမှ ရွှေ့ကြော၊ နောက်ဆုံးတင်းစွာနဲ့ ပြန်လည်ဆုံစည်းနိုင်ဖို့ နောင်ကောင်းစားရေးကို တွေးပြီး ထွက်ခွာခဲ့ရပါတော့သည်။

◆ ◆ ◆ ◆ ◆

အနှိပ်သည် လိုအပ်နေသော နိုင်ငံခြား ကုမ္ပဏီကြီးတစ်ခုတွင် ကိုမောင်စိန်သည် အင်တာဗျူးဝင်ကာ အလုပ်ရခဲ့လေသည်။ ထိုကုမ္ပဏီကြီးသည် ကိုမောင်စိန်ကို အနှိပ်သည်အလုပ်အား ကုန်းမြေပေါ်မှာမလုပ်ခိုင်းဘဲ ရေပေါ်ဆင်းကာ လုပ်ခိုင်းပါသည်။ သူ့ဆန်စား(ပိုက်ဆံလာခစား) ရဲ့(ပြ)မှ ဆိုသလို၊ ကိုမောင်စိန်လည်း၊ ရေငန်ပိုင်ဦးရှင်ကြီး၊ အားကိုးနဲ့ ရေပေါ်ဆင်းကာ အနှိပ်သည်အဖြစ်နဲ့ သွားလာလုပ်စားနေရပါတော့သည်။

အနှိပ်သည် ကိုမောင်စိန်ရဲ့ ဘဝအစ၊ ရေပေါ်မှာ သွားလာနှိပ်စားနေရတာမို့ နံနက် ၈ နာရီနှင့် ည ၈နာရီအချိန် နှစ်ချိန်ကို ဧည့်စဉ် အစီကာထားပြီး သူများခေတ်ရိုက်လိုက်သည်ကို အာရုံခံပြီး ခေတ်ဆင်ယူရပါသည်။ ထိုခေတ်ရိုက်ခေတ်ဆင်ကို နားစိုက်ထောင်ကာ အာရုံခံရသကဲ့သို့ လက်ကလည်း အငြိမ်မနေရ အဓိပ္ပာယ်ဖွင့်ဆိုချက်အား အမိလိုက်ရေးမှတ်ရသည်။ ဤသည်ကား အနှိပ်သည်ကိုမောင်စိန်တို့ ရောက်ရှိနေသော ပတ်ဝန်းကျင်ရဲ့ ရာသီဥတု ပိုးလေသေး အခြေအနေပင်ဖြစ်ပါသည်။ ရေပြင်ပေါ်မှာ သွားလာလုပ်ကိုင် နေထိုင်စားသောက်နေရသူတွေအဖို့ ရာသီဥတုသာယာမှ သွားလမ်းသာလို့၊ လာလမ်းဖြောင့်ကာ လိုရာခရီးရောက်၊ အလုပ်ဖြစ်မြောက်မည် မဟုတ်ပါလား။ ထိုသို့ ခေတ်ဆင်ခေတ်ရိုက်နဲ့ ရာသီကိုမှီပြီး လုပ်ကိုင်နေရတဲ့ အနှိပ်သည်ပါ။

ခေတ်ဆင်ခေတ်ရိုက်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ရေးမှတ်ထားသည်ကို ဗိုင်းတော်သားအဖွဲ့ခေါင်းဆောင်သူကြီး (ရွာအုပ်ချုပ်သူမဟုတ်ပါ)ထံသို့ တင်ပြပေးလိုက်ရသည်။ ကျန်အချိန်များတွင် စတင်းဘိုင်(Standby) ပတ်ခေတ်ရပ်ပြီး ဘိုင်ကျနေခြင်းမဟုတ်တဲ့ အဆင်သင့်နေရခြင်း ဖြစ်ပါသည်။

သူကြီး၊ စက်ချုပ်(စက်ချုပ်သူမဟုတ်ပါ)၊ ကုန်းချုပ်(ခါးကုန်းပြီး ချုပ်နေသူမဟုတ်ပါ)တို့ နှိပ်ခိုင်းရင် နှိပ်ပေးရပါသည်။ သူတို့က လူကြီးတွေဆိုတော့ သူတို့သဘောကျ လုပ်ပေးရပါသည်။

ထိုသို့ ခေတ်ဆင်ခေတ်ရိုက်နှိပ်ရာတွင် တိကျမှန်ကန် မြန်ဆန်ရန်နှင့် အပိုအလိုမရှိစေရန် အရေးကြီးပါသည်။

''ဒါဒါ ချစ်ချစ်''လို့ ခေတ်ရိုက်နှိပ်မှားသွားရင်၊ ပါးရိုက်ခံရမှာ စိုးရိမ်ဖွယ်ရာ အန္တရာယ်ရှိလာမည့်အခြေအနေ ဖြစ်လာနိုင်သကဲ့သို့ နိုင်ငံခြားဆေးတွေလို ဘေးထွက်ဆိုးကျိုးတွေ ရှိနိုင်သည့်အတွက် ခေတ်ဆင်ခေတ်ရိုက် မမှားစေရန် အနှိပ်သည်ရဲ့ တာဝန်နှင့် ဝတ္တရားပင် ဖြစ်လေသည်။

အနှိပ်သည်ရဲ့ ပညာသည် ခေတ်ဆင်ခေတ်ရိုက်နှိပ်ရာတွင် အဓိပ္ပာယ်ရှိသော သက်ရောက်မှုရှိရမည်။တန်ပြန်သက်ရောက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့ ဆိုလိုရင်းကိုလည်း သဘောပေါက်နားလည်ရန် လိုအပ်သည်။

ခေတ်ဆင်ခေတ်ရိုက်ရဲ့ ''ဒစ်ဒစ်…ဒါဒါ…ဒါဒစ်…ဒစ်ဒါ''အသံတို့ အသံရှည်တွေနဲ့ အနှိပ်သည်အချင်းချင်းသာ သိနိုင်သော၊ နှစ်ကိုယ်ကြား ခေတ်ဆင်ခေတ်ရိုက်ကိစ္စ ဖြစ်သည့်အတွက် သက်ဆိုင်သူသို့ ကြားသိစေပြီး တခြားဆင့်ပွား မပေါက်ကြားစေရန် စောင့်ထိန်းရန်လည်းလိုအပ်ပါသည်။

အနှိပ်သည်ပညာကို ဆရာသမားများထံမှ လက်ဆင့်သင်ကြား၊ နည်းနာယူလေ့ကျင့်မှုများနှင့် ကြိုးစားအားထုတ်ခဲ့ရသော

> အနှိပ်သည်ရဲ့ ပညာသည်
> ခေတ်ဆင်ခေတ်ရိုက်နှိပ်ရာတွင်
> အဓိပ္ပာယ်ရှိသော
> သက်ရောက်မှုရှိရမည်။
> တန်ပြန်သက်ရောက်မှု
> အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့
> ဆိုလိုရင်းကိုလည်း
> သဘောပေါက်နားလည်ရန်
> လိုအပ်သည်။

မိမိရဲ့ ပဋိလက်ကျွမ်းကျင်မှု အတတ်ပညာ အရည်အချင်းတစ်ခုပင် ဖြစ်ပါသည်။ ထို ပညာနှင့် အနိုင်သည်ကောင်းတစ်ယောက် ဖြစ်စေရန် ဆောင်ရန်၊ ရှောင်ရန်တာဝန်နှင့် ဝတ္တရားများကို ရှိသေလေးစား၊ ရိုးသား ကြိုးစားနိုင်စား လုပ်ကိုင်နိုင်မှ ဖြစ်လာမည်။

◆ ◆ ◆ ◆ ◆

အနိုင်သည် ကိုမောင်စိန်သည် လှမ်း မိုးနိုင်သော အကွာအဝေးရောက်သည့်အချိန် တွင် နောက်တစ်နည်းနှင့် ဓာတ်ဆင်ကာ ရေပေါ်မှ ကြိုတင်ဘွတ်ကင်လုပ်ရပါသည်။

နိုင်ငံတကာ လှည့်လည်နေသော စတီတ်ရှိုးအဖွဲ့ကဲ့သို့၊ သက်ဆိုင်ရာ အာဏာ ပိုင်အဖွဲ့ထံသို့ မိမိပိုင်းတော်သားများအဖွဲ့ ဆိုက်ရောက်လာမည့် ခန့်မှန်းရက်၊ အချိန်တို့ ကို တင်ပြရင်း ခွင့်ပြုပါမစ် တောင်းခံရပါ သည်။ ခွင့်ပြုပါမစ်ရသည်နှင့် တစ်ပြိုင်နက် တည်း လူဝင်မှုကြီးကြပ်ရေးသို့ နိုင်ငံကူး လက်မှတ်များနှင့် ဧည့်စာရင်းတိုင်ကြားလို မှု ခွင့်ပြုတံဆိပ်ခတ်ပေးရန်။ အကောက်ခွန် သို့ အကောက်ခွန်လွတ် ပစ္စည်းများသာ သယ်ယူပါရှိလာပါသည်။ လာရောက်စစ် ဆေး ကြည့်ရှုကာ ကမ်းလွတ်ခွင့်ပေးရန်။

ကျန်းမာရေးဆိုင်ရာသို့ မိမိတို့ ကျန်းမာ ရေးနှင့် ညီညွတ်သန့်ရှင်းပြီး ရောဂါပိုးမွှား ကင်းစင်ကာ၊ ကူးစက်ရောဂါဝေဒနာလူနာ မပါကြောင်း။

ဤကဲ့သို့သော ကြီးလေးကြီး သက် ဆိုင်ရာအာဏာပိုင်များထံ ကြိုတင်အသိပေး အကြောင်းကြားထားရပါသည်။

ပေါ့သေးသေးတော့ မဟုတ်ပါ၊ နိုင်ငံ တကာ လှည့်လည်သွားနေရတာဆိုတော့ နိုင်ငံတကာအသိအမှတ်ပြု ဝေါဟာရတွေနှင့် လိပ်ခေါင်းထွက်မတတ်၊ ပါးစပ်က တံတွေး အမြှုပ်တစီစီနှင့် လျှာထွက်မောနေအောင် အနိုင်သည်ကိုမောင်စိန်ရဲ့ ပွဲဦးထွက် တစ် ကိုယ်တော် ဓာတ်ဆင်တော်ကီနည်းပင် ဖြစ် ပါတော့သည်။ ထိုသို့ ဓာတ်ဆင်ဓာတ်ရိုက် နည်းနှင့် ဓာတ်ဆင်တော်ကီနည်းတို့ကို အနိုင်သည်တစ်ဦးအနေနဲ့ တတ်ကျွမ်းသိနား လည်ရန် လိုအပ်ပါသည်။

◆ ◆ ◆ ◆ ◆



နိုင်ငံတကာ
လှည့်လည်နေသော
စတီတ်ရှိုးအဖွဲ့ကဲ့သို့၊
သက်ဆိုင်ရာ အာဏာပိုင်
အဖွဲ့ထံသို့
မိမိပိုင်းတော်သားများအဖွဲ့
ဆိုက်ရောက်လာမည့်
ခန့်မှန်းရက်၊ အချိန်တို့ကို
တင်ပြရင်း . . .

အနိုင်သည် ကိုမောင်စိန်နှင့် ပိုင်းတော် သားအဖွဲ့ ဆိုက်ရောက်လာပြီး စတီတ်ရှိုးပွဲ စတင်မှုင့်လှစ်လိုက်သည်နှင့်တစ်ပြိုင်နက် တည်း ပိုင်းပြီးသမကာ အားပေးလိုက်ကြ တာ၊ ပါလာသမျှ ဝက်ဝက်ကွဲပါပဲ။ ပြန်ပြီး အားပေးလိုက်သည်မှာလည်း အားရစရာ တစ်ပုံတစ်ခေါင်းကြီး ပြည့်သွားပြီ။

ဝင်ရောက်လာစဉ်၊ ထွက်ခွာသွားရန် သီးသန့်ထားသောနေရာ (Quarantine)မှာ လူဝင်မှုကြီးကြပ်ရေးသို့ ဧည့်စာရင်းဖျက်ပေး ရန်၊ အကောက်ခွန်သို့ အခွန်ကင်းရှင်း ကြောင်း ခွင့်ပြုပေးရန်၊ ကျန်းမာရေးဆိုင်ရာ မှာ ကျန်းမာရေးညီညွတ်သန့်ရှင်းကြောင်း ထောက်ခံပေးရန်၊ သက်ဆိုင်ရာဆိပ်ကမ်း အာဏာပိုင်အဖွဲ့သို့ ကျေးဇူးတင်ရှိကြောင်း နှင့် ကင်းရှင်းထွက်ခွာခွင့်ပြုရန်၊ အကြောင်း ကြားကာ ခွင့်ပြုမိန့်တောင်းခံရသည်။ ဝင် ရောက်လာခဲ့စဉ်ကနည်းတူ ဓာတ်ဆင်ပြီး အနိုင်သည်ကိုမောင်စိန်ရဲ့ ပွဲသိမ်းနှုတ်ဆက် တော်ကီ ပေးလိုက်ရပါတော့သည်။

အနိုင်သည် ကိုမောင်စိန်နှင့် အဖွဲ့ဝင် ပိုင်းတော်သားများသည် နိုင်ငံတကာလှည့် လည်ပြီး ဒီနိုင်ငံမှရလာသော တစ်ပုံတစ် ခေါင်းကြီးကို ရောက်သွားသော နောက် တစ်နိုင်ငံမှာ ပေးလိုက်ရသည်။ ထိုနိုင်ငံမှ ပြန်လည်အားပေးလိုက်သော တစ်ပုံတစ် ခေါင်းကြီးကို နောက်ထပ် ရောက်သွားမည့် နိုင်ငံတွင်လည်း၊ ထိုနည်းလည်းကောင်း–ထို နည်းလည်းကောင်း။ ထိုကဲ့သို့ အနိုင်သည် ကိုမောင်စိန်နှင့် ပိုင်းတော်သားအဖွဲ့ဝင်တို့ သည် ပိုင်းကြီးပတ်ပတ် ဗုဒ္ဓေဝေလုပ်ကာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရေပေါ်မှာ သွားလာလုပ်ကိုင်ရှာဖွေစားသောက် နေထိုင် ကြသော ရေပြင်ပေါ်မှာ ပျော်မြူးနေကြရတဲ့ ဂျစ်ပစီငါးများပမာ . . .။

◆ ◆ ◆ ◆ ◆

အနိုင်သည် ကိုမောင်စိန်သည် ပိုင်း တော်သားများအတွက် ရေပေါ်ဈေးသည် လည်း လုပ်ရပါသည်။ (ရွှေမြန်မာအချင်းချင်း ခေပါင်းဒူးယား၊ အော်ခေါ်ရှာဖွေပြီး လေ အရောင်းအဝယ်၊ ရောက်တက်ရာရာ ပြော ကြတာကို မဆိုလိုပါ။) ပိုင်းတော်သားများ အဖွဲ့အတွက် ဘွန်စတို(Bome store)(ဂိုဒ်း ဘွန်းစတိုမဟုတ်ပါ။)စီးကာရက်၊ အချိုရည်၊ ဘီယာနှင့်အရက်များကို အကောက်ခွန်လွတ် ဈေးနှုန်းနှင့် ရောင်းပေးရပါတယ်။ လာစာ ပေးတဲ့အချိန်မှာ အကြွေးဝယ်ယူထားသော ကျသင့်ငွေကို ဖြတ်နိုမ်ယူရပါသည်။

အနိုင်သည်ကိုမောင်စိန်သည် ပိုင်း တော်သားများအဖွဲ့တွင် ဓာတ်ဆင်ဓာတ် ရိုက်နှိပ်ပေးရခြင်း၊ ဓာတ်ဆင်တော်ကီပေး ရခြင်း၊ ဈေးသည်လုပ်ပေးရခြင်းနှင့် စာရင်း အင်းများကိုင်ပေးရတာကြောင့် ပိုင်းတော် သားများအဖွဲ့နှင့် သက်ဆိုင်ပတ်သက်သော

သတင်းအချက်အလက်တွေ၊ အခြေအနေအားလုံးကို ခရေစေ့တွင်းကျ ဦးစွာပထမ သိရှိနေသည့်အတွက် ဝိုင်းတော်သားများ အဖွဲ့အလယ်တွင် မျက်နှာပွင့်ကာလူချစ်လူခင်များပြီး ဝင်ဆန့်ကာ အားကိုးအားထားပြုခြင်း ခံရလေသည်။ (ဂျပန်ခေတ်ထန်းပင်တက် လက်မှတ်ရရှိထားသူတစ်ဦးကဲ့သို့)။

ထိုသို့ အနိုင်သည် ကိုမောင်စိန်သည် ရေပေါ်မှာနေပြီး၊ သွားလာနိုင်စားလာခဲ့သည်မှာ ရက်တွေလစား၊ လတွေများကာ နှစ်ပေါက်လာသည်နှင့်အမျှ ရလာတဲ့ လစာငွေများကို ပဉ္စီးထုပ်နှစ်လုံးနှင့် အရက်ကိုရှောင်၊ စီးကရက်ကိုမစွဲဘဲ၊ ခြစ်ခြစ်ကုတ်ကုတ် စုဆောင်းနိုင်ခဲ့သောကြောင့် ကျွေးတာကိုစား၊ ခိုင်းတာကိုလုပ်နိုင်ခဲ့သည့် အတွက် (Allotment)ပေးချေနိုင်တဲ့အပြင် ချစ်မိန်းမအား အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ကိုယ်ပိုင်တိုက်ခန်းနဲ့ထားနိုင်ခဲ့လေပြီ။ အနိုင်သည်ကိုမောင်စိန်ရဲ့ ကံမြင့် (လကွတာဆရာနာမည်မဟုတ်ပါ)နေချိန်၊ ကံမွင့်(အမွှေးတိုင်မဟုတ်ပါ)နေချိန်များပင်ဖြစ်ပါတော့သည်။

သမုဒ္ဒရာ၊ ပင်လယ်တွေရဲ့ ရေလှိုင်းနှင့် ရေစီးကြောင်းတို့သည် သဘာဝအရ အငြိမ်မနေတတ်သကဲ့သို့ ···၊ ကံကြမ္မာသည်လည်း အနိမ့်အမြင့်အတက်အကျရှိနေပါသည်။

ကန်ပမာဆိုရရင် ဒီဗိုက ရေစီးအောင်ရှာချိန်မှာ ကန်ရေမြင့်တက်လာသကဲ့သို့၊ နွေနေပူပြင်းလာချိန်မှာ ကန်ရေနိမ့်ကျခန်းခြောက်တတ်တဲ့ သဘာဝရှိခဲ့လေသည်။

တစ်နေ့မှာ ဆူနာမီမဟုတ်တဲ့ မြန်မာအဆို ကံကြမ္မာလေမုန်တိုင်းကြီး အနိုင်သည် ကိုမောင်စိန်ကို တိုက်ခတ်သွားပါတော့သည်။ ဘိုလို အင်မားဆက်(INMARSAT)လို့ခေါ်တဲ့ စက်အနိုင်သည်က ကြိုဟ်တု(ဝမ်းနုတ်ဆေးမဟုတ်ပါ)နှင့်ပေါင်းမိပြီး၊ လက်အနိုင်သည် ကိုမောင်စိန်အား လွင့်ထွက်သွားရအောင် တိုက်ခိုက်လိုက်ခြင်းဖြစ်ပါသည်။

သူကစက်၊ ကိုယ်ကလက်နဲ့ ပိန်စ် နာရီကြာအောင် အချိန်ယူ ခေါက်ဆင်ခေါက်ရှိက် နိုင်နေရချိန်မှာ၊ သူက စကြွန့်ပိုင်းအတွင်း ကြိုဟ်တုအားကိုးနဲ့ ကမ္ဘာကြီးကို ရွာကြီးတစ်ခုလို လုပ်ပစ်နိုင်စွမ်းရှိတဲ့ အိုင်တီခေတ်ကို ပြောင်းသွားပြီ။ အနိုင်သည် ကိုမောင်စိန်ကို နောက်ဆည်းဆာ ကံနိမ့်သွားစေခဲ့သည်။

အနိုင်သည်ပြုတ် ကိုမောင်စိန်တစ်ယောက် အမိမြေမြန်မာနိုင်ငံသို့ပြန်ရောက်လာကတည်းက သူ့ရဲ့ချစ်မိန်းမသည် အလွန်ပျော်ရွှင်၊ တစ်လမ်းဝင်တစ်လမ်းထွက်ကြွားပါပြီ။ဝမ်းသာနေသော်လည်း ကိုမောင်စိန်မှာတော့ သူတောင်းစားချက်ပျောက်သလို၊ စက်အနိုင်သည်ကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ပြန်လည်ချုပ်ကိုင်ပညာပေးနိုင်တဲ့ နည်းလမ်းကို ရှာနေတာချ·· ''

''အေးဗျာ ကျွန်လည်းခင်ဗျားနဲ့ဘဝတူ စက်အနိုင်သည်တွေပေါ်လာတော့ အနိုင်သည်လုပ်စားရတာ အလုပ်မဖြစ်ဘူးဗျာ၊ ပြောဘ်–ဒါနဲ့ ဆရာသမားလည်း အိမ်ထဲမှာ တကုပ်ကုပ်နဲ့ အညောင်းမိနေတာ အနိုင်ခံလိုက်ပါလား။ ဈေးဦးပေါက်ကောင်းကောင်းလေး လက်စွမ်းပြရှင်လို့ပါ''

အနိုင်သည် ကိုမျိုးမင်းသည် အနိုင်ခံသူကို အကြောလျှော၊ အပူတွေထုတ်ပေးဖို့ နှင်းနှိပ်နယ်ကြိတ်ပေးသကဲ့သို့ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ လေထန်ကုန်းသို့ သယ်သွားလေသည်။

''ဒီလို ဆရာသမားရဲ့ · ·ကျုပ်က အကြောတွေရဲ့ သဘောသဘာဝကို အမိကထားပြီး၊ ခေတ်ကြီးလေးပါးနဲ့ညီမျှအောင်၊ သေချာကျနအချိန်ယူပြီး၊ အကြောပေါက်

ဘိုလို အင်မားဆက်
(INMARSAT)လို့ခေါ်တဲ့
စက်အနိုင်သည်က
ကြိုဟ်တု(ဝမ်းနုတ်ဆေး
မဟုတ်ပါ)နှင့်ပေါင်းမိပြီး၊
လက်အနိုင်သည်
ကိုမောင်စိန်အား
လွင့်ထွက်သွားရအောင်···



◆ ◆ ◆ ◆ ◆

ထို့ကြောင့်
သင်္ဘောဆိုင်ရာရေကြောင်းသိပ္ပံ
သင်တန်းကျောင်းမှာ
ဆရာသမားများထံမှ
လေ့လာသင်ကြားမှုကို
မနားမနေကြိုးပမ်း
အားထုတ်သင်ယူ
လေတော့သည်…

စေမည့် ပဋ္ဌလက်နဲ့သမအောင်နိပ်နယ်တာချ ဒီလိုနည်းနာလေ့လာချဖ်ကိုင်နိုင်ခဲ့တာ၊ ကျွပ် လက်တွေ့ဆရာသမားက ကိုယ်တွေ့ပဲ မဟုတ်လားဗျာ၊ စက်အနိပ်သည်က လျှပ် စစ်ခေတ်ကိုအားကိုးပြီး မိနစ်ပိုင်းလေး ရွှစ် ရွှစ်လျှပ်နေတာကို လူတွေကလည်း ဈေး ကြီးမပေးဝယ်ရမှ ခေတ်မီတယ်၊ တကယ်ပဲ အညောင်းအညာ အကြောပြေသွားသလို စိတ်ကဖြစ်နေကြတာပါဗျာ''

''နောက်တစ်ခုက လူတွေတီထွင်ပြု လုပ်ထားသော စက်ရဲ့ အစီကလျှပ်ရှားလုပ် ဆောင်မှုကို ထိန်းချုပ်ကာ၊ အသက်ဝင်လှုပ် ရှားဆောင်ရွက်စေနိုင်တဲ့စက်ပါဗျာ၊ ကျွန်တဲ့ အချိန်တွေမှာ သက်မဲ့အရာဝတ္ထုတစ်ခုပါပဲ၊ လူတွေကိုလက်တွေ့ကျကျ ကိုယ်ပိုင်စွမ်း အားနဲ့ ဉာဏ်ကစားမလှုပ်ရှားနိုင်ပါဘူးဗျာ''

နာရီပိုင်းကြာပြီးသော်၊ ကိုမောင်စိန်မှာ တစ်ကိုယ်လုံးညောင်းညာနေတာတွေ ပြေ ပျောက်ပျေါ့ပါးသွားသလို၊ သူရှာဖွေနေသော နည်းလမ်းကို အဖြေရှာတွေ့သွားပြီး ထို့ ကြောင့် အနိပ်ခံခကို သဒ္ဓါကြေးနဲ့ဒါနလေး ပြောက်အောင် အပိုဆောင်းကာပေးလိုက် ပါတော့သည်။

◆ ◆ ◆ ◆ ◆

အနိပ်သည်ကြီး ကိုမောင်စိန်သည် စက်အနိပ်သည်ရဲ့ တည်ဆောက်တတ်ပုံ အမိကလုပ်ဆောင်ချက် သဘောတရားတွေ ကို သိရှိနားလည်မှသာ စက်အနိပ်သည်ကို ချုပ်ကိုင်နိုင်စွမ်းရှိသူဖြစ်မည်။ ထို့ကြောင့် သင်္ဘောဆိုင်ရာရေကြောင်းသိပ္ပံသင်တန်းကျောင်း မှာ ဆရာသမားများထံမှ လေ့လာသင်ကြား မှုကို မနားမနေကြိုးပမ်းအားထုတ်သင်ယူ လေတော့သည်။ သူ့ရဲ့လုပ်သက်ထောက်ခံ ချက်များနဲ့ စာမေးပွဲဝင်ရောက်ဖြေဆို အောင်လက်မှတ်ရရှိပြီးနောက်၊ လက်တွေ့ ရေပေါ်ပြန်ဆင်းလုပ်ကိုင်ရင်း၊ လုပ်သက်နဲ့ ရာထူးအဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် တက် လှမ်းနိုင်ခဲ့ပါတော့သည်။

နောင်အနှစ်အတန်ကြာသော် အနိပ် သည်ကြီး ကိုမောင်စိန်ဘဝ တစ်ဖြစ်လဲကာ စက်ချုပ်(စက်ချုပ်သူမဟုတ်တဲ့ သင်္ဘော ကုမ္ပဏီအရာရှိချုပ်)တို့နှင့် ပိုင်းတော်သား များရဲ့ အဖွဲ့ခေါင်းဆောင်သူကြီး (ရွာအုပ် ချုပ်သူမဟုတ်တဲ့ သင်္ဘောကပ္ပတိန်) ဦး မောင်စိန်ဖြစ်လာကာ၊ စက်အနိပ်ခံ (IN-MARSAT)ကိုချုပ်ကိုင်ပြီး၊ လိုရာကို စေခိုင်း နိုင်ခဲ့လေပြီ၊ သမုဒ္ဒရာ၊ ပင်လယ်ပြင်ကြီး ပေါ်မှာ ရေယှဉ်ငါးကြီးပမာ လှည့်လည်သွား လာ လုပ်စားနေပါတော့သတည်း။

**ကိုဇော်**

တစ်ချိန်တစ်ခါက ဘဝတစ်ဆစ်ချိုး ကွေ့မှာ၊ ကံကြုံလို့ ဆုံတွေ့ခဲ့ကြရတဲ့၊ (RADIO OFFICER) အနိပ်သည်ကြီးများ ဖြစ်သော ဦးမောင်စိန်၊ ဦးမျိုးမင်းပါ၊ ဦးတင် ဝင်း၊ ဦးထွန်းစိန်နှင့် အလွှာဝါဝိုးမိုးသို့ အမှတ် တရ ဂုဏ်ယူလေးစားလျက် ——



မိဘမေတ္တာကား မည်သည်ကာစ၍ မည်သည်နေရာတွင် ဆုံးသည်ဟုလည်း ပြောမရပါ။ မည်သည့်ပမာဏမှ မည်သည့် ပမာဏမျှ လောက်ထိ ရှိသည်ဟုလည်း ဆို၍မရ။ အမိအဖတို့၏ ကျေးဇူးကို မည်မျှလောက်ဆပ်နိုင်ပါလျှင် ကျေပြီဟုလည်း တွက်၍မရနိုင်ပါ။

ထို့ကြောင့် မွေးမိခင်၊ ကျွေးဖခင်တို့၏ ကျေးဇူးများကို နဖူးပေါ်လက်တင် တွေးဆ ဆင်ခြင်၍ အိပ်ယာဝင်တိုင်း ရှိခိုးဦးချသင့်သည်။

※ ※ ※ ※ ※



လောက အနေအထားတွင် အမေနှင့် အဖေတွင် အမေသည် သားသမီးတို့ကို ပို ချစ်သလော (သို့)အဖေက အမေထက် သား၊ သမီးတို့ကို ပို၍ချစ်သလော…။

အမေဆိုတာက သားသမီးတို့ကို မိမိ ဝမ်းဗိုက်အတွင်းမှာ ကိုးလကျော်ဆယ်လနီးပါး လွယ်ထားခဲ့ရပါသည်။ မွေးဖွားရာတွင် သချိုင်းသို့ ခြေတစ်ဖက်လှမ်းပြီး မွေးဖွားခဲ့ရသည်။ ဆင်းရဲဒုက္ခခံပြီး သားသမီးတို့အား လူသားဖြစ်ခွင့်ပေးခဲ့ရပါသည်။

မွေးဖွားပြီးတာနှင့် သားလေး၊ သမီးလေးမသိခင်''အုဝဲ''အော်သံကြားတာနှင့် အသက်ရှင်လျက်၊ ရင်သွေးရတနာအတွက် ဝမ်းသာပီတိဖြစ်ရကာ နာကျင်သမျှဝေဒနာ လွင့်ပါးကုန်တော့သည်။ မွေးဖွားပြီးသော်လည်း ဒုက္ခကမသေးပါ။ သား၊ သမီး အနာရောဂါကင်း၊ ကျန်းမာချမ်းသာစွာ ရှင်သန်စေရန် အရိပ်တကြည့်ကြည့် စောင့်ရှောက်ခဲ့ကြရသည်။

အဖေဆိုတာက ဝမ်းနှင့်လွယ်ပြီး မမွေးဖွားရသော်လည်း သားသမီးမျက်နှာ မငယ်ရအောင် လူ့အောက်တန်းမကျစေရေး အတွက် နေပူ၊ မိုးရွာမရှောင်၊ မမောမပန်း။ အလုပ်ကိုကြိုးစားလုပ်ကိုင် ရှာဖွေကျွေးမွေး ရရှာသည်။

အဖေသည်
မီးရထားခေါင်းတွဲသဖွယ်ဖြစ်ပြီး၊
အမေကား၊
မီးရထားဂတ်ဗိုလ်စီးသော
နောက်ဆုံးပိတ်ရထားတွဲ
ပမာတူသည်။
သားသမီးတို့ကား၊ အလယ်မှ
ရထားတွဲများပမာတူပေသည်။
မီးရထားခေါင်းတွဲကြီးမရှိလျှင်
ခရီးမထွက်နိုင်သကဲ့သို့
အဖေဖြစ်သူမကြိုးစားလျှင်…

ထို့ကြောင့် အဖေသည် မီးရထားခေါင်းတွဲသဖွယ်ဖြစ်ပြီး၊ အမေကား၊ မီးရထားဂတ်ဗိုလ်စီးသော နောက်ဆုံးပိတ်ရထားတွဲ ပမာတူသည်။ သားသမီးတို့ကား၊ အလယ်မှ ရထားတွဲများပမာတူပေသည်။

မီးရထားခေါင်းတွဲကြီးမရှိလျှင် ခရီးမထွက်နိုင်သကဲ့သို့ အဖေဖြစ်သူ မကြိုးစားလျှင် အိမ်ထောင်ပြည့်စုံမှုမရှိနိုင်ပေ။

အဖေသည် သားသမီးတို့ကိုချစ်သည့် နေရာတွင် အမေချစ်သကဲ့သို့ ချစ်သည်ဖြစ်ပါသည်။ အဖေချစ်သည့်အချစ်ထက်မလျော့သောမေတ္တာဖြင့်၊ အဖေ့မေတ္တာတော့ အပြည့်ဖြင့် ချစ်ပေသည်။

အမေဆိုတာက သားသမီးတို့ချစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်း ချစ်တတ်သည်။ အဖေကား၊ သားသမီးတို့ကိုချစ်သည့်နေရာမှာ မျိုသိပ်ထားပြီးချစ်တတ်ခြင်းဖြစ်သည်။ အပြင်သို့ထုတ်မချစ်တတ်။ သို့သော် အဖေ၏ ချစ်ခြင်းများက သား၊ သမီးတို့အပေါ်မှာ အတူတူပင်ဖြစ်ပါသည်။

* * * * *

ကျွန်မနေထိုင်သော အိမ်အနီးမှာ တိုက်အိမ်ဆောက်လုပ်နေသဖြင့် နေ့စဉ်ပန်းရံသမားများ အလုပ်လာလုပ်ကြသည်။ ပန်းရံဆရာနှင့်ယောက်ျားသုံးဦး။ အမျိုးသမီးနှစ်ဦးပါသည်။ ပန်းရံဆရာနှင့် တပည့်နှစ်ဦးက အုတ်စီကြသည်။ ပန်းရံကိုင်တစ်ဦးက ဘိလပ်မြေ၊ သဲတို့ကို မဆလာဖျော်ကာ အမျိုးသမီးနှစ်ယောက်က သံဇလယ်ဖြင့် မဆလာရွက်ကာ သယ်ပို့ပေးရသည်။

အမျိုးသမီးနှစ်ဦးက အရွယ်ကွာခြားသည်။ တစ်ဦးက လေးဆယ်ကျော်အရွယ်။ တစ်ဦးက ဆယ့်သုံးလေးနှစ်အရွယ်။ သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦးဖေးမမ ရှိကြသည်။ကလေးမလေးမနိုင်မည်စိုး၍ မဆလာကို သံဇလယ်အိုးထဲသို့ လျှော့ထည့်ပေးပြီး အမျိုးသမီးကြီးက ပိုထည့်ကာသယ်ပေးသည်။

ကျွန်မနေအိမ်ပြတင်းမှ သူတို့၏လှုပ်ရှားမှုကို ရှင်းလင်းစွာတွေ့မြင်နေရသည်။ မိန်းမသားနှစ်ဦးမှာ ဆွေမျိုးတော်စပ်ပုံရသည်။ သည့်မျှ တနာခွေးတွေးပါလျက်၊ ကျောင်းပညာသင်ကာ၊ ကျောင်းနေရမည့် ကလေးတစ်ယောက်ကို ဘိလပ်မြေသယ်၊ အုတ်သယ်အလုပ်ကို ခိုင်းစားနေရပါလိမ့်မှာ ကျွန်မ စိတ်အတွေးထဲမှာ ဘဝင်မကျဖြစ်တည်နေပါသည်။

တစ်ရက်မှာ ကျွန်မအဝတ်လှမ်းရင်း အကဲခတ်မိပြန်ရာ ပန်းရံသမားများ ဝိုင်းဖွဲ့ထမင်းစားနေချိန်ဖြစ်သည်။ ပန်းရံဆရာ၊ အမျိုးသမီးနှစ်ဦး အတူဝိုင်းဖွဲ့စားနေရင်း ပန်းရံဆရာမှ ကလေးမလေးအား ချစ်ခင်စွာ ဟင်းတုံးကို ခွဲကျွေးလိုနေသည်။ အမျိုးသမီးကြီးကလည်း ပန်းရံဆရာ ထမင်းချိုင့်ထဲသို့ ဟင်းတုံးဦးချပေးပြီး ကောင်းနိုးရာရာ ဟင်းဖတ်ရွေးချယ်၍ ကလေးမရဲ့ ထမင်းချိုင့်ထဲသို့ ထည့်ပေးနေသည်။ ကလေးမကလည်း ခွဲကျွေးသောဟင်းတုံးကို ငါးစားရင်း လက်မလေး ထောင်ပြသည်။ ဒါကို လူကြီးနှစ်ယောက် ကြည့်ပြီးရယ်မောနေသည်။ မြင်ကွင်းရသမှာ ကြည်နူးစိတ်ချမ်းမြေ့စရာပင်။

သို့ပေမဲ့ သည့်မျှ ကလေးမလေး အပေါ်ချစ်ကြပြီး၊ ကျောင်းပညာပေးမသင်ပဲ ခိုင်းစားနေတာ၊ ဘဝင်မကျစိတ်နှင့် မနေနိုင်ဖြစ်နေသူက ကျွန်မဖြစ်နေသည်။

* * * * *

တစ်နေ့မှာ အိမ်ဆောက်ရာနေရာသို့ ကျွန်မသွားရောက်ကာ မေးမိတော့သည်။

''ပန်းရံဆရာကြီး။ ဒီကလေးလေးက ဘာတော်သလဲရှင့်''

''ကျွန်တော်ရဲ့ သမီးလေးပါ''

''ကလေးကို ကျောင်းမထားဘူးလား ရှင့်''

''သမီးလေးက မွေးရာပါ ဆွံ့အ-နားမကြားသူပါခင်ဗျ''

''အို…ဆွံ့အ၊ နားမကြားလည်း ကျောင်းထား၊ စာသင်လို့ရပါတယ်''

''ထားတော့ ထားချင်တာပေါ့ဗျာ၊ သမီးလေးကိုပြန်ရှာတွေ့တာ တစ်နှစ်ကျော် ကျော်ပဲ ရှိသေးပါတယ်''

အမျိုးသားရော၊ အမျိုးသမီးပါ ကလေးမကိုကြည့်ပြောရင်း၊ မျက်ရည်ဝဲမိနေကြသည်။ ကျွန်မ၏ မျက်လုံးအကြည့်ကလည်း စိတ်ဝင်စားမှုဖြင့်ကာ ကလေးမလေးကို

ကြည့်မိပြန်သည်။

''ဘာရယ်···ဘယ်လို ဒီကလေးကို တခြားပို့လိုက်တာလား''

''သမီး ပျောက်သွားခဲ့တာပါ၊ အစက ကျွန်မက ဈေးမှာ ဟင်းသီးဟင်းရွက်ရောင်းပြီး ဈေးရောင်းတော့ သမီးက အငယ်ဆုံး ကလေးပါ။ ဈေးကို ကလေးပါခေါ်သွားပြီး ရောင်းရတာမှာ၊ ဈေးရောင်းကောင်းနေတုန်း ကလေးကပျောက်သွားတာလေ၊ ကလေးက အသက်ခြောက်နှစ်ထဲ ရှိနေချိန်ပေါ့''

''ဒါဆို ဘယ်လိုပြန်တွေ့တာလဲ''

ကျွန်မထင်ထားပြီးသားပါ။ ကလေး ပျောက်မည်။ ရဲစခန်းမှာ ကလေးပျောက်တိုင်မည်။ ရဲများက ရှာဖွေတွေ့ပြီး ပြန်ရောက်လာခြင်းဖြစ်ပေမည်။ သာမန်အတွေးနှင့် အဖြေထုတ်ပြီးသားပင်။

သို့သော်+++

''သူ့အဖေကလေ ပော့ဒ် ပန်းရံဆရာက ကလေးတွေခိုးပြီး တောင်းစားခိုင်းတာပဲ ဖြစ်မယ်ဆိုပြီး သူတောင်းစားလောကထဲ ဝင်ပြီး ခုနှစ်နှစ်လောက် ကျင်လည်လှုပ်ရှားပြီး သမီးပျောက်ကို ရှာဖွေခဲ့ရတာပါ''

''ဘယ်လို–သူတောင်းစား··လောက''

''ဟုတ်တယ်အစ်မရဲ့··· ကျွန်မတို့ ငယ်ငယ်က ကိုယ်ချေပြားရောဂါသည်ပဲ တောင်းစားကြတာ၊ အခုခေတ်က ကလေးတွေခိုးပြီးရင် သူတို့အုပ်စုဖွဲ့ပြီး တောင်းစားတဲ့ဂိုဏ်းတွေရှိတယ်၊ အဲဒါ ခြေလက်ကောင်းတဲ့လူတွေက လုပ်စားနေကြတာ···''

''ဘုရား···ဘုရား''

ကမ္ဘာမြေပေါ်မှာ အသက်ရှင်နေထိုင်ခွင့်ရတာကိုပင် နားမလည်၊ လူ့ကျင့်ဝတ်ဖောက်ဖျက်နေသည့် လူအစုတွေ၊ ကြောက်စရာကောင်းအောင် ရှိနေကြပါလားဟု တွေးရင်း။ လုံခြုံမှုမရှိတော့သည့် လူ့ကမ္ဘာကြီးမှာ သွားသတိ၊ လာသတိ၊ စားသတိနှင့် နေမှ တန်ကာကျပေမည်။

ပန်းရံဆရာကြီးက သူ့အတွေ့အကြုံများ ဖောက်စုံခင်းပြလေသည်။

''ကျုပ်တို့ တောဒေသတွေမှာ စိုက်ပျိုးရုံနဲ့ မိသားစုစားဖို့ဝတ်ဖို့ မလောက်ငတော့ဘူးလေ၊ ဒါနဲ့ လင်မယားနှစ်ယောက်တိုင်ပင်ပြီး ရှိတဲ့လယ်ကွက်လေးရောင်းပြီး မိသားစုလိုက် ရန်ကုန်၊ သင်္ဃန်းကျွန်းဘက်က ဆွေမျိုးရှိရာ တက်လာခဲ့တယ်၊ ကျုပ်တို့မှာ သားနှစ်ယောက်နဲ့ ဒီသမီးအငယ်မနဲ့ ကလေးသုံးယောက်ရှိတယ်၊ မိသားစုငါးဦး အိပ်စရာရှိရင်ရပြီလေ၊ သူများအိမ်အနောက်ဘက် အဝီဆွဲနေခွင့်ရပါတယ်၊ တစ်လကျပ်တစ်ထောင်၊ (၁၉၈၄–၈၅)ခုနှစ်က ဈေးနှုန်း။ ကျုပ်က ကြုံရာကျဘမ်း ပန်းရံရ–ပန်းရံ၊ လက်သမားရ–လက်သမား၊ ဘာအလုပ်မှ မရှိရင် ဈေးမှာ ကုန်ထမ်းပေါ့၊ မိန်းမက ဈေးထဲမှာ ဟင်းသီးဟင်းရွက်ဆိုင်ကြီးတွေကနေ–ဈေး တစ်ဖန်းစာ–ခေါက်ပြန်ကြေးယူပြီး၊ ဈေးအပြင် ဘက်လမ်းဘေးမှာ ရောင်းပေါ့၊ သားနှစ်ယောက်ကို ကျောင်းထားပေါ့၊ အငယ်မက ဆွဲ့အနေတော့ ကျောင်းထားလို့မဖြစ်တော့၊ မအေ ဈေးရောင်းသွားရင် ခေါ်သွား၊ ဒီလိုနဲ့ ဈေးမှာကြာလာတော့ အငယ်မအကြောင်းသိပြီး ကျွေးမွေးကြပေါ့၊ အငယ်မကလည်း၊ သူနဲ့ခင်တဲ့ဆိုင်တွေ၊ ဈေးထဲမှာသွားနေကျလေ-

တစ်နေ့···ဈေးကွဲချိန် ပြန်မယ်လုပ်တော့ အငယ်မ ပြန်ရောက်မလာတော့ သူသွားထတ်တဲ့ ဆိုင်တွေလိုက်မေးကြ၊ ပိုင်းကြပေါ့၊ နီးစပ်ရာ ရေမြောင်း၊ ရေကန်ကအစပေါ့၊ ညနေသာစောင်းသွားတယ်···ကလေးက အစနရှာမရဘူး။ ကားတိုက်ခံရတာများလားပေါ့၊ အနီးနားမှာ ယာဉ်တိုက်ခံရတာမရှိဘူး၊ ဒါနဲ့ အများအကြံပေးတဲ့အတိုင်း ကလေးဓာတ်ပုံနဲ့ ရဲစခန်းမှာ ကလေးပျောက် အမှုဖွင့်ကြပေါ့၊ ကလေးရဲ့ ဘယ်ဘက်နားရွက်မှာ နားသံသီးလေးရှိတယ်။ ညာဘက်မှာ မှည့်အနက်အကြီးကြီးရှိတယ်၊ အသားဖိုလိုပဲ···

အဲဒီအချိန်က ကျုပ်တို့ရဲ့ရင်ထဲမှာ လောင်မြိုက်တဲ့မီးက ဘာနဲ့မှနှိုင်းမရဘူး။ ဆေးရုံ၊ ရေခဲတိုက်တွေလိုက်ရှာပေါ့၊ ကျုပ်တို့မှာ မစားနိုင်၊ မအိပ်နိုင်၊ မိန်းမကပိုဆိုးတယ်၊ သူ့အသုံးမကျလို့၊ သူ့သမီးဒီလို ဖြစ်ရတာယ်ဆိုပြီး၊ မပင်္ကာမြွေလူးဆိုသလိုပဲ၊ အိမ်မှာက သားနှစ်ယောက်မှာ အကြီးက ဆယ့်နှစ်နှစ်၊ အငယ်က ဆယ်နှစ်သား၊ မိသားစု စီးပွားရေးက ထိခိုက်လာသော ကလေးနှစ်ယောက်က ရေစည်လှည်းငှားပြီး ရေလှည်းတွန်းရောင်းပြီး အဖေနဲ့အမေကို ရှာကျွေးကြတယ်ဗျာ···+

နောက်ဆုံးတော့ မိန်းမကိုခွင့်တောင်းဖို့ ဆုံးဖြတ်လိုက်တယ်၊ မိုးအဆုံး မြေအဆုံး သမီးလေးကို ငါလိုက်ရှာချင်တယ်၊ မတွေ့တွေ့အောင်ရှာပါရစေ၊ မင်းရဲ့ပါရမီဖြည့်ဖက်



ကောင်း ဖြစ်ရပါစေမယ်ဆိုတဲ့ ကတိပေးပြီး မင်းတို့အမေကို စောင့်ရှောက်ရင်း ရှာဖွေစားကြ၊ အဆင်မပြေရင် ရွာမှာပြန်နေကြဆိုပြီး ကျုပ်သမီးပျောက်ကိုရှာဖို့ သူတောင်းစားလောကထဲဝင်နိုင်ဖို့ ကြိုးစားလမ်းစရှာဖွေရတာပေါ့ဗျာ…"

"သူတောင်းစားလုပ်စားတာများ ခွက်တစ်ခွက်ရှိရင် ဘယ်မှာဖြစ်ဖြစ် တောင်းစားရင်ရတာပဲမဟုတ်လား…"

ကျွန်မတို့အမြင်မှာတော့… လောကမှာ သူတောင်းစားအလုပ်က အလွယ်ဆုံးပဲဟု ထင်မြင်ယူဆထားပါသည်။ ကျွန်မစကားကို ပန်းရံဆရာကြီးက ရယ်မောပြီး ခေါင်းခါပြကာ…

"ဟား–ဟား–ဟား လူတွေအမြင်က ဒီလိုပဲ မြင်ကြတာပါ။ ကျုပ်မှာ စုတ်စုတ်ပြတ်ပြတ်နဲ့ လမ်းဘေးပလက်ဖောင်း၊ ချောင်ကြိုချောင်ကြား အိပ်စရာရှာရတယ်၊ ကိုယ့်ထက်နေရာဦးသူက အများသား။ နောက်ပြီး နေရာဝန်းကျင်လေ့လာရတယ်၊ အခန့်မသင့်ရင် ရဲက မသင်္ကာမှုနဲ့ဖမ်းသွားရင် ကျုပ်ရည်မှန်းချက်တွေ ပျက်စီးသွားမယ်"

သူတောင်းစားလောကမှာ သူ့နယ်မြေနဲ့သူ အပိုင်စားရှိတယ်၊ ခေါင်းဆောင်ကို ရာခိုင်နှုန်းကြေးအပ်ရတယ်၊ ကျုပ်လည်း ရန်ကုန်တစ်မြို့လုံး ကလေးသူတောင်းစားဂိုဏ်းစုံစမ်းပြီး၊ နိုင်းတာလုပ်၊ ကျွေးတာစား။ တောင်းရသမျှအပ်၊ ဒုက္ခခံပြီး သမီးပျောက်ကို ရှာရတာများ တွဲတေး။ ကွမ်းခြံကုန်း ပဲခူးဘက်မှာ နှစ်နှစ်၊ အဲ–သုံးနှစ်လောက်မှာ သူတောင်းစားပါး ဝလာပြီ၊ သူများကို နိုင်းတတ်လာပြီ၊ တစ်နေရာမှာ ကျုပ် ကြာကြာနေလို့မဖြစ်ဘူးလေ၊ သမီးကိုမတွေ့သေးတော့ မန္တလေးဘက်ခြေဆန့်၊ ရထားလမ်းဘူတာ၊ ရပ်ကွက်အစုံ၊ တဖြည်းဖြည်း သူတောင်းစားခေါင်းဆောင်အဝ စာရင်းဝင်လာတော့ နယ်မြေကူးသန်းရ မခက်တော့ဘူး…

ခုနစ်နှစ်တာကာလမှာ မန္တလေး–မြစ်ကြီးနား ရထားခရီးမှာလိုက်ပါရင်း ကျုပ်သမီးကို ပြန်တွေ့ခဲ့တာပဲ"

ပြောရင်း အတိတ်ကိုပြန်မြင်ယောင်ဟန်တူသည်။ ပန်းရံဆရာကြီး မျက်ရည်ဝဲကာ၊ အံကြိတ်ရင်း လက်သီးဆုပ်ထားလေသည်၊ ဖခင်ဆိုသည့်မေတ္တာတရား၊ သား

သူတောင်းစား
လုပ်စားတာများ
ခွက်တစ်ခွက်ရှိရင်
ဘယ်မှာဖြစ်ဖြစ်
တောင်းစားရင်ရတာပဲ
မဟုတ်လား



သမီးအပေါ်မှာ ချစ်ခြင်းမေတ္တာတော်ပြင်းပြစွာ ဆင်းရဲ ဒုက္ခခံရင်း၊ ဆွံ့အနားမကြား သမီးပျောက်ရှာဖွေပုံကို နားထောင်ရသူပင် ရင်တွင်းမရို့ ခံစားနေရသည်။

"ကလေးကရော ဆရာကြီးကို မှတ်မိလား"

"မှတ်မိတယ်၊ သူက အကင်းပါးတယ်၊ တခြားသူတွေ သိမှာစိုးလို့ မျက်နှာရိပ် မျက်နှာကဲနဲ့ပဲ စကားပြောဖြစ်ကြတယ်၊ ကလေးကပိန်ချုံးပြီး အာဟာရချို့တဲ့နေရှာတယ်၊ အဲ့ဒီဂိုဏ်းသားတွေ ယုံကြည်အောင်၊ နေစားပြုရတာပေါ့၊ နောက်တော့ အားလုံးရဲ့ အလစ်မှာ ကျုပ်သမီးကိုခေါ်ပြီး ရုပ်ဖျက်ထွက်ပြေးလာခဲ့ရတာပါ၊ ဒါ့ကြောင့် ကျုပ်တို့ သမီးလေးကို မျက်ခြည်ပြတ်မခံတော့ပဲ လင်မယားနှစ်ယောက် အလုပ်တွတ္တူ လုပ်တယ်၊ ဘယ်သွားသွား သမီးကိုခေါ်သွားတယ်။ ခုမှပဲ စိတ်ချမ်းသာစွာနဲ့ လူနဲ့သူနဲ့ တူတော့တယ်ဗျာ"

ကလေးမလေးက သူ့အဖေ ဘာတွေပြောနေလည်း အကြာကြီးဆိုသည့်သဘောလက်ဟန်ခြေဟန်ဖြင့် အမေကိုမေးနေသည်။ သမီးအကြောင်းပြောပြနေတာဟု ပြန်ပြနေသည်။ ကျွန်မကလည်း မနေသာ၊ တတ်သမျှ မှတ်သမျှသင်္ကေတဖြင့် အမူအရာဖြင့် "သမီးကိုဘယ်လိုဖမ်းခေါ်သွားတာလည်း" ဟု မေးလေရာ–"အဲဒီတုန်းက သူတဲ့အား ကြောက်မိတယ်၊ အော်ပေမဲ့ အသံမထွက်တော့၊ ဘယ်သူမှမသိကြဘူး၊ ဈေးမှာက ညလည်း၊ လူတွေက တိုးဝှေ့ဈေးဝယ်နေချိန်၊ သူ့ကိုခွဲခေါ်သွားတာ၊ ဘယ်သူမှ မသိကြဘူး။ ဈေးထောင့်အပြင်မှာ ရပ်ထားတဲ့ ကားထဲ ပစ်ထည့်လိုက်တယ်၊ နောက် သင်္ဘောနဲ့သွားတယ်၊ ဗိုက်ဆာတောင်း နိုင်းတယ်၊ ဗိုက်ဆာအရှုံနည်းရင် သေအောင် အရိုက်ခံရတယ်၊ ထမင်းမကျွေးဘူး။ တစ်နေရာမှာ ကြာကြာမနေရဘူး၊ သူလိုကလေးတွေအများကြီးပဲ၊ စကားပြော၊ နားကောင်းတဲ့ ကလေးလည်းပါတယ်၊ သူတို့အိမ် ဘယ်မှာဆိုတာ မပြောပြတတ်ကြဘူး။ အဖေအမေကို မမှတ်မိကြဘူး"

သူက အဖေကို တွေ့တာနဲ့မှတ်မိတယ်၊ သူတောင်းစားအစောင့်တွေအလစ်မှာ အိမ်မှာမှတ်ဆက်နေကြ၊ အဖေ့အကျီကို စောင့်ဆွဲလိုက်တယ်၊ အဖေက သူ့လက်ကို ဆုပ်ကိုင်ပြီး သိတယ်လို့ မျက်ရိပ်ပြတယ်၊ အဖေ့ကို ဗိုက်ဆာတောင်းစားတဲ့ပုံနဲ့မြင်ရတာ သူ့စိတ်မကောင်းဘူး။ အဖေ့ကို မျက်ခြည်ပြတ်မခံတော့ဘူး။ အဖေကလည်း သူနဲ့နီးတဲ့နေရာမှာပဲနေတယ်၊ အားလုံး အလစ်မှာ အဖေက သူ့ကိုခေါ်ပြီးထွက်ပြေး၊ သူတောင်းစားအဝတ်တွေ ချွတ်လဲပြီး၊ မျက်နှာမမှတ်မိအောင်လုပ်ပြီး ထွက်ပြေးရတာ၊ ခုမှ "ဟင်း" ခနဲ သက်ပြင်းချနိုင်တယ်။ သမီးအဖေနဲ့ အမေ၊ အစ်ကိုနှစ်ယောက်ကို တအားချစ်ပါတယ်"

ကလေးမလေးလက်ဟန်အမူအရာနှင့် ပြောပြတာကို ရှုစိုက်ကြည့်ပြီး၊ သူ့ခံစားမှုကို မှီအောင်ဘာသာပြန်မှုဖေခံစားနေရသည်။ အမေဖြစ်သူကလည်း…

"ကျွန်မတို့ဒီတစ်သက်၊ သမီးကို ပြန်တွေ့ရမယ်တောင်မထင်ဘူး။ ကျွန်မအရူးတစ်ပိုင်းခံစားနေရတာရယ်…သမီးကိုချစ်တဲ့အဖေရဲ့မေတ္တာစိတ်နဲ့ ဆင်းရဲဒုက္ခမျိုးစုံခံပြီး မြေအနှံ့ခြေဆန့်ရှာဖွေပြီး၊ ကျွန်မ မျက်စိရှေ့အရောက် သမီးကို ကျွန်မရင်ခွင်ထဲပြန်ခေါ်လာပေးတဲ့ ယောကျ်ားရဲ့ကျေးဇူးကတော့ ပြောမပြတတ်အောင်ပါပဲ၊ ဘာပြောပြော ကျွန်မတို့မိသားစုအတွက် ပါရမီဖြည့်ဖက်ကောင်း သူတော်ကောင်းကြီးမို့ ကျွန်မရော၊ သားသမီးတွေက လူမချမ်းသာပေမဲ့ အဖေဖြစ်သူ စိတ်ချမ်းသာအောင်ထားပါတယ်"

ပန်းရံဆရာမိသားစုအတွက် ပါရမီဖြည့်ဘက်ကောင်း စိတ်ထားမျိုး၊ ကျွန်မလေးစားစွာ ဂုဏ်ယူစိတ်ဖြင့်ကြည်ညိုစွာကြည့်ရင်း ခေါင်းညိတ်မိတော့သည်။

❉ ❉ ❉ ❉ ❉

မိဘဆိုတာ မဟာပထဝီမြေကြီးနှင့်တူပေသည်။ မိဘဆိုတာ…သား၊ သမီးကို အချစ်ဆုံးသူတွေထဲမှာ ထိပ်ဆုံးကထားသူများ ဖြစ်ကြပါသည်။

မိဘများ သားသမီးများအပေါ် မည်မျှချစ်သည်ကို သားသမီးရှိသူတိုင်း သိကြပါသည်။ မိမိဘဝကံအရ သေဆုံးသွားသည့်တိုင် သား၊ သမီးကို ချစ်နေဆဲဖြစ်သည်။ ကြည့်မဝ၊ ရှုမဝကြသေး။

သား၊ သမီးများက မိမိတို့အပေါ် တာဝန်မကျေ၊ ကျေးဇူးမသိကြသော်လည်း အပြစ်မယူ ခွင့်လွှတ်ပေးမြဲသာ၊ နောင်ဘဝဆက်တိုင်းလည်း ဒီသား၊ ဒီသမီးနှင့်သာ ပြန်လည်ဆုံစည်းရန် ဆုတောင်းနေကြဦးမည်သာ ဖြစ်ပေသည်။

မဟာပထဝီမြေသည် လူသားတို့တူးဆွဖျက်ဆီး၊ မကောင်းသော၊ အညစ်အကြေးများ မြုပ်နှံစွန့်ပစ်လည်း၊ မဟာပထဝီမြေကြီး လူတို့ပြုသမျှ သည်းခံခွင့်လွှတ်မြဲသာတည်း။

ထို့ကြောင့် သား၊ သမီးတို့အပေါ် သည်းခံ၊ ခွင့်လွှတ်မြဲသော မိခင်၊ ဖခင်တို့၏ ချစ်ခြင်းမေတ္တာကား မဟာပထဝီမြေကြီးနှင့် တူပေတော့သည်။

❉ ❉ ❉ ❉ ❉

(၁၉၈၄-ခုနှစ်ကာလ၏ ဖြစ်ရပ်မှန် မိသားစု၏အကြောင်းဖြစ်ပါသည်)

**ဟန်သီဝင်**



## ငါက တစ်ယောက်၊ ငါ့အရင်က တစ်ယောက်

"သူငယ်ချင်း၊ မင်းကြည့်ရတာ မလန်းပါလား"

"အေးကွာ၊ မနေ့ညက ငါ့ကောင်မလေးဆီ အလည်သွားခဲ့တယ်၊ ဧည့်ခန်းမှာ ကောင်မလေးကိုစောင့်နေတုန်း သူ့အမေကြီး ဝင်လာပြီးပြောတယ်-

"လူလေး၊ ငါ့သမီးနဲ့ မင်းနဲ့ ရှေ့ဆက် ဘယ်လိုလုပ်ဖို့ စီစဉ်ထားသလဲ"

"အဲဒီအချိန် ငါ့ကောင်မလေး အပေါ် ထပ်ကနေ သူ့အမေကို လှမ်းအော်ပြောတယ်- အမေ၊ အဲဒါ ဟိုတစ်ယောက် မဟုတ်ဘူး"တဲ့။ ။

**မောင်သီဟ**




"ဆေးဆရာကို ပြောင်းပေးမလား။ ကျုပ်တို့ရွာက သုသာန်ကို ချဲ့ပေးမလား"
ဆိုတဲ့ လှတောသားစကားဥပမာကို ပြောရတော့မယ်ထင်ပါရဲ့။

အဟုတ်・・・လိုက်လည်းလိုက်၊ ကိုက်လည်းကိုက်တဲ့ ဥပမာလေး။ ရင်ထဲမှာပူပြီး ခေါင်းတစ်ခုလုံး ထူတူတူနဲ့ ငိုရလွန်းလို့ မျက်လုံးတွေကလည်း ကျိန်းစပ်လို့・・・

ကိုချိုရေ・・・ရှင်သွားတော့・・・သွားတော့ ကိုချို။ ဒါပေမဲ့ ရှင်ရွေးချယ်တဲ့ ဒီလမ်းကို ရှင်တစ်ယောက်တည်းသွားတာကတော့ မတရားဘူးလို့ ကျွန်မထင်တယ်၊

# မကြေးညို

## လှတောသားစကားလို ဆိုပါရစေ....





SHORT STORY

ဘယ့်နှယ်တော်…အတွေ့ဟု တာဝန်ယူထားတဲ့ ကလေးသုံးယောက်နဲ့ ကျွန်မကို ထစ်ယောက်တည်းထားခဲ့ပြီး ရှင်ထွက်သွားရက်တာကို ပြောတာပါ။ ရှင်ထားသွားတဲ့ ရှင့်သားတွေက လူလားမြောက်သေးတာ မဟုတ်ဘူးလေ။ အဲဒီအတွက် ရှင့်မှာ တာဝန်ရှိတာပေါ့ ကိုချိုရယ်…ခုတော့ ဘယ်လမ်းကို ဘယ်စခန်းနဲ့ ဆက်ကြမလဲ အရပ်ကတို့ရေလို့သာ အော်ပစ်လိုက်ချင်ပါရဲ့…

ဆရာဝန်ရဲ့ ဆေးမှတ်တမ်းသွားယူတော့ ဆရာဝန်၊ ဆရာမတွေမေးတဲ့မေးခွန်းက တစ်ပုံစံတည်း…

"ဦးအေးချို အရက်သောက်တတ်သလား"

ကျွန်မယောကျ်ား လူသူတော်ကောင်းကြီးကို အရက်သမားလို့ ဘာလို့ထင်ကြတာလဲ၊ နာမည်နဲ့လိုက်အောင် အေးတဲ့ချိုတဲ့သူပါတော်၊ ဘာလို့ ဒီမေးခွန်းကိုပဲ မေးနေကြတာလဲ…

"ဟင့်အင်း…အရက်မသောက်တတ်ပါ…"

"ဘာလုပ်သလဲ"

"ဘာလုပ်သလဲဆိုတော့…ကျူတမ်း"

ကျူတမ်းလုပ်တယ်လို့ဖြေမှ ပြဿနာက ရှေ့ဆက်မရှုပ်တော့လေ။ တကယ်လုပ်နေရတဲ့အလုပ်ကို သွားပြောပြရင် သူ့အလုပ်ရှင် ကျုပ်တို့ဆရာကပြောပြီးသား၊ အလုပ်အကိုင်မေးရင် ကျူတမ်းသာပြောတဲ့။ ကိုချိုလုပ်ရတဲ့ အလုပ်ကို ဘာလို့ အမှန်အတိုင်း မပြောရတာလဲလို့ တွေးမိပေမယ့် ဆေးဖိုးဝါးစ အစစတာဝန်ယူထားတဲ့ ကျေးဇူးရှင်ဆရာ့စကားကို စောဒက မတက်ချင်ပါဘူး။

ကိုချိုအလုပ်အကိုင်ကစတဲ့ မေးခွန်းနဲ့ ဆက်နွှယ်ပြီး စိတ်တွေက အတိတ်ကိုရောက်သွားရပြန်ပြီ။ တကယ်တော့ ကိုချိုရော ကျွန်မရော၊ ကိုးဆူဆိုတဲ့ရွာလေးမှာ ဆုံခဲ့ကြတာပါ။ ကျွန်မက ကိုးဆူရွာသူ၊ ကိုချိုက စား/ဖျော်ကော်ပိုရေးရှင်းက ဝန်ထမ်းတစ်ဦးပါ။ ကျွန်မတို့ရွာမှာ စား/ဖျော်ကပိုင်တဲ့ အရက်ဆီသို့လှောင်ရုံတွေ ရှိပါတယ်။ ကိုချိုက အရက်ဆီသိုလှောင်ရုံက တာဝန်ခံပါ။ အရက်ဆီသိုလှောင်ရုံမှာလုပ်ပေမယ့် အရက်မသောက်တတ်တဲ့ ကိုချိုကို ကျွန်မတို့ဇာတိမှာ ထမင်းလာစားရင်းနဲ့ တစ်ယောက်

**ကျွန်မယောကျ်ား လူသူတော်ကောင်းကြီးကို အရက်သမားလို့ ဘာလို့ထင်ကြတာလဲ၊ နာမည်နဲ့လိုက်အောင် အေးတဲ့ချိုတဲ့သူပါတော်၊ ဘာလို့ ဒီမေးခွန်းကိုပဲ မေးနေကြတာလဲ…**

ကိုတစ်ယောက် သဘောကျနှစ်သက်ခဲ့တာပါ။

အရက်မသောက်တတ်တဲ့ ယောကျ်ားသားဆိုလို့ ရှားမှုရှားတဲ့ခေတ်မှာ မူးယစ်နဲ့ပတ်သက်လို့ ကွမ်းတောင်မစားတတ်တဲ့ ကျွန်မခင်ပွန်း။ ကျွန်မတို့မိသားစုအားလုံးကလည်း ကျွန်မ လင်ရက်ကောင်းတယ်လို့ ချီးကျူးထောပနာပြုကြတာပေါ့။ သူ့အလုပ်လုပ်ရတဲ့နေရာကလည်း အောက်ဆိုက်ကလေး ဖောဖောသီသီဝင်နေတာမို့ ကျွန်မတို့ လင်မယားရဲ့ဘဝမှာ မတောင့်မတ၊ မကြောင့်မကြနဲ့ သောကကင်းဝေးခဲ့ရပါတယ်။ ဒီလိုအေးချမ်းတဲ့ဘဝကနေ တစ်နေ့တော့ ရုံးကဖုန်းကို သတင်းတစ်ခုရောက်လာပါတယ်။ ကိုချိုညီဝမ်းကွဲ ဇော်ဇော် တစ်ယောက် မီးလောင်လို့ ပုသိမ်ဆေးရုံရောက်နေသတဲ့…။

သတင်းကြားကြားချင်း ကိုချိုနဲ့ကျွန်မ ပုသိမ်ဆေးရုံကြီးကို ရောက်ရှိသွားပါတော့တယ်။ ဖုန်းထဲကသတင်းမှာ ဇော်ဇော် တစ်ယောက်ထဲ သိခဲ့တာပါ။ ဆေးရုံရောက်တော့မှ ဇော်ဇော်နဲ့အတူ 'မင်းဦး'ဆိုတဲ့ ကောင်လေးတစ်ယောက်ကိုပါ မီးလောင်ဒဏ်ရာတွေနဲ့ ဖတ်တွေ့ခဲ့တာပါ။ ကြောက်စရာ၊ လန့်စရာတွေမြင်ရင် ခြေတွေလက်တွေ ကျဉ်လာတတ်တဲ့ ကျွန်မရဲ့ရောဂါကြောင့် လူနာတွေကို ဆက်မကြည့်တော့ဘဲ သူတို့နဲ့ဝေးရာ ဆေးရုံရှေ့က လူနာစောင့်များ နားနေဆောင်ကို သွားနေလိုက်ရပါတယ်။ အဲဒီမှာ လူနာတွေနဲ့အတူ လိုက်လာကြတဲ့သူတွေ ပြောနေတဲ့စကားတွေကို ကြားရတော့တာပါပဲ။

"အပေါ်ထပ်မှာ အရက်ဆီတွေထားတာလေ၊ အရက်ထီတွေကို ပုလင်းတွေထဲ ထည့်၊ ထည့်ပြီး ချိတ်ပိတ်တာ၊ ချိတ်က မီးနဲ့အပူပေး အရည်ပျော်ရတာ၊ မီးနဲ့ အရက်ဆီနဲ့တွေ့တော့ မီးတောက်က ဖုန်းခနဲထတောက်တာမှာ ဇော်ဇော်က မီးတောက်နေတဲ့ အရက်ဆီပုံးကိုပိုက်ပြီး ဝရန်တာကနေ အောက်ကိုခုန်ချတာ၊ အောက်ရောက်တော့ အရက်ဆီတွေက ပုံပြီးလောင်တော့တာပေါ့၊ ဇော်သေးတာက အပေါ်ထပ်မှာလောင်ရင် တစ်ထပ်လုံးက အရက်ဆီပုံးတွေချည်းပဲ၊ အောက်ရောက်တော့ မီးလောင်နေတဲ့ ဇော်ဇော့်ကို မင်းဦးဆိုတဲ့ကောင်လေးက ဝင်ကူမီးသတ်ပေးရင်းနဲ့ သူလည်း မီးစွဲသွားတာ"

အရှင်လတ်လတ် မီးလောင်တဲ့ဝေဒနာကို တွေးမိရုံနဲ့တောင် ခံစားရတာ၊ အခုမျက်စိရှေ့မှာ မီးလောင်ထားတဲ့ လူငယ်လေးနှစ်ယောက်ရဲ့ဝေဒနာကို မြင်နေရတာ၊ သူတို့ ခံစားနေရတဲ့အပူရှိန်တွေ လာဟပ်နေသလိုပါပဲ။ မီးကူသတ်ပေးတဲ့ မင်းဦးရဲ့အမေကတော့ "လူလေး…လူလေး"လို့ တဖွဖွဆိုနေလေရဲ့။

ကိုချိုကတော့ သူ့ညီဝမ်းကွဲ ဇော်ဇော့်အနားမှာပဲ တွေတွေကြီးရပ်လို့ သိပ်မကြာခင်မှာပဲ အရေးပေါ်အခန်းရှေ့မှာ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပြီ။ အသက်ပျောက်သွားတဲ့ လူနာတစ်ယောက်ကို ပက်လက်တွန်းလှည်းနဲ့ တွန်းထုတ်လာပါတယ်။ တီးတိုးပြောနေတဲ့ စကားသံတွေထဲမှာ "ကိုမင်းဦး"လို့ ကြားခဲ့ပါတယ်။ ကျွန်မလိုပဲ "ကိုမင်းဦး"လို့ အသံကြားလိုက်တဲ့ သူ့အမေဆိုလည်း သတိလစ်မေ့မြောသွားလို့ အရေးပေါ်ခန်းထဲကို ပွေ့ချီခေါ်ဆောင်သွားပါတော့တယ်။ အရက်ရဲ့အပူဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို အရှိန်အဟုန်နဲ့ ဖြန့်ကျက်အပူဟပ်ခဲ့ပါတယ်။

ကိုမင်းဦး ဆုံးသွားပြီးတော့ မျက်စိမျက်နှာပျက်နေတဲ့ ဖော်ဖော့်မိဘနှစ်ပါးရယ်၊ ဖော်ဖော့်ညီရယ်၊ အစ်ကိုရယ်၊ ကျွန်မယောကျ်ား ကိုချိုရယ်၊ သူတို့တွေ ဝိုင်းထိုင်ပြီး ခေါင်းချင်းဆိုင်တိုင်ပင်နေကြပြီး၊ သိပ်မကြာခင်မှာပဲ ဖော်ဖော့်ကို ရန်ကုန်ဆေးရုံကြီးကို ခေါ်ဆောင်သွားပါတော့တယ်။

ကျွန်မတို့လင်မယားနှစ်ယောက်ရဲ့ အိမ်အပြန်လမ်းမှာ စကားသံတွေတိတ်ပြီး ဖော်ဖော် အသက်ပြန်ရှင်လာဖို့အရေး အတွေးနဲ့ ဆုတောင်းပေးနေကြတာပေါ့။ ကျွန်မတို့ အိမ်ပြန်ရောက်ပြီး တစ်နာရီလောက်အကြာမှာပဲ "ဖော်ဖော်ဆုံးပြီ"ဆိုတဲ့ သတင်းစကားကို ကြားခဲ့ရပါတယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ ကိုချိုရယ်လို့ နှစ်သိမ့်မိတော့ ကိုချိုက "ကိုယ့်ညီက သူတော်ကောင်းလေးပါကွာ၊ စိတ်ထားလေးလည်း ကောင်းရှာတာ၊ နမြောလိုက်တာ…"

ကိုမင်းဦးအလောင်းရော၊ ဖော်ဖော့်အလောင်းရော မြို့ကိုပြန်သယ်ပြီး မြို့မှာပဲ သဂြိုဟ်ပါတယ်။ ဖော်ဖော့်အဖေကတော့ ပုသိမ်မှာ မီးသဂြိုဟ်မယ်ဆိုတော့ ဖော်ဖော့်အမေက မချိတင်ကဲအသံကြီးနဲ့…

"သားလေးကို ထပ်ပြီးမီးမရှို့ပါရစေနဲ့ အဖေကြီးရယ်၊ ကျွန်မသားလေး ပူလှပါပြီ၊ သနားပါတယ်…သားလေး ထပ်ပြီးမီးပူမခံပါရစေနဲ့"

"သေပြီးမှပဲကွာ"လို့ ဖေဒကာတက်ပေမယ့် "ဟင့်အင်း…ဟင့်အင်း"လို့ ငြင်းဆန်ရင်း သတိလစ်သွားတဲ့ ဖော်ဖော့်အမေရဲ့စကားနဲ့ မြို့က သင်္ချိုင်းကုန်းမှာပဲ မြေမြှုပ်သဂြိုဟ်ဂူသွင်းခဲ့တယ်။ အသက်ရှစ်ဆယ်ကျော် ကိုမင်းဦးရဲ့အမေလည်း သားဆုံးပြီးတစ်လလောက်အကြာမှာပဲ သားစိတ်နဲ့ ဆုံးပါး ကွယ်လွန်ခဲ့တယ်။

အသုဘရက်လည်တဲ့အထိ ကိုချို ဦးလေးအိမ်မှာပဲ တည်းခိုနေခဲ့တယ်၊ ကိုယ့်မြို့ ကိုယ့်ဒေသမဟုတ်ပေမယ့် မြို့ခံလူတွေရဲ့ စကားသံတွေကို နားထဲမှာလျှံနေအောင်ကြားခဲ့တယ်။

"ရွှေဆိုင်၊ ကုန်စုံဆိုင်၊ ဆန်စက်ပိုင်ရှိတယ်၊ တော်ရောပေါ့ကွာ၊ ဒီအရက်ဆိုင်ကို ထပ်ဖွင့်တယ်၊ သေလည်း ကိုယ့်နောက်ပါတာ မဟုတ်ဘဲနဲ့"

"သားအသက်နဲ့ရင်းတဲ့ သင်ခန်းစာကိုမယူတတ်ရင်တော့ သူ့ထိုက်နဲ့သူပေါ့၊ အဲဒီအရက်ဆိုင်ကြီးက အပူတွေကို တစ်မြို့လုံးကို မျှဝေနေသလိုပဲ"

ရက်လည်ပြီးလို့ ကိုးဆူအိမ်ကိုပြန်ရောက်တော့မှပဲ အပူထဲက လွတ်လာသလိုခံစားရတယ်။ အပူတွေကိုမေ့ထားပြီး သုံးလလောက်အကြာမှာတော့ ကျွန်မတို့အိမ်ကို ဖော်ဖော့်အစ်ကို 'ကျော်ကျော်' ရောက်လာပြီး ကိုချိုနဲ့ နှစ်ယောက်သား စကားတွေပြောနေတာ တွေ့ရပါတယ်။ ဘာလဲဆိုတာ သိချင်လှပေမယ့် ကျွန်မအပေါ် ပွင့်လင်းရိုးသားတတ်တဲ့ ကိုချို့စိတ်ဓာတ်ကိုသိလို့ သူပြောမယ့်အချိန်ကိုသာ စောင့်နေခဲ့တာပါ။

"သူတို့အရက်ဆိုင်မှာ လာအလုပ်လုပ်ပေးဖို့ ပြောတာပါ၊ ကိုယ်ခုရတဲ့ လစာထက်လေးဆပေးမယ်တဲ့၊ အရက်ဆိုင်ကို မြို့သစ်ကုန်းကို ရွှေ့ထားတယ်၊ အေးမှာ ရေသန့်စက်ရုံရှိတယ်၊ နေစရာအိမ်လည်း အပိုင်ပေးမယ်တဲ့၊ အခု ဒီငွေသုံးသိန်းက ပြောင်းလာဖို့ စရိတ်တဲ့…"

"အင်း…သူတို့က အပိုင်တွက်ပြီးမှ လာခေါ်တာကိုး"

လောလောဆယ် အိမ်ပြောင်းဖို့စရိတ်သုံးသိန်းရဲ့ ဆွဲဆောင်မှုက ခုချက်ချင်း ကဆုန်ပေါက်တောင် ပြေးသွားချင်နေတာ၊ ဒါက ကျွန်မလောဘ၊ ဒါပေမဲ့ ကျွန်မချစ်လင် အိမ်ဦးအရှင်ရဲ့ အဆုံးအဖြတ်က ရှိသေးတာ…

"သားကြီးက အခုတက်ရင် ဆယ်တန်းဆိုတော့ ကျူရှင်ခ ဘာညာလိုပြီပေါ့ကွာ၊ သားလတ်က ရှစ်တန်း အစိုးရစစ်ဆိုတော့ မြို့ကျောင်းနီးနီးနားနား အဆင်ပြေသွားတာပေါ့၊ အိမ်နဲ့အလုပ်ရုံတွဲထားတော့ မင်းလည်း ငါ့အလုပ်ကူလို့ရတာပေါ့၊ သားကြီးပြန်လာရင် ပစ္စည်းတွေသိမ်းတော့ကွာ"

ဒီလိုနဲ့ အရက်ဆီသိုလှောင်ရုံဌာနကနေထွက်၊ ပုဂ္ဂလိက အရက်ဆီသိုလှောင်ရုံရောက်။ အလုပ်က ပင်ပန်းတာမဟုတ်ပါဘူး။ အရက်ဆီတိုင်ကီပုံးကြီးတွေထဲကနေ ပိုက်နဲ့ ပုံးလေးတွေထဲထည့်၊ ပုလင်းတွေထဲထည့်၊ ချိတ်ပိတ်၊ ချိတ်မီးအပူပေးရင်း ဖော်



ဖော် မီးလောင်ခဲ့ပြီးနောက်မှာတော့ အရက်ဆီပုံး၊ ပုလင်းတွေကို အဖုံးပိတ်ပြီးမှ ချိတ်ပိတ်တော့တယ်။

ဝင်ငွေကောင်းပြီး အလုပ်ကာပင်ပန်းတာ မဟုတ်ပေမယ့် ကိုချိုကတော့ ကျန်းမာရေး ချူချာစပြုလာပါတယ်။ မြွေပွေးရောကင်းမှောင့်ဆိုသလိုပဲ ကိုချိုရဲ့ညီမနဲ့ သူ့ယောက်ျား လေဖြတ်ထားသူနဲ့ ကလေးတစ်ယောက်ကိုလည်း ကိုချိုကပဲ ကြည့်ရှုစောင့်ရှောက်ပေးနေရတယ်။ လေမဖြတ်ခင်ကတော့ အရက်ဆီ အပို့အယူတွေကို သူ့ဆိုက်ကားနဲ့ လုပ်ပေးတာပေါ့။ အရက်ကို နေ့မလင်း၊ ညမလင်း သောက်ရင်း လေဖြတ်သွားတော့ မိသားစုစားဝတ်နေရေးအတွက် ကိုချိုညီမမှာ မိန်းမသားတန်မဲ့ ဆိုက်ကားနင်းပြီး အရက်ယူ၊ ပို့ အလုပ်တွေကို လုပ်ခဲ့ရတယ်။

''ဈေးရောင်းဖို့ဆိုတာကလည်း မလွယ်ပါဘူး ကိုလေးရာ၊ ဈေးသည်တွေ ပုံအောထပ်နေတာ၊ ပြီးတော့ အရက်ပို့တဲ့ကိစ္စက အရင်းရှိတာမှမဟုတ်တာ''

''အေးပါ…ငါကလည်း ယုံရတဲ့သူမှ ခိုင်းချင်တာ၊ နင်ဆိုရင်တော့ ပြီးတာပေါ့၊ ဒါပေမဲ့ မိန်းကလေးတန်မဲ့ ဆိုက်ကားနင်းပြီး…''

''ရပါတယ် ကိုလေးရာ၊ ဒီလေဖြတ်ထားတဲ့သူကို ဆေးကုဖို့ကလည်း လိုသေးတာလေ''

လေဖြတ်ထားတဲ့ လူမမာကလည်း ဘာအာဟာရမှ မဝင်ပါဘူး။ ကိုချိုညီမကတော့ ပိုက်ဆံလေးနည်းနည်းရတာနဲ့ ကြက်ပေါင်းရည်တို့ ငှက်သိုက်တို့ ဝယ်တိုက်ပေမယ့် လူမမာက မသောက်ဘဲ ခွက်ခမ်းကို စေ့ထားပါတယ်။ အရက်ကို ဇွန်းစလေးနဲ့ ဆွတ်ပြီး နှုတ်ခမ်းပေါ်ချပေးရင်တော့ လျှာလေးနဲ့သိမ်းပြီး လျက်တတ်ပါတယ်။ အရက်ကလွဲလို့ ဘာမှ လက်မခံတာပါ။ တဖြည်းဖြည်း အသားအရေတွေ ခြောက်ခန်းပြီး လုံးပါး ပါးသွားပါတော့တယ်။

ကိုချိုဇာတိဖြစ်တဲ့ ဒီမြို့လေးကိုရောက်လာတော့ ကိုးဆူမှာနေတာထက် သာရေးနာရေး၊ လူမှုရေးတွေက များလာတယ်။ ကိုချို့ရဲ့ ကျောင်းနေဘက်တွေ လုပ်ဖော်ကိုင်ဘက်တွေ အများကြီးပဲ။ ကျွန်မ သတိထားလာမိတာကတော့ ကိုချိုနဲ့ပတ်သက်တဲ့ သာရေးနာရေးတွေမှာ သာရေးထက် နာရေးများတာပါ။ တော်ကြာ သေပြန်ပြီ။ အရက်အမူးလွန်ပြီး ရေထဲကျလို့ တော်ကြာ သေပြန်ပြီ။ အရက်မူးပြီး ဆိုင်ကယ်မှောက်လို့၊ တော်ကြာသေပြန်ပြီ အသည်းကင်ဆာနဲ့။ သေနည်းမျိုးစုံနဲ့ သေသွားကြရတာမှာ

သေနည်းမျိုးစုံနဲ့

သေသွားကြရတာမှာ

အခြေခံကတော့

အရက်သောက်လို့

ဖြစ်ကြတာပါပဲ။ တစ်လတစ်လ

လခရဲ့ သုံးပုံတစ်ပုံကို

ကူငွေအတွက်

ဖယ်ထားရတယ်…

အခြေခံကတော့ အရက်သောက်လို့ ဖြစ်ကြတာပါပဲ။ တစ်လတစ်လ လခရဲ့ သုံးပုံတစ်ပုံကို ကူငွေအတွက် ဖယ်ထားရတယ်။

အရက်သမားတွေရဲ့ နောက်ဆုံးသွားရာလမ်းကိုကြည့်ပြီး အရက်မသောက်တတ်တဲ့ အိမ်က အိမ်ဦးသခင် ချစ်တဲ့လင်ကို ကျေးဇူးတွေအထပ်ထပ်တင်နေမိတယ်။ ဒါပေမဲ့ သူ့သူငယ်ချင်းတွေက ဆွယ်ချင်သေးတာ–

''ဟေ့ကောင်…အေးချို၊ မဒိုသေးလေး မှိုဝဲပါလားကွ၊ မင်းဒီထက်ပို နုပျိုသွားမှာ''

ဘယ်လိုဆွယ်ဆွယ်၊ ကိုချိုတို့ကတော့



မပါခဲ့ပါဘူး။

''ကိုယ်တို့အဖေက အရက်သမားကြီး၊ အရိုက်သိပ်ကြမ်းတာ၊ မူးလာရင် အမေရော ကိုယ်တို့ ညီအစ်ကိုမောင်နှမတွေရော အကြောင်းရှာရိုက်တာ၊ အမေလည်း မီးတွင်းထဲမှာ အရိုက်ခံရပြီး စိတ်နောက်သွားတာ၊ အဖေကတော့ မူးပြီး အန်ဖတ်ဆို့သေသွားတော့ ကိုယ်တို့မောင်နှမတွေကို အဖွားက မွေးခဲ့ရတာ၊ အဖိုးကလည်း အရက်သမားပဲ၊ အဲဒီပတ်ဝန်းကျင်မှာနေခဲ့ရတော့ အရက်သမားဘဝကို ကိုယ်ရွံတယ်၊ အလုပ်ကတော့ စားဝတ်နေရေးအရပေါ့၊ ဒီထက်အဆင်ပြေတဲ့ အလုပ်ရှိရင် ကိုယ်လည်း ဒီအလုပ် မလုပ်တော့ဘူး၊ ခြိုက်စားမယ်''

ဒီနေ့ ပုသိမ်တိုင်းဆေးရုံကြီးကို ကိုချို ဆေးသွားစစ်ရမယ်။ ရက်ချိန်းပြန်ပြရမယ်။ ကျော်ကျော်ကတော့ ဆေးဖိုးအတွက်ဆိုပြီး ကိုချို့လက်ထဲကို ငွေနှစ်သိန်း လာထည့်သွားလေရဲ့။

ညှိုးရော်နေတဲ့ ကိုချို့မျက်နှာကိုကြည့်ပြီး ကျွန်မရင်ထဲပူလိုက်တာ။ ဘာရောဂါဆိုတာ ဒီနေ့သိမှာလေ။

ထင်ကြေးနဲ့ ပြောနေကြတာကတော့ 'အသည်း'တဲ့။ ကျွန်မကတော့ မယုံပေါင်။ အသည်းဆိုတာ အရက်သမားတွေသာဖြစ်တာ။ ကျွန်မယောကျ်ားက အရက်မှ မသောက်တာ။ သူတို့တက်က မှားတာနေမှာပါ။

ဟိုတစ်ပတ်ပြတုန်းက ဆရာဝန်က ဘာလုပ်လဲဆိုတော့ ကိုချိုက သူ့ရဲ့အလုပ်ကို ပြောပြလိုက်တယ်။ ဒါမှ ဝေဒနာရဲ့အမှန်ကို သိမှာလေ။

''အသည်းကင်ဆာ・・・သုံးလခံအုံးမယ်''

ကျွန်မ ကမ္ဘာကြီးပျက်စီးသွားတာ ရိုးရိုးသားသားမဟုတ်ဘဲ ဝုန်းနိုင်းကျဲသွားတာပါ။ တစ်စစီ၊ တစ်စစီ၊ အစိတ်စိတ် အမြွာမြွာ၊ ကျွန်မကတော့ ဆရာဝန်ကြီးစကားကို မယုံဘူး။ မမှားသောရှေ့နေ၊ မသေသောဆေးသမားလည်း ရှိတာပဲ၊ ကျွန်မ သေချာအောင် ထပ်မေးတော့မှ・・・

''ဦးအေးချိုက အရက်မသောက်ပေမယ့် အရက်ဆီတွေကို ပုလင်းတွေ၊ ပုံးတွေထဲ ထည့်တဲ့အခါမှာ ပိုက်နဲ့ချူပြီး ထည့်ရလှာယ်ရတယ်၊ အရက်ဆီတွေကို ပိုက်ထဲဆင်းဖို့ လေနဲ့စုပ်တဲ့အခါ အရက်ဆီတွေက ပါးစပ်ထဲ အာခေါင်ထဲရောက်တယ်၊ ကြိမ်ဖန်များစွာ စုပ်ယူလုပ်ရင်းနဲ့ ခံတွင်းထဲကနေ ရင်ခေါင်းထဲက ကလီစာတွေဆီရောက်တာ၊

• • • • • • • • • • • • • • • • • • • •

**လက်လီလက်ကားရောင်းနေတဲ့**
**အရက်ဆိုင်တွေကို**
**ပိတ်ပေးမှာလား။**
**ဒါမှမဟုတ်**
**ကျွန်မတို့မြို့က**
**သချိုင်းကုန်းကို**
**ချဲ့ပေးမှာလား・・・**



ရောက်တဲ့အညော်က ရိုးရိုးအရက်မဟုတ်ဘူး၊ အရက်ဆီ အလွန်ပြင်းတဲ့ မီးတောက်တဲ့ အရက်ဆီ၊ အဲဒါကနေ ရိုးရိုးအရက်သောက်တဲ့လူထက် ဆိုးတာပေါ့၊ အဆီမွှီလို့လေ''

ကျွန်မဖတ်မှုးတဲ့ လှတော်သားစကား အလင်္ကာစာအုပ်ထဲက အကြောင်းအရာလေးတစ်ခုကို သွားသတိရမိတယ်။

တစ်ခါက လှတော်သားတွေနေတဲ့ ရွာလေးကို ကျွန်မောရေးဌာနက ဆရာဝန်တစ်ယောက် ရောက်လာတယ်။ လှတော်ရွာကို အဲဒီဆရာဝန်ရောက်ပြီး မကြာခင်မှာပဲ နေမကောင်းတဲ့လူနာရှိလို့ ဆရာဝန်နဲ့ သွားကုတယ်။ အဲဒီဆရာဝန်နဲ့ ဆေးကုပြီးမကြာခင်ပဲ လူနာဟာ သေသွားတယ်။ ပထမလူနာသေပြီး ရက်ပိုင်းမှာပဲ နောက်ထပ် နေမကောင်းတဲ့လူနာ ဖြစ်လာပြန်လို့ ဆရာဝန်နဲ့ သွားပြတယ်။ ဆရာဝန်ပြပြီး လူနာက သေပြန်တယ်။ အဲဒီဆရာဝန် လှတော်ရွာကို မရောက်ခင်က လှတော်ရွာသွားတွေဟာ ကျန်းမာကြတယ်။ အသေအပျောက်နည်းကြတယ်။ အခု လှတော်ရွာကို ဆရာဝန် ရောက်လာပါမှ နေထိုင်မကောင်းသူတွေများပြီး ဆရာဝန်နဲ့ ဆေးကုသခံရတဲ့သူတွေဟာ အသက်ဆုံးရှုံးသွားခဲ့ရတယ်။ အဲဒီတော့ လှတော်ရွာက ရွာသူရွာသားတွေဟာ မြို့က အုပ်ချုပ်ရေးလူကြီးတွေဆီကို ပိုင်းပြီးစာရေး တောင်းဆိုလိုက်တယ်။ သူတို့တောင်းဆိုလိုက်တဲ့ စာကတော့・・・

''အခု လှတော်ရွာက ဆရာဝန်ကို နယ်ပြောင်းပေးမလား။ ဒါမှမဟုတ် လှတော်ရွာက သချိုင်းကုန်းကို ချဲ့ပေးမလား''ဆိုတာပါပဲ။

ကျွန်မလည်း လှတော်ရွာသားတွေ တောင်းဆိုသလိုပဲ တောင်းဆိုချင်တာပါ။ အရက်သောက်တဲ့သူရော၊ မသောက်တဲ့သူရော၊ အရက်ရဲ့ဒုက္ခကို ခံစားနေကြရတဲ့ အားလုံးသောအရက်(မူးယစ်ဆေးဝါး)ရဲ့ ပတ်ဝန်းကျင်ကလူတွေကိုယ်စား တောင်းဆိုတာပါ・・・

လက်လီလက်ကားရောင်းနေတဲ့အရက်ဆိုင်တွေကို ပိတ်ပေးမှာလား။ ဒါမှမဟုတ် ကျွန်မတို့မြို့က သချိုင်းကုန်းကို ချဲ့ပေးမှာလား・・・''လို့။

**မကျေးဥ**



# ကော့စတာရီကာမှ ကျောက်ဘောလုံးကြီးများ
## (Stone Spheres of Costa Rica)

ကိုနန္ဒ(သုတေသန)



ကျွန်တော်တို့နေထိုင်ရာကမ္ဘာကြီးတွင် အပြေမရှာနိုင်သေးသည့် ထူးဆန်းသောနေရာများ၊ ရှေးခေတ်လူသားများ၏ ဖန်တီးထားချက်တွေ မြောက်မြားစွာရှိခဲ့ကြပါတယ်။ အဲဒီထဲကမှ ကော့စတာရီကာနိုင်ငံမှာတွေ့ရှိကြရတဲ့ လုံးဝန်းသော ကျောက်တုံးများ (ကျောက်ဘောလုံးများ)အကြောင်းကို တင်ပြပေးလိုက်ပါတယ်။ အကြောင်းကတော့ ယခုခေတ်နည်းပညာများဖြင့်ပင် ဖန်တီးရန်မလွယ်လှသော ကျောက်ဘောလုံးကြီးများကို ကော့စတာရီကာနိုင်ငံရဲ့ တောနက်ကြီးထဲမှာ တွေ့ရှိခဲ့ကြရပါတယ်။







## တည်နေရာ

ကျောက်ဘောလုံးများကို ၁၉၃၀ ပြည့်နှစ်အတွင်း ကော့စတာရီကာနိုင်ငံ၏ Diquis Valley ဒေသတွင် United Fruit ကုမ္ပဏီမှ ငှက်ပျောပင်စိုက်ခင်းများအတွက် တောရှင်းရန် မီးတိုက်ခဲ့ရာမှ စတင်တွေ့ရှိခဲ့ကြပါတယ်။ မီးလောင်ပြင်တွင် ကျောက်ဘောလုံးကြီးများကို အရွယ်အစားအကြီး၊ အသေးမျိုးစုံဖြင့် အံ့အားသင့်ဖွယ် တွေ့ရှိကြရပါတယ်။ ယင်းနောက်ပိုင်း ကျောက်ဘောလုံးများကို ကာဗွန်နည်းဖြင့် စမ်းသပ်ချက်အရ ဘီစီ ၂၀၀ ခန့်မှ အေဒီ ၈၀၀ ခန့် ကာလများအတွင်းက ထုဆစ်ခဲ့သည်ဟု ခန့်မှန်းခဲ့ကြသလို တချို့သော ပညာရှင်များကလည်း အဆိုပါခုနှစ်ထက် စောနိုင်တယ်လို့ ထင်ကြေးအမျိုးမျိုး သတ်မှတ်ခဲ့ကြပါတယ်။ သက်တမ်းသတ်မှတ်မှုနှင့်ပတ်သက်ပြီး အငြင်းပွားမှုတို့ ရှိခဲ့ကြသော်လည်း ၂၀၁၄ ခုနှစ်တွင် ယူနက်စကိုက ကော့စတာရီကာနိုင်ငံ၏ Diquis Valley ဒေသကို ရှေးဟောင်းသဘာဝနယ်မြေတစ်ခု အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။









> မည်သည့်ရည်ရွယ်ချက်ဖြင့် ထုဆစ်ခဲ့ကြတယ်ဆိုတာ အတိအကျ မည်သူမျှ မပြောနိုင်ကြသလို မည်သည့်အတတ်ပညာကို အသုံးပြုခဲ့ကြတယ်ဆိုတာလည်း အတိအကျ မပြောနိုင်ကြပေ•••

## အရွယ်အစားနှင့် အလေးချိန်

ကျောက်ဘောလုံးများဟာ အရွယ်အစား မျိုးစုံရှိကြပြီး အသေးဆုံးမှာ ဘော့စ်ဘောလုံးအရွယ်မှ အကြီးဆုံး လူတစ်ရပ်မကသော အရွယ်အထိ ရှိကြပါတယ်။ အသေးဆုံး ကျောက်ဘောလုံးသည် အချင်း စင်တီမီတာအနည်းငယ်မှ အကြီးဆုံး၂ မီတာ (၆ဒသမ၆လက်မ)အထိ အရွယ်အစားမျိုးစုံ ရှိကြပြီး အလေးချိန်မှာလည်း အကြီးဆုံးဟု သတ်မှတ်ရသော ကျောက်ဘောလုံးကြီး တစ်လုံး၏ အလေးချိန်သည် ၁၅ တန်အထိ ရှိပါတယ်။

## တွေ့ရှိခန့်မှန်းချက်များ

ယနေ့အချိန်ထိ ကျောက်ဘောလုံးကြီးများကို မည်သည့်ရည်ရွယ်ချက်ဖြင့် ထုဆစ်ခဲ့ကြတယ်ဆိုတာ အတိအကျ မည်သူမျှ မပြောနိုင်ကြသလို မည်သည့်အတတ်ပညာကို အသုံးပြုခဲ့ကြတယ်ဆိုတာလည်း အတိအကျ မပြောနိုင်ကြပေ။ တချို့သော သုတေသီပညာရှင်များက ကျောက်ဘောလုံးကြီးများကို လူတို့ကိုယ်တိုင် ထုဆစ်ခဲ့ကြပြီး အလွန်ပူပြင်းသော မီးတိုက်သောနည်းဖြင့် အသုံးပြုခဲ့တယ်လို့ ဆိုကြပြန်ပါတယ်။ တချို့ကလည်း သဘာဝအတိုင်းတည်ရှိနေတာလို့ ဆိုကြပြန်ပါတယ်။ ဒီကျောက်ဘောလုံးများဟာ Diquis Valley ဒေသမှ မိုင် ၃၀ ခန့်အတွင်းမှာသာ ပြန့်ကျဲတည်ရှိနေကြပါတယ်။ ဒီအချက်ကလည်း ထူးခြားနေပါတယ်။ ဒါ့အပြင် ကျောက်တုံးကြီးဟာ မည်သည့်အတွက်ကြောင့် နေရာအနှံ့အပြား ပြန့်










ကျဲ တည်ရှိနေပါသနည်း။ ကျောက်တုံးကြီးများကို မည်သို့သယ်ဆောင်ခဲ့ကြပါသနည်း။ စသောအချက်များက ပဟေဠိဆန်လှသည်ကိုလည်း တွေ့ရပါတယ်။ နက္ခတ်ပညာရှင်များကတော့ ကျောက်ဘောလုံးများ၏ ပြန့်ကျဲတည်ရှိနေပုံသည် ကောင်းကင်မှကြယ်တာရာများ၏ အနေအထားနှင့် ဆက်စပ်နေသည်ဟုဆိုကြပါတယ်။ တချို့ကလည်း ကျောက်လုံးကြီးများအတွင်းတွင် ရွှေးလူများ၏ရတနာများ ထည့်သွင်းထားသည်ဟု ထင်ကာ ဒိုင်းနမိုက်ဖြင့်ဖောက်ခွဲကာ ရှာဖွေခဲ့ကြပါတယ်။ သို့သော် မည်သည့်အရာမျှ မတွေ့ကြရပေ။

## ထိန်းသိမ်းမှု

ယနေ့အချိန်တွင် အထက်ပါ ကျောက်ဘောလုံးများကို ကော့စတာရီကာနိုင်ငံ၏ ကျောင်းများ၊ ဆေးရုံများနှင့် ပြခန်း၊ ပြတိုက်များသို့ ရွှေ့ပြောင်းသယ်ယူပြီး နောင်လာနောင်သားတို့မြင်တွေ့နိုင်ရန် ထိန်းသိမ်းထားရှိပေးထားပါတယ်။

**ရဲမာန်ခ**
Source;Stone Spheres of Costa Rica
By Wi-kipedia.com












# ရုပ်ရှင်ခေတ်ဦးမှသည် အနာဂတ်ရုပ်ရှင်ခေတ်ဆီသို့ (အပိုင်း-၂)



သိပ္ပံစာရေးဆရာကိုကိုအောင်

## နာမည်ကျော် ရုပ်ရှင်ပြစက်များ

ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ခေတ်ကာလကိုလိုက်၍ ရုပ်ရှင်ပြစက်များကို ထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ကလည်း လိုက်လျောညီထွေ ပြောင်းလဲခဲ့သည်။ အသံတိတ် ရုပ်ရှင်ခေတ်က အင်္ဂလန်နိုင်ငံလုပ် GK-37 နှင့် ဂျာမနီနိုင်ငံလုပ် Zeiss ရုပ်ရှင်ပြစက်များသည် နာမည်ကျော်အမှတ်တံဆိပ်များ ဖြစ်ခဲ့သည်။



အသံထွက် ရုပ်ရှင်ခေတ်သို့ ပြောင်းလဲရောက်ရှိလာသည့် အခါ၌မူ ဂျပန်နိုင်ငံလုပ် Toshiba TP-10 အမျိုးအစားကို လုပ်ငန်းရှင်တို့က ပို၍နှစ်သက်လာခဲ့သည်။ နောက်ပိုင်းတွင် ကာတွန်းချောင်းကိုမီးရှို့၍ ပြသရသော သမားရိုးကျ ရုပ်ရှင်ပြစက်များနေရာ၌ အီတလီနိုင်ငံလုပ် စီမွန်မီးသီးသုံး Victoria 5/S အမျိုးအစားများက နေရာယူလာခဲ့ကြသည်။

## သရုပ်ဆောင်တို့၏ကဏ္ဍ

ရုပ်ရှင်ရိုက်ကူးသည့်အခါ ရိုက်ကူးမှု စက်ကိရိယာများ အစစအရာရာ ပြည့်စုံမှုရှိလျှင် သရုပ်ဆောင်များအနေဖြင့် သက်သောင့်သက်သာ သရုပ်ဆောင်နိုင်ကြစုံမှုမက ဇာတ်ဝင်ခန်းတစ်ခန်းအတွက် တစ်ကြိမ်သာလျှင် ရိုက်ကူးကြရသည်။ ရိုက်ကူးမှု စက်ကိရိယာများ ချို့တဲ့ခြင်း၊ ကင်မရာ တစ်လုံး နှစ်လုံးတည်းဖြင့် ရိုက်ကူးခြင်းများ ၌မူ သရုပ်ဆောင်များသည် ဇာတ်ဝင်ခန်း တစ်ခန်းတည်းကိုပင် အလီလီခွဲ၍ ရိုက်ကူးကြရခြင်းကြောင့် အကြိမ်ကြိမ်ပြန်၍ သရုပ်ဆောင်ကြရသဖြင့် ပင်ပန်းကြသည်။ သရုပ်ဆောင်ရာတွင် ခံစားမှု(Feeling)ကို လုပ်ယူကြရာ၌ ခံစားမှုတစ်ခုတည်းကို အလီလီခွဲ၍ ပြန်လည်အသက်သွင်းနေကြရသဖြင့် ဇာတ်ကား၏ သရုပ်ပါအသက်ဝင်မှုကို အဟန့်အတား ဖြစ်စေတတ်သည်။

## အထူးပြုလုပ်မှုရိုက်ချက်များ

သမားရိုးကျ ဇာတ်လမ်းဇာတ်အိမ်မျိုး မဟုတ်ဘဲ ရောမသတ္တဝါကြီးများ၊ ရေပြင်တိုက်ပွဲများ၊ လေဟာင်တိုက်ပွဲများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပုံများ၊ ပေါက်ကွဲပျက်စီးမှုကြီးများ စသည်တို့ပါဝင်သည့် ဇာတ်လမ်းမျိုးအတွက်မူ Animation Camera ခေါ် အထူးဖန်တီးမှု ကင်မရာများကို အသုံးပြု၍ ရိုက်ကူးကြရသည်။

စားပွဲပေါ်တွင် ပုံတူစက်ရုပ်အသေးများ ပြုလုပ်ကာ လှုပ်ရှားမှုကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်၍လည်းကောင်း၊ ရေဇလုံကြီးထဲတွင် သင်္ဘောပုံစံငယ်လေးများ တည်ဆောက် ရွှေ့လျားစေခြင်းဖြင့်လည်းကောင်း၊ အခန်းငယ်ကလေးထဲတွင် ဖန်တီးပြုလုပ်ထားသည့် စက်ကိရိယာနှင့် ပုံစံတူ အရုပ်ကလေးများဖြင့်လည်းကောင်း Animation Camera ကို အသုံးပြုကာ တကယ်ဖြစ်နေသကဲ့သို့ ထင်ရအောင် ရိုက်ကူးကြရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ကြီးကို မသမာသူတစ်စုတို့က ဖန်တီးပြုလုပ်ထားသော စက်ရုပ်ကင်းကောင်ကြီးက လိုက်လံဖျက်ဆီးနေမှုကို လူသားမိန်းမပျိုကလေးနှင့် ရင်းနှီးကျွမ်းဝင်နေသည့် ဗျောမကောင်းကောင်ကြီး တိုက်ခိုက်နှိမ်နင်းလိုက်သည့် King Kong



Escape ဇာတ်ကားသည်လည်းကောင်း၊ ကမ္ဘာဦးလူသားတို့ကို တိုက်ခိုက်နေသော Gozilla ဇာတ်ကားသည်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်နိုင်ငံ ပုလဲဆိပ်ကမ်းကို ဂျပန်တို့က လေတပ်အင်အား အလုံးအရင်းဖြင့် ဝိုင်းကြံတိုက်ခိုက်သော Tora, Tora, Tora ဇာတ်ကားသည် လည်းကောင်း၊ ရေဒီယိုသတ္တိကြွ ရောင်ခြည်သင့်နေသည့် ခွေးကလေး လိုက်ပါလာသည့် ရထားကြီးအား အာဏာပိုင်တို့က အန္တရာယ်ချောက်ကမ်းပါးရှိရာသို့ အတင်းအကျပ်မောင်းနှင်စေခဲ့သော Cassendra Crossing ဇာတ်ကားသည်လည်းကောင်း၊ ခရီးသည်ပေါင်း ၂၂၂၇ ယောက်ကို တင်ဆောင်၍ အင်္ဂလန်နိုင်ငံ၊ ဆောက်သမ်တန်






ပြီးမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ခရီးနှင်ခဲ့သော ဇိမ်ခံသင်္ဘောကြီး ဘေးအကြွ ကျရောက်သည့် Titanic ဇာတ် ကားသည် လည်းကောင်း Animation Camera ဖြင့် ရိုက်ကူးခဲ့ကြသော ဇာတ်လမ်းများ ဖြစ်ကြ သည်။

## ကာတွန်းရုပ်ရှင်ဇာတ်လမ်းများ

လူသား၊သရုပ်ဆောင်တို့ပါဝင်သော ဇာတ်လမ်းဇာတ်အိမ်မျိုးမှ ခွဲထွက်ကာ ကာ တွန်းဇာတ်ကောင်များဖြင့် ဖန်တီးထားသည့် ကာတွန်းရုပ်ရှင်များကိုလည်း ရိုက်ကူးထုတ် လုပ်ခဲ့ကြသည်။ ကာတွန်းဇာတ်လမ်း တစ် မိနစ်စာအတွက် ကာတွန်းပုံပေါင်း ရာနှင့်ချီ၍ ရေးဆွဲကြရသည်။ ပုံအရေအတွက် ပိုများ ပြီး အကွက်စိပ်လေလေ ကာတွန်းရုပ်၏ လှုပ်ရှားမှု ပို၍ပီပြင်လေလေဖြစ်သည်။ ထောင်ချီနေသည့် ကာတွန်းဇာတ်လမ်းပေါင်း ရာနှင့်ချီ၍ ရေးဆွဲခဲ့သော ကမ္ဘာကျော် ကာတွန်းဆရာကြီးဖြစ်ပြီး တစ်ကမ္ဘာလုံးက စိတ်ဝင်စားလောက်သည့် စနိုးဝိုက်နှင့် လူပုလေး ခုနစ်ယောက် ကာတွန်းဇာတ်လမ်းရှည်ကြီး ကို ၁၉၃၇ ခုနှစ်က ဖန်တီးရိုက်ကူးခဲ့သည်။

အအေးပိုင်းဒေသတွင် နေထိုင်ကျက် စားသော သမင်တို့၏ဘဝကို ဖော်ညွှန်း သည့် Bambi ဇာတ်လမ်းသည်လည်း ကောင်း၊ လူကုံထံသူဌေးမကြီး မွေးမြူထား သည့် ကြောင်မိသားစုတစ်စု မမျှော်လင့်ဘဲ ဒုက္ခပင်လယ်ဝေခဲ့ပြီး မူလသခင်ထံ ပြန်လည် ရောက်ရှိလာသည့် The Aristo Cats ဇာတ် လမ်းသည်လည်းကောင်း ခေတ်စားနေ၏ ထင် ရှားကျော်ကြားသော ကာတွန်းဇာတ်လမ်း ရှည်ကြီးများ ဖြစ်ကြသည်။

## ခေတ်ပြောင်းခဲ့ပြီ

နှစ်ဆယ်ရာစု၏ အလယ်ပိုင်းကာလ အလွန်တွင် ရုပ်ရှင်ကင်မရာဖြင့် ရိုက်ကူးရန် ခက်ခဲသည့် အထူးပြုလုပ်ချက် (Special Effects) များကို ကွန်ပျူတာဖြင့်ဖန်တီးပြီး ရုပ်ရှင်ဇာတ်ကားများတွင် ဖြည့်စွက်ပေးခဲ့ကြ သည်။ ကွန်ပျူတာဂရပ်ဖစ်ပညာဖြင့် ဖန်တီး ထုတ်လုပ်ခဲ့သည့် Star Wars၊ Deep Rising၊ Dragon Heart စသော ရုပ်ရှင် ဇာတ်ကားကြီးများနှင့် Star Track၊ Time Track စသော ရုပ်သံဇာတ်လမ်းတွဲများသည် ကမ္ဘာ့ပရိသတ်တို့၏ အသည်းနှလုံးကို ညို့ ယူ ဖမ်းစားနိုင်ခဲ့ကြသော ကမ္ဘာကျော်ဇာတ် လမ်းများ ဖြစ်ကြသည်။

ကွန်ပျူတာနည်းပညာများ
တိုးတက်လာသည်နှင့်အမျှ
ရုပ်ရှင်ဖလင်ထဲက ရုပ်ပုံများကို
ကွန်ပျူတာထဲသို့
တိုက်ရိုက်ထည့်သွင်းနိုင်ခြင်း၊
ကွန်ပျူတာဖြင့် ဖန်တီးထားသော
ဇာတ်ကောင်များကို
ရုပ်ရှင်ဖလင်ကော်ပြားပေါ်သို့
ပြောင်းလဲပုံဖော်ပေးခြင်းများကို
ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်သည်။

ထို့ပြင် လူသားသရုပ်ဆောင်များလည်း ပါဝင်မှုမရှိ၊ ကာတွန်းရုပ်ရှင်လည်း မဟုတ် သည့် ကွန်ပျူတာဖန်တီးမှုသက်သက် ဇာတ် လမ်းများသည်လည်း နှစ်ဆယ်ရာစု၏ နှောင်းပိုင်းကာလတွင် စတင်ပေါ်ထွက်လာခဲ့ သည်။ ကွန်ပျူတာနည်းပညာများ တိုးတက် လာသည်နှင့်အမျှ ရုပ်ရှင်ဖလင်ထဲက ရုပ်ပုံ များကို ကွန်ပျူတာထဲသို့ တိုက်ရိုက်ထည့် သွင်းနိုင်ခြင်း၊ ကွန်ပျူတာဖြင့် ဖန်တီးထား သော ဇာတ်ကောင်များကို ရုပ်ရှင်ဖလင် ကော်ပြားပေါ်သို့ ပြောင်းလဲပုံဖော်ပေးခြင်း များကို ဆောင်ရွက်နိုင်ခဲ့ကြပြီ ဖြစ်သည်။

ယခင်က Animation Camera ဖြင့် ပုံစံတူပြုလုပ်ကာ ရိုက်ကူးခဲ့ကြရသော ကင်း ကောင်၊ ဂေါ်ဇီလာ၊ ဒိုင်နိုဆောကဲ့သို့သော ဇာတ်ကားမျိုးကို ကွန်ပျူတာဂရပ်ဖစ် နည်း ပညာဖြင့် ဖန်တီး၍ လူသားသရုပ်ဆောင် များ၏ သရုပ်ဆောင်ချက်များနှင့် ပေါင်းစပ် ရိုက်ကူး တင်ဆက်နိုင်ကြပြီဖြစ်သည်။ ယခင် က ကြီးမားကျယ်ပြန့်ခဲ့သော ရုပ်ရှင်ရိုက် ကူးမှု လုပ်ငန်းသည် ခေတ်မီတိုးတက်သော ဂေါက်ကီမိုယာအနည်းငယ်မျှဖြင့် ကျစ်ကျစ် လျစ်လျစ် ဆောင်ရွက်နိုင်သော လုပ်ငန်း တစ်ခုအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

## မျက်မှောက်ရုပ်ရှင်

ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ထူးထူးခြားခြား အောင်မြင်ကျော်ကြားခဲ့ သော ရုပ်ရှင်ဇာတ်လမ်းများစွာနှင့် ရုပ်ရှင်






သရုပ်ဆောင်များစွာတို့ ပေါ်ထွန်းခဲ့သည်။ တစ်ချိန်က ဟောင်ကောင်ရုပ်ရှင်မင်းသား ဘရုစ်လီသည် ကင်မရာလှည့်စားချက်များကို မသုံးဘဲ ကိုယ်တိုင်ကျွမ်းကျင်တတ်မြောက်သော ကွန်ဖူးပညာဖြင့် ပကာတိအမှိုအတိုင်း ရိုက်ကူးတင်ဆက်ခြင်းဖြင့် လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားခဲ့သည်။

ကမ္ဘာကျော် စာရေးဆရာကြီး လီယိုတော်စတွိုင်းလ်က ၇ နှစ်တိုင်တိုင် ရေးသားခဲ့ရသည့် စစ်နှင့်ငြိမ်းချမ်းရေး (War & Peace) ဇာတ်လမ်းရှည်ကြီးကို ပြဇာတ်အဖြစ် စင်တင်ပြသရာ၌ ၇ ရက် ကြာမြင့်ခဲ့ပြီး ရုပ်ရှင်အဖြစ် တင်ဆက်ရာ၌ ပြသချိန် ၇ နာရီ ကြာမြင့်သည့်အတွက် ပရိသတ်များကို နှစ်ပိုင်းခွဲ၍ ပြသခဲ့ရသည်။

သမားရိုးကျ ရုပ်ရှင်အတတ်ပညာ သက်သက်ဖြင့်သာ ရိုက်ကူးထုတ်လုပ်ခဲ့သည့် My Fair Lady နှင့် Sunflower တို့သည်လည်း ပရိသတ်တို့၏ နှလုံးသားထဲ၌ စွဲထင်ကျန်ရစ်ခဲ့သော ကမ္ဘာကျော် Drama ဇာတ်ကားများ ဖြစ်ခဲ့သည်။

ကမ္ဘာကျော် ကာတွန်းဆရာကြီး ဝေါ့ဒစ္စနေ၏ Lion King ကာတွန်းရုပ်ရှင်ဇာတ်ကားသည်လည်း Snow White နှင့် Bambi တို့ကဲ့သို့ပင် နာမည်ကျော်ကြား လူကြိုက်များခဲ့သည်။ ကွန်ပျူတာ ဖန်တီးချက်များဖြင့် ရိုက်ကူးထားသည့် ပြဒါးလူသားဇာတ်ကောင်ပါဝင်သော Terminator 2 ဇာတ်လမ်းသည် မဖြစ်နိုင်မှန်းသိလျက်နှင့် စိတ်လှုပ်ရှားရသော ရုပ်ရှင်ဇာတ်ကားအဖြစ် နာမည်ကျော်ကြားခဲ့သည်။

လူသားသရုပ်ဆောင်နှင့် ကွန်ပျူတာ ဖန်တီးချက်များကို ပေါင်းစပ်ထားသော Space Jam ဇာတ်ကားသည်လည်း ဘတ်စကက်ဘောကစားနည်းကို အခြေခံထားသည့် အားကစားပရိသတ်အကြိုက် ရုပ်ရှင်ဇာတ်လမ်းတစ်ခုအဖြစ် အောင်မြင်မှုရရှိခဲ့သည်။

ကွန်ဖူးပညာကို ဟာသနှော၍ စနစ်ကျစွာ ရိုက်ကူးတတ်သော ဂျက်ကီချန်း၏ Operation Condor ဇာတ်ကားသည်




ကင်မရာများစွာကို တစ်ပြိုင်တည်းသုံး၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အာရပ်များကပင် ဩချရလောက်အောင် ချီးမွမ်းခံခဲ့ရသော ဇာတ်ကားဖြစ်ခဲ့သည်။

ကွန်ပျူတာဖန်တီးချက်သက်သက်ဖြင့်သာ ရိုက်ကူးထုတ်လုပ်ခဲ့သော Ant-Z ကို ကမ္ဘာ့ပထမဦးဆုံးသော ရာနှုန်းပြည့် ကွန်ပျူတာ နည်းပညာသုံးဇာတ်ကားအဖြစ် ထူးခြားစွာ တင်ဆက်နိုင်ခဲ့သည်။

ယခင်က စိတ်ကူးယဉ်သက်သက်ဖြင့် ရိုးရှင်းစွာ ရိုက်ကူးတင်ဆက်ခဲ့သော လင်းနို့လူသား (Batman) ဇာတ်လမ်းကို ကွန်ပျူတာ ဂရပ်ဖစ်ပညာနှင့် Animation ရိုက်ချက်များဖြင့် ထပ်မံဆန်းသစ်ထားသော ခေတ်လွန်သိပ္ပံကားသစ် Batman & Robin သည်လည်း စိတ်ကူးယဉ်ဇာတ်လမ်းမှန်းသိလျက်နှင့် အလွန်ကြည့်ကောင်းသည့် ဇာတ်ကားအဖြစ် လူကြိုက်များခဲ့သည်။

## နှစ်ဆယ့်တစ်ရာစု၏ အအောင်မြင်ဆုံးရုပ်ရှင်

အော်စကာ ၁၁ ဆုရ Titanic ဇာတ်ကားဖြင့် ကမ္ဘာကျော်ခဲ့သော ရုပ်ရှင်ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းသည် သမားရိုးကျ ဇာတ်အိမ်များမှခွဲထွက်၍ ခေတ်လွန်သိပ္ပံရုပ်ရှင် Avatar ဇာတ်ကားအား ရိုက်ကူးခဲ့ပြီး ဝင်ငွေ အများဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယင်းဇာတ်ကားတွင် သက်ရှိပြိုဟ်





သား မျိုးနွယ်စုတို့၏ ထူးဆန်းသည့် ပုံပန်းသဏ္ဌာန်ကို ကွန်ပျူတာပညာဖြင့် စိတ်ကြိုက်ပုံဖော်ပြီး၊ လူသားသရုပ်ဆောင်တို့၏ ပကတိမျက်နှာနှင့် ပေါင်းစပ်ပေးလိုက်ခြင်းဖြင့် မျိုးနွယ်စုဝင်တို့၏ မတူကွဲပြားသော ရုပ်ရည်အမျိုးမျိုးကို သဘာဝကျအောင် ဖန်တီးရိုက်ကူးခဲ့သည်။

အလားတူပင် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က အောင်မြင်ကျော်ကြားခဲ့သော Planet of the Apes ဇာတ်ကား၏ မျိုးဆက်သစ်ဇာတ်ကားဖြစ်သော Rise of the Planet of the Apes ကို ရုပ်ရှင်အတတ် ပညာရှင်တို့က ရိုက်ကူးရာ၌လည်း Avatar ဇာတ်ကားမှာကဲ့သို့ပင် လူသားသရုပ်ဆောင်တို့၏ ပကတိမျက်နှာနှင့် ကွန်ပျူတာပုံဖော်ပညာကို ပေါင်းစပ်ပေးလိုက်ကာ၊ လူဝံပေါင်းများစွာတို့ကို တစ်ကောင်နှင့်တစ်ကောင် ရုပ်ရည်မတူအောင် ဖန်တီးရိုက်ကူးပြီး ဝင်ငွေစံချိန်တင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

## သရီးဒီရုပ်ရှင်

ရုပ်ရှင်ရိုက်ကူးရာ၌ နည်းပညာများ ပြောင်းလဲတိုးတက်လာသည့်နည်းတူ ရုပ်ရှင်ပြသရာ၌လည်း သမားရိုးကျမြင်ကွင်းမှသည် သုံးဘက်မြင် ရုပ်ကြွမြင်ကွင်း(3-Dimension) အဖြစ်သို့ နည်းပညာများက တွန်းပို့ပေးခဲ့သည်။ ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ထားသော ရုပ်ရှင်ပြစက်များက ဆုံမှတ် (Focal Point) မတူညီသော ရုပ်ပုံများကို ပိတ်ကားပေါ်၌ ပြသပေးနေစဉ် ရုပ်ရှင်ကြည့်ပရိသတ်တို့ တပ်ဆင်ထားသော မျက်မှန်က ဆုံချက် (Focus) ကို ရှာဖွေပေးလိုက်သည့်အတွက် ရုပ်လုံးကြွပုံသဏ္ဌာန်ကို မြင်တွေ့ကြည့်ရှုကြရသည်။

ရုပ်ရှင်ဇာတ်ကားတစ်ကားကို သရီးဒီစနစ်ဖြင့် ထုတ်လုပ်ရာ၌ သမားရိုးကျ ထုတ်လုပ်မှုထက် ကုန်ကျစရိတ် ပိုမိုများပြားသည့်အတွက် သာမန်အားဖြင့် ရုပ်ရှင်ထုတ်လုပ်သူတို့က သရီးဒီရုပ်ရှင်ကို တိုက်ရိုက်ထုတ်လုပ်လေ့မရှိဘဲ အောင်မြင်မှုရရှိပြီးသည့် ရုပ်ရှင်ဇာတ်ကားအချို့ကိုသာ သရီးဒီစနစ်သို့ ပြောင်းလဲပြီး ထပ်မံထုတ်လုပ်ကြသည်။ ဂျွိုက်ရဆန်သော စိတ်နယ်လွန် သရီးဒီရုပ်ရှင်များသည် ပိုမိုပြောင်မြောက်လွန်းသည့်အတွက် စိတ်မခိုင်သူများအနေဖြင့် ကြည့်ရှုရန်မသင့်ပေ။

## အနာဂတ်ရုပ်ရှင်

မျက်မှောက် ရောက်ရှိနေဆဲကာလသည် သိပ္ပံနှင့် နည်းပညာ အလွန်တိုးတက်သော အချိန်ဖြစ်သည်နှင့်အညီ အံ့မခန်း ဖန်တီးမှုများကို ကြည့်ရှုခံစားနိုင်ကြသည့် အချိန်ကာလပင်ဖြစ်သည်။ လာမည့် အနာဂတ်ကာလတွင် သိပ္ပံသဘောသက်သက်မျှသာ မဟုတ်တော့ဘဲ သိပ္ပံသဘောနှင့် သက်ရှိသဘောတို့ ရောယှက်နေသည့် ဆိုက်ဘာနက်တစ် (Cybernectics) နယ်ပယ်ကြီး ကျယ်ပြန့်လာတော့မည်ဖြစ်သည်။

Avatar ရုပ်ရှင်ဇာတ်ကားသည် ဆိုက်ဘာနက်တစ်သဘော၏ မိတ်ဆက်နိဒါန်းမျှသာ ဖြစ်သည်။ အနာဂတ်ကာလတွင် အနန္တကြာဝဠာအတွင်း၌ မျှော်မှန်းမထားသော ရှာဖွေတွေ့ရှိမှုများစွာတို့က လက်ရှိအတည်ပြုထားသော သီအိုရီနှင့် အယူအဆများကိုပင် ပြန်လည်သုံးသပ်ရမည့် အနေအထားသို့ ရောက်ရှိလာစေနိုင်သည်။

တစ်ချိန်က စိတ်ကူးယဉ်ဇာတ်လမ်းအချို့သည် လက်ရှိလူ့နယ်ပယ်၌ ကြုံတွေ့နေရမှုများနှင့် နီးစပ်လာနေသည်ကို သတိပြုသင့်ကြသည်။ ကမ္ဘာကျော် စိတ်ကူးယဉ်ဇာတ်လမ်းများကို ဖန်တီးထုတ်လုပ်ခဲ့သူများသည် မျက်ရမ်းမှန်းဆ လုပ်ဆောင်နိုင်ခဲ့ခြင်းမဟုတ်ဘဲ၊ ဘာသာရပ်အသီးသီး နယ်ပယ်အသီးသီးတို့နှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနှင့် အထောက်အပံ့များကို ရယူပြီးမှသာ လုပ်ဆောင်ခဲ့ကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် လာမည့် အနာဂတ်ကာလ၌ ကွန်ပျူတာနည်းပညာဖြင့်ပေါင်းစပ်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်လမ်းများသည် ယခုအချိန်မှာထက် ပို၍စိတ်လှုပ်ရှားဖွယ်၊ ရင်သပ်ရှုမောဖွယ်၊ တုန်လှုပ်ချောက်ခြားဖွယ် ကောင်းလာမည်မှာသေချာနေပေတော့သည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**


City MAGAZINE
ဘဝ
ဘယ်
ဘိုး
ဝိုး
ရိုး
တက္ကသိုလ်
မောင်မိုးရိပ်
SHORT STORY

ဒီအတိုင်းဆို အဲဒီ မုန့်ဟင်းခါးဆိုင်ကို သွားစားကြည့်မှဖြစ်တော့မည်။ လူပြောသူပြောကလည်း တော်တော်များလာပြီ။ တကယ်လည်းကောင်းလို့ သည်လိုနေရာမျိုးမှာ လာရောင်းရဲတာပဲ ဖြစ်လိမ့်မည်။ မုန့်ဟင်းခါးနာမည်က ''ပုသိမ်မုန့်ဟင်းခါး''ဆိုပဲ။

သူနေထိုင်ရာလမ်း၏ တစ်ဖက်လမ်းရှိ ကန့်ထရိုက်တိုက် မြေညီထပ် ၁၅ ပေ၊ ပေ ၆၀ အခန်းလေး၌ ထိုမုန့်ဟင်းခါးဆိုင် လာဖွင့်ထားခြင်းဖြစ်သည်။ မုန့်ဟင်းခါးနှင့်အတူ လက်ဖက်ရည်ကိုပါ တွဲရောင်းတော့ လက်ဖက်ရည်သမားများအတွက် အဆင်ပြေသွားရသည်။

ယင်းမုန့်ဟင်းခါးဆိုင် မဖွင့်ခင်က ကုန်စုံဆိုင် ဖွင့်ခဲ့သည်။ အဲဒီကုန်စုံဆိုင်မတိုင်မီက ဖြူတီပါလာဆိုင် ဖွင့်ခဲ့ဖူးသည်။ ဆိုင်ခန်းငှားရမ်းခ ဈေးကြီးလို့ပဲလား၊ အရောင်းအဝယ် အလုပ်အကိုင် မကောင်းလို့ပဲလား၊ မတော့မသိ၊ ခန့်မှန်းခြေ တစ်နှစ်စီလောက်သာ အသီးသီးငှားဖွင့်ခဲ့ကြပြီး ဘယ်ရောက်သွားမှန်း မသိကြတော့ပေ။

အခုတော့ မုန့်ဟင်းခါးဆိုင်ဖြစ်သွားပြီ။ ဒီပတ်ဝန်းကျင်၌ နာမည်ရပြီးသား မုန့်ဟင်းခါးဆိုင် သုံးဆိုင်ရှိသည်။ ထိုအထဲကိုမှ အခုဆိုပါ ပုသိမ်မုန့်ဟင်းခါးက တိုးဝင်လာသည်ဆိုတော့ ဒင်း(သင်း)ကို လေ့လာတွက်ချက်ရမည်မှာ ...

ပြောရလျှင် ယခု ပုသိမ်မုန့်ဟင်းခါးဆိုင်နှင့် လေးငါးတိုက်အကွာ၌ နာမည်ရပြီးသား မုန့်ဟင်းခါးဆိုင်တစ်ဆိုင်၊ နောက် အဲဒီလမ်း၏ တောင်ဘက်ထိပ် လမ်းဆုံလမ်းခွ၌ တစ်ဆိုင်၊ နောက်တစ်လမ်းကျော်၌ တစ်ဆိုင်၊ ထိုသုံးဆိုင်လုံးက မိတ်ရှိပြီးသား၊ ရောင်းအားကောင်းကြသည့်ဆိုင်တွေ ဖြစ်သည်။

သူကလည်း မုန့်ဟင်းခါးကြိုက်သူဆိုတော့ မြည်းစမ်းကြည့်ရပေမပေါ့ဟု စိတ်ထဲ တေးထားလိုက်သည်။ ဒီတစ်ပတ်ထဲတော့ မဖြစ်နိုင်သေး။ သူ အဓိဋ္ဌာန်ဖြင့် သက်သတ်လွတ်စားနေသည်မှာ တစ်ပတ်ခန့်ကျန်သေး၍ ဖြစ်သည်။

အခု

''မင်္ဂလာပါခင်ဗျာ၊ ဘာသုံးဆောင်မလဲ အစ်ကိုလေး၊ မုန့်ဟင်းခါး၊ အကြော်စုံရတယ်၊ လက်ဖက်ရည်၊ ပေါက်စီ၊ ဗယ်ဆား၊ ပလာတာ

မုန့်ဟင်းခါးအလွတ်တစ်ပွဲ ငါးရာမှာ များလွန်းလှသည်ဟု သူထင်သည်။ သူတို့ထည့်ပေးသည့်ပုံစံမျိုးနှင့်ဆို လူတစ်ယောက် မုန့်ဟင်းခါးသုံးပွဲလောက်စားမှ အတော်အတန် ဗိုက်ပြည့်မည်ဖြစ်သည်



ရတယ်ခင်ဗျ''

သူ ဆိုင်လေးကို ဝေ့ဝဲကြည့်လိုက်သည်။ ဖွင့်ခါစမို့လားမသိ၊ သန့်ရှင်းသပ်ရပ်ပြီး အပြောအဆိုကလည်း နူးညံ့သိမ်မွေ့လှသည်။ စားပွဲပိုင်းတိုင်း၌လည်း နံရံကပ်ပန်ကာလေးတွေ တပ်ပေးထားသည်ကို တွေ့ရသည်။

''မုန့်ဟင်းခါးတစ်ပွဲ ဘယ်လောက်လဲ''

မေးတော့မေးရသေးသည်။ ဈေးကိုယုံရသည်မဟုတ်။ ဂျာနယ်၊ စာစောင်၊ သတင်းစာတွေဖတ်သဖြင့် မုန့်ဟင်းခါးတစ်ပွဲ အကြော်နှင့် ထောင့်ငါးရာ၊ နှစ်ထောင်တို့ ကြက်ဥကြော်နှင့် အမင်းကြော်တစ်ပွဲ နှစ်ထောင့်ငါးရာတို့ကို ကြားဖူး၊ သိဖူး၊ ဖတ်ဖူးထားသည်။

သို့မို့ကြောင့် သူ မစားခင်မေးရခြင်းဖြစ်သည်။ ဟိုးအရင် ခပ်ငယ်ငယ်တုန်းကဆိုလျှင်တော့ ဈေးမေးပြီးစားရမှာ အလွန်ရှက်သည်။ ယခုတော့ မတတ်နိုင်၊ မေး၍စားရမည်။ ဘယ်သူဘယ်သူမှ ယုံရသည်မဟုတ်ပေ။

ဟိုတစ်ခါလိုဖြစ်မှာလည်း စိုးသေးသည်။ သူနေသည့်ရပ်ကွက်၏ အခြား တစ်ဖက်ရပ်ကွက်၌ ဆိုင်ခွဲတော်တော်များများ ဖွင့်ထားသော နာမည်ကြီးမုန့်ဟင်းခါးဆိုင် တစ်ဆိုင်ရှိသည်။ ခါတိုင်းရောင်းနေကျ မုန့်အလွတ်လေးရာ၊ အကြော်နှင့် ငါးရာ၊ အရသာ တော်တော်လေးကောင်းသည့်ဆိုင်မို့ အကြော်နှင့် ငါးရာကို မနိုင်ချင်ကာ တန်သည်ဟု ပြောရပေလိမ့်မည်။

သကြင်္န်အပြီး နောက်သုံးရက်ခန့် သူသွားစားတော့ မုန့်အလွတ်တစ်ပွဲကို ငါးရာ၊ အကြော်နှင့် ခြောက်ရာတဲ့။ ဒါလည်း သူစားပြီးမှ သိတာဖြစ်သည်။ အောင့်သက်သက်နှင့် ပေးလိုက်ရသော်လည်း စိတ်ထဲ သိပ်မကျေနပ်။ မုန့်ဟင်းခါးအလွတ်တစ်ပွဲ ငါးရာမှာ များလွန်းလှသည်ဟု သူထင်သည်။ သူတို့ ထည့်ပေးသည့်ပုံစံမျိုးနှင့်ဆို လူတစ်ယောက် မုန့်ဟင်းခါးသုံးပွဲလောက်စားမှ အတော်အတန် ဗိုက်ပြည့်မည်ဖြစ်သည်။

အဲသည်ကတည်းက ထိုဆိုင်သို့ သူ သွားရောက်မပတ်သက်တော့။ မတန်မရာ ဟာမျိုးကို အရှုံးအားမပေးလို။ လွန်လွန်းအားကြီးသည်ဟုထင်သည်။ နာမည်ကြီးလာလျှင် တချို့တော်တော်များများ ရှုံချည်နှပ်ချည် လုပ်စားတတ်ကြသည်။ သို့ကလို ရှုံ့ချည်နှပ်ချည်လုပ်သည်အား သူမကြိုက်ပါ။ အကြောင်းအကျိုး မလျော်ညီ၍ပဲဖြစ်သည်။

''အလွတ်သုံးရာ၊ အကြော်နဲ့ လေးရာပါခင်ဗျ''

ထိုအသံကြောင့် သူ့အတွေးများ အဆုံးသတ်သွားရသည်။ ဒါဆို မဆိုးပေ။ သင့်တင့်မျှတသောနှုန်းထားပဲဖြစ်သည်။ လူတိုင်းအတွက်လည်း အဆင်ပြေသည်။ ဒီလိုမျိုးပဲဖြစ်သင့်သည်ဟု သူထင်သည်။

''ကြက်သွန်ကြော်နဲ့ တစ်ပွဲ၊ ငှက်ပျောအူရောင်း၊ ကြက်သွန်ဥလေးတော့ ထည့်ပေးနော် ညီလေး''

''ဟုတ်ကဲ့ပါ ခင်ဗျာ၊ စိတ်တိုင်းကျဖြစ်စေရပါမယ်''

ထိုစဉ် အခြားတစ်ဦးမှ ညှပ်ကြီးဖြင့် ညှပ်၍ အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်းပန်းကန်လုံးကိုလာချပေးသည်။ ကြည့်ရသည်မှာ အလုပ်သမားလည်း ဟုတ်

ပုံမရ၊ ခိသားစုပိုင်းလုပ်ငိုင်းစားပုံစံမျိုးဟု ယူဆရပေသည်။

''ရုပ်ပြီခင်ဗျာ၊ လိုတာပြောပါနော် အစ်ကိုလေး''

အတော်လေးကောင်းပါသည်။ ဟင်းရည်က မပျစ်မကျဲ အလောတော်၊ အစပ်အဟပ်ကလည်း မဆိုးပါ၊ ငါးကောင်းကောင်း၊ ငံပြာရည်ကောင်းကောင်း သုံးပုံရသည်။ ထို့ပြင် ဒီခေတ် မုန့်ဟင်းခါးဆိုင်တိုင်း၌ မြင်ရတွေ့ရခဲသော ဘဲဥဖတ်များကိုလည်း ဟင်းရည်ထဲတွင် တွေ့ရသည်။ စားရတာ တန်သည်ဟုပဲ ပြောရပေလိမ့်မည်။

စားပွဲဝိုင်းတိုင်း၌လည်း လူကမပြတ်ချေ။ ၎င်းပြင် ရပ်ကွက်ဈေးနှင့်နီးသဖြင့် မိမိတို့၏ဆိုင်ကို လာပို့ပေးဖို့ မှာသူတွေ၊ ပါဆယ်ယူသူတွေဖြင့် အတော်လေးစည်စည်ကားကား ဖြစ်နေသည်။ ဆိုင်ခံတွေက ''မင်္ဂလာပါ'' နှုတ်ကမချ။ လိုလေသေးမရှိအောင်လည်း ဧည့်ခံရှာ၊ မုန့်ဟင်းခါးကလည်း ကောင်းဆိုတော့…၊ သူ မှဒိတာမွှားလိုက်ပါသည်။

## အလယ်

သူ ခရီးသုံးလေးလခန့် မဖြစ်မနေ ထွက်လိုက်ရသောကြောင့် ပုသိမ်မုန့်ဟင်းခါးဆိုင်လေးနှင့် ကင်းကွာခဲ့ရသည်။ ခရီးမထွက်ခင်တုန်းကဆိုရင်တော့ တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် သွားရောက်အားပေးဖြစ်သည်။ မနက်မြန်မနက် သွားစားဖြစ်အောင်



သွားစားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဆိုင်အတွင်း၌ သူရောက်သွားချိန်ဝယ်လူများက အပြည့်။ ခဏရပ်နေစဉ်မှာပင် ဝိုင်းတစ်ဝိုင်းမှ လူနှစ်ယောက် ထသွားသည်ကိုတွေ့သဖြင့် ကပျာကယာ ထိုနေရာသို့ သွားထိုင်လိုက်သည်။

''ညီလေး''

ကြာ။ မကြာတော့ မသိ၊ လှည့်တော့ဖြင့် ကြည့်သွားသည်။

''ရွှတ်…ရွှတ်…ညီလေး''

''လာမယ် အစ်ကိုလေး''

ခဏစောင့်သည်။ မလာသေးပေ။ စိတ် သိပ်မရှည်ချင်တော့။

''ဟေ့…ဒီမှာ…ရွှတ်…ရွှတ်''

''လာပြီ…လာပြီ''

အနားမှာ တစ်ယောက်လာရပ်သည်။ လူကိုတော့မကြည့်။ ဆိုင်ပေါက်ဝဆီ လှမ်းကြည့်နေလေသည်။ လက်ကလည်း အငြိမ်မနေ၊ ခုံကို တဖောက်ဖောက်ဖြင့် ခေါက်နေလိုက်သေး၏။

''မုန့်ဟင်းခါး ကြက်သွန်ကြော်နဲ့တစ်ပွဲ၊ ငှက်ပျောအူရှောင်၊ ကြက်သွန်ဥလေး ထည့်ပေးနော် ညီလေး''

ဘာမှပြန်မပြောဘဲ ခေါင်းညိတ်သလိုလို၊ မညိတ်သလိုလိုလုပ်ကာ ထွက်သွားသည်။

''ညီလေးရေ လက်ဖက်ရည်နဲ့ ပေါက်စီ မှာထားတာမရသေးဘူးလား''

သူ့နောက်ပိုင်းမှ အသံဖြစ်သည်။ သူမှာထားသည့် မုန့်ဟင်းခါးကလည်း သတ်မှတ်ချိန်အတွင်း ရောက်မလာသေး။ လူလေးယောက်လောက်လုပ်ရမှာ ဖြစ်ပေမယ့် လူနှစ်ယောက်တည်း ပြေးလွှားနေရတာ တွေ့ရတော့ သိပ်အဆင်မပြေချင်။ ဒီကြားထဲ တစ်ယောက်က ဝိုင်းတစ်ဝိုင်း၌ ကွဲကွာသွားတာ ကြာပြီဖြစ်သော ဆွေမျိုးပေါက်ဖော်များနှင့် ခုမှပြန်တွေ့ရသလိုမျိုး မတ်တတ်ရပ်လျက်က ပေါက်ပေါက်ဖောက်နေလိုက်သေးသည်။

ထိုစဉ် မှာထားသော မုန့်ဟင်းခါး ရောက်လာသည်။ ငှက်ပျောအူနိုင်းချင်းနှင့်၊ ကြက်သွန်ဥက မပါ၊ သေချာစွာမှာလိုက်လျက်နဲ့ ဒါမျိုးကမဖြစ်သင့်ပေ။

''ရွှတ်…ရွှတ် ညီလေး၊ ကြက်သွန်ဥလည်း မပါပါလား၊ ငှက်ပျောအူရှောင်ပါလို့

ပြောလိုက်ရဲ့သားနဲ့ကွာ''

''ကြက်သွန်ဥက ပျော့ကုန်ပြီ၊ ငုက်ပျောအူက ရှောင်လို့တော့မရဘူး။ အနည်းနဲ့အများတော့ ပါမှာပဲ''

ကောင်းလေစွပါတကား။ ဖွင့်စတုန်းက နဲ့ မတူရေးချမတူ။ ''မင်္ဂလာပါ''ဆိုသည့် အသံကို နားစွင့်ကြည့်သည်။ မကြားရ။ ဘာလိုပါသေးလဲခင်ဗျာ၊ စိတ်တိုင်းကျဖြစ်စေရပါမယ်ခင်ဗျာတွေ ဘယ်သုသာန်တစပြင်၌ မြေမြှုပ်ပစ်လိုက်လေပြီမသိ။ အစိုးမရတဲ့ အနတ္တတရားတွေပဲဟု သူ ဆင်ခြင်မြစ်သည်။

သူ အတွေးစများကိုဖြတ်ပြီး မုန့်ဟင်းခါးတစ်ခွန်း စားလိုက်သည်။ စိတ်ထဲ၌ ယခင်အရသာကို မမီဟုထင်သည်။ ဒါနဲ့ ခါတိုင်းချပေးနေကြ အကန့်နှစ်ကန့်ပါပြီး တစ်ကန့်၌ သံပုရာသီးစိပ်၊ ကျန်တစ်ကန့်၌ နံနံပင်ထည့်ထားသော ကော်ခွက်လေးက ရောက်မလာ။ ထို့ပြင် အခါတိုင်း ညှပ်ကြီးဖြင့် လာလာချပေးသည့် အကြမ်းပန်းကန်လုံးကိုလည်း အရိပ်အယောင်မျှပင် မမြင်ရ။

''ညီလေး…နံနံပင်နဲ့ သံပုရာသီးလေး လုပ်ပါအုံး။ ရေနွေးခွက်လည်း တစ်ခွက်လောက်''

ရေနွေးခွက် အရင်ရောက်လာပါသည်။ ကြည့်ရသည်မှာ သူများဝိုင်းမှ သူများသောက်ပြီးသားကို ယူလာရသည်။ ပန်းကန်လုံးထဲမှာ သောက်လက်စ ဖင်ကပ်အကျန်တွေကို တွေ့ရသည်။ ခဏနေတော့ ကော်ခွက်လေး ရောက်လာပါ၏။

ထိုရောက်လာသော ကော်ခွက်လေးကို ကြည့်လိုက်တော့ တစ်ခြမ်း၌ ပဲသီးကများများ၊ နံနံပင်က ပါသည်ဆိုရုံ။ နောက်တစ်ခြမ်း၌ သံပုရာသီးမဟုတ်။ ရှောက်သီးစိပ်များသာ။ ဒါတောင်မှ ရှောက်သီးစိပ်များက နွမ်းနေလိုက်သေးသည်။ နံနံပင်ပေးပါဟု ထပ်တောင်းတော့ ကုန်နေသည်ဟု နားဝင်ပီယံဖြစ်စွာ ပြန်ဖြေပါသည်။ ကောင်းလေစွတကား။ ကောင်းလေစွပေ့။

စိတ်ထဲ သိပ်မကျေနပ်သေးသဖြင့် နောက်နှစ်ရက်ခန့်အကြာ၌ ထပ်သွားစားသေးသည်။ ဒီတစ်ခါတော့ လုံးဝကြီးကို ကျိန်းသေသွားပြီပဲဖြစ်သည်။

အဲဒါကတော့…မင်္ဂလာပါလည်း မကြားခဲ့ရပါ။ ဘာလိုသေးလဲ အစ်ကိုလေးလည်း နားသောတ မဆောင်ခဲ့ရပါ။ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်ခင်ဗျာလည်း ဘယ်ကို အတောင်ပေါက်သွားလေပြီမသိ။ ထို့ပြင် ကြက်သွန်ဥလည်း မမြင်ရ၊ ဘဲဥဖတ်များလည်း မကြင်ခဲ့ရသလို၊ နံနံပင်နှင့်မဆုံ၊ ပဲသီးနှင့်ကြုံ၊ သံပုရာသီးနှင့်လွဲ ရှောက်သီးက မြဲဆိုသလို ဖြစ်နေချေတော့သည်။

နိုင်ငံကျော်အဆိုတော်တစ်ယောက်က ''နှမလက်လျှော့နေလေတော့''ဟု ဆိုခဲ့ဖူးသည်။ ယခုလည်း နှမလက်လျှော့လိုက်ရတော့မည်ထင်သည်။ ဟုတ်ပါပြီ။ နှမလက်လျှော့လိုက်ရပါတော့မည်။ ဘယ်သူဘယ်သူကိုမှ အပြစ်မတင်ကြေးပေါ့။ ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ဟု ဆိုရိုးစကားရှိသည်ကိုတော့ ကြားယောင်မိပါသည်။



<u>အဆုံး</u>

တစ်လနီးပါးခန့် အဲဒီမုန့်ဟင်းခါးဆိုင်လေးဘက်ကို သူမရောက်ဖြစ်။ ဒီနေ့မနက်တော့ လမ်းထလျှောက်ပြီး ပြောင်းလဲလို ပြောင်းလဲငြားဆိုတဲ့ အတွေးလေးနဲ့ ထို မုန့်ဟင်းခါးဆိုင်လေးသို့ သွားစားလိုက်ဦးမည်ဟု အကြံဖြစ်ပေါ်မိသည့်အတိုင်း သူ အကောင်အထည်ဖော်လိုက်ပါသည်။

ကျီးနှင့်ဖုတ်ဖုတ်တို့၊ တစ်မိုးလုံးဖျောက်ဆိပ်တို့ဆိုသည့် စကားရပ်များကို သူ သွား၍သတိရမိသည်။ ဆိုင်ရှေ့ရောက်၍ ကြည့်လိုက်တော့ စားပွဲဝိုင်းတစ်ဝိုင်း၌ စုံတွဲတစ်တွဲ ထိုင်နေသည်မှအပ ကျန်ဝိုင်းများမှာ လူတစ်ယောက်မျှမရှိသလို ခရီးဦးကြိုပြုမည့်

ကြက်သွန်ဥက
ပျော့ကုန်ပြီ၊
ငှက်ပျောအူက
ရှောင်လို့တော့မရဘူး၊
အနည်းနဲ့အများတော့
ပါမှာပဲ...



သူကလည်း မရှိ၊ အမှန်က ယခုအချိန်သည် ခုနစ်နာရီပင် မခွဲတတ်သေး။ သည်လိုအချိန် မျိုးကား လူစည်နေရမည့်အချိန်ပင်။ သူ အံ့သြခြင်းခဏ ဖြစ်မိရပါသည်။ သို့သော် လည်း အကြာကြီးတော့ဖြင့် အံ့သြခြင်း မဖြစ် မိတော့ပါ။

သူ တွေခနဲ တစ်ချက်စဥ်းစားလိုက် သည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချရင်း ခေါင်းကို ဖြည်းညင်းစွာ ခါပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် ကာ ထိုမုန့်ဟင်းခါးဆိုင်ရှေ့မှ ထွက်လာခဲ့ လိုက်ပါတော့သည်။

''ဝူး''

## နိဂုံး

နောက်ထပ် တစ်လကျော်ခန့် သူ အဲဒီ မုန့်ဟင်းခါးဆိုင်ဘက်ကို မရောက်ဖြစ်။ ထိုစဥ် မုန့်ဟင်းခါးထုပ် ကိုယ်စီဆွဲလာပြီး အတင်းပြောတတ်သည့် မျက်နှာထားမျိုးကို အသီးသီးပိုင်ဆိုင်ထားလျက် ရှိကြကုန်သော မိန်းမဝဝကြီးနှစ်ယောက်၏ အပြန်အလှန် ပြောသံကို ကြားလိုက်ရသဖြင့် ထိုမုန့်ဟင်း ခါးဆိုင်သို့ သူသွားရောက်၍ကြည့်ရှုရန် ဆုံး ဖြတ်လိုက်သည်။ အဆိုပါ မိန်းမကြီးနှစ် ယောက် ပြောသောစကားအချို့တို့မှာ...

''အဲဒါ သူတို့စေတနာ သူတို့အကျိုး ပေးတာလေ၊ စားသုံးသူကိုမှ ဂရုမစိုက်တာ၊ ဖွင့်ခါစကတော့ ဟုတ်မလိုလိုနဲ့၊ ဒီလိုပါပဲ အေ၊ လူတွေက အခြေလေးနိုင်လာရင် အောက်ခြေလွတ်တတ်ကြတယ်၊ အောက် ခြေ အလွတ်မတော်ရင်တော့ မြင်တဲ့အတိုင်း ပဲလေ၊ ငါတို့မှာတော့ ပုသိမ်မုန့်ဟင်းခါးဟဲ့ ဆိုပြီး...ဟွန်း...မပြောလိုက်ချင်ဘူး''

သူ အဲဒီမုန့်ဟင်းခါးဆိုင်လေးရှေ့ ရောက်တော့ မြင်ကွင်းတစ်ခုက သူ့အား ဆီးကြိုနေပါသည်။ ၎င်းမြင်ကွင်းက ဆိုင် တံခါးကိုပိတ်လျက် ခတ်ထားသော သော့ ခလောက်ကြီး၌ ''ဆိုင်ခန်းငှားရန်ရှိသည်'' ဆိုသည့် စာတန်းကို တယ်လီဖုန်းနံပါတ် တစ်ခုနှင့်တွဲစပ်လျက် တွေ့ရှိလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

**တက္ကသိုလ်မောင်မိုးရိပ်**

# သူ့ကို ဘယ်လိုပြောရမလဲ



စွဲမက်ဖွယ်ကောင်းတဲ့ အမျိုးသမီးတစ်ဦး စိတ်ရောဂါကု ဆရာဝန်ရဲ့ရုံးခန်းကို အသော့ဝင်လာပြီး ပြောတယ်–

''ဆရာ၊ ကျွန်မလေ အံ့သြဖို့ကောင်းတဲ့ လူတစ် ယောက်ကို ချစ်မိနေပြီ၊ သူကလည်း ကျွန်မကိုချစ်ပါတယ်၊ နှစ်ဖက်မိဘကလည်း သဘောတူကြပါတယ်၊ ဒီတော့ ကျွန်မ တို့နှစ်ယောက် အတူနေကြရင် ပျော်စရာကောင်းမယ်ဆိုတာ သေချာပါတယ်''

''ဟုတ်ပါပြီ၊ ဒီတော့ ခင်ဗျားပြဿနာက ဘာလဲ''လို့ ဆရာဝန်က မေးတယ်၊

''အို–ဒီလိုပါဆရာ၊ ကျွန်မယောကျ်ားကို ကျွန်မ ဘယ်လိုပြောရမလဲ မသိလို့ပါ''လို့ အမျိုးသမီးက သက်ပြင်း ချရင်း ပြောပါတယ်။

**မောင်သီဟ**





# ဗလိငါးပြာ

တက္ကသိုလ်မလေးနိုင်

၂၀-၆-၂၀၁၇ နေ့က ခင်ပွန်း၏ သင်တန်းတက်ဖက် ငယ်သူငယ်ချင်းများ ကျောင်းဆင်းသက် (၄၇) နှစ်ပြည့်နေ့ဖြစ်၍ တွေ့ဆုံကြပါသည်။ တပ်မတော်ကြည်း ဗိုလ်လောင်းသင်တန်း (၄၀) သီဟတပ်ခွဲတွင် ကနဦး (၁၀၈)ယောက်ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း နိုင်ငံတော်အတွက် (၁၀၂)ဦးသာ မွေးဖွားလာခဲ့ပါသည်။ နိုင်ငံတော်၏တာဝန်များကို နေရာဒေသမရွေး ကြိုးပမ်းဆောင်ရွက် ထမ်းဆောင်ခဲ့ကြပြီး ယခုအခါ ကျဆုံး၊ ကွယ်လွန်သူများ နုတ်ပြီးပါက ကျန်ရှိသော လေးဆယ်ကျော်ဦးရေသည်လည်း အသက် (၇၀)တန်းကို ကျော်နေကြပြီဖြစ်ပါသည်။



သင်္ဂတန်းကာလ ကွယ်လွန်သူ၊ လုပ်ငန်းခွင်ထဲတွင် တိုက်ပွဲကျဆုံးသူ၊ ရှိရှိကွယ်လွန်သူများကိုရည်စူးပြီး နှစ်စဉ်နှစ်တိုင်း သီဟ(၄၀) သားတို့ စုပေါင်းကာ လှူဒါန်းထားသော စွယ်တော်ဘုရားဝင်းအတွင်းရှိ သမ္မာသမ္ဗုဒ္ဓေါ်မွောရုံကြီးတွင် စုပေါင်း၍ သံဃာတော်(၅)ပါးအားပင့်ဖိတ်ပြီး ဆွမ်းကပ်လှူခြင်း၊ အမျှဝေရေစက်ချခြင်းကို ပြုပေးကြပါသည်။ ဒီနှစ်မှာ ကျဆုံး(၁၆)၊ ကွယ်လွန်(၄၃)ဦး၊ စုစုပေါင်း (၅၉)ဦးအတွက် ကျန်ရစ်သူ (၄၃)ဦးမှ ဝမ်းနည်းစွာ သတိတရ ပြုလုပ်ပေးသော အလှူဒါနတစ်ခု ဖြစ်ပါသည်။

သံဃာတော်များအား ဦးစွာပထမ ဩကာသကန်တော့ချီး ကန်တော့ကြပါသည်။ သီလပေးဆရာတော်မှ ငါးပါးသီလချီးမြှင့်ပြီး ကျဆုံးကွယ်လွန်သွားကြသော သူငယ်ချင်းများအား ရည်စူးပြီး ပြုလုပ်သော အလှူဒါနတွင် ပေတီငါးမျိုးအား တရားအကျဉ်း ဟော



ငါးရံ့မင်းပရိတ်တော်တွင် နွေရာသီကာလ အလွန်နေပူပြင်းတော့ ရေကန်တွေမှာ ရေတွေခန်းခြောက်ကုန်သည်။ ရေအိုင်ထဲမှ ငါးတွေကို ကျီးတွေက လာပြီးထိုးသုတ်စားသောက်ကြပါတယ်။ ဘုရားလောင်းငါးရံ့မင်းပင်လျှင် သစ္စာတန်ခိုးဖြင့် မိုးရွာစေပြီး ဆွေမျိုးတို့အား ထောက်ပံ့ခဲ့ကြောင်း . . .

ကြားပေးပါသည်။ ပြီးမှ ကွယ်လွန်သူများအားရည်စူး၍ ရေစက်ချ အမျှဝေခြင်းအမှုကို ပြုလုပ်ပေးပါသည်။

ထိုအခါ ခင်ပွန်းနှင့်အတူလိုက်ပါ၍ ဆရာတော်တရားကို နာကြားရသောအခါ ပေတီငါးဖြာနှင့်ပတ်သက်၍ ပိုမိုသိချင်လာပါသည်။ ကျွန်မကိုးကွယ်သော ဦးပဥ္စင်း၏ ဟောပြောပြသမှုကြောင့် ဗလိငါးဖြာအကြောင်း ပိုမိုသိခွင့်ရလိုက်ပါသည်။

ပဥ္စင်္ဂုတ္တရ၊ ပါ။ ၃၉၂၊ ၄၁၊ ၂၂

ချမ်းသာတရား ဘိုးပွားစည်ပင် အောင်မြင်မှုရရှိရေးအတွက် ပူဇော်ပသမှုမျိုး ငါးပါးရှိကြောင်း သိခဲ့ရပါသည်။ ဗလိဆိုသည်မှာ ပူဇော်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

(၁) ဉာတိဗလိ မျက်မှောက်ရှိ ကိုယ့်လူမျိုးနှင့် သားချင်းမိတ်ဆွေများအား တတ်နိုင်သမျှကြည့်ရှုမစ ပေးကမ်းချီးမြှင့်မှု။

(၂) အတိထိဗလိ လာရောက်ကြသော ဧည့်သည်များအား ကျွေးမွေးပေးကမ်း၊ လှူဒါန်းစောင့်ရှောက်ပြုစုမှု။

(၃) ပုဗ္ဗပေတဗလိ ဘဝတစ်ပါး ကွယ်လွန်သွားကြကုန်သော မိဘဆွေမျိုးတို့ကိုရည်စူး၍ ကောင်းမှုကုသိုလ်ပြုလုပ်ကာ အမျှပေးဝေမှု။

(၄) ရာဇဗလိ ကိုယ့်နိုင်ငံတော်ဘုရင်မင်းမြတ်နှင့် အစိုးရအဖွဲ့က ချမှတ်ပညတ်ပေးထားသော အုပ်ချုပ်မှုနည်းဥပဒေအရပ်ရပ်တို့ကို ရိုသေလိုက်နာကျင့်ကြံမှုနှင့် အခွန်အတုပ်များပေးဆောင်မှု။

(၅) ဒေဝဗလိ လောကပါလ သာသနာစောင့်နတ်စသည်တို့အား ပူဇော်ပသ အမျှပေးဝေမှု။

တို့ဖြစ်ကြောင်း မှတ်သားခဲ့ရပါသည်။

**ဉာတိဗလိ** – ဆိုသည် (၃၈)ဖြာမင်္ဂလာမှာပါရှိသော ဉာတကာနဥ္စ သင်္ဂဟော။ ဆွေမျိုးသားချင်းများကို ပေးကမ်းချီးမြှင့်ခြင်းဟု ဆိုပါသည်။

ငါးရံ့မင်းပရိတ်တော်တွင် နွေရာသီကာလ အလွန်နေပူပြင်းတော့ ရေကန်တွေမှာ ရေတွေခန်းခြောက်ကုန်သည်။ ရေအိုင်ထဲမှ ငါးတွေကို ကျီးတွေက လာပြီးထိုးသုတ်စားသောက်ကြပါတယ်။ ဘုရားလောင်းငါးရံ့မင်းပင်လျှင် သစ္စာတန်ခိုးဖြင့် မိုးရွာစေပြီး ဆွေမျိုးတို့အား ထောက်ပံ့ခဲ့ကြောင်း ပရိတ်တော်မှာ နာကြားခဲ့ရပါသည်။ ဘုရားလောင်းမျောက်မင်းဘဝမှာလည်း မျောက်သားငါးရာကို ချောင်းဖြတ်ကူးနိုင်အောင် သူ့ခန္ဓာကိုယ်ကို တံတားထိုးပေးပြီး စောင့်ရှောက်ခဲ့သည်ကိုလည်း နာခဲ့ရပါသည်။ ယနေ့လောကကြီးထဲတွင်လည်း သတင်းဂျာနယ်များ၌ ဖတ်ရှုရသော သတင်းတစ်ပုဒ်မှာလည်း ဉာတိဗလိပင် ဖြစ်ပါသည်။ ပျဉ်းမနားမှ သူဌေးကြီးဦးစိုးတင့်မှ သူငယ်စဉ်က ပညာသင်ကြားခဲ့သော စာသင်ကျောင်းများအား လှူဒါန်းခြင်း၊ ဈေးထဲမှ ဆင်းရဲသော ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဆိုက်ကားဆရာများအား အလှူငွေ တစ်ဦးလျှင်





ကျပ်တစ်သိန်းစီကို လှူဒါန်းခြင်းဖြင့် ချီးမြှင့်ထောက်ပံ့ခြင်းကို သိခဲ့ရပါသည်။ ဤအကြောင်းအရာများသည် ဉာတိဗလိလာ ဒုက္ခရောက်နေသော ပုဂ္ဂိုလ်များအား စေတနာနှင့် လှူဒါန်းပေးကမ်းချီးမြှင့်ခြင်းပင် ဖြစ်ပါသည်။

ဝိသာခါကျောင်းအမကြီးကို အိမ်ထောင်ချပေးသောအခါ ဖခင်သူဌေးကြီးက ခင်ပွန်းနောက်ထည့်ခါနီး ဆုံးမလိုက်သောစကားမှာ "ငါ့သမီး ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပေးရမယ်"လို့ မှာကြားလိုက်ပါသည်။ ၎င်းသည်လည်း ဉာတိဗလိပင် ဖြစ်ပါသည်။

**အတိထိဗလိ** - ဆိုသည်မှာတော့ မိမိထံလာရောက်ကြသော ဧည့်သည်များအား ကာလဒေသနှင့်အညီ ပြုစုဧည့်ခံခြင်းပင် ဖြစ်ပါသည်။ သိကြားမင်းမာဃလုလင်ဘဝတွင် သုနန္ဒာဇရပ်ကြီးဆောက်ပြီး လာသမျှဧည့်သည်တွေကို အပူအအေး ညီညွတ်မျှတစွာ ထောက်ပံ့ခဲ့သည်။ ပေးကမ်းလှူဒါန်းခဲ့သည်။ ဘုရားအလှူ၊ သံဃာအလှူ၊ ပုဂ္ဂိုလ်အလှူ၊ ဧည့်သည်အလှူ လှူဒါန်းခြင်းသည် ရွှေအိုးမြှုပ်ခြင်း ဖြစ်ပါသည်။

**ပုဗ္ဗပေတဗလိ** – မှာတော့ ကွယ်လွန်သွားတဲ့ပုဂ္ဂိုလ်တွေကို ရည်ရွယ်ပြီး အမျှအတန်းပေးဝေခြင်း ဖြစ်ပါသည်။ ဤနေရာမှာ မဖြစ်မနေဆောင်ရွက်ရမည့် အချက်(၃)ချက် ရှိပါသည်-

(၁) ဒိတ်မန္တကပြုရမည်။

(၂) သီလရှိသည့်ပုဂ္ဂိုလ်ကို လှူဒါန်းရမည်။ အနည်းဆုံး သရဏဂုံသုံးပါးနှင့် ငါးပါးသီလရှိသည့် ပုဂ္ဂိုလ်ဖြစ်ရမည်။ (၈)ပါး၊ (၁၀)ပါး သီလရှိသော ရဟန်းသာမဏေပုဂ္ဂိုလ်တွေကို လှူဒါန်းရမည်။

(၃) အမျှအတန်းပေးဝေရမည်။

ထိုအချက်(၃)ချက် ညီညွတ်ရမည်ဟု ဆရာတော်မှ မိန့်ကြားပါသည်။ သားသမီးများ၏ကျင့်ဝတ်မှာလည်း (၄)ခုမြောက်ကျင့်ဝတ်ဖြစ်သည့် လှူမှုဝေ၍ကို ကျင့်တာနှင့်လည်း တူပါကြောင်း မိန့်ကြားပါသည်။ ရည်စူးပြီး ကုသိုလ်ပြုပါက သာဓုကျိုန်းသောခေါ်နိုင်မှာဖြစ်ကြောင်း မိန့်ကြားပါသည်။ ပေတဝတ္ထု၊ တိရောကုဍ္ဍသုတ်မှာ နှစ်ဘယ်လောက်ကြာကြာ သာဓုခေါ်ဖို့လိုအပ်နေလို့ ရည်စူးပြီး



ဥာ ကမ္ဘာ ဗိပဿီဘုရားလက်ထက် ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးတွေကို ဗိမ္ဗိသာရမင်းကြီးမှ အလှူလုပ်ပြီး အမျှဝေပေးခဲ့သောကြောင့် ကျွတ်တန်းဝင်စေခဲ့ကြောင်း သိရပါသည်။ ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်တွေကိုရည်စူးပြီး သင်္ကန်းကပ်၊ ဆွမ်းသွတ်၊ အမျှဝေပေးခြင်းသည် . . .

ကောင်းမှုကုသိုလ်ပြုလုပ်ပေးလျှင် ခေါ်နိုင်ကြောင်း ပါရှိပါသည်ဟု မိန့်ပါသည်။

ဥဒ္ဒ ကမ္ဘာ ဝိပဿီဘုရားလက်ထက် ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးတွေကို ဗိမ္ဗိသာရမင်းကြီးမှ အလှူလှူပြီး အမျှဝေပေးခဲ့သောကြောင့် ကျွတ်တန်းဝင်စေခဲ့ကြောင်း သိရပါသည်။ ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်တွေကိုရည်စူးပြီး သင်္ကန်းကပ်၊ ဆွမ်းသွတ်၊ အမျှဝေပေးခြင်းသည် ပုဗ္ဗပေတဗလိပင်ဖြစ်ပါကြောင်း သိရပါသည်။

တမလွန်ဘဝသို့ ပြောင်းသွားသောသူများကို ရည်စူး၍ သံဃာ၌ ကောင်းစွာပေးလှူအပ်သော ဤအလှူသည် ပြိတ္တာတို့၏ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာဖြစ်ခြင်း အကျိုးငှာ တစ်ခဏချင်းကပ်ရောက်နိုင်၏။ တမလွန်ဘဝသို့ ပြောင်းသွားသောသူတို့ကို ရည်စူး၍ ပေးလှူခြင်းဟူသော ဤသဘောကို ဆွေမျိုးတို့၌ ပြုရသောဝတ္တရားဟု ညွှန်ပြအပ်သည်လည်းမည်၏။ ရဟန်းတို့အား ခွန်အားကိုပေးအပ်သည်လည်းမည်၏။ ပြိတ္တာတို့အား မြတ်သောပူဇော်ခြင်းကို ပြုအပ်သည်လည်းမည်၏။ သင်တို့သည် ကြီးကျယ်သောကုသိုလ်ကို ပွားများဆည်းပူးအပ်သည်လည်းမည်၏ဟု ဟောတော်မူ၏။

**ရာဇဗလိ** – မှာတော့ သတ်မှတ်ထားတဲ့ အခွန်ဘဏ္ဍာကို ပေးရမှာဖြစ်ပါသည်။ စိတ်ထားတတ်ရင် ဒါနမြောက်ကြောင်း ဦးပဥ္စင်းမှ မိန့်ပါသည်။

**ဒေဝတာဗလိ** – နတ်များအားပူဇော်ခြင်း၊ အမျှပေးဝေခြင်းဟု ဆိုပါသည်။ ရတနသုတ်တော်မှာ ဒိဝါစရတ္တောစ ဟရန္တိ ယေ ဗလိံ ၌ ဒေဝတာဗလိကို ဘုရားဟောတော်မူခဲ့ကြောင်း။ ရာဇအပရိဟာနိယ မင်းကျင့်တရား(၇)ပါးမှာ (၆)ခုမြောက် ရာဇအပရိဟာနိယမှာ နတ်တို့အား ပူဇော်ပသခြင်းဖြစ်ကြောင်း။ ကွမ်းဆော်ကြောင်ဖြူမင်းသည် စောင်ချမ်းပင်စောင့်နတ်ကို အမြဲပူဇော်ပသခဲ့သည့်အတွက် ပုဂံမှာ မင်းဖြစ်ခဲ့သည်။ ထို့ကြောင့် မိမိအလှူလှူပြီးတိုင်း ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်မှအစပြု၍ နတ်မင်းကြီး (၄)ပါးနှင့် နတ်အပေါင်းတို့အား အမျှပေးဝေခြင်းသည် ဒေဝတာဗလိပင် ဖြစ်ပါသည်။ နတ်တို့အားပင့်ဖိတ်၍ အလှူဒါနပြုပြီးတိုင်း အမျှပေးဝေရမည်။ အကြောင်းပေါ်လာလျှင် ကောင်းမှုတစ်ခုခုလုပ်လျှင် လူမသိ နတ်သိ ဆိုသလိုပင် ကုသိုလ်လုပ်တိုင်း အမျှဝေခဲ့၍ နတ်တို့၏ ပြန်လည်စောင့်ရှောက်ခြင်းကို ခံရပေမည်။

နတ်ဒေဝတာများက မိမိကုသိုလ်အလှူကို သာဓုအနုမောဒနာခေါ်ဆိုရန် သေးမှစောင့်ဆိုင်းနေကြတာဖြစ်၍ အမျှမဝေဖြစ်ပါက စိတ်မကောင်းဖြစ်ကြရမှာဖြစ်၍ ကုသိုလ်လုပ်ပြီးတိုင်း အမျှဝေရန် မမေ့ဖို့လိုအပ်ပါသည်။

ခင်ပွန်းသည်၏ သင်တန်းတက်ဖော်သူငယ်ချင်းများ၊ တွေ့ဆုံပွဲမှ ကျွန်မရရှိလိုက်သည့် ဗလိငါးပါး၏ အကျိုးတရားအား ရိုသေစွာ လိုက်နာပူဇော်နိုင်ကြပါစေရန်အတွက် ကျွန်မ လေ့လာသိရှိမိတာလေးများကို ပြန်လည်မျှဝေခြင်းသာ ဖြစ်ပါသည်။

(တရားစာများတွင် စာအရေးအသားများ မှားယွင်းပါက စာရေးသူကျွန်မ၏ လိုအပ်ချက်သာဖြစ်ပါကြောင်း၊ ကြိုတင်တောင်းပန်ထားပါရစေရှင်။)

**တက္ကသိုလ်မလေးနိုင်**

## ချစ်တော့ချစ်ပါတယ်



"ငါ့မှာ ဂျာရုမ်းဂရင်း(Jerome Green)လို မချမ်းသာပါဘူး။ အဖျော်စီးရွက်ရေ မရှိဘူး"

"ဒါပေမဲ့ မင်းကိုအရမ်းချစ်ပါတယ်"

လို့ ကောင်လေးက ပြောတယ်၊

"ကျွန်မလည်း ရှင့်ကိုချစ်ပါတယ်"

"ဒါပေမဲ့ ဂျာရုမ်းဂရင်း အကြောင်းကို အသေးစိတ် ပြောပြစမ်းပါ"

လို့ ကောင်မလေးက ပြောတယ်။ ။

**မောင်သီဟ**



# ပန်းချီကားစုဆောင်းခြင်း၏ ပီတိ





ဘနင်း(မြန်မာပြန်)

Why I Collect Art
by James A.Michener
(R.D 1970 June)

**ခေတ်သစ်ပန်းချီ၏ ချစ်စရာကောင်းသော အချက်တစ်ချက်မှာ စိတ်ကူးယဉ်တစ်ရပ်အား ပကတိအခြေအနေပေါ်တွင် အမျိုးမျိုးထင်ဟပ်တွေးဆခွင့် စိတ်ကူးယဉ်ခွင့် ပြုထားခြင်းပင် ဖြစ်ပါသည်။**

၁၉၅၈ ခုနှစ်က ကျွန်တော်သည် ဗင်းနစ်မြို့ တူးမြောင်းအတွင်း ဂွန်ဒိုလာလှေစီးနေရင်း အကောင်းဆုံးသော ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပါသည်။ ထိုမြို့တွင် အပန်းဖြေနေချိန်အတွင်း ပန်းချီပြပွဲကြီး ၁၀ ခုကို ကြည့်ခဲ့ရသောကြောင့်လည်း ဖြစ်ပါသည်။ ထိုပြပွဲများတွင် ကမ္ဘာပေါ်တွင် အကောင်းဆုံး ပန်းချီကားများကို ကြည့်ခဲ့ရ၏။ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ အီတလီနှင့် အင်္ဂလန်နိုင်ငံတို့၏ ပြပွဲများသာမက အခြားနိုင်ငံနှစ်ဒါဇင်မှ ပန်းချီပြပွဲများကိုလည်း ကြည့်ရှုခဲ့ပါသည်။ ပန်းချီကားဝေဖန်သူများနှင့် ပန်းချီဆရာများကိုယ်တိုင် အမေရိကန်ပန်းချီကားများကို ချီးကျူးကြလေသည်။

ဗြိတိသျှလူမျိုး ပန်းချီဝေဖန်သူတစ်ဦးက ကျွန်တော့်ကို ပြောပြသည်။ ''သူတို့ရဲ့ ပန်းချီကားတွေဟာ ရှေ့တန်းကိုရောက်လာကြပြီဗျ''

အီတလီလူမျိုးက ဤသို့ပြောပြပြန်၏။ ''ခင်ဗျားတို့ရဲ့ ပန်းချီဆရာတွေဟာ ပုံစံဟောင်းက လမ်းခွဲထွက်လာကြတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးဟာ ခင်ဗျားတို့



ပန်းချီဆရာတွေကို ဦးဆောင်သူတွေအဖြစ် သဘောထားနေကြပြီဗျ''

ကျွန်တော်ကိုယ်တိုင်ပင် အမေရိကန် ပန်းချီပြခန်းတွင် ဆန်းသစ်ရဲရင့်သော ပန်းချီကားများကို ကြည့်ခဲ့ရ၏။ ဥရောပပန်းချီကို အတုယူထားသော အမေရိကန်ပန်းချီသည် အတွေးအခေါ် ရဲရင့်ပြောင်မြောက်သော လူငယ်အမေရိကန် ပန်းချီဆရာများ၏ နောက်တွင် ကျဆုံးကျန်ရစ်ခဲ့လေပြီ။

အမေရိကန်ပန်းချီပြခန်းမှ ကျွန်တော် ပြန်ထွက်လာချိန်တွင် ထိုအကြံရခဲ့ခြင်းဖြစ်သည်။ ပန်းချီကားအရောင်းလုပ်ငန်းဖြင့် အသက်မွေးရန်နှင့် နှစ်စဉ်စုဆောင်းငွေဖြင့် ပန်းချီကားများ ဝယ်ယူထားရန်ဖြစ်သည်။

သို့ရာတွင် ပန်းချီကားတစ်ချပ်၏ တန်ဖိုးသည် ဒေါ်လာ ၄၀၀၀ ဖြစ်ကြောင်း သိရသောအခါ ထိုအကြံကို လက်လျှော့လိုက်ရတော့သည်။ ကျွန်တော်သည် ဆောခြယ်ထားသော စတုရန်းပုံကင်းဘတ်စ်တစ်ချပ်အတွက် ထိုမျှများပြားသော ငွေကြေးကို သုံးစွဲနိုင်စွမ်းမရှိပါ။ သို့သော် ထိုအကြံသည် ကျွန်တော့်စိတ်ထဲတွင် အမြဲရှိနေခဲ့ပါ၏။ တစ်နေ့တွင် နယူးယောက်မြို့တွင်ရှိသော မိတ်ဆွေတစ်ဦး၏ ပန်းချီခန်းကို ဝင်ကြည့်ပြီးနောက် ပန်းချီကားများကို စတင်ဝယ်ယူစုဆောင်းခဲ့ပါတော့သည်။

ပထမဝယ်ယူခဲ့သည့် ပန်းချီကားမှာ ဂျွန်မါရင်၏ ရေဆေးပန်းချီကားဖြစ်၏။ ပင်လယ်ကမ်းခြေရှုခင်းကို ပြည့်စုံစွာရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ လေဟုတ်စင်းသည် နေဝင်ရာအရပ်ကို ဦးတည်သွား၏။

ပန်းချီကားတစ်ချပ်၏
တန်ဖိုးသည် ဒေါ်လာ ၄၀၀၀
ဖြစ်ကြောင်း သိရသောအခါ
ထိုအကြံကို လက်လျှော့လိုက်ရ
တော့သည်။ ကျွန်တော်သည်
ဆေးခြယ်ထားသော
စတုရန်းပုံကင်းဘတ်စ်တစ်ချပ်
အတွက် ထိုမျှများပြားသော
ငွေကြေးကို သုံးစွဲနိုင်စွမ်းမရှိပါ။

သူ့လက်ရာပန်းချီကားများသည် တစ်နှစ်ထက် တစ်နှစ် ပိုကောင်းလာ၏။ ယခုအခါ ကမ္ဘာ့ပန်းချီတစ်ခုလုံးသည် ဂျွန်မါရင်အား ဆရာကြီးတစ်ဆူအဖြစ် အသိအမှတ်ပြုထားရ၏။ ၁၉၅၃ ခုနှစ်က သူကွယ်လွန်ခဲ့သည်။

နောက်ထပ်ဝယ်သော ပန်းချီကားမှာ မိန်းကလေးနှစ်ယောက်၏ ဦးခေါင်းပုံပန်းချီကားဖြစ်သည်။ ၁၉၃၂ ခုနှစ်က မထင်မရှား ကွယ်လွန်သွားသော အဲဗရက် အီတ်ချ်မော်ရာ၏ လက်ရာပန်းချီကားဖြစ်သည်။ ထို ဦးခေါင်းနှစ်လုံးသည် တစ်ခုနှင့်တစ်ခု ဘယ်လိုမှ ထူးခြားသည်ဟု မထင်ရပေ။ ထို့နောက် အယ်ဂရီကိုနှင့် မော်ဒီဂလီရာနီတို့ ခေါင်းများကဲ့သို့ တဖြည်းဖြည်းရှည်ထွက်လာသည်ဟု ထင်ရ၏။ ထိုပန်းချီကားကို တွေ့တွေ့ချင်း ကျွန်တော် သဘောကျသွား၏။ ယခုအခါ ထိုပန်းချီကား ကျူးဘစ်ဆန်နည်းဖြင့် စိတ္တဗေဒဆန်ဆန် အဆင့်အတန်းမြင့်မားစွာ ရေးဆွဲထားကြောင်း သိလာသဖြင့် ပိုနှစ်သက်ခဲ့၏။ ပန်းချီပညာကို အတော်အသင့်သိထားသူတစ်ယောက်သည် ဤပန်းချီကားနှစ်ချပ်ကို ကြည့်ရုံဖြင့် ပန်းချီပညာ၏ သဘောတရားပြောင်းလဲသွားကြောင်း သိပေလိမ့်မည်။

ကျွန်တော့်ဇနီး ရွေးချယ်ခဲ့သော ပန်းချီ

ကားမှာ ကျွန်ုပ်တို့လက်ဝယ်ရှိ ပန်းချီကားများတွင် အကောင်းဆုံးဖြစ်၏။ စားသောက်ဆိုင်တစ်ခုမှ စားပွဲထိုးမိန်းကလေးနှစ်ယောက် ဟန်ပါပါလမ်းလျှောက်လာသောပုံဖြစ်သည်။ သူမတို့၏ ခြေထောက်များမှာ အလွန်သေးသွယ်ပြီး အဖျားချွန်နေ၏။ မျက်နှာပေါက်မှာဂျပန်ကပြားဆန်နေ၏။ နောက်ခံရှုခင်းမှာလည်း လောကီမဆန်ပေ။ ထိုပန်းချီကားကို ရေးဆွဲသူမှာ ဂျပန်–အမေရိကန် ကပြား ယာရှုယိုကူနီယိုရှိ ဖြစ်၏။ အဝတ်အစားကို သပ်ရပ်စွာဝတ်ဆင်တတ်ပြီး ပန်းချီအဆွဲကောင်းသူဖြစ်၏။ ဂေါက်ရိုက်ကိရိယာ အဝတ်အစား အပြည့်အစုံဝတ်ထားသော သူ့ပုံတူကိုဆွဲခဲ့၏။ ဤရာစုနှစ်တွင် ပေါ်ထွန်းလာသော ကျွန်ုပ်တို့ တိုင်းပြည်၏ ပန်းချီအတော်ဆုံး ပန်းချီဆရာ တစ်ယောက် ဖြစ်၏။

ကျွန်ုပ်တွင်ရှိသော ပန်းချီကားများကို ရေးဆွဲခဲ့သည့် ပန်းချီဆရာအချို့မှာ အသက်ရှင်ချိန်ကပင် အောင်မြင်မှုရခဲ့၏။ အချို့မှာ မထင်မရှားဘဲ သေသွားခဲ့၏။ မားစ်ဒင်ဟာတ်တလေမှာ အမေရိကန်နိုင်ငံသားဖြစ်ပြီး အကောင်းဆုံးရှုမျှော်ခင်း ပန်းချီကားများကို ရေးဆွဲခဲ့၏။ သူ၏ "New Mexico Recollection ပန်းချီကားမှာ အမေရိကန် အနောက်ပိုင်းဒေသ၏ သဘာဝကို သရုပ်ဖော်ထားခြင်းဖြစ်၏။ တိရစ္ဆာန်များ တရွေ့ရွေ့သွားနေပုံနှင့် တောင်ကုန်းများပေါ်တွင် အထီးကျန်နေရသူတစ်ယောက်၏ ခံစားချက်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

ဤပန်းချီကားများကြောင့်သာမကပါ စိတ္တဇဆန်သော ပန်းချီကားများကြောင့်လည်း လွန်ခဲ့သောနှစ်များကစ၍ အမေရိကန်ပန်းချီသည် ကျော်ကြားလာခြင်းဖြစ်သည်။ ဤအဖိုးတန် ပန်းချီကားများတွင် စတုဝပ်ဒေးဗီးစ်၏ "Lawn and Sky" ပန်းချီကားလည်း ပါဝင်ပါသည်။ ထိုပန်းချီကားမှာ ဆေးရောင်ရဲရင့်တောက်ပခြင်း၊ ရယ်ရွှင်စရာနှင့် အံ့သြစရာများ ရောထွေးနေသည်။ ဒေးဗီးစ်သည် အောင်မြင်မှုရရှိပြီးနောက် မကြာသောကာလကမှ ကွယ်လွန်သွားခဲ့၏။ ယခုအခါ သူ့ပန်းချီကားတစ်ချပ်၏ ပျမ်းမျှ တန်ဖိုးသည် ဒေါ်လာ ၂၈,၀၀၀ တန်နေလေပြီ။ ထိပ်တန်းပန်းချီကား စုဆောင်းသူများပင် သူ့ပန်းချီကားတစ်ချပ် ဝယ်နိုင်ရန်





ခဲယဉ်းနေ၏။

ကျွန်ုပ်စုဆောင်းထားသော အမေရိကန် ပန်းချီကား ၂၇၅ ချပ်အနက် အကြိုက်ဆုံးကို ရွေးပါဆိုလျှင် Schwanda The Bagpipes ရုပ်ဒါက ပလွေသမားကို ရွေးပေမည်။ ဘာရှတ်ကလင်မြို့သား ပန်းချီဆရာတစ်ဦးဖြစ်သော ဂျေ့မက်နီရယ်၏ လက်ရာဖြစ်သည်။ သူ့အကြောင်းကို လူသိနည်းသော်လည်း ပန်းချီလောကတွင် ကျော်ကြားထင်ရှားပြီး အပေါင်းအသင်းများ လေးစားခြင်းခံရ၏။ စိတ္တဇဆန်သော ပန်းချီကားတစ်ချပ်ဖြစ်၏။ အရောင်များကို ရဲရဲခြယ်မှုန်းထားပြီး တောက်ပသော အရောင်များကို ဖောသီစွာသုံးထား၏။ အရောင်များကို အသုံးပြု၍ လှုပ်ရှားမှုများ၊ လေးနက်မှုများ အရေးပါသော အချက်များကို သရုပ်ဖော်ထား၏။ ပန်းချီဆရာသည် ကျွန်တော့်အား ကင်းဘတ်စ်ပေါ်တွင်ရေးထားသောသတ္တာန်

'New Mexico Recollection
ပန်းချီကားမှာ အမေရိကန်
အနောက်ပိုင်းဒေသ၏သဘာဝကို
သရုပ်ဖော်ထားခြင်းဖြစ်၏။
တိရစ္ဆာန်များ တရွေ့ရွေ့
သွားနေပုံနှင့်
တောင်ကုန်းများပေါ်တွင်
အထီးကျန်နေရသူတစ်ယောက်၏
ခံစားချက်ကို . . .

များကို ပီပီသသမြင်နိုင်အောင် ရည်ရွယ်ခဲ့ဟန်မတူပေ။ သို့သော် ကျွန်တော်သည် ဥရောပအလယ်ပိုင်း၊ တောင်ကုန်းများအကြားတွင် လှည့်လည်သွားလာနေသော ဒုက္ခာရီဆန်သော ပလွေသမားအား ၁၉၅၀ ပြည့်နှစ်၊ ဟန်ဂေရီတော်လှန်ရေးကာလအတွင်းက ကျွန်ုပ်၏ The Bridge at Andue စာအုပ်ကိုရေးရန် ထိုဒေသသို့ သွားရောက်လေ့လာချိန်က အမှန်ပင်မြင်ခဲ့ရပါ၏။ ထို နုလုံးသားကြေကွဲနေသော ဂီတသမားမှာ လှည့်လည်သွားလာသော မြေပြန့်လွင်ပြင်နှင့် သူ၏ လွမ်းဆွတ်ကြေကွဲစရာကောင်းသော ဂီတအသံကို ကြားခဲ့ရ၏။ ကျွန်ုပ်အတွက် ထိုပန်းချီကားသည် ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်တော့၏။

အခြားသူများလည်း ကျွန်ုပ် ယခုပြောသည့် ပန်းချီကားများကို မြင်ဖူးနိုင်ပါမည်။ ခေတ်သစ်ပန်းချီ၏ ချစ်စရာကောင်းသော အချက်တစ်ချက်မှာ စိတ်ကူးတစ်ရပ်အား ပကာတိအခြေအနေပေါ်တွင် အချိုးမျိုးထင်ဟပ်တွေးဆခွင့် စိတ်ကူးယဉ်ခွင့်ပြုထားခြင်းပင်ဖြစ်၏။ ထိုပန်းချီကားအပေါ်တွင် ကျွန်ုပ်နှင့်သင်စိတ်ကူးယဉ်ခွင့် ခံစားနိုင်ခွင့်မရှိသည့်အတွက်လည်း ပူပင်ရန်မလိုပါ။ အခြားသင်ကြိုက်သောပန်းချီကားများလည်းရှိနိုင်၏။ ထိုပန်းချီကားများကို ကျွန်ုပ်ကြိုက်ချင်မှ ကြိုက်ပေမည်။

ယခုခေတ်သစ်တွင် ကျွန်ုပ်နှစ်သက်သောလူတစ်ယောက်ကို ညွှန်ပြရမည်ဆိုပါက ဥစ္စာစောင့်နှင့်တူသော ဂျာမနီမှ အဘိုးကြီး ဟန်းစ်ဟော့ဖ်မန်းကို ညွှန်ပြရပေမည်။ မော်ဒန်ပန်းချီကို မနှစ်သက်သော လူတစ်ယောက်အဖို့ သူလုပ်သမျှ ဘာကိုမှကြိုက်မည်မဟုတ်ပေ။ ကျွန်ုပ်တို့စုဆောင်းထားသည့် ပန်းချီကားအများစုကို ရေးဆွဲခဲ့သူများသည် ဟော့ဖ်မန်း၏ဩဇာနှင့် မလွတ်ကင်းကြပေ။ အသက် ၈၀အရွယ် သူသေဆုံးချိန်အထိ ထိုအဘိုးကြီးသည် ပန်းချီကားများကို စိတ်အားထက်သန်စွာ ရေးဆွဲခဲ့၏။ ကျွန်ုပ်သည် သူနှင့် ဂရင်းနစ်ချ်ရွာတွင် နောက်ဆုံးစကားပြောခဲ့ရ၏။ သူသည် ထိုရွာတွင် လူငယ်များအတွက် သမားရိုးကျမဟုတ်သော သင်တန်းတစ်ခုဖွင့်ခဲ့၏။ ''ဒီသံသရာကြီးမှာ ခင်ဗျားအထူးသဘောကျတဲ့ အရပ်ဒေသရှိပါသလား''ဟု ကျွန်တော်မေးကြည့်ခဲ့သည်။

လူအိုကြီးက ကြေကွဲစွာပြုံးလိုက်၏။ ''အား--ရှိတာပေါ့ ခင်ဗျားသိသင့်တဲ့နေရာတစ်ခုရှိတယ်။ ကျုပ်က အဲဒီနေရာကို အယ်လီဇီယန်သုခဘုံလို့ခေါ်တယ်။ ပန်းချီဆရာအတိုးကြီးတွေ သေပြီးတဲ့နောက် အဲဒီကို ရောက်သွားတယ်။ အဲဒီနေရာဟာ အလွန်သန့်ရှင်းရိုးသားတယ်။ လေးထောင့် အသိုက်တစ်ခုပါပဲ၊ ဒါပေမဲ့ အားလုံးပြည့်စုံတယ်''

သူ ပြောတော့ အယ်လီဇီယန်ကို ကျွန်တော် အမှန်တွေ့ခဲ့ပါသည်။ ဆေးများ ခြယ်မှုန်းထားသော လေးထောင့်အကွက်တစ်ခုဖြစ်ပါသည်။ အနုပညာရှင် ပန်းချီဆရာများ၏ ဝိညာဉ်ကိန်းအောင်းရာ ပန်းချီကားပင်ဖြစ်လေသည်။

ဟန်းစ်ဟော့ဖ်မန်းသည် အမေရိကန်ပန်းချီသမိုင်းတွင် မကြာခင် ထိုက်တန်သောနေရာအပေးခံရမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သူသည် ဂျက်ကာဆန်ပေါလော့ကဲ့သို့ ကြီးကျယ်မှုကြီးကျယ်လိမ့်မည်။ ဌနိမာရင်လောက် လူသိများချင်မှ များပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အား ပန်းချီလမ်းသစ်ကို ဖော်ထွင်ပေးသူအဖြစ် နေရာရမည်ကား သေချာ၏။

ပန်းချီကားများစုဆောင်းခြင်းဖြင့် ရနိုင်သည့်ပျော်ရွှင်မှုတစ်ခုရှိပါသေး၏။ ထိုပန်းချီကားများအား နောက်ဆုံးတွင် ပြတိုက်၊ သို့မဟုတ် တက္ကသိုလ်တစ်ခုသို့ လွှဲပြောင်းပေးခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပန်းချီကားများကို လူအများကြည့်ရှုခံစားနိုင်လေသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် စုဆောင်းထားသော ပန်းချီကားများအား အော်စတင်မြို့ရှိ တက္ကဆက်တက္ကသိုလ်သို့ လှူဒါန်းလိုက်ပါသည်။ ထိုပန်းချီကားများကို ကြည့်ရှုခံစားလိုသူများသည် ထိုတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုနိုင်ပါသတည်း။



ဘနင်း(မြန်မာပြန်)



# သန့်ရှင်းကျန်းမာ အာဟာရပြည့်ဝသော အစားအစာများ စားသုံးရန်



ကျွန်တော်တို့သည် အသက်ရှင်သန်ရေးအတွက် နေ့စဉ်နှင့်အမျှ အစားအစာများစားကြရပါသည်။ ကိုယ်ရောစိတ်ပါကျန်းမာရေးအတွက် အစာအာဟာရများစွာ လိုအပ်ပါသည်။ အာဟာရဓာတ်ချို့တဲ့ခြင်းသာမက အာဟာရဓာတ်လွန်ကဲခြင်းများလည်း တွေ့ရှိနေရပါသည်။ အာဟာရဓာတ်ချို့တဲ့ခြင်းသည် အစားအစာမလုံလောက်ခြင်း၊ အာဟာရအသိပညာနည်းပါးခြင်းတို့သာမက အစားအစာ မသန့်ရှင်းမှုကြောင့်လည်း ဖြစ်တတ်ပါသည်။ အစားအစာရွေးချယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သိမ်းဆည်းခြင်းပြုလုပ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ အာဟာရပြည့်ဝသော အစားအစာများကိုရွေးချယ်စားသောက်ရပါမည်။

### (၁)အစားအစာများမသန့်ရှင်းခြင်းကြောင့် ဖြစ်တတ်သောရောဂါများ

အစားအစာမသန့်ရှင်းပါက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းများရောဂါ၊ အသည်းရောင်အသားဝါ ရောဂါ၊ အစာအဆိပ်အသင့်ရောဂါနှင့် သန်ကောင်စွဲရောဂါများ

ဖြစ်တတ်ပါသည်။




## (၂) သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ရွေးချယ်ခြင်း

ဟင်းသီးဟင်းရွက်များ၊ အသီးအနှံ၊ သား၊ ငါး၊ ပဲမျိုးစုံစသည်တို့ သည် သန့်ရှင်းလတ်ဆတ်ရန်အရေးကြီးပါသည်။ ဟင်းသီးဟင်းရွက်များကို မချက်မပြုတ်ဘဲစားပါက သန့်ရှင်းသောရေနှင့် ဆေးကြောရပါမည်။ စင်ကြယ်အောင်ဆေးရပါမည်။ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရာတွင်ဖြစ်စေ၊ ရောင်းချရာတွင်ဖြစ်စေ၊ စားခါနီး ဆေးကြောရာတွင်ဖြစ်စေ သုံးသည့်ရေသည် သန့်ရှင်းရပါမည်။ မသန့်ရှင်းပါက ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်နိုင်ပါသည်။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင် ပိုးသတ်ဆေးအကြွင်းအကျန်များရှိတတ်၍ ရေနှင့်သေချာစွာ ဆေးကြောရန် လိုအပ်ပါသည်။

အသီးအနှံများကို အလုံးလိုက်ဝယ်ပြီး အိမ်တွင်းသန့်ရှင်းသော ပန်းကန်၊ ဓား၊ ဇွန်းများအသုံးပြု၍ စားသင့်ပါသည်။ ချက်ခြင်းမစားနိုင်ပါက ယင်များ၊ ဖုန်နှင့် အခြားအညစ်အကြေးများ မဝင်စေရန် ဖုံးထားရပါမည်။ ဆေးကြောပြီး ရေခဲသေတ္တာထဲ ထည့်ရပါမည်။

အသား၊ ငါးများသည်လည်း သန့်ရှင်းလတ်ဆတ်ရန် လွန်စွာအရေးကြီးပါသည်။ အေးခဲအသားများ၊ ငါးများသည် ကျန်းမာရေးကို လွန်စွာဒုက္ခပေးပါသည်။ အသားများသည်လည်း တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ စစ်ဆေးပြီးသော အသားများဖြစ်ရပါမည်။

## (၃) အစားအသောက်များ ပြင်ဆင်ထားသိုခြင်း

အစားအသောက်များ ပြင်ဆင်ချက်ပြုတ်သော မီးဖိုချောင်နှင့် နေရာကိုသန့်ရှင်းစွာထားရပါမည်။ မီးဖိုချောင်တွင် သုံးစွဲသည့် အိုးခွက်၊ ပန်းကန်၊ ခွက်ယောင်းများ၊ ဓါးစဉ်းတီတုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းစွာထားပြီးမှ အသုံးပြုရပါမည်။ အစားအစာတစ်မျိုးအတွက် အသုံးပြုပြီးပါက ၎င်းတို့ကိုဆေးကြောထားရပါမည်။

အစားအသောက်များအား ယင်ကောင်များနားခြင်း၊ ဖုန်မှုန့်နှင့် အခြားအညစ်အကြေးများမဝင်စေရန် ဖုံးအုပ်ထားရပါမည်။ ချက်ပြီးသော အစားအစာများကို ချက်ချင်းစားပါကပို၍ကောင်းပါသည်။ အသားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြီးသောအစားအစာများကို ရောနှောထားခြင်းမပြုလုပ်သင့်ပါ။ ချက်ပြီးသား အေးစက်သောအစားအစာများကို ကောင်းမွန်စွာပြန်နွှေးပြီးမှ စားရပါမည်။ တတ်နိုင်ပါက အစားအစာများကို ရေခဲသေတ္တာထဲတွင်ထည့်ထားရပါမည်။

နွားနို့များကိုလည်း အစိမ်းမသောက်သင့်ပါ။ ဆူအောင်ကျိုချက်ပြီးမှသာသောက်ပါမည်။ အမှိုက်နှင့်စားကြွင်းစားကျန်များကို အဖုံးပါသော အမှိုက်ပုံးများတွင်ထည့်ပြီး ကလေးများနှင့် တိရစ္ဆာန်များ မမွှေနိုင်အောင် ထားရပါမည်။

## (၄) လမ်းဘေးစားသောက်ဆိုင်များ

ယနေ့အချိန်အခါတွင် လမ်းဘေးစားသောက်ဆိုင်များကို ဝယ်စားသောက်နေရပါသည်။ လိုအပ်ချိန်တွင် အစားအစာရရှိရန် လမ်းဘေးဈေးသည်များသည် အရေးပါနေပါသည်။ ရံဖန်ရံခါလူနည်းသော မိသားစုအတွက်ချက်စားမည့် အစား၊ ချက်ပြီးသားဆိုင်မှ ဝယ်ယူခြင်းသည် ပို၍အဆင်ပြေတတ်ပါသည်။ အချိန်မီရုံးတတ်ရန်အတွက် ထမင်း၊ ဟင်းမချက်နိုင်သော အလုပ်များအတွက်လည်း အားကိုးအားထားရသည့်နေရာ ဖြစ်နေပါသည်။ ပေါ၊ ချောင်၊ ကောင်း ဝယ်စားခြင်းကြောင့် မသန့်ရှင်းသည့်အစားအသောက်ကြောင့် ရရှိသည့်ရောဂါများရရှိနိုင်ပါသည်။ မှိုတက်သော ငရုတ်သီး



မှန့်များ ခွင့်မပြုစာတုဆိုးဆေးများ၊ တာရှည်ခံခွင့်မပြုဟော်မလင်နှင့် အစာဖြည့်စွက်ဆေးလက်ချားများကြောင့် အစာအိမ်အူလမ်းကြောင်း ရောဂါများ၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်ကို သတိပြုရပါမည်။

## (၅) စားသောက်ဆိုင်

စားသောက်ဆိုင်များသည်လည်း အစားအစာပြင်ဆင်နေရာနှင့် ပြင်ဆင်ပုံ၊ ပြင်ဆင်နည်းများကို သန့်သန့်ရှင်းရှင်းဖြင့် သတိထား၍ ပြင်ဆင်ချက်ပြုတ်နိုင်ပါက ရောဂါဘယကင်းဝေးနိုင်ပါသည်။

မချက်ရသေးသော အသား၊ ငါး၊ နို့များတွင် သာမန်မျက်စိနှင့် မမြင်ရသောပိုးမွှားများ ပွားများနှုန်းများပါသည်။ ချက်ပြုတ်ပြီးပါက ၄င်းပိုးများမရှိတော့ပါ။ သို့ရာတွင် ချက်ပြီးအစားအစာနှင့်မချက်ရသေးသောအစားအစာများကို ရောနှောထားခြင်းဖြင့်မချက်ရသော အစားအစာမှပိုးများသည် ချက်ပြီးသော အစားအစာများကို ကူးပြောင်းပြီး ချက်ပြီးသားအစားအစာများတွင် ရောဂါများရရှိနိုင်ပါသည်။

ချက်ပြီးသော အစားအစာများ၊ ဟင်းလျာများသည် အပူချိန် (၅)ဒီဂရီစင်တီနှင့်(၆၀)ဒီဂရီစင်တီဂရိတ်အတွင်း ကြာမြင့်စွာထားပါက ပိုးများပွားနှုန်းမြန်ခြင်းကြောင့် ချက်ပြီး(၄)နာရီထက်ကျော်သည်အထိ ဆူပွက်အောင်ပြန်နွှေးပြီးမှ စားသင့်ပါသည်။

အစားအစာများကို ရေခဲသေတ္တာတွင် ထားခြင်းအားဖြင့် ပိုးများပွားမှုနှုန်းနှေးစေ၍ အစားအစာအစိမ်းဖြစ်စေ၊ အကျက်ဖြစ်စေ အထားခံပါသည်။ (၄)ဒီဂရီစင်တီဂရိတ်မှ(၁၀)ဒီဂရီစင်တီဂရိတ်တွင် ဖြစ်ပါသည်။ အသား၊ ငါးစိမ်းများကို အပူချိန်(၅)စင်တီဂရိတ်မှ (၆၀)ဒီဂရီစင်တီဂရိတ်အကြားတွင် ကြာကြာထားပါက ပိုးမွှားတိုးပွားပြီးပျက်စီးလွယ်တက်ပါသည်။

## (၆)အစားအစာပြင်ဆင်သူများ လိုက်နာရမည့်အချက်များ

အစားအစာပြင်ဆင်ရာတွင် လက်ကို ဆပ်ပြာကိုစင်ကြယ်အောင်ဆေးရပါမည်။ အိမ်သာမှပြန်လာပြီး(သို့မဟုတ်)ကလေးငယ်၏ အညစ်အကြေးများကို သုတ်သင်ဆေးကြောရပါမည်။ အသားနှင့်ငါးများကိုင်တွယ်ပြီးချိန်၊ အမှိုက်ပုံးများကိုင်တွယ်ပြီးချိန်နှင့်

> မှီတက်သော ရေတ်သီးမှုန့်များ ခွင့်မပြုစာတုဆိုးဆေးများ၊
> တာရှည်ခံခွင့်မပြုဟော်မလင်နှင့် အစာဖြည့်စွက်ဆေးလက်ချားများကြောင့်
> အစာအိမ်အူလမ်းကြောင်း ရောဂါများ၊ ကျောက်ကပ်ပျက်စီးခြင်းနှင့်
> ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်ကို • • •

**အရောင်အဆင်းလှပစေရန် အစားအစာဆိုးဆေးများသည် ဈေးကြီးသောကြောင့် အဝတ်အထည်ဆိုးဆေးများကိုသာ အသုံးပြုနေကြပါသည်။ အချိုရည်၊ ငရုတ်ဆီ၊ ခရမ်းချဉ်သီးအချဉ်ရည်၊ ဆီးယိုဆီးထုပ်များတွင် အရောင်တင်ခြင်းများ ပြုလုပ်ကြပါသည်။ ဆိုးဆေးများကြောင့်. . .**

တီရှူးစာနှ်(ခွေးကြောင်)များ ကိုင်တွယ်ပြီးချိန်လက်ကို ဆပ်ပြာနှင့် ဆေးကြောရပါမည်။ လက်တွင်အနာရှိနေပါက အစားအစာများ မကိုင်တွယ်သင့်ပါ။

အစားအစာများချက်ပြုတ်ပြီးသည့်အခါတွင် လက်ပြင်ကိုင်တွယ်ခြင်းကို နည်းနိုင်သလောက်နည်းရပါမည်။ သန့်ရှင်းသည့် ဇွန်းဥပ်နှင့်တူတို့ဖြင့်ကိုင်တွယ်ရပါမည်။

ဈေးသည်များ အစားအစာကိုင်ပါက အခြားပစ္စည်းများနှင့် ရောကိုင်ရန်မသင့်ပါ။ ငွေကိုင်တွယ်ပြီး လက်ဖြင့်အစားအစာများကို မကိုင်တွယ်သင့်ပါ။ ငွေကိုင်သူတစ်ဦးသပ်သပ်ထားရပါမည်။

ပန်းကန်ခွက်ယောက်များကို ရေသန့်သန့်ဖြင့်ဆေးရပါမည်။ လက်ဖြင့် မကြာခဏကိုင်တွယ်မှုကို ရှောင်သင့်ပါသည်။ အစားအစာများကို လက်ဖြင့်တစ်ခုပြီးတစ်ခုကိုင်တွယ်ပြီးမှ ရွေးခြင်းများကို မပြုလုပ်သင့်ပါ။

အစားအစာများကို ယင်ကောင်များ၊ ဖုန်များမထိအောင်ဖုံးထားရန် လိုအပ်ပါသည်။ အစားအသောက်မချက်ပြုတ်မီ သိုလှောင်ရာတွင် ကြွက်၊ ပိုးဟပ်စသည့်များ မလာနိုင်အောင်လုံခြုံစွာ သိမ်းဆည်းထားရပါမည်။

**(ဂ) အစားအစာများကြာရှည်ခံအောင် ဆိုးဆေးများအသုံးပြုခြင်း**

ယနေ့အချိန်အခါတွင် အစားအစာများကို ကြာရှည်ခံအောင် ဓာတုပစ္စည်းများကို အသုံးပြုနေကြပါသည်။ အထားခံရန် ယမ်းစိမ်းများ အသုံးပြုကြပါသည်။ အရောင်အဆင်းလှပစေရန် အစားအစာဆိုးဆေးများသည် ဈေးကြီးသောကြောင့် အဝတ်အထည်ဆိုးဆေးများကိုသာ အသုံးပြုနေကြပါသည်။ အချိုရည်၊ ငရုတ်ဆီ၊ ခရမ်းချဉ်သီး အချဉ်ရည်၊ ဆီးယိုဆီးထုပ်များတွင် အရောင်တင်ခြင်းများ ပြုလုပ်ကြပါသည်။

ဆိုးဆေးများကြောင့် အစာအိမ်အူလမ်းကြောင်းရောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်းစသော လတ်တလောဆိုးကျိုးများဖြစ်ပေါ်စေပါသည်။ ရေရှည်တွင် ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ အသည်းနှင့်ကျောက်ကပ်များပျက်စီးခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

**(ဃ) ကလေးငယ်များအတွက် သန့်ရှင်းသောအစားအစာ**

မိခင်နို့ရည်သည် ကလေးများအတွက် အကောင်းဆုံး၊ အသန့်ရှင်းဆုံးနှင့်အာဟာရအပြည့်အဝဆုံးဖြစ်ပါသည်၊ ကလေး(၆)လမှစပြီး မိခင်နို့နှင့်အတူ အခြားအစားအစာများကို ပူးတွဲ၍အကျင့်လုပ်ပြီး ကျွေးပေးရပါမည်။

ကလေးငယ်အတွက် အစားအစာကို ပြုပြင်တိုင်း လက်၊ အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းစွာဆေးကြောပေးရန်လိုအပ်ပါသည်။ ကလေးငယ်၏ အစားအစာကို ကောင်းမွန်စွာချက်ပြုတ်ရပါမည်။ ကလေးငယ်ကို ကျွေးမွေးရာတွင် သန့်ရှင်းသော ပန်းကန်၊ ဇွန်းများကို သုံးရပါမည်။ ကလေးငယ်များအတွက် ပြုပြင်ထားသော အစားအစာကို ချက်ချင်းကျွေးရပါမည်။ ကလေးငယ်၏ အစာကို စာကနီးမှ ပြုပြင်ရပါမည်။ ယင်ကောင်များ၊ ဖုန်များ မဝင်စေရန် ဖုံးထားရပါမည်။





## (၉) အိမ်တွင် အစားအစာပြင်ဆင်ခြင်း

အစားအစာများသည် မီးဖိုချောင်သို့မရောက်ခင် ပိုးမွှားများရှိပြီးသားဖြစ်ပါသည်။ ထို့ကြောင့် လတ်ဆတ်၍သန့်ရှင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူရပါမည်။

အစားအစာများကို ချက်ခါနီးမှ ဝယ်ယူခြင်းသည် ကောင်းပါသည်။ သို့ရာတွင် အစားအစာများမချက်မီ ကြာမြင့်စွာကပင် ဝယ်ထားပါက များစွာပျက်စီးထား၍ ရေခဲသေတ္တာထဲတွင် ထားရပါမည်။

အစားအသောက်ပြင်ဆင်သူသည် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ရပါမည်။ အစားအစာများမကိုင်တွယ်မီ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးရပါမည်။ အသုံးပြုသော အိုး၊ ခွက်၊ ပန်းကန်၊ ဓား၊ စဉ်းတီတုံးများသန့်ရှင်းရပါမည်။

အစားအစာများကို နူးနပ်အောင်ချက်ပြုတ်ခြင်းဖြင့် ပိုးမွှားများ မိုင်းရပ်စ်အချို့နှင့် ကပ်ပါးပိုးများပျက်စီးနိုင်ပါသည်။

အစားအစာများကို ချက်ပြုတ်ပြီးပါက မစားမီ ပြင်ဆင်ကိုင်တွယ်သူများမှ လက်ကို ဆပ်ပြာနှင့်ဆေးရပါမည်။ ထို့အပြင် အိုးခွက်၊ ပန်းကန် သုတ်သည့်အဝတ် စသည်တို့ကိုလည်း သန့်ရှင်းရပါမည်။ မသန့်ရှင်းပါက ရောဂါပိုးများဝင်ရောက်နိုင်ပါသည်။ အစားအစာများကို မလိုအပ်ဘဲ မကိုင်တွယ်ရပါ။ ပန်းကန်၊ ဇွန်းများကို အဝတ်ပေဖြင့် သုတ်ခြင်းများ မပြုလုပ်သင့်ပါ။

## (၁၀) ချက်ပြီးကြာရှည်စွာထားသိုချန်ထားခြင်း

ချက်ပြီးသား အစားအစာများကို အပူချိန်(၅)ဒီဂရီစင်တီဂရိတ်မှ (၆၀)ဒီဂရီစင်တီဂရိတ်အတွင်း ကြာမြင့်စွာထားပြီး(၄)နာရီထက် ကျော်လွန်ပါက ပိုးမွှားများကို တိုးပွားနှံ့ပြန့်စေပါသည်။ ချက်ပြီးသောအစားအစာများကို ချက်ချင်းစားပါက အကောင်းဆုံးဖြစ်ပါသည်။

## (၁၁) ပြန်လည်နွေးခြင်း

အစားအစာများကို ချက်ပြီးပြီးချင်းစားပါက အကောင်းဆုံးဖြစ်



ပါသည်။ အစားအစာအကြွင်းအကျန်များကို ပြန်လည်နွေးစားပါက ပိုးမွှားများပျက်စီးသွားပါသည်။ တတ်နိုင်ပါကဆူပွက်အောင် နွေးရပါမည်။ အစားအစာများမစားခင် အဆင့်ဆင့်သန့်ရှင်းမှု လိုအပ်ပါသည်။

## (၁၂) အကြံပြုချက်

မချက်ဘဲ အစိမ်းစားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုမစားခင် သန့်ရှင်းသောရေကို အသုံးပြု၍ဆေးကြောရပါမည်။ ဟင်းသီးဟင်းရွက်များစိုက်သည့်နေရာ၊ ကိုင်တွယ်သည့်လက်၊ ထည့်သည့်ပန်းကန်၊ လှီးသည့်ဓားနှင့် စဉ့်တီတုံးများ သန့်ရှင်းရန်လည်း လိုအပ်ပါသည်။ အခွံပါသော အသီးအနှံများကို စားကာနီးမှ နွှာပြီးစားရပါသည်။ ယင်နားစာများကိုမစားရပါ။ ကလေးငယ်များအတွက် အစားအစာသည် သန့်ရှင်းရန်လိုအပ်ပါသည်။ အစာလည်းဆေး ဆေးလည်းအစာဆိုသည့်အတိုင်း သန့်ရှင်းလတ်ဆတ်ပြီး၊ အာဟာရဓာတ်ပြည့်ဝသော ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုသာရွေးချယ်စားသောက်ရပါမည်။

**မြင့်သန်းထွန်း**

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

စံပြအလှမယ် ဓာတ်ပုံပြိုင်ပွဲ

Model နင်းမြင့်မြတ်ခင်

သန့်ဇင်



ပထမ

ဦးကျော်စိုး(ရန်ကင်း)



ဒုတိယ

ဦးသန့်ဇင်



တတိယ

သွယ်သွယ်ထွန်း

City MAGAZINE

# မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING) အစီအစဉ်

ပွဲတော်များ



ပထမ

ဉာဏ်ဝင်းထွန်း



ဒုတိယ

ထွန်းဝင်းနိုင်

တတိယ

ဦးငွေးကြွယ်



# ပုစွန်ဆိတ်

နွတ်ခမ်းမွေး
ရေးရေးရယ်နှင့် သတ္တဝါ။

အမြီးနှစ်မြွာ ပြားပြားလေးမို့
အကြေးခွံ ငွေရောင်ဝင့်ကယ်နှင့်
တင့်လှပေရော။

ငွေပင်လယ် ကြမ်းပြင်အောက်
ရေပြင်ဝယ် လမ်းဝင်ဖောက်နိုင်ငံ့
ခုံမှောက်လို့ လာချင်လာ
ခဏသာ လက်ပစ်ကူး။

အိုကွယ် . . .
အရှုံ့ရာယ်
ရန်စွယ်ဘယ်လောက်များစေတော့
မော်မကြွားပါ အကောင်မှာသေးသော်လည်း
ကျော်လွှားမကြာ ရှောင်ကာပြေးနိုင်ရဲ့
မနေးခဏ အရောက်ကူးတယ်
(ကွယ် . . .)
ဘေးမရောက်ဘူး။

လက်ကမြင့်မိုရ်





# ညိုအသွင်စာကိုခင်

တစ်ရံရောခါ၊ ဝန်ဇင်းရွာဝယ်
စာပေလေ့လာ၊ ပျော်မွေ့ပါသည့်
လယ်ယာလုပ်သူ၊ "ညို"ဟူသော
လူငယ်တစ်ယောက်ရှိသတည်း။

လယ်ယာလုပ်သား ဆိုသော်ငြားလည်း
အားလပ်ချိန်ခါ၊ အမြဲသာပင်
စာပေဖတ်ရှု၊ လေ့လာမှုကြောင့်
ဗဟုသုတ၊ အဝဝကို
ကဝိပမာ၊ နှံ့စပ်ပါ၍
"စာတိုညို"အမည်တွင်ကာ။
ရွာဝန်းကျင်မှာဂုဏ်သတင်းဖြာ။

ထိုသို့ ဂုဏ်သတင်း၊ ထင်ပေါ်သင်းချိန်
အင်းဝထီးနန်း၊ စိုးစံမြန်းရှင်
တိုင်းခန်းလှည့်ကာ၊ မိတ္ထီလာကန်
ရေတွေလျှံ၍၊ ကန်ပေါင်ပြင်လာ
အချိန်ခါဝယ်၊ မြင်ကာစူးစမ်း
သိချင်စမ်းမိ၊ နတ်ကွန်းပမာ
ထိုအရာအကြောင်း
ရွာသူရွာသား၊ မှူးမတ်များတို့
လျှောက်ထားခြင်းငှာ၊ မစွမ်းသာချိန်
"စာတိုညို"အား ဆင့်ခေါ်ကာ။
လျှောက်ထားနိုင်းမှအကြောင်းချင်းရာ။
ပြည့်စုံတိကျသိရရှာ။

ကြောင်းချင်းစုံစွာ၊ သိပြီးခါမှ
လယ်ယာလုပ်သား၊ ဖြစ်ပေငြားလည်း
စာများဖတ်ရှု၊ မွေ့လျော်မှုကြောင့်
သုတဖွံ့ထွား၊ "ညို"အားမှ
မြှောက်စားပါချင်၊ နန်းရင်ပြင်သို့
ဘုရင်ကိုယ်တိုင်ခေါ်ယူကာ။
အမတ်ရာထူးခန့်အပ်တာ။
စာဖတ်ခြင်း၏အကျိုးကြောင့်ပါ။

သြော် . . .
တောကြိုတောင်ကြား၊ လယ်လုပ်ငြားလည်း
စာများဖတ်ရှု၊ လေ့လာမှုဖြင့်
သုတအလင်း၊ ထွန်းပြောင်ခြင်းကြောင့်
မင်းမှုထမ်းအမတ်၊ ချီးမြှင့်အပ်ထိ
ရလဒ်သာကော၊ အကျိုးလှသော
"ညို"အသွင်၊ စာကိုခင်က
ဉာဏ်ရွှင်ဖွံ့ထွား၊ သုတများပြီး
လူသားချင်းတွ၊ ခေါင်းဗိုသူသွင်
ယူဆတွေးခေါ်၊ သင့်မြတ်တော်၍
ထင်ပေါ်ဝင့်ကြွား၊ ရှိပေငြားလိမ့်
အားလပ်ချိန်တိုင်းစာဖတ်ကာ။
ဗဟုသုတရှာကြပါ။

မနောသစ်(ပခုက္ကူ)



# ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ကံ၊ စိတ်၊ ဥတု၊ အာဟာရ
သမုဋ္ဌာန်လေးပါး . . .

**"ကံ"**
ကံသည်အလုပ်၊ မကောင်းတာလုပ်
မကောင်းတာဖြစ်၊ စိတ်မညစ်နဲ့ . . .
**"စိတ်"**
အမျက်ဒေါသ၊ စိတ်ဒေါသ
ပြေမှပြေမယ်၊ စိတ်လိုမလိုက်နဲ့ . . .
**"ဥတု"**
ရာသီနှင့်ကိုက်၊ လိုက်လျောညီစွာ
နေမှကောင်းမယ်၊ စိတ်ကာစဉ်းစား
စိတ်ကောင်းကောင်းထား . . .
**"အာဟာရ"**
သင့်တင့်သောအစာ၊ သင့်လျော်သောအရသာ
ရွေးချယ်စားမှ၊ ကျန်းမာရွှင်လန်း
စိတ်လည်းလန်းမည် . . .
သမုဋ္ဌာန်လေးပါး၊ ဓာတ်တရားတွေ
သတိနှင့်ယှဉ်၊ အသိနဲ့ထိန်း
အမြဲလိုက်နာ၊ ဘေးကင်းကွာ . . .

ရွှေတိုင်ခင်မောင်ထွေး

# ဓါလပြည့်ဝန်း

အခွံ

"ဟဲ့– ငါ့မနေ့ညက စားပွဲပေါ်မှာထား တဲ့အိတ် ဘယ်သူယူထားလဲ၊ မေးနေတယ် လေ၊ ငွေအဝါရောင်အိတ်လေး တွေ့ကြလား လို့"

မနက်စောစောအိပ်ရာထက်ဝယ် ဇိမ် နှင့်ကွေးအိပ်နေသော ကိုစောအောင် အမေ့ အသံကြောင့် လန့်နိုးသွားရသည်။

"ဟဲ့ မေးနေတယ်လေ၊ ငါပြောတာ မကြားချင်ယောင်ဆောင်နေကြလား"



ဒုတိယအကြိမ် အမေ့အသံကြောင့် မထ၍မရတော့၊ သွားပြီ၊ သည်တနင်္ဂနွေနေ့မှာ အိပ်ရေးဝဝအိပ်ပြီးမှ အိပ်ရာထမည့်အစီအစဉ်ဖြစ်ချက်မဖြစ်နိုင်တော့၊ သူ့ဘေးတွင် အိပ်နေသောဇနီးသည် ယုယုခင်လည်း အမေ့အသံကြားမည်ထင်သည်။ သို့ရာတွင် အမေ့အသံမကြားချင်ယောင်ဆောင်ပြီး၊ ပေအိပ်နေဟန်တူသည်။

''ယု…ယု ထပါဦး၊ အမေ့အသံကြားတယ် မဟုတ်လား''

''ကြားသားပဲ၊ မထချင်လို့မထတာ''

''မင်းကွာ၊ အမေ့ကိုကလန်ကဆန်မလုပ်ပါနဲ့ကွာ''

''ယုက ဘာကလန်ကဆန်လုပ်လို့လဲ၊ နေ့တိုင်းမနက်စောစောတိုင်ကြားနေကျပဲလေ''

ယုယုခင်စကားကြောင့် စောအောင်ခေါင်းကို တဖျစ်ဖျစ်မြည်အောင်ကုတ်ပြီး–

''ကဲပါကွာ၊ ယုကလိမ္မာပါတယ်၊ အမေကျေနပ်အောင် ပြောလိုက်ပါနော်''

''ယုက ဟန်မဆောင်တတ်တာအစ်ကိုသိတယ်နော်၊ ယုမပြောနိုင်ဘူး''

''ယုရယ်၊ သည်းခံလိုက်ပါကွယ်၊ အမေကအသက်ကြီးတဲ့သူပဲဆိုပြီး ယုပဲအလျှော့ပေးနေရတာ၊ အစ်ကိုက ယုဘက်တော့ ထည့်မစဉ်းစားဘူး၊ ကိုယ်ချင်းမစာတတ်တဲ့ ယောက်ျားပဲ''

ယုယုခင် အိပ်ရာမှဆတ်ခနဲထပြီး၊ မကျေမနပ်စကားဆိုသည်။ ဆံပင်ကို ကလစ်ဖြင့်စုစည်းပြီး၊ ရေချိုးခန်းဘက်ထွက်လာခဲ့သည်။ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး အမေရှိသည့် ထမင်းစားခန်းဘက် ထွက်လာသည်။

''ဟော…မမ ထလာပြီလား၊ ငါမနေ့ညက စားပွဲပေါ်မှာတင်ထားခဲ့တဲ့ ပလတ်စတစ်အိတ်တွေ့လား''

ယောက္ခမဖြစ်သူ၏ ခပ်ဆတ်ဆတ်မေးခွန်းကြောင့် ယုယုခင်က ''မနေ့ညက ယုတွေ့တယ်၊ သမ်တလင်းပေါ်ကျနေလို့ ချော်လဲမှာစိုးလို့အမှိုက်ပုံးထဲ ထည့်လိုက်မိတယ်၊ သဲတွေဖုန်တွေပေနေတာ''

''ဟော့တော်၊ ငါသေသေချာချာစားပွဲတင်ထားခဲ့တာပဲ''

ယောက္ခမစိတ်ဆိုးနေမှန်းသိ၍ ယုယုခင် စကားမဆက်တော့၊ ထိုစဉ် စောအောင်တစ်ယောက် သူ့အမေနားရောက်လာပြီး–

''ပလတ်စတစ်ဆိုတော့ ပေါ့တာပေါ့အမေရဲ့၊ ဒါကြောင့် လွင့်ပြီး စားပွဲအောက်ကိုကျသွားတာဖြစ်မှာပါ၊ ပလတ်စတစ်အိတ်အသစ်ကို သားပြန်ဝယ်ပေးပါ့မယ်''

''ဘာပြောတယ်၊ ငါ့အိတ်ကလေးက ဝယ်လို့ရတာမဟုတ်ဘူး၊ ကုန်တိုက်က ဝယ်လာတဲ့ပစ္စည်းထည့်ပေးတဲ့အိတ်ဟဲ့၊ တခြားနေရာမှာ အဲဒီအိတ်ဝယ်လို့မရဘူးသိလား''

''ဪ အမေကလဲ၊ သားရုံးကအပြန်ကုန်တိုက်မှာ ဆယ်ပြာဝယ်လိုက်ပါ့မယ်၊ အဲဒီအမေလိုချင်တဲ့အိတ်ရမှာလေ၊ ဟုတ်လား အမေ''

သားဖြစ်သူစကားကြောင့် မျက်နှာတင်းသည့်အနေအထားမှ အနည်းငယ်လျော့သွားသည်။ ယုယုခင်လည်း မည်သည့်စကားမှမပြောဘဲ လုပ်စရာရှိသည်များကို ဆက်လုပ်နေသည်။

သည်နေ့ တနင်္ဂနွေနေ့မို့ သူငယ်ချင်းအိမ်တက်သွားရန် လင်မယားနှစ်ယောက် ပြင်ဆင်လိုက်သည်။ စောအောင်နှင့်ယုယုခင်တို့ လက်ထပ်ခဲ့သည်မှာ ငါးနှစ်ပြည့်ခဲ့ပြီဖြစ်၏။ သားသမီးတစ်ယောက်မှ မထွန်းကားသေး။ စောအောင်နှင့် ယုယုခင်တို့ နှစ်ယောက်မှာ တက္ကသိုလ်မှာဘွဲ့ရပြီး လုပ်ငန်းခွင်မှာတွေ့ခဲ့သူများဖြစ်သည်။ စောအောင်မှာ ရာထူးဝန်စာမေးပွဲအောင်ပြီး အရာရှိတစ်ယောက်ဖြစ်သွားပြီး နေပြည်တော်သို့ ပြောင်းသွားရသည်။ ယုယုခင်မှာ စီမံကိန်းမှူး ရာထူးနှင့်ပင် မူလရုံးမှာအလုပ်လုပ်နေဆဲ။

ယုယုခင်မှာ မုံရွာသူဖြစ်၍ မိဘများမှာ သူ့ဇာတိ မုံရွာမြို့မှာပင် နေထိုင်နေကြပြီး ကုန်သည်များဖြစ်ကြသည်။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိပြီး မုံရွာမြို့မှာပင်နေထိုင်ကြကာ အိမ်ထောင်သည်များဖြစ်ကြသည်။ သူတို့လည်း သူတို့မိသားစုများနှင့်အတူ နေထိုင်ကြပြီး ချည်ထည်လုပ်ငန်း၊ ရေခဲစက်လုပ်ငန်းများဖြင့် စီးပွားရေးလုပ်ကိုင်ကြသူများဖြစ်သည်။ ယုယုခင်တစ်ယောက်ထဲသာ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ပညာသင်ယူကာတည်းက မာလာဆောင်မှကျောင်းတက်ပြီး ဘွဲ့ရယူခဲ့သူပင်၊ တက္ကသိုလ်မှဘွဲ့ရပြီး ဒု-စီမံကိန်းမှူး စာမေးပွဲအောင်ပြီး ရုံးမှာပင်အလုပ်ဝင်ခဲ့သည်။ စောအောင်မှာ ဥပဒေဘွဲ့ရပြီး အလုပ်ဝင်လုပ်၍ ထိုရုံးမှာ ယုယုခင်နှင့်တွေ့ပြီး မေတ္တာမျှခဲ့၏။ ယုယုခင်နှင့်လက်ထပ်ပြီး သုံးနှစ်အကြာတွင် လက်ထောက်ညွှန်ကြားရေးမှူးတစ်ယောက် ဖြစ်လာသည်။

စောအောင်နှင့်ယုယုခင်တို့နှစ်ယောက် ရန်ကုန်မြို့အနောက်ပိုင်း အလုံမြို့နယ်တွင် တိုက်ခန်းငှား၍နေလာခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက်နားလည်မှုဖြင့် အိမ်ထောင်

ဘာပြောတယ်၊
ငါ့အိတ်ကလေးက
ဝယ်လို့ရတာမဟုတ်ဘူး၊
ကုန်တိုက်က ဝယ်လာတဲ့
ပစ္စည်းထည့်ပေးတဲ့အိတ်ဟဲ့၊
တခြားနေရာမှာ
အဲဒီအိတ်ဝယ်လို့မရဘူးသိလား…



ထူထောင်ခဲ့သူများဖြစ်၍ အိမ်ထောင်သက်ငါးနှစ်ကြာသည့်တိုင် လင်မယားနှစ်ယောက်ရန်ဖြစ်ခြင်း၊ စကားများခြင်းမရှိခဲ့။ သို့ရာတွင် လွန်ခဲ့သည့်တစ်နှစ်ကျော်လောက်ကမှ စောအောင်၏မိခင် ဒေါ်ခင်ရီသည် သူတို့ လင်မယားနေသည့်တိုက်ခန်းသို့ မကြာခဏလာခြင်းကြောင့် အနည်းငယ်ပြဿနာဖြစ်လာရသည်။

**“**

**လက်စသတ်တော့**
**အစ်ကိုက အစ်ကို့အမေဘက်က**
**လိုက်ပြောတာကို။ ယုဘက်ကိုတော့**
**မစဉ်းစားဘူးပေါ့လေ၊ ယုကိုတော့**
**ထည့်မတွက်ဘူး။**
**ယု ဘယ်လိုလုပ်ပြီး**
**အစ်ကို့ကို အားကိုးရမလဲ...**

**”**



စောအောင်၏မိခင် ဒေါ်ခင်ရီမှာ ငါးခယ်မမြို့တွင် စောအောင်အထက် သမီးကြီးမိသားစုနှင့်နေထိုင်သူဖြစ်သည်။ စောအောင်၏ဖခင်မှာ စောအောင် ဥပဒေနောက်ဆုံးနှစ်တက်ရောက်စဉ်က ကွယ်လွန်သွားခဲ့သည်။ သားကိုအချစ်ပိုသူဖြစ်၍ သုံးလတစ်ခေါက်လောက်ဆိုသလို ငါးခယ်မမြို့မှ ရန်ကုန်မြို့နေ သားရှိရာသို့ရောက်လာတတ်သည်။

မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းမှာ နေထိုင်သူပီပီ ငါးပုစွန်အလွန်ကြိုက်နှစ်သက်သည်။ ငါးပိ၊ ငါးခြောက်ကောင်းကောင်းကြိုက်၏။ သားထံရောက်လာတိုင်း ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးချဉ်၊ ပုစွန်ချဉ်တို့ယူလာတတ်စမြဲ။ စောအောင်နှင့်ယုယုခင်တို့အိမ်ထောင်ကျခါစမှာ ယုယုခင်ကို "သမီး သမီး"နှင့် နှုတ်မျှားမှမချ။ ယုယုခင်ကလည်း ဒေါ်ခင်ရီကို "အမေ အမေ"နှင့် ယောက္ခမလိုမမြင်။ အမေရင်းလိုခင်မင်သည့်စိတ်ဖြင့် ဆက်ဆံခဲ့လေသည်။

ကိုယ့်မိဘအရင်းမှာ အဝေးရောက်နေ၍ ကိုယ့်ယောက္ခမကို မိခင်သဖွယ် စိတ်ထဲမှတ်ယူပြီး တတ်နိုင်သမျှပြုစုခဲ့ပါသည်။ ယုယုခင်တို့လက်ထပ်ပြီးခါစအချိန်တုန်းက ရန်ကုန်သို့ခဏခဏမလာနိုင်။ သကြန်နီးမှို့နှင့် သီတင်းကျွတ်ချိန်တွင်လာတတ်သည်။ အမှန်တိုင်းပြောရလျှင် အမေရောက်လာသောအခါ အနည်းငယ်အလုပ်ရှုပ်သည့်မှလွဲ၍ ယုယုခင်အတွက် အဖော်ပင်ရသေးသည်။ ခင်ပွန်းသည်က ရုံး၌အမြဲအလုပ်များနေတတ်ပြီး မိုးချုပ်မှပင် အိမ်သို့ပြန်လာတတ်၍ ယုယုခင်ရုံးမှ စောစောပြန်လျှင် အထီးကျန်သလိုခံစားရသည်။ ကိုစောအောင်အမေက ရှေးဖြစ်ဟောင်းများ၊ ကိုယ်တွေ့အဖြစ်အပျက်များကို ပုံပြင်ဇာတ်လမ်းလိုပြောပြတတ်သဖြင့် ယုယုခင်အတွက် အမေ့စကားများမှာ စိတ်ဝင်စားမိသည်။ တိုက်ခန်းထဲတွင် တစ်ယောက်တည်းနေရသလိုအထီးကျန်ဆန်သည့်ဝေဒနာမခံစားရတော့။ ထို့ကြောင့် တစ်နှစ်နေမှရန်ကုန်သို့ တစ်ခေါက်နှစ်ခေါက်လာတတ်သောအမေသည် လွန်ခဲ့သည့်တစ်နှစ်ခွဲလောက်ကစ၍ မကြာခဏဆိုသလို ရောက်လာတတ်သည်။ စောအောင်နှင့်အစ်မ(ယုယုခင်၏ယောက်မ)နှင့် အမေတို့စကားများလာတိုင်း သားရှိရာ ရန်ကုန်သို့ပေါက်ချလာသည်။ အမေ့ကြောင့် လင်နှင့်မယား လွတ်လပ်စွာ မနေရတော့သလို တဖြည်းဖြည်းခံစားလာမိသည်။

အထူးသဖြင့် ကြွပ်ကြွပ်အိတ်ကိစ္စနှင့်ပတ်သက်ပြီး မကြာခဏဆိုသလိုစကားများလာကြတော့သည်။ အမေသည် အသက်ကြီးလာ၍ထင်သည်။ ပစ္စည်းထည့်သည့် ကြွပ်ကြွပ်အိတ်ကို မက်မက်မောမောနှင့်သိမ်းဆည်းလာတော့သည်။ လင်နှင့်မယားနှစ်ယောက်တည်းနေသည့် တိုက်ခန်းဖြစ်၍ တတ်နိုင်သမျှသန့်သန့်ရှင်းရှင်းဖြစ်နေအောင် ယုယုခင်ကသန့်ရှင်းတတ်သည်။ ထို့ကြောင့် ကြမ်းပြင်တွင် ကျနေသမျှ စက္ကူ၊ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်စသည်တို့ကို အမှိုက်ပုံးထဲချက်ချင်းထည့်ပစ်လေသည်။ ဤတွင် ကိုစောအောင်အမေနှင့်ယုယုခင်တို့စကားအချေအတင်များကြတော့သည်။

"အမေက အိတ်လှလှလေးတွေဆိုကြိုက်တတ်လို့ သိမ်းထားတတ်တာ သိသားနဲ့ ယုရာ။ အမေ့ရဲ့ထိပ်တိုက်မတွေ့အောင်နေပါ"

စောအောင်က ယုယုခင်ကို ဤသို့ပြောလိုက်သည်တွင် ယုယုခင်က-

"အစ်ကို အဲဒီလိုပြောရင် ယုမှာလည်းပြောစရာရှိတယ်။ ယုက အိမ်ခန်းကိုသန့်ရှင်းမှကြိုက်တယ်။ အမှိုက်တွေရှိရင်မနေတတ်ဘူးဆိုတာ အစ်ကိုသိတယ်နော်"

"အစ်ကိုသိတာပေါ့၊ အစ်ကို့ယုက သန့်သန့်လေးကြိုက်တယ်ဆိုတာကို၊ ဒါပေမဲ့ ယုရယ် တစ်ခါတလေတော့ အမေ့ကိုဆန့်ကျင်ဘက်မဖြစ်အောင်နေပေးပါ။ အမေက အသက်ကြီးနေပြီမဟုတ်လား။ အမေစိတ်မချမ်းမသာဖြစ်ရင် အစ်ကိုလည်း ဘယ်စိတ်ချမ်းသာမှာလဲ၊ အစ်ကိုစိတ်မချမ်းသာရင် ယုလည်း ဘယ်ပျော်မလဲ၊ ဟုတ်တယ်နော်"

စောအောင်စကားကြောင့် ယုယုခင်က ထိုင်နေရာမှ ဆတ်ခနဲထပြီး "လက်စသတ်တော့ အစ်ကိုက အစ်ကို့အမေဘက်ကလိုက်ပြောတာကို။ ယုဘက်ကိုတော့ မစဉ်းစားဘူးပေါ့လေ။ ယုကိုတော့ ထည့်မတွက်ဘူး။ ယုဘယ်လိုလုပ်ပြီး အစ်ကို့ကို အားကိုးရမလဲ၊ ပြောပါဦးအစ်ကိုရယ်"

"မဟုတ်ပါဘူးယုရယ်၊ အစ်ကိုပြောတာ အဲဒီသဘောမဟုတ်ပါဘူး"

"တော်ပါ၊နောက်ဆုံးတော့ ဒီသဘော

“

**ယုမေးချင်တဲ့ မေးခွန်းရှိတယ်၊ အစ်ကို့အမေနဲ့ ယု နှစ်ယောက်စလုံး ရေနစ်နေရင် ဘယ်သူ့ကို အရင်ကယ်မလဲ၊ ကဲ-အစ်ကို ခုချက်ချင်းဖြေပါ...**

”

ပဲဖြစ်တာပဲမဟုတ်လား။ ယုမေးချင်တဲ့မေးခွန်း ရှိတယ်၊အစ်ကို့အမေနဲ့ယုနှစ်ယောက်စလုံး ရေနစ်နေရင် ဘယ်သူ့ကိုအရင်ကယ်မလဲ၊ ကဲ-အစ်ကိုခုချက်ချင်းဖြေပါ''

ယုယုခင်၏ မေးခွန်းစကားကြောင့် စောအောင်လန့်ဖျပ်သွားသည်။

''ယု-ယု ဘယ်လိုမေးလိုက်တာလဲ၊ မမေးကောင်းတဲ့မေးခွန်းကို မမေးရဘူးလေ ယုရဲ့''

''ဟုတ်တယ်၊မမေးကောင်းတဲ့မေးခွန်းကို ယုမေးမိတယ်၊ ဒါပေမယ့် အစ်ကိုဖြေရမယ့်အဖြေကိုလည်း ယုဖြေပေးပါ့မယ်၊ အမေနဲ့ယုနှစ်ယောက်စလုံး တစ်ပြိုက်နက်ရေနစ်ရင် အမေ့ကိုအရင်ကယ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမေသေရင်အမေအစားမရဘူး။ မိန်းမဆိုတာထပ်ယူရင်ရတာပဲလေ''

''ဒုက္ခပါပဲယုရယ်၊ အစ်ကိုက အစ်ကို့ဇနီးအလိမ္မာလေးအတွက် အမြဲဂုဏ်ယူနေတာ၊ စိတ်ကိုလျှော့ပါမိန်းမရယ်၊ အစ်ကို့အမေကိုချော့ပြောပါဦးမယ်''



ယုယုခင်က မဲ့ပြုံးပြုံး၍

''အစ်ကို့အမေက ချော့ပြောရင်လည်း ရတဲ့သူလို့အစ်ကိုယုံတယ်ပေါ့''

''ကဲပါ ယုရယ်၊ ဘာမဟုတ်တဲ့အသေးအဖွဲကိစ္စနဲ့ အချေအတင်ငြင်းခုံကြရတာ မကောင်းပါဘူး။ အမေလည်း ယုကို နားလည်လာမှာပါ''

''ဘာပြောတယ်အစ်ကို၊ ဘာမဟုတ်တဲ့အသေးအဖွဲကိစ္စဟုတ်လား။ အဲဒီ အသေးအဖွဲကိစ္စကို ပုံကြီးချဲ့ပြီးဖြစ်နေတာ ဘယ်သူလဲ၊ အသေးအမွှားလည်း အသေးအမွှားလို့ သဘောမထားရင် အကြီးအမားဖြစ်တတ်တယ်ဆိုလဲ သိတယ်နော်''

ထိုစဉ်က ယုယုခင်စိတ်တို၍ ပြောခဲ့သောစကားဟုသာထင်မိခဲ့သည်။ စောအောင်တစ်ယောက် ရုံးမှာလည်း အလုပ်များနေသည့်အတွက် မနက်စောစောအိပ်ရာထ မနက်စာစားပြီးသည်နှင့် ရုံးအရောက်သွားရသည်။ ညဘက်မိုးချုပ်မှ အိမ်ပြန်ရောက်ရသည်။ လင်မယားနှစ်ယောက်ထဲနေရသည့် အိမ်ခန်းဖြစ်သည့်အတွက် အမေလိုလူကြီးတစ်ယောက်ရှိလျှင် ပို၍လုံခြုံသလို ခံစားမိသည်။ ထို့ကြောင့် ရန်ကုန်သို့အမေရောက်လာလျှင် စောအောင်နွေးထွေးသည့် အရသာခံစားမိသည်။ စောအောင်နှင့်ယုယုခင်တို့လက်ထပ်ပြီးခါစအချိန်တုန်းက အမေဝါးခယ်မမှရောက်လာလျှင် ယုယုခင်ပြုံးပျော်ရွှင်နေတတ်သည်။ အမေက ''သမီးယု၊ သမီးယု''နှင့် နှုတ်ဖျားမှမချသလို ယုယုခင်မှလည်း ''အမေ၊ အမေ''နှင့် စောအောင်ထက်ပို၍ ဂရုတစိုက်ရှိနေရောကနေခုတလော ခပ်တန်းတန်းဆက်ဆံနေသည်။ အမေနှင့် ယုယုခင်ကြားမှာ စောအောင်မည်သူ့ဘက်မှ မရပ်တည်ရဲအောင်ပင်။ အမေ့ဘက်မှ ကြည့်လျှင်လည်းမှန်သည်။

''သားရေ၊ ဒီကြွပ်ကြွပ်အိတ်တွေက ပစ္စည်းတွေထည့်တဲ့အခါ တကယ်အသုံးဝင်တယ်သိလား။ သားဆီကကြွပ်ကြွပ်အိတ်လှလှလေးတွေ အမေသိမ်းထားတာလေ၊ ဝါးခယ်မက ပစ္စည်းတွေထုပ်ပြီး ခြင်းထဲထည့်လာခဲ့တော့သပ်သပ်ရပ်ရပ်ရှိတာပေါ့ မဟုတ်ဘူးလား သားရယ်''

အမေ ဝါးခယ်မမှလာလျှင် ရန်ကုန်ကနေ သိမ်းဆည်းသွားသည့်ကြွပ်ကြွပ်အိတ်ရောင်စုံများနှင့်လက်ဆောင်ထုပ်လေးများ

စီစီရီရီပါလာတတ်၏။

''ဒါက ဦးဘမောင်ရဲ့ သမီးအိမ်အတွက်၊ ဒါက လှလှဖို့၊ ဒါက…''

အမေ၏လက်ဆောင်ထုပ်များမှာ များပြားလှသည်။ အများအားဖြင့် ငါးပိ၊ ငါးပိရည်၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးဖယ်ချဉ်၊ ပုစွန်ချဉ်အထုပ်များကို ကြွပ်ကြွပ်အိတ်ရောင်စုံလေးများဖြင့် ခွဲထုတ်လာခဲ့သည်။ ငါးခယ်မမြို့မှ ရန်ကုန်သို့ရောက်နေသည့် ဆွေမျိုးမိတ်ဆွေများအတွက် လက်ဆောင်များကို နည်းနည်းစီခွဲ၍ လှုံ့အောင်ပေးတတ်သည်။ သည်တစ်ခေါက် သည်လူအတွက်မပါလျှင် နောက်တစ်ခါထိုသူအတွက် လက်ဆောင်ပိုထည့်လာခဲ့သည်။

''သမီး ယု၊ အမေ အံဆွဲထဲထည့်ထားခဲ့တဲ့ ကြွပ်ကြွပ်အိတ်အပြာရောင်ကို တွေ့လား''

မီးဖိုအခန်းထဲက အံထွဲကိုတရျောင်းရျောင်းမြည်အောင်ဆွဲလိုက်ပြီး အော်မေးလိုက်သည့်အတွက် ယုယုခင်ရင်ထဲထိတ်သွားသည်။

''ဘာ…ဘာလဲအမေ''

''ဒီ အံဆွဲထဲမှာ အမေ အိတ်အပြာရောင်လေးတွေ့လား''

''ဘာဖြစ်လို့လဲအမေ''

''မနက်က ဒီအံဆွဲထဲအမေထည့်ထားခဲ့တာ၊ ခု လှလှရဲ့သမီးဆီကို ပုစွန်ခြောက်ပေးမလို့ ထည့်စရာအိတ်ထားတာမတွေ့လို့''

''တရုတ်မင်းသမီးပုံနဲ့လားအမေ''

''ဟုတ်တယ်၊ သမီးသိမ်းထားလိုက်လား''

''လွှင့်ပစ်လိုက်ပြီအမေ၊ ငါးပိနံ့နံ့နေပြီးပြီးတော့ ညစ်ပတ်နေလို့ပါ''

''ဖြစ်ရလေအေ၊ ငါးပိဆိုတာ ငါးပိနံ့ရမှာပေါ့''

ဤသည်မှအစပြု၍ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ်ကို အလေးထားသောအမေနှင့် အမှိုက်ဟုယူဆသည့် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များကို လွှင့်ပစ်တတ်သော ယုယုခင်တို့မှာ မကြာခဏ ပဋိပက္ခဖြစ်လာတော့၏။ တစ်ခါမက ခဏခဏ ကြွပ်ကြွပ်အိတ်နှင့်ပတ်သက်ပြီး အမေနှင့် ယုယုခင် စကားများလာသောအခါ စိတ်ဒုက္ခရောက်သူက ကိုစောအောင်ပင် ဖြစ်သည်။ ယုယုခင်ဘက်မှကြည့်လျှင်လည်း

> မင်းမိန်းမ တမင်ပြောတာ၊
> မင်းနဲ့သူ ညားခါစတုန်းက
> အမေ့ငါးပိရည်မွှေးပြီး
> ချိုလိုက်တာဆို၊
> မင်းမိန်းမက
> ဟိုတုန်းကအပြောနဲ့
> ခုတော့ တစ်မျိုးပြောင်းသွားပါလား

မှားသင့်သည်မဆိုသာ။

ခုတလော ယုယုခင်က နေသိပ်မကောင်းချင်။ စိတ်ထဲက ဓာတ်နာဟုပင် ပြောင်ဖွင့်ပြောသည်။ ဤသို့ ယုယုခင်ထံမှ ပြောင်ပြောင်တင်းတင်းပြောလာသော်လည်း ကိုစောအောင် မည်သို့ပြန်ပြောရပါအံ့နည်း။ အစ်မဖြစ်သူ(အမေ့သမီးကြီး)နှင့်နေထိုင်ရေးအဆင်မပြေသဖြင့် သားဖြစ်သူ သူ့ထံ အားကိုးတကြီး လာရောက်နေထိုင်သည့်အမေ့ကို ''ငါးခယ်မအိမ်ပြန်နေပါအမေ''ဟု ပြောထွက်ပါမည်လား။ နေသိပ်မကောင်းသော ယုယုခင်သည် ကြံကြံဖန်ဖန် ငါးပိ၊ ငံပြာရည်၊ ငါးပိရည်နံ့ကိုမခံနိုင်ဟု ပြောသည်။

''မင်းမိန်းမ တမင်ပြောတာ၊ မင်းနဲ့သူ ညားခါစတုန်းက အမေ့ငါးပိရည်မွှေးပြီး ချိုလိုက်တာဆို၊ မင်းမိန်းမက ဟိုတုန်းကအပြောနဲ့ခုတော့တစ်မျိုးပြောင်းသွားပါလား''

''အမေရယ် သူက နေမကောင်းလို့ပါ၊ သည်းခံပါအမေရယ်''

ယုယုခင် နှစ်ရက်ခွင့်ယူထားသည်။ ညနေခုနစ်နာရီတွင် ဆေးခန်းပြဖို့ နာမည်စာရင်းသွင်းထားသည်။ အမေနှင့်ဇနီးသည် ပြေလည်စေဖို့ကြိုးစားနေသည့်ကိုစောအောင်သည် ဇနီးသည်နှင့်အတူ ဆေးခန်းလိုက်ခဲ့မည်ဟုပြောထားလေသည်။

ယုယုခင်လည်း ရေမိုးချိုးသန့်စင်ပြီး သနပ်ခါးပါးပါးလိမ်းကျံနေသည်။ အင်္ကျီအဝတ်အစားလဲ၍ ထမင်းစားခန်းဘက်ထွက်လာခဲ့သည်။ စားပွဲပေါ်တွင်တင်ထားသည့် ကြွပ်ကြွပ်အိတ်အပြာရောင်လေး လေနှင့်လွင့်၍ သမံတလင်းပေါ်ကျလာသည်။ ခါတိုင်းဆိုလျှင် သမံတလင်းပေါ်ကျလာသည့် ကြွပ်ကြွပ်အိတ်ကို အမှိုက်ပုံးထဲလွှင့်ပစ်မိမည်ဖြစ်သည်။ သို့ရာတွင် ခင်ပွန်း၏တောင်းပန်ထားသည့်စကားနှင့် ကိုယ်တိုင်လည်းနေမကောင်းနေ၍ ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ်အသာအယာပြန်တင်လိုက်၏။

ခဏအကြာ မီးဖျက်သွား၍ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

''အမေ့''

အိမ်ရှေ့သို့ ခြေတစ်လှမ်းမရောက်ခင် ခြေထောက်ကို မထိန်းနိုင်ဘဲ မြောက်တက်သွားသလိုဖြစ်သွားသည်။ ထိုစဉ် မီးချက်ချင်းပြန်လာသည်။ ယုယုခင်ချော်လဲစဉ် ကိုစောအောင်ရောက်လာသည့်အချိန်နှင့် ချိန်ကိုက် ဖြစ်သွားသည်။ တစ်ရုံတစ်ခုကို နင်းထားမိသည်။

''ဟာ…ယု၊ ယုဘာဖြစ်တာလဲ အမေအမေ''

အိမ်တံခါးကိုဖွင့်ပေးသည့် ကိုစောအောင် အမေလည်း ယုယုခင်နားသို့ ပြေးလာခဲ့သည်။

''ယု ချော်လဲလို့ အမေ''

''ဩော်…ဘာဖြစ်လို့ ချော်လဲရတာလဲ၊ မီးလည်း လာပြီပဲကို''

''မီးပျက်လို့ အိမ်ရှေ့ထွက်လာတုန်းချော်လဲတာ အမေ''

''ဟို…ယုခြေထောက်မှာ ကြွပ်ကြွပ်အိတ်စွပ်နေတာ၊ အဲဒါကြောင့်''

အမေ့ကြွပ်ကြွပ်အိတ်သည် ယုယုခင်ကို ချော်လဲစေသည့် တရားခံပင်။ ပို၍ဆိုးစေသည်က ဆေးခန်းရောက်မှဖြစ်သည်။ ယုယုခင် နာလွန်း၍အော်နေသည့်အတွက် ဆေးခန်းသို့တွဲခေါ်၍ အမြန်ပြရသည်။

''ဆေးရုံအမြန်တင်ပါ''

''ဗျာ…အရိုးကျိုးသွားလို့လား''

''ဗိုက်ထဲက ကလေး တစ်ခုခုဖြစ်နေပြီထင်တယ်''

''ဗျာ…ကလေးဟုတ်လား''

ဆေးရုံမှာ တစ်ပတ်ခန့်နေလိုက်ရသည်။ ကိုစောအောင်မှာ ရင်မှုရပါသည်။

နေပြည်တော်သို့ ရာထူးတိုး၍ အမှုထမ်းရတော့မည်။ ကိုစောအောင်ကို ယုယုခင် စကားကောင်းမွန်စွာ မပြောတော့။

ငါးနှစ်တာ အိမ်ထောင်သက်ရောက်မှ ရင်သွေးလေးလွယ်ခဲ့ရသည်။ ဝမ်းနည်းစွာဖြင့် ရင်သွေးဆုံးရှုံးလိုက်ရသည့် ခံစားမှုမှာ ဒဏ်ရာတစ်ခုသဖွယ်။ ဆေးရုံမှဆင်းဆင်းချင်း သူငယ်ချင်းရည်မွန်ကျော်အိမ်မှာ သွားနေလိုက်သည်။ ကိုစောအောင်ဇာ်မိခင်မှာ ယုယုခင်ကို အနူးအညွတ်တောင်းပန်ရှာသည်။

"သမီးယုရယ်၊ အမေ ကြွပ်ကြွပ်အိတ်သေချာမထားလို့၊ အမေ့ကြွပ်ကြွပ်အိတ်ကြောင့် ငါ့မြေးလေးဆုံးရှုံးရတာ၊ အမေ တောင်းပန်ပါတယ်၊ အမေ့သမီး ခုလိုဖြစ်တာ အမေ့ကြောင့်၊ သမီးမကြိုက်တာ အမေ မလုပ်တော့ဘူး၊ မပြောတော့ပါဘူး။ အမေရယ်၊ သားနဲ့သမီးရယ်၊ မြေးမြစ်ရတဲ့အထိ အတူတူ အေးအေးချမ်းချမ်းပြန်နေကြပါစို့ သမီးရယ်"

ယုယုခင် မျက်နှာတင်းရာမှ လျှော့ကျသွားခြင်းမရှိ။

"အမေ ဒီလောက်တောင်းပန်နေတာ တောင်မှ မကျေနပ်သေးဘူးလားယု"

"ဘာလဲ---အစ်ကို၊ ဒီတစ်ခါလည်း ယုဘက်က မှားပြန်ပြီလား"

"ယုမှားတယ်လို့ ပြောမိလား။ အမေက သူမှားလို့ ယုကိုတောင်းပန်တာ၊ ယုဘက်က လက်ခံသင့်တယ်၊ အစ်ကို ရှေ့တစ်ပတ်မှာ နေပြည်တော်ကိုသွားရတော့မယ်၊ အိမ်မှာ အမေတစ်ယောက်တည်း ကျန်နေမှာ"

"အစ်ကို နေပြည်တော်ကို စိတ်ဖြောင့်ဖြောင့်နဲ့သွားပါ။ ယု အေးအေးဆေးဆေးနေပြီး သေသေချာချာပြန်စဉ်းစားပါ့မယ်"

ပြောမရသည့်အဆုံး ကိုစောအောင် အမေ့ကို ရန်ကုန်အိမ်မှာ တစ်ယောက်တည်းထားခဲ့ရပြီး နေပြည်တော်သို့ ထွက်လာခဲ့သည်။

တတိယအကြိမ် ကိုစောအောင်တစ်ယောက် ယုယုခင်ကို သွားခေါ်သည့်အခါတွင် ယုယုခင် ရည်မွန်ကျော်တို့အိမ်မှာ မနေတော့။ လက်ရှိအလုပ်မှ နုတ်ထွက်ပြီး မိဘများရှိသည့် မုံရွာသို့သွားနေသည်ဟု သိလိုက်ရ၏။

"သား---မုံရွာသွားပြီး ယုကိုရအောင်ခေါ်ခဲ့ပါ။ အမေပါလိုက်ခဲ့မယ်လေ"

"အမေ လိုက်စရာမလိုပါဘူး။ ဒီလောက်တောင် တောင်းပန်ခဲ့ပြီပဲ၊ ကိုယ့်ဘက်က တာဝန်ကျေခဲ့ပြီလို့ပဲ မှတ်လိုက်ပါ အမေရယ်"

အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ရပြီ။ ငါးနှစ်တာ အိမ်ထောင်သက်ကြာခဲ့သော်လည်း မထင်မှတ်သည့် အဖြစ်အပျက်ကြောင့် ကွဲခဲ့ရလေသည်။

"စိတ်မကောင်းပါဘူး မယုယုခင်ရယ်၊ ဒီကလေးက မယုယုခင်အတွက် ပထမဆုံးနဲ့ နောက်ဆုံးကလေးပါ။ ကလေးထပ်မရနိုင်တော့ပါဘူး"

> **သမီးယုကို**
> **ရအောင်ပြန်ခေါ်ပြီး**
> **ပြန်ပေါင်းပါ သားရယ်၊**
> **အမေ့စကားကို နားထောင်နော် သား။**
> **ယုမှာ အပြစ်မှမရှိတာကွယ်၊**
> **အမေ့ကြောင့်**
> **ဖြစ်ရတာလေ...**



မုံရွာသို့ ရောက်သည့်နေ့မှစ၍ နေ့တိုင်းလိုလို အိုကျိုပြောလိုက်သည့်စကားများ သူ့နားမှ မထွက်တော့။ မိဘများ၏ရင်ခွင် ခိုရာ မှားပြီး မိသားစုစီးပွားရေးလုပ်ငန်းများတွင် ဘဝကို မြှုပ်နှံလိုက်သည်။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖

''သမီးယုကို ရအောင်ပြန်ခေါ်ပြီး ပြန်ပေါင်းပါ သားရယ်၊ အမေ့စကားကို နားထောင်နော် သား။ ယုမှာ အပြစ်မှမရှိတာကွယ်၊ အမေ့ကြောင့် ဖြစ်ရတာလေ''

အမေမသေမီ ပြင်းထန်သည့်ဝေဒနာခံစားနေရင်းမှာပင် သားဖြစ်သူကို တမွမ်းမွမ်းရှာသည်။ အမေကွယ်လွန်ပြီးနောက် အမေအိပ်သည့် အိပ်ရာအောက်တွင် ကြွပ်ကြွပ်အိတ်လေးများ ပြားချပ်နေအောင် ဖျာဖြင့်ဖိထားသည်ကို တွေ့ရသည်။ ယုယုခင် အိမ်ပေါ်ကဆင်းသွားပြီး တစ်နှစ်ခွဲခန့်အကြာ အမေသေဆုံးသည်အထိ ကြွပ်ကြွပ်အိတ်မသုံးတော့။ တစ်ခါသုံးဖော့ဘူး၊ ပလတ်စတစ်ဘူးငယ်လေးများ အစားထိုးသုံးလာသည်ကို တွေ့ရသည်။ သယ်ယူစရာပစ္စည်းများကို ထည့်ရသည့် ပလတ်စတစ်အိတ်ခွံလေးသည် စောအောင်၏ဘဝတွင် အတိုင်းအတာတစ်ခုထိ နာကျည်းစရာဖြစ်လာခဲ့သည်။ အမေ ကွယ်လွန်အနိစ္စရောက်သွားပြီးမှ ပလတ်စတစ်ကြွပ်ကြွပ်အိတ်တို့နှင့် ပတ်သက်သည့် ဆိုးကျိုးများကို ရုပ်မြင်သံကြားမီဒီယာ၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များတွင် ထုတ်လွှင့်ရေးသားဖော်ပြလာခဲ့လေသည်။ ပလတ်စတစ်အိတ်ခွံ၊ ကြွပ်ကြွပ်အိတ်စသည်တို့ အသုံးပြုမှု၏ နောက်ဆက်တွဲအပြစ်များကား တစ်ကမ္ဘာလုံးကိုပင် သတိထားရမည့်ကိစ္စ ဖြစ်လာတော့သည်။

ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များသည် ကမ္ဘာ့မြေဆီလွှာ၊ ကမ္ဘာ့ရေထုများအတွက် အကျိုးမဲ့စေသည်သာမက ကြွပ်ကြွပ်အိတ်ခွံပါသော အမှိုက်များကို မီးရှို့လျှင် အဆိပ်ငွေ့ကို ရှူမိသကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကြွပ်ကြွပ်အိတ်ကိုမီးရှို့လျှင် ထွက်ပေါ်လာသည့်အငွေ့သည် မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်စေသလို၊ ထိုအငွေ့ကို ရှူရှိုက်မိသူသည် ကင်ဆာရောဂါကိုပင် ဖြစ်စေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့များ၏ သုတေသီများက အတည်ပြုထားသည်။ ကြွပ်ကြွပ်အိတ်သည် မည်သည့်နည်းနှင့်မှ ကောင်းကျိုးမပေးသည်မှာ သေချာနေပြီ။

ကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး၊ ဖြင်းပယ်ရေး လုံးဝမသုံးစွဲစေရေး စသည်တို့ကို တစ်ကမ္ဘာလုံး ကျင့်သုံးနေပြီဖြစ်သည်။ ကိုစောအောင်နေသော မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံး ကျင့်သုံးလာသည့် ကြွပ်ကြွပ်အိတ်သုံးစွဲမှု ဟန့်တားခြင်းကို အမေရှိစဉ်ကသာ သိရှိသွားခဲ့ပါလျှင် အမေလည်း ကြွပ်ကြွပ်အိတ်ခွံလေးများ အမြတ်တနိုးသိမ်းဆည်းစုဆောင်းတော့မည်မထင်။ ဤသို့ဆိုလျှင် ယုယုခင်လည်း ကောင်းကျိုးမပေးသော ကြွပ်ကြွပ်အိတ်ပေါ် တက်နင်းမိလိမ့်မည်မဟုတ်။ စောအောင်နှင့် ယုယုခင်တို့၏ ရင်သွေးရတနာလေးသည် ကြွပ်ကြွပ်အိတ်ကြောင့် ပျက်စီးသွားခဲ့ရသည်။ ကြွပ်ကြွပ်အိတ်ကြောင့်သာ သူတို့မိသားစု ပြိုကွဲခဲ့ရခြင်း မဟုတ်ပါလော။

တခြားလူများတော့မသိ။ ကိုစောအောင် တစ်ယောက်မှာမူ ကြွပ်ကြွပ်အိတ်ကိုမြင်တိုင်း ရင်ထဲထိအောင် နာနေသည့်ဒူးရှုးသလို ခံစားမိပါသည်။

ပြန်လည်၍ တည်ဆောက်မရတော့သော မိသားစုအိမ်လေးသည် တန်ဖိုးနည်းလှသည့် အိတ်ခွံကြောင့် ဖြစ်ရသည်ဆိုလျှင် ကြားရသူတချို့ အံ့ဩကောင်း အံ့ဩမည်ထင်သည်။

**ခင်လပြည့်ဝန်း**

---

## သူ့သဘောသာ အဓိက

**ဂျက်။** မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူဖို့ မင်း ဘယ်လိုလုပ်လိုက်တာလဲ။

**ဂျွန်။** သူက လက်မထပ်ချင်ဘူးဆိုရင်တော့ မင်းဘာမှ မတတ်နိုင်ဘူး။ အေး– သူလက်ထပ်ချင်ရင်တော့ ကာကွယ်တားဆီးဖို့ နည်းလမ်းဆိုတာ မရှိဘူးကွ။

**မောင်သီဟ**





# CITY CARTOON





# နတ်ဘုရားမလေး စေတာန်

ဟောလီဝုဒ်ရုပ်ရှင်လောကရဲ့ စူပါမင်းသမီးတွေ ဒီတစ်ပတ်မှာ မျက်နှာလွှဲသွားခဲ့ကြပါသတဲ့။ အမ်မီဂျက်ဆင်ရဲ့ ကြော်ငြာကို မြင်လိုက်ကြရလို့ပါ။ အမ်မီဆိုတာက ဘောလီးဝုဒ် မင်းသမီးတစ်လက်ဖြစ်ပါတယ်။ Madrasa-pattinam ဇာတ်ကားနဲ့ ၂၀၁၀ မှာ စတင်အောင်မြင်ခဲ့ပြီး ဇာတ်ကားပေါင်း ၁၁ ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့သူလေးပါ။ အိန္ဒိယကနေ သူမကို တကူးတကဖိတ်ခေါ်ပြီး ကြော်ငြာသရုပ်ဆောင်ပေးဖို့ စီစဉ်ခဲ့တာကတော့ Lipsy ကုမ္ပဏီပါပဲ။ သူတို့ရဲ့ အမျိုးသမီး အတွင်းခံကြော်ငြာမှာ အမ်မီဟာ နတ်သမီးလေးကိုဖြစ်လို့။ အသက် ၁၆ နှစ်အရွယ်ကတည်းက မော်ဒယ်လောကထဲ ရောက်ခဲ့သူဆိုတော့လည်း ဘယ်ခေပါ့မလဲ။ အခုဆိုရင် နာမည်ကျော် Supergirl ဇာတ်လမ်းတွဲရဲ့ Season 3 မှာတောင် ပါဝင်သရုပ်ဆောင်နေပြီလေ။ ဒါပေမဲ့ နတ်သမီးအဖြစ်တော့ မဟုတ်ပါဘူး။ စေတာန်ဆိုတဲ့ နတ်ဆိုးမိစ္ဆာဘဝနဲ့ပါ။ ဟောလီဝုဒ်မမတွေအတွက် စေတာန် ဖြစ်လာမလားဆိုတာတော့---





## အတိတ်ရထားပေါ်မှာ

လွမ်းမောစရာကောင်းတဲ့ အတိတ်နေ့ရက်တွေဆီ ပရိသတ်တွေကို ပြန်လည်ခေါ်ဆောင်သွားသူက ရှယ်ရွန်စတုန်းပါ။ တစ်ချိန်က ကိုကိုကာလသားတွေရဲ့ အသည်းစွဲမင်းသမီးဖြစ်ခဲ့ဖူးတဲ့ ရှယ်ရွန်ဟာ အသက် ၆၉ နှစ်ရှိ နေပါပြီ။ အမြင်တွေမှုန်ဝါးလို့ အသားအရေတွေလည်း လျော့ရဲကုန်ပါပြီ။ ဒါပေမဲ့ အသက် ၂၅ နှစ်အရွယ် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့စဉ်က ဆွဲဆောင်မှုပြင်းထန်ခဲ့ဖူးတဲ့ အလေ့အကျင့်လေးတော့ ရှိနေဆဲပါ။ မရှိတယ့် ဟန်လေးနဲ့ ခြေထောက်နှစ်ချောင်းကို ချိတ်ထိုင်နေပုံပါ။ လော့စ်အိန်ဂျယ်လိစ်က Gagosian Art Gallery မှာ ကျင်းပတဲ့ရန်ပုံငွေပွဲတက်ပရိသတ်တွေအားလုံးဟာ သူမကိုကြည့်ပြီး နာရီတွေ နောက်ပြန်လှည့်ခြင်း ခံလိုက်ရပါသတဲ့။





## ပွဲဖျက်တဲ့ ကွင်းဆက်တွေလား

ကြိုတင်မမှန်းဆနိုင်တဲ့ အခြေအနေတစ်ရပ်ကြောင့် ဝင်ဘာလေမှာကျင်းပမယ့် ဖျော်ဖြေပွဲကို ဖျက်လိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူးလို့ ကိတ်ပရိုက်စ်က ပရိသတ်တွေကို တောင်းပန်လာပါတယ်။ ဒါဟာ အင်္ဂလန်သူရဲ့ တစ်ပတ်အတွင်းမှာ ဖျော်ဖြေပွဲ ၂ ကြိမ်မြောက် ဖျက်လိုက်ခြင်းပါ။ ဒီသီတင်းပတ်အစောပိုင်းတုန်းကလည်း သားဖြစ်သူ ဟာဗေးထံ လျှို့ဝှက်ခြိမ်းခြောက်စာတွေရောက်လာလို့ ဖျက်ခဲ့ရဖူးပါတယ်။ ဒီကြေညာချက်ဟာ အင်တာဗျူးတစ်ခုမှာ သူမဘဝနောက်ကြောင်းတချို့ ဖွင့်ဟပြီး သိပ်မကြာခင် ပေါ်ထွက်လာတာကြောင့် စပ်ဆက်မှုရှိနိုင်တယ်လို့လည်း ဆိုသူကဆိုနေကြပါတယ်။ နာမည်ကျော်ကြယ်ပွင့်တစ်ဦး မုဒိမ်းကျင့်တာကို ခံခဲ့ရတာနဲ့ပတ်သက်ပြီး ကိတ်ကပြောခဲ့တာပါ။ ၂၀၀၉ ခုနှစ် စက်တင်ဘာလတုန်းက ဒီအကြောင်းကို သူမကိုယ်တိုင် ဝန်ခံခဲ့ဖူးပါတယ်။ နာမည်ကို ဘယ်တော့မှမပြောဘူးလို့ This Morning ရုပ်သံအစီအစဉ်မှာ ကိတ်ဖွင့်ဟသွားတာဟာ ဖျော်ဖြေရေးဖျက်ခြင်းနောက်ကွယ်က အဓိကကျတဲ့ ဆက်စပ်မှုလားဆိုတာတော့ ကာယကံရှင် ကိတ်သာ အသိဆုံးဖြစ်လိမ့်မယ်ထင်ပါတယ်။







# ဘဝရဲ့အကောင်းဆုံးနေ့ရက်များ

လူတိုင်းမှာ အမှတ်တရဖြစ်ရပ်တွေ ကိုယ်စီရှိကြပါလိမ့်မယ်။ တချို့ဆို ရှိလွန်းလို့ ဘာကိုအမှတ်ရလို့ရရမှန်းမသိတာမျိုး ဖြစ်တာတောင် ရှိလိမ့်မယ်ထင်တယ်။ ချယ်ရီမှာလည်း အမှတ်တရဖြစ်ရပ်လေး ရှိပါတယ်။ မမေ့နိုင်တဲ့ အကောင်းဆုံးအချိန်တွေဆိုရင် ပိုမှန်ပါလိမ့်မယ်။ တစ်နည်းအားဖြင့် မိန်းမသားတစ်ယောက်ဘဝမှာ ပထမဆုံးရင်ဆိုင်ရတဲ့ မိခင်လောင်းဘဝ ကာလတွေပါပဲ။ အားလုံးသိကြတဲ့ အတိုင်း အင်္ဂလန်ရဲ့တေးဆိုင်ငှက်လေးဟာ အိမ်ထောင်နှစ်ဆက်ဆိုတဲ့ အသည်းနာစရာနေ့ရက်တွေကို ဖြတ်သန်းခဲ့ရတယ်။ အရက်နဲ့ထဲမနစ်ဖို့ ကြိုးစားရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ One Direction ကြယ်ပွင့် လီယန်ပိန်းဟာ သူမဘဝအတွက် အိုအေစစ်လေးဖြစ်ခဲ့တယ်။ အခုဆိုရင် သူတို့နှစ်ယောက်မှာ Bear လို့ နာမည်ပေးထားတဲ့ ရင်သွေးလေးတောင်ရနေပြီ။ မိသားစုဘဝစတင်နိုင်ခဲ့တဲ့နောက် ပထမဆုံးအင်တာဗျူးမှာ ရင်သွေးလေးအတွက် အချိန်တိုင်းစိုးရိမ်နေရတဲ့ ကိုယ်ဝန်ဆောင်ဘဝဟာ သူမအတွက် ဘယ်တော့မှမမေ့နိုင်တဲ့ ကာလတစ်ခုဖြစ်သလို ခင်ပွန်းသည်ရဲ့ဂရုစိုက်မှုတွေ ထူးထူးခြားခြားရခဲ့တာကြောင့် အကောင်းဆုံး ၆ လပါပဲလို့ ချယ်ရီက ဖွင့်ဟသွားတာပါ။ ဒါပေမဲ့ ကိုယ်ဝန်ဆောင်ရတာကိုတော့ မုန်းတယ်လို့ ဆိုလေရဲ့။





# အလှကြိုက်တဲ့ သဘာဝပါရှင်ရယ်

မိန်းမတိုင်းလိုလိုမှာပါလာတဲ့ လှချင်စိတ်ဗီဇကို ဘယ်အရာက တားဆီးနိုင်မှာလဲ။ ဒါပေမဲ့ အလွန်အကျွံဖြစ်ပြီး လက်ရှိအနေအထားကိုတောင် မေ့လိုက်တာကြောင့် ဝေဖန်မှုတွေခံနေရသူကတော့ နီကိုးရှာဇင်ဂါပါ။ အသက် ၃၉ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော်မမဟာ ဗြိတိန် X Factor အစီအစဉ်ရဲ့ ဒိုင်တစ်ယောက်ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ သူတို့ဒိုင်အဖွဲ့ဟာ တောင်အာဖရိကကို ခြေဆန့်ခဲ့ကြရတယ်။ အဲဒီမှာ အရမ်းလှချင်တဲ့ ရှာဇင်ဂါရဲ့ဘဝမှန်တွေ ပေါ်တော့တာပါပဲ။ ရွှေရောင်ဝတ်စုံပါးပါးလေးနဲ့ ကိုက်ပေးကြမ်းပြီး ဓာတ်ပုံတွေမနားတမ်းရိုက်ခဲ့တဲ့ ရှာဇင်ဂါကိုကြည့်ရတာ ပြိုင်ပွဲလာဝင်တဲ့ မော်ဒယ်တစ်ယောက်လို ဖြစ်နေတယ်လို့ ဝေဖန်မှုတွေထွက်လာခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး ဆာဖာရီဥယျာဉ်ကို အုပ်စုလိုက်ရောက်ကြတော့လည်း အဝတ်အစားအမျိုးမျိုးလဲပြီး ပဲများခဲ့တာကလည်း ရှာဇင်ဂါပါပဲတဲ့။





# တကယ်လို့များ ပြောခွင့်ရခဲ့ရင်

Child Bereavement UK ဆိုတဲ့ လှုပ်ရှားမှုတစ်ရပ်ကို ဗြိတိန်မှာပြုလုပ်ခဲ့ပါတယ်။ အချစ်ရဆုံးသူတွေကို ဆုံးရှုံးရတဲ့ခံစားချက်တွေကို ကျော်ကြားသူတွေက အသီးသီးဖွင့်ဟခဲ့ကြတာပါ။ ဒီဗွီဒီယိုမှတ်တမ်းမှာ အားလုံးရဲ့မျက်ရည်တွေကို သိမ်းကျုံးရယူသွားသူကတော့ ရီယိုဖာဒီနန်ပါပဲ။ မန်ယူနဲ့ အင်္ဂလန်နောက်ခံလူဟောင်းဟာ ၂၀၁၅ ခုနှစ်မှာ ဇနီးသည်ကို ဆုံးရှုံးခဲ့ရပါတယ်။ ရင်သားကင်ဆာရောဂါကြောင့် သေဆုံးသွားတဲ့ ရီဘက္ကာကို တမ်းတရင်းရင်သွေးတွေနဲ့ အလွမ်းပြေနေရသူပေါ့။ ''တကယ်လို့သာ သူမနဲ့အတူ နောက်ထပ်တစ်မိနစ်လောက် ရှိနေခွင့်ရမယ်ဆိုရင် အဲဒီအခွင့်အရေးရဖို့ အရာအားလုံး ကျွန်တော်လုပ်မှာပါ၊ ကလေးတွေနဲ့အတူ ဘယ်လိုနေရာသစ်မှာ နေချင်လဲဆိုတာ မေးရင်းပေါ့၊ တကယ့်ကို နာကျင်စွာခံစားရပါတယ်ဗျာ၊ နောက်ပြီး ကျွန်တော် အပြောချင်ဆုံး စကားလေးတစ်ခွန်းကိုလည်း သူမကိုကြားစေချင်သေးတယ်၊ မင်းကို ကိုယ်ချစ်တယ်ဆိုတာပေါ့''လို့ သရဲနီအိုက ဆိုလေရဲ့။





# ဆိုးပန်းနွယ် ၊ရှုမဝ၊

# စဉ်းစားပေးပါ…





(က)

''ဟေး…ငါ့အိမ်ပေါ်က လူတွေ အခု ဆင်းသွားကြနော်…ပြောလို့မရရင် ခါကြီးနဲ့ ထုပစ်လိုက်မယ်။ ငါ့ကိုဘာမှတ်နေလဲ…''

ဗုဓျွဲ…

တော်တော်ပြင်းထန်သည့် အာဏာသံပါလား…

သည်လောက်မိုးသည်းသည်းမည်းမည်း ရွာနေချိန်မှာပင် ကျယ်ကျယ်လွင့်လွင့် ထိုးဖောက်နိုင်သည့်အသံ…

မုံးပိတ်ရက်ဖြစ်၍ နီဗွီနဲ့တောလက်ဖက်သုပ်စားကြမည့် အဆောင်သူတစ်စု တုံ့ခနဲဖြစ်သွားရသည်။ ရှော့သီးစိမ်းနှင့်ကြက်သွန်လှီးနေသူရော… ပုစွန်ခြောက်ထောင်းနေသူရော…အိပ်ခန်းထဲကျွေးနေသူပါမကျန် အိမ်ပေါက်ဝသို့ စုရုံးရောက်ရှိလာကြသည်။

အဆောင်ကနှစ်ထပ်ဖြစ်၍ အပေါ်ထပ်တွင် အဆောင်ပိုင်ရှင်မိသားစုနေပြီး အောက်ထပ်တွင် အဆောင်သူဆယ့်နှစ်ယောက်နေသည်။

ကျွန်မတို့အားလုံး အိမ်တံခါးဝနား ကိုယ်ကိုကျုံ့၍ ချောင်းကြည့်လိုက်တော့ မိုးရေထဲတွင် မိန်းမတစ်ယောက်အော်နေဆဲ။

''ဟေ့… ပြောနေတာမကြားဘူးလား။ နင်တို့အားလုံး ငါ့အိမ်ကို မတရားသိမ်းထားတာလေ။ အခု ဆင်းမလား… မဆင်းဘူးလား…ဒါပဲပြော…''

ခြံတံခါးဝမှ ဆံပင်ဖားလျားနှင့် ထဘီရင်လျားနှင့်မိန်းမရွယ်ကို ချောင်းကြည့်ရင်း ကျွန်မတို့ဒူးတုန်နေကြပြီ ဘာမှန်းမသိတာလေ။ တော်ကြာ အိမ်ကို ခဲနှင့်ထုလိုက်မှဖြင့် မှန်တံခါးအားလုံး ပျက်စီးဦးတော့မည်။ အပေါ်ထပ်မှ အန်တီက…

''ဟဲ့…သွား…သွား တခြားကိုသွားနော် ခွေးကိုက်လိမ့်မယ်''

အန်တီပြောမှ သတိထားမိသည်။ အိမ်မွေးခွေးကြီးကျင်မီကာ တအားထိုးဟောင်နေမှပဲ။ တံခါးသော့မွင့်လို့ကတော့ ဒီမိန်းကလေး၏ ခြေသလုံးသားဝင်းဝင်းလေးများ သွားစွယ်ထဲရောက်သွားနိုင်သည်။

ခွေးဟောင်သံကြောင့်ပင် မိန်းမငယ်လည်း ပေစောင်း၊ ပေစောင်းလုပ်ရင်း ထွက်သွားမလိုလို တစ်ခုခုလုပ်လိုက်တော့မလိုလိုနှင့် မျက်လုံးများကမငြိမ်။

''လာကြ…လာကြ…ပိုင်းကြည့်မနေနဲ့။ သူစိတ်ဆိုးလာရင် ရှက်ဖို့ကောင်းတယ်။ အိမ်ထဲဝင်ကြ''

မမဝင်းစကားက အဆန်းပါလား…။

ကျွန်မတို့အားလုံး မီးဖိုခန်းထဲသို့ပြန်ရောက်လာပြီးတော့ လက်ဖက်ကိစ္စဆက်လုပ်ကြပြန်သည်။ ကျွန်မက စပ်စုတတ်သူပီပ…

''မမဝင်းရေ…သူက ရူးနေတာပေါ့နော…သူစိတ်ဆိုးရင် ကြောက်စရာကြီးလို့ မပြောဘဲ ရှက်စရာကြီးလို့ ဘာကြောင့်ပြောတာလဲဟင်''

တောလက်ဖက်ကို ဆီ၊ ဆား၊ ဟင်းခတ်မှုန့် သင့်ရုံထည့်ပြီး နယ်ဖတ်နေရင်းမှ ပြုံးစေ့စေ့လုပ်နေသေးသည်။ သူ့အပြုံးကပြောရမှာရှက်နေသည့်အပြုံး။ ရှက်ပြုံးလေး…။

''အံမယ်…အပျိုကြီးက ရှက်နေပြန်ပြီ။ ပြောစမ်းပါဦး…အဲဒီကောင်မလေးက ဖြူဖြူချောချောလေး။ စိတ်ကမနှံ့ဘူးဆိုတော့ စိတ်ဆိုးရင် ကျွေးအောင်ကရောလား…''

''ဟာ…ကပြတာလောက်ကတော့ ငါ ရှက်ပါ့မလားဟဲ့…''

ကျွန်မနောက်ပြောင်သည်ကို အတည်ထင်ပြီး မမဝင်းက လှမ်းဟောက်သည်။ တခြား အဆောင်သူများကလည်း သည်မြို့သို့ ရောက်သည်မှာ မကြာသေးသူများလည်းဖြစ်၍ သည်ကောင်မလေးအကြောင်း မသိကြသေးပါ။ ကျွန်မတို့အားလုံး မမဝင်းထံ အာရုံရောက်နေပြီး ဘာများလဲဟု သိချင်နေကြ၏။ မမဝင်းက လေသံကို အနည်းငယ်လျှော့လျက် ဘေးဘီဝဲယာကြားမှာ စိုးသည့်ဟန်ဖြင့်…

''အဲဒီ အရူးမလေးက သိပ်စိတ်ဆိုးလာရင်…ဘယ်သူတွေပဲကြည့်ကြည့် သူ့ထဘီကို ကွင်းလုံးချွတ်ချလိုက်ရော''

''ဟောတော့…''

❑ ❑ ❑ ❑ ❑ ❑

(ခ)

ကျွန်မတို့စပ်စုလိုက်သည်နှင့် နောက်တစ်နေ့တွင် မမဝင်းထံမှ အကြောင်းစုံသိရပြီ၊ မိုးရေအောက်တွင် ဆံပင်ဖားလျား ထဘီရင်လျားနှင့် လျှောက်သွားနေတတ်သော မိန်းကလေးအမည်မှာ မြမကြည်မို့တဲ့…။

သည်မြို့သို့ ဘယ်ပုံဘယ်နည်းနှင့် ဘယ်အချိန်ကတည်းက ရောက်လာမှန်းမသိ။ မမဝင်းတွေ့ခါစကပင် သူ့ပုံစံက သည်အတိုင်း။

တစ်ခါတစ်ရံ မည်သူပေးလိုက်မှန်းမသိသော အင်္ကျီတစ်ထည်တော့ သူ့ကိုယ်ပေါ်တွင် ဗိုသီဗတ်သီ ရှိနေသေးရဲ့။ တစ်ခါတစ်လေတော့လည်း သနပ်ခါးအဖွေးသား။ တစ်ခါတစ်လေ ပေပွနေအောင်ဆိုးထားသော နှုတ်ခမ်းနီက နှုတ်ခမ်းပေါ်ရော ပါးပြင်မှာရောအနှံ့။ သူ စိတ်ကောင်းဝင်နေချိန်ဆိုလျှင် အကုန်မေး၍ရသည်။ သူဘယ်သူ၊ သူ့ယောကျ်ား ဘယ်ပုံ၊ သူ့သားက ဘယ်အရွယ်…စသည်ဖြင့် စုံနေအောင်ပြောကြောင်း မမဝင်းက စီကာပတ်ကုံးပြောပြသည်။

''ကဲပါဟယ်…ထမင်းစားကြစို့၊ နင်တို့မလဲ ဒီအကြောင်းပဲ မေးနေတော့တာ

အဲဒီ အရူးမလေးက သိပ်စိတ်ဆိုးလာရင် . . .
ဘယ်သူတွေပဲကြည့်ကြည့်
သူ့ ထဘီကို ကွင်းလုံးချွတ်ချလိုက်ရော. . .

ဲ့ နှင်တို့ကို ပြောပြနိုင်ဖို့အတွက် ငါက လည်း ရုံးမှာမေးမြန်းရသေးတယ်၊ ငါက ရုံးမှာ စပ်စုမကြီးကိုဖြစ်လို့"

မမဝင်းက စိတ်မရှည်သဖြင့် စကားကို အဆုံးသတ်ပြီး ထမင်းစားခန်းဘက် ထွက်သွားတော့သည်။ ကျွန်မအတွေးတွင် နေ့စဉ် မြကြေးမုံပါနေပြီ။

သည်လိုချောမောလှပ၍ ငယ်ရွယ်သော မိန်းကလေးတစ်ယောက် သည်လိုပဲ တာရှည်စိတ်မချနေလျှင်…ဒါမှမဟုတ် သည်လိုပဲ အထိန်းအကွပ်မရှိ စောင့်ရှောက်မည့်သူမရှိလျှင်…သူ့ရှေ့ရေးအတွက် ရင်လေးစရာ။

ရင်မှုစွာဖြင့် မမဝင်းနောက်က အသံတိတ်အတွေးနှင့်လိုက်၍ မီးဖိုခန်းထဲဝင်ခဲ့သည်။ မမဝင်းနှင့် ကျွန်မက မီးဖိုတစ်လုံးစီနှင့် အသီးတသန့် ချက်ကြပေမယ့် ထမင်းစားတော့ အတူတူစားကြမြဲ၊ တစ်ခါတစ်ရံ မဖြူနှင့် ကြွယ်ကြွယ်လေးရော စိမ်းစိမ်းတင့်ပါ အတူတူစားဖြစ်သည်။

သည်နေ့တော့ ဘယ်ကိုထွက်ကုန်ကြသည်မသိ။ ရုံးမှပြန်ရောက်ကတည်းက လူမတွေ့သေး။ သီချင်းတအေးအေးနှင့် ထမင်းပြင်နေသော သက်လေးက ကျွန်မတို့ကိုမြင်တော့…

"ဟာ…မမဝင်းနဲ့ မမယဉ် ထမင်းစားကြတော့မလို့လား။ သက်လေးလည်း စားတော့မှာ၊ သက်လေးလက်ရာ စားကြပါအုံး"

သက်လေးက ဟင်းများချကျွေးရန် ကြောင်အိမ်ထဲမှာ ဟင်းပန်းကန်များ ထုတ်လိုက်သည်။ ကျွန်မလည်း ကျွန်မဟင်းရော မမဝင်းဟင်းပါယူပြီး ထမင်းစားခုံတွင် တင်လိုက်သည်။

သည်အဆောင်မှာက အဆောင်သူ ဆယ့်နှစ်ယောက်သာရှိပြီး ဆယ့်တစ်ပေ အခန်းကို နှစ်ယောက်နေရသည်။ လူနည်းသဖြင့် အားလုံးညီအစ်မများလို ချစ်ခင်ရင်းပင်းကြစမြဲ။ ခွဲခွဲခြားခြားနေသူရယ်လို့ မရှိလှ။ စားစရာရှိလျှင် အတူတူ၊ သွားစရာရှိလျှင်လည်း အတူတူ။

ကျွန်မက မမဝင်းပန်းကန်ထဲ ဟင်းခပ်ဦးချရင်း…

"မမဝင်းကို မေးရအုံးမယ်၊ မြကြေးမုံက ဘယ်မှာစားပြီး ဘယ်မှာအိပ်တာလဲ"

"လာပြန်ပြီ၊ မပြီးတော့ဘူးလား"

မမဝင်းက ထမင်းတစ်လုတ်ကိုတန့်ပြီး ကျွန်မကိုပြောတော့ သက်လေးက ဝင်မေးသည်။

"ဟင်…မမယဉ်လည်း မြကြေးမုံ အကြောင်းကို စိတ်ဝင်စားတာပဲလား"

"အဟဲ…မမယဉ်က ဒီကိုရောက်တာ မကြာသေးတော့ မြကြေးမုံအကြောင်း မသိသေးဘူးလေ၊ စိတ်ဝင်စားတယ်ဆိုပါတော့၊ ဟဲ…ဟဲ"

"ဘာ…ဟဲ…ဟဲ လဲ၊ သွားလည်း ဒီစိတ်၊ စားလည်းဒီစိတ်နဲ့ ကြာရင် နင်ပါ မြကြေးမုံလို ဖြစ်သွားအုံးမယ်၊ တကတည်း"

မမဝင်းက ထမင်းငုံ့စားရင်း စကား ဖြတ်လိုက်သည်။ သက်လေးနှင့် ကျွန်မလည်း တစ်ယောက်နှင့်တစ်ယောက်ရိုကြည့်ပြီး ပြုံးမိကြသည်။ အတန်ကြာ ထမင်းစားအပြီး သက်လေးက ပန်းကန်တွေစုပြီး ဆေးပေးသလို၊ ကျွန်မကလည်း နံ့သိမ်းလှဲကျင်းလိုက်သည်။ မမဝင်းက ရေနွေးတစ်ခွက်ငှဲ့ပြီး မှုတ်သောက်မည်အလုပ် ပန်းကန်စီစီညီညီ တင်နေသော သက်လေးက တွေးတွေးဆဆဖြင့်…

"သက်လေးသိချင်တာက မြကြေးမုံရဲ့ ကလေးကိစ္စပဲ"

"ဟော…တိုးလာပြန်ပြီတစ်ယောက်၊ ရေနွေးတော့ ဖြောင့်အောင်သောက်ပါရစေ အုံးအေ၊ တကတည်းမှပဲ"

မမဝင်းက ပြောပြောဆိုဆို ရေနွေး ခွက်ပါမပြီး မီးဖိုခန်းထဲမှ ထွက်သွားတော့သည်။ ကျွန်မနှင့် သက်လေးတို့နှစ်ယောက်သား တဟားဟားရယ်ကျန်ခဲ့ပါတော့သည်။

❑ ❑ ❑ ❑ ❑ ❑

(ဂ)

သည်နေ့ တနင်္ဂနွေနေ့ဖြစ်၍ ကျွန်မတို့ အုပ်စု မြဝရာပန်းခြံသို့ လေညှင်းခံထွက်ကြသည်။ ရောဝတီမြစ်ကမ်းနဘေး၌ သည်မြို့၏ နေဝင်ဆည်းဆာအလှကို မြဝရာပန်းခြံက ပြည့်စွက်ပေးနေသလိုပင်။ နှင်းဆီပန်းနုံဘေး ဓာတ်ပုံရိုက်သူ၊ နေဝင်ဆည်းဆာကို နောက်ခံပြု၍ ဓာတ်ပုံရိုက်သူ၊ ရောဝတီမြစ်ပြင် ငေးမောနေသူ၊ ကစားကွင်းထဲကစားနေသူ…စသည်စသည်ဖြင့် ပန်းခြံထဲတွင် လှုပ်လှုပ်ရှားရှား ဆူဆူညံညံ။

သည်လိုအချိန်မျိုး မြကြေးမုံရောက်လာလျှင်…သည်လောက်လှပတဲ့ မြင်ကွင်းလေး ဘယ်ကဲ့သို့ ပြောင်းလဲသွားမှာလဲ၊ မဟုတ်တရုတ်လုပ်ပြလိုက်လို့ အားလုံး ပြေပေါက်မှားသွားမည်။

ကျွန်မအတွေးနှင့် ကျွန်မလာနိုးပြီး မမဝင်းလက်ကို တင်းတင်းဆုပ်မိသွားသည်။

"ဟဲ့…ဘာဖြစ်တာလဲ၊ ကြိုဒီး ကိုလန့် တယ်ဆိုတာ အဲဒါပေါ့"

"အဟဲ…စဉ်းစားမိလို့ပါ မမဝင်းရဲ့၊ ယဉ်ယဉ်တွေးကြည့်မိတယ်၊ ဒီလိုနေရာမျိုးကို မြကြေးမုံရောက်လာပြီး တစ်ခုခုကို စိတ်ဆိုးလို့ လုပ်နေကျအတိုင်း လုပ်ချလိုက်ရင် အားလုံးထွက်ပြေးကုန်မှာပဲ ထင်တယ်နော်"

ကျွန်မ ရယ်ကျဲကျဲအပြောဆုံးတော့ မမဝင်းက မဲ့ပြုံးနှင့် ခေါင်းခါပြသည်။

"မထင်လိုက်လေနဲ့ ယဉ်ယဉ်ရေ၊

သည်လိုချောမောလှပ၍ ငယ်ရွယ်သော မိန်းကလေးတစ်ယောက်
သည်လိုပဲ တာရှည်စိတ်မချနေလျှင် . . .ဒါမှမဟုတ် သည်လိုပဲ အထိန်းအကွပ်မရှိ
စောင့်ရှောက်မည့် သူမရှိလျှင် . . .သူ့ရှေ့ရေးအတွက် ရင်လေးစရာ. . .

မိန်းမတွေကသာ ရှက်ပြီး ပြေးချင်ပြေးမှာ၊ ယောကျ်ားတချို့ကတော့ ပြေးပါလိမ့်မယ် အားကြီး။ မျက်လုံးပြူးမထွက်လာရင် ကံကောင်းပဲ''

''ဒါကတော့ မမက ဒီမြို့ကလူတွေကို အထင်သေးလိုက်တာပဲ''

မဖြူက ငြိမ်နေရာမှာ စောင်းငဲ့ကြည့်၍ မာဆတ်ဆတ်ပြောသည်။

''နိုး…နိုး။ ဒီမြို့မှာက ဒီမြို့သူမြို့သား ချည်းပဲရှိတာမှ မဟုတ်တာ၊ ကုန်သည်တွေ ပွဲစားတွေ၊ နိုင်ငံခြားဧည့်သည်တွေက အရပ်ရပ်က လာကြတာလေ၊ နယ်ပေါင်းစုံက လူတွေဆိုတော့ မြကြေးမုံကို ဘယ်မြင်ဖူးကြမလဲ၊ အံ့ဩစရာတွေ့တော့ မင်သက်ပြီး ကြည့်မိတာကို ပြောတာပါ မဖြူရယ်၊ အထင်မလွဲပါနဲ့''

မမဝင်းရှင်းပြလိုက်မှ မဖြူကျေနပ်သွားသည်။ မဖြူက သည်မြို့သူမို့လို့ သည်လို မေးတာ မဟုတ်ပါဘူး။ သူ့ရည်းစားက သည်မြို့ကလူလေဟု သက်လေးက တိုးတိုးလေး ပြောပြသည်။

စကားဝိုင်းက သည်မျှနှင့်ရပ်ပြီး အချို့ ထုတ်စားကြ၊ မုန့်စားကြနှင့် ရပ်ရွာ အကြောင်း။ မဂ္ဂဇင်းအကြောင်း၊ ပြောကြပြန် သည်။ ဆည်းဆာချိန်လွန်၍ မှောင်ရီပျိုးလာ သည်နှင့် အအေးဓာတ်ပိုကဲလာလေ့ရှိသော ပြည်ဆောင်း၏အအေးဒဏ်ကို ကျွန်မတို့ တစ်စုလုံး ကြောက်ကြသည်။ အားလုံးက ရန်ကုန်သူတွေလေ။ ရန်ကုန်ဆောင်းက အနွေးထည်မလိုသလောက် သည်မြို့ရောက် မှပင် ပါသမျှငွမ်းစောင်တောင် မလောက် တော့ပါ။

အအေးဓာတ် ပိုမကဲ့မီ မြဝရာပန်းခြံမှ ထွက်ခဲ့ကြသည်။ အဆောင်ရောက်၍ အိပ် ရာထဲကွေးနေတာတောင် အအေးက မလုံ ချင်။ ကိုယ်တောင် ဒီလောက်ချမ်းနေတာ ရင်လျားနှင့်နေသော မြကြေးမုံဆိုလျှင် ဘယ် လိုများနေပါ့မလဲ။ သူ့ကို ဒီထက်လုံခြုံအောင် ဘယ်သူတွေကမှ မစွမ်းဆောင်နိုင်ကြတော့ ဘူးလား။



ရှုံးသွပ်သော မိန်းကလေးကိုတောင် အလွတ်မပေးဘဲ မဟုတ်မတရားလုပ်သည့် လူများ ရှိနေလို့သာလျှင် မြကြေးမုံတွင် ကလေးတစ်ယောက် ရှိနေခြင်းပါ။

ရှုးသာရှုးသည် မြကြေးမုံက မိခင်စိတ် ရှိပြီး သူ့ကလေးကို မျက်စိအောက်က အပျောက်မခံ။ သူသွားလေရာ နေပူစပ်ခါး ထဲတွင်လည်း သည်ကလေးက တကောက်ကောက်ပါစမြဲ။ ကျွန်မအတွေးတွင် မြကြေးမုံနှင့် သည်ကလေး၏ပုံရိပ်က ပျောက်ပျက်မသွား။ မှန်းကြပ်ကြပ်နှင့် သတိရနေသည်။ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ဟု မမဝင်းက တရားစကားပြောပေမယ့် သူတို့အတွက် ဖန်လာမည့်ကံကြမ္မာကို ကျွန်မတွေးပင် မတွေးရဲ။

မြကြေးမုံအကြောင်းကို ကြားဖူးသိဖူး သူများက မြကြေးမုံ၏ဘဝဇာတ်ကြောင်းကို ရင်နာနာနှင့်ပြောပြတတ်သည်။ သည်မြို့နှင့် ရွှေတောင်မြို့အကြားရှိ ရွာလေးတစ်ရွာမှ ရင်နာဖွယ်ဇာတ်ကြောင်းတစ်ခုကို ကြားရတော့၊ ကျွန်မတွေးကြည့်မိသည်။ နိုင်ငံခြားတွင် အလုပ်သွားလုပ်ချင်သော ရောဂါက လည်း သည်အထိတောင် ကူးစက်ပျံ့နှံ့လာ သလားဟု။

မြကြေးမုံအဖြစ်ကိုကြည့်လေ…။

ရှစ်တန်းအောင်တော့ အပျိုဖားဖားဖြစ် နေပြီ။ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံဘက် အလုပ်လုပ်သွားမည့်သူနှင့်တွေ့၊ အလုပ်ရ လျှင် ငွေတင်ပို့မည်ဆို၍ ကုန်ကျစရိတ် အတွက် သူ့မိဘကအိမ်ပေါင်၊ ဟိုရောက် တော့ မြကြေးမုံအလုပ်က အဆင်မပြေ၍ ငွေမပို့နိုင်။

ကြွေးရှင်က အိမ်ကိုသိမ်း။ မိဘများက တဲလေးမှာ ပြောင်းနေပြီး နှစ်နှစ်အတွင်း ဆင်းရဲခြင်းကြီးစွာဖြင့် ဆုံးပါးကြ၊ တစ်ဖက် နိုင်ငံတွင် ရောင်းစားခံရသည့်မြကြေးမုံမှာ လည်း အမျိုးမျိုးသောညှင်းပန်းနှိပ်စက်မှု ကြောင့် ပိန်လှီလျက်။ မခံနိုင်သည့်အဆုံး လူကြုံနှင့်ထွက်ပြေးလာ ဒီရောက်တော့ မိဘ ဆုံးတာသိ။ အိမ်သိမ်းခံရတာသိ။ နောက်ဆုံး ရှုးသွပ်ခြင်းသို့ရောက်ရှိတော့သည်တဲ့။

❑ ❑ ❑ ❑ ❑ ❑ ❑

(ဃ)

ဒါပေမဲ့သက်သက်မဲ့ အနိုင်ကျင့်ခံရတာ ပါ မဖြူရာ။ ယောကျာ်းတစ်ယောက်၊ ဒါမှ မဟုတ် တစ်အုပ်စုရဲ့ ချုပ်နှောင်ခံရပြီဆိုရင် မြကြေးမှုံက ရုန်းကန်နိုင်မှာတဲ့လား…မြကြေး မှုံကလည်း ရှုံနှမ်းနှမ်းနဲ့ နယ်အနှံ့သွားနေ တာလေ။ ဘယ်အချိန်သေသက ဖြစ်လာတာ လဲမှမသိတာ။ ဘယ်သူ့ကို အထင်နဲ့ဖမ်းစွဲ နိုင်မှာတဲ့လဲ"

အိပ်ခန်းထဲတွင် အသံစာစာနှင့်ပြော နေသောကျွန်မကို မဖြူကတိုးတိုးပြောဖို့ သတိပေးသည်။ လေသံကို အနည်းငယ် လျော့ချက် ကျွန်မစကားကို ဆက်ရပြန် သည်။

"အဖုကြည့်လေ… နှစ်လလောက် ပျောက်သွားပြီး အဖုမှပြန်တွေ့ရတာ။ တွေ့ တော့လဲ ကိုယ်ဝန်နဲ့၊ ဒီကနေ ပျောက်မသွား ခင်ကတည်းကရတဲ့ ကိုယ်ဝန်လား…ဒါမှ မဟုတ် အခြားကရလာတဲ့ ကိုယ်ဝန်လား။ ဘယ်သူမှမသိနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် မသမာ သူနဲ့တွေ့လိုက်ပြီဆိုတာ သေချာနေပြီ"

"အဲဒီတော့ နင်က ဘယ်လိုဖြစ်စေချင် လို့လဲ၊ မြကြေးမှုံရဲ့ ရှေ့နေမရယ်"

နားကြားပြင်းကပ်ဟန်တူသော မမ ဝင်းက ခပ်ထေ့ထေ့မေးသည်။

"ဟုတ်တယ်ဗျို့…အဲဒီမေးခွန်း ကြိုက်တယ်…Right…Right"

ဟိုဘက်အခန်းက စိမ်းစိမ်း၏အသံ။

သူလည်းအတော်နားယူနေပြီထင်ပါရဲ့။ ကျွန်မကို ဘေးကြပ်နံကြပ်ဖြစ်စေသည့် မေးခွန်းကိုထောက်ခံနေပြီ။

စဉ်းစားတွေးဆပြီးမှ ကျွန်မဖြေရ သည်။

"အင်း…ဒီကိစ္စဟာကျွန်မတစ်ယောက် တည်းရဲ့ တာဝန်လည်းမဟုတ်ပါဘူး။ အမျိုး သမီးတွေအတွက် အားထားစရာအသင်း အဖွဲ့တွေရှိတယ်လေ၊ အခုဆိုရင် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကိစ္စ တွေကို ဆောင်ရွက်နေကြပြီပဲ၊ အမျိုးသမီး တွေကို ဖြားယောင်းလက်ထပ်မှုရောင်းစားမယ် ဖောက်ကားမှုတွေ"

"ဟဲ့…အဲဒါ လူကောင်းတွေအတွက် လုပ်တာ၊ အရူးတွေအတွက်မပါဘူး"

မဖြူ၏အသံ။ ကျွန်မစကားမဆုံးခင် သူကဝင်ဟန့်ခြင်းပါ။

"အရူးကယ်ဆယ်ရေးရယ်လို့ မပါဘူး နော်"

စိမ်းစိမ်း၏ စိတ်အချဉ်ပေါက်ပေါက် နှင့်အသံ…။

"သိပါတယ်ကွယ်…ကိုယ်ပြောတာလဲ ဆုံးအောင်နားထောင်ပါဦး။ အခုလုပ်နေကြ တဲ့ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနဲ့ ပြန်လည် နေရာချထားရေးကဏ္ဍ၊ အမျိုးသမီးတွေ ငယ်ရွယ်ကဏ္ဍတွေပါတယ်။ အဲဒီနောက်မှာ စိတ်မနှံ့သူအမျိုးသမီးများ ကယ်ဆယ်စောင့် ရှောက်ရေးကဏ္ဍဆိုပြီး ထပ်ဖြည့်စွက်လို့ရော မရဘူးလား"

"စကားကြီး စကားကျယ်ပြောတာက လွယ်တယ်နော်၊ အဲဒီ အရူးပေါင်း သောင်း ချောက်ထောင်ကို ဘယ်လိုထိန်းသိမ်းပြီး ဘယ်လိုကျွေးမွေးဆေးကုမလဲပြော"

မဖြူက ကျွန်မကို ရှုးရှုးစိုက်စိုက်ကြည့် ၍ မေးပြီး တွယ်ကပ်သောက်ရှမဟုတ်မှန်းသိ ပေမယ့်လည်း လုပ်လျှင်ဖြစ်နိုင်သော အလုပ် တစ်ခုဟု ကျွန်မယူဆသည်။ သူတို့ လက်ခံ ချင်ပေမယ့် သူတို့မေးသလိုပါပဲ၊ ဘယ်လို လုပ်ကြမလဲပေါ့။ တွေဝေတုံ့ဆိုင်းနေသော ကျွန်မကို သူတို့လှောင်ကြပြီ။

"စိတ်လျှော့ပါ ဉာတ်ကြီးရှင်ရယ်၊ နင် လုပ်တာနဲ့ အမျိုးသမီးရေးရာကော်မတီက နေ ကြေငြာတစ်ခု တိုးလာပါအုံးမယ်၊ အရူး များရဲ့ ရှေ့နေမရယ်"

"ဘာကြေငြာလဲ"

"သတင်းစာထဲမှာလေ၊ အလိုရှိသည် ဆိုပြီး၊ တစ်–အရူးထိန်း၊ နှစ်–အရူးထမင်း ကျွေး၊ သုံး–အရူးအဝတ်လျှော်၊ အတွေ့ အကြုံရှိသူ ဦးစားပေးမည်"

စိမ်းစိမ်း၏ ပြောင်ချော်ချော်အပြော ကြောင့် ကြားမိကြသော အဆောင်သူများ ရယ်လို့မဆုံးတော့။ တဟီးဟီး…တခွိခွိနှင့် တဟားဟားလှောင်ရယ်သူလည်း ပါသေး သည်။

□ □ □ □ □ □

(င)

သည်မြို့ရောက်နေသည့်အချိန်အတွင်း သည်မြို့မှ ဘုရားများနှင့် သည်မြို့၏ အနီး အနားမြို့များမှ ဘုရားအစုံကိုဖူးမည်ဟု ကြံ ရွယ်ထားသည်။ ရွှေဆံတော်ဘုရား၊ ဘုရား ကြီး၊ ဆယ်ထပ်ကြီးဘုရားများမှအစ မင်း ကြီးတောင်ပေါ်ရှိ အလောင်းတော်ကဿပ၊ ဇေဒါဂီရိ အစရှိသောနေရာများသို့ ရောက် ပြီးပြီ။

ရွှေတောင်မှ ရွှေမျက်မှန်ဘုရား၊ ရွှေ နတ်တောင်ဘုရားများသို့လည်း ရောက်ခဲ့ပြီး ပြီ။ ဖေါင်းတည်မှ စွယ်တော်ဘုရားသို့ ဒီ တစ်ပတ် သွားကြမည်ဆိုပြီး၊ လူကမစုံပြန်။ မမဝင်းက ရန်ကုန်ပြန်သည်။ ကြွယ်ကြွယ် လေးက သူ့အမျိုးသားနှင့် ဆင်ထဲတက် အလှူသို့ သွားကြသည်။

အဆောင်တွင် ကျွန်မတွဲနေကျ သက် လေးလည်းမရှိ။ သက်လေးနှင့်အတူ ပုတီး ကုန်းသို့ အလည်သွားသော မဖြူကလည်း မရှိ။

ဒီတော့ ကျွန်မနှင့်စိမ်းစိမ်း ဘာလုပ်ရ မှန်းမသိဘဲ…

ရူးသွပ်သော မိန်းကလေးကိုတောင် အလွတ်မပေးဘဲ
မဟုတ်မတရားလုပ်သည့် လူများ ရှိနေလို့သာလျှင်
မြကြေးမှုံတွင် ကလေးတစ်ယောက် ရှိနေခြင်းပါ။

''ကဲဟာ…ဘယ်သူမှမရှိလည်း မမယဉ်နဲ့ စိမ်းစိမ်းနှစ်ယောက်တည်း ပေါင်းတည်ကိုသွားမယ်၊ နို့မို့ဆိုရင် ဒီတစ်ပတ် ရုံးပိတ်ရက်လေး အလဟဿဖြစ်သွားမယ်''

တိုင်ပင်ပြီးတာနှင့် အဝတ်အစားလဲ၍ ပေါင်းတည်ကားဂိတ်သို့ ဆိုက်ကားနှင့်ထွက်ခဲ့ကြသည်။ သည်လိုမှမသွားလျှင် သည်တစ်ပတ် စနေ၊ တနင်္ဂနွေနှင့် အမျိုးသားနေ့ ဆက်တိုက်ရုံးပိတ်ရက်လေး၊ နေပြောစရာ၊ ကားဂိတ်တွင် ကားလက်မှတ်ဖြတ်၊ နေရာတွင် အကျအနထိုင်၍ ပတ်ဝန်းကျင်ကို ငေးကြည့်သည်။

သည်နေရာက ကားဂိတ်ဖြစ်၍ လူတွေက နယ်ပေါင်းစုံမှ လူပေါင်းစုံရှိပြီး ကုန်ပစ္စည်းဝယ်သူ၊ ရောင်းသူ၊ သယ်သူ၊ ရွက်သူတို့ဖြင့် ပျားပန်းခပ်မျှ စည်ကားရှုပ်ထွေးသော နေရာပါ။

သည်အချိန်မှာပင် ဘယ်ကနေ ဘယ်လို ရောက်လာမှန်းမသိ၊ မြကြေးမုံနှင့် သားအထုပ်အပိုးတွေနှင့် တိုလီမိုလီပစ္စည်းပစ္စယများအကြား နှစ်ယောက်သား ထမင်းထုပ်စားနေလိုက်ကြသည်မှာ သနားစရာ။ သူ့သားကိုလည်း ခွံ့၊ သူလည်းစား။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်။ သူ့ဘေးဝဲယာတွင် တွန်းလှည်းနှင့်ရောင်းသော ကြီးရည်ဆိုင်နှင့် ဆိုက်ကားဂိတ်လည်းရှိသည်။

မြကြေးမုံကတော့ သူ့ထုံးစံအတိုင်း၊ ထဘီရင်လျားနှင့် ရှုံ့ပွ့ဝမ်းဆိုက်ကလေးက မိခင်လောင်းပုံစံ ဖြစ်နေပြီ၊ အနားတွင် ခရီးသွားမည့်သူတစ်ဈလည်း အထုပ်အပိုးကိုယ်စီဖြင့် ကားထွက်ချိန်ကို စောင့်နေကြစဉ် မြကြေးမုံထံ အကြည့်ရောက်နေသည်။

ပြောင်ချော်ချော် မျက်နှာထားနှင့် တစ်ယောက်က…

''ဟဲ့ ကောင်မလေး၊ အဲဒါ ဘယ်သူ့ကလေး ခိုးလာတာလဲ''

''အလိုတော်…ဒါ ကျွန်သားပါ၊ ကျွန်သားကို လုမယ်မကြံနဲ့နော်၊ ပါးရိုက်လိုက်လို့ နိုင်ငံခြားရောက်သွားမယ်''

မြကြေးမုံက ပြောလည်းပြော၊ သူ့သားကို ပေါင်ပေါ်မှ ဆွဲခနဲချပြီး မတ်တတ်ရပ်လျက် ခါးထောက်လိုက်ပြီးပြောသည်။ အမျိုးသားတစ်ယောက်က ရယ်သံဖြင့်…

''နိုင်ငံခြားဆိုတာ နင်ကသိလို့လား။ ကြီးကြီးကျယ်ကျယ်''

''သိတာပေါ့ဟဲ့၊ သူ့အမေက နိုင်ငံခြားသားလို့ပြောကြတာ ငါကြားသားပဲ''

''အခု ဘယ်ရောက်သွားလဲ''

''ဘယ်မှာ သွားသေနေလဲ မသိပါဘူးတော်''



တစ်ယောက်တစ်ပေါက်နှင့် အချီအချပြောအပြီး မြကြေးမုံက ဆောင့်ခနဲထိုင်ချသည်။ သူ့သားကို ဆွဲခနဲ ပေါင်ပေါ်ပွေ့တင်၍ တင်းတင်းဖက်ထားသည်။ ကြားရသူတိုင်းကလည်း ပြုံးစိစိနှင့်။

ဟူး…တော်ပါသေးရဲ့ စိတ်ဆိုးမပြေသွားပေလို့ပဲ။

မြကြေးမုံက သူ့သားကို ဖက်ထားရင်းနှင့် ပေပွနေသော သားအမျက်နှာကို အိတ်အဟောင်းထဲမှ အဝတ်စုတ်နှင့် သုတ်ပေးနေသည်။ ခပ်ကြမ်းကြမ်းပွတ်သုတ်နေသည်ကို သားကလည်း တစ်ချက်မငြီးဘဲ ငြိမ်ခံလို့…။

သူဟာနှင့်သူတော့ ဟုတ်နေရော။

မြင်ကွင်းကိုကြည့်ရင်းနှင့် ကျွန်မတို့နှစ်ယောက် ပြုံးမိကြသည်။ ရုပ်ကလေးသနားကမားနှင့် မြကြေးမုံကို စချင်နောက်ချင်သူက အများသား။

တချို့လူတွေက ကားပဲစောင့်မလိုလို၊ ကြီးရည်ပဲ သောက်တော့မလိုလိုနှင့် မြကြေးမုံကို တစေ့တစောင်းကြည့်နေသည်။ မြကြေးမုံ စိတ်ဆိုးမည့်အချိန်ကို ကြည့်နေကြသည်လား။ ဘာကိုမျှော်လင့်နေကြပါသလဲ။

မြကြေးမုံ၏ အကျင့်ဆိုးအတိုင်း စိတ်ဆိုးလျှင် ခါတိုင်းလိုလုပ်ချလိုက်မှဖြင့်…။

လူတွေ မျက်နှာလွှဲသွားကြမှာလား၊ မင်သက်စွာ ငေးကြည့်နေမိကြမှာလား၊ အဖြေက မသေချာ။

သည်အချိန်တွင် ကားထွက်သွားလျှင် ကောင်းလေစွ။

ကျွန်မနှင့် စိမ်းစိမ်း အတွေးတူစွာ–

''ကားကလည်း ထွက်ခဲလိုက်တာဟာ၊ ပူလောင်နေတာပဲ၊ ချွေးပျံနေပြီ''

စပါယ်ယာကြားအောင် စိမ်းစိမ်းအသံက ဗိုကျယ်ထားသည်။ စိမ်းစိမ်း ချွေးပျံနေခြင်းမှာ အပူရှိန်ကြောင့်ထက် မြကြေးမုံ စိတ်

---

တချို့လူတွေက ကားပဲစောင့်မလိုလို၊ ကြီးရည်ပဲ သောက်တော့မလိုလိုနှင့် မြကြေးမုံကို တစေ့တစောင်းကြည့်နေသည်။ မြကြေးမုံ စိတ်ဆိုးမည့်အချိန်ကို ကြည့်နေကြသည်လား။ ဘာကိုမျှော်လင့်နေကြပါသလဲ။

ဆိုးမှာကို ရင်မှလို့ပဲဖြစ်မည်။

မြကြေးမုံအနားမှာတော့ လူစည်စပြု လာပြီ။ ဆိုက်ကားပေါ်တွင် စတိုင်ကျကျထိုင် နေသော ခရီးသည်တစ်ယောက်က…

"ဟဲ့ ကောင်မလေး…နင့်ကလေးရဲ့ အဖေက ဘယ်သူလဲ"

"လာပြန်ပြီ၊ နင့်အပူလား။ ငါ့သားမှာ အဖေတွေမှ အများကြီး"

ကြည့်နေသူတို့ တဟားဟားပွဲကျသွား သည်။ မြကြေးမုံကို စိတ်ဆိုးအောင် သူတို့ စနေခြင်းကိုသိ၍ ကျွန်မတို့စိတ်တိုမိပြီ။

"ဒီလူတွေ ပါးစပ်အားနေကြတယ် ထင်ပါရဲ့၊ ဟိုက စိတ်ဆိုးမှ ပြေးပေါက်မှား နေအုံးမယ်"

စိမ်းစိမ်းက လေသံတိုးတိုးဖြင့် ကျွန်မ နားကပ်၍ ပြောသည်။ ထိုအတောအတွင်း မြ ကြေးမုံကို စချင်သူတစ်ယောက်က…

"နင့်ယောက်ျားကို လိုက်ရှာလေဟာ၊ ဒါမှ နင့်သားလည်း အဖေခေါ်စရာရှိသွားမှာ ပေါ့၊ နင်က လိုက်မှမရှာတာ"

"အမယ်…နင်လည်း ငါ့ယောက်ျား ပဲ၊ အားလုံးကို ငါမှတ်မိတယ်နော်၊ ငြင်းမယ် မကြံနဲ့"

ကဲ…မှတ်ကရော။

မြကြေးမုံက မြင်မြင်သမျှယောက်ျားကို လက်ညှိုးထိုးပြီ။ အကွက်ကောင်းကို စောင့် ကြည့် မျှော်လင့်နေသူများ ရုတ်ရုတ်နှင့် တစ်ချို့တည်း လစ်ပြေးကြတော့သည်။



ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အရှုံးမ လင်အဖြစ် အထင်ခံရမှာတော့ ကြောက်ကြသား။

နောက်နောင်ဆိုလျှင် ဒီလူတွေ မြ ကြေးမုံကို စရဲဦးမလား၊ ဝေးဝေးကသာ ရှောင် ကြတော့မည်။

မြကြေးမုံတို့လို စိတ်ရောဂါခံစားနေရ သော မိန်းကလေးများအတွက် ဘဝလုံခြုံ ရေးကို ကျွန်မတို့မိန်းမသားတွေကသာ ပူပန် စိုးရိမ်နေကြတာပါ။ ယောက်ျားတချို့က တော့ ဒီလိုပဲ ဝိုင်းကြည့်နောက်ပြောင်ချင် နေတာပါပဲ။ "ဒီလိုပဲ ကြည့်နေလို့သာ ဖြီး မှာလား မောင်ရေ့"ဟုသာ အော်ပြောချင် မိတော့သည်။

အမှန်တော့ မောင်မင်းကြီးသားတို့ အနေနှင့်လည်း နိုင်ငံကြီးသားပီသစွာ စေတနာမှန်နှင့် တာဝန်ရှိပါကြောင်း…

ကျွန်မပြောလျှင်…

အဆောင်သူများက ကျွန်မကို အရူးတို့ ၏ ရှေ့နေမဟုတ် ကာင်ပွန်းတပ်ကြဦးမှာ အသေအချာပါပဲရှင်…။

**မိုးပန်းမွှန်(ရာမည)**

# သူနဲ့လိုက်ဖက်အောင်လို့

"ကျွန်မလေ၊ ဒေါက်ပါးပါးဖိနပ် အနီရောင်တစ်ရံ လောက် လိုချင်တယ်"လို့ အရပ်မြင့်မြင့် အသားဖြူဖြူချော မိန်းမလှလေးက ဖိနပ်ရောင်းသူကိုပြောတယ်။

"ဘာဝတ်သွားမှာမို့ပါလဲ"လို့ စျေးသည်က စူးစမ်း တယ်၊

"ရုံးက ပုတက်တက်မန်နေဂျာနဲ့ပါ"လို့ မိန်းမလှ လေးက ရယ်မောတုံ့ပြန်တယ်။ ။

**မောင်သီဟ**



# CITY CARTOON





လူအများအတွက် အရေးပါပြီး လေးစားခြင်းခံရတဲ့ အချစ်တော် တိရစ္ဆာန်ကြီးများဖြစ်သော ဆင်များ၏ ကမ္ဘာ့ဆင်များနေ့ World Elephant Day) ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ သတ်မှတ်ထားခဲ့ပြီး၊ ကမ္ဘာအနှံ့အပြားတွင် ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြပါတယ်။

**ဆင်အမျိုးအစား**

ဆင်များဟာ ကုန်းနေနို့တိုက်သတ္တဝါများထဲမှာ အကြီးမားဆုံးဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် (၁) အာရှဆင်နှင့် (၂) အာဖရိကဆင်ဟူ၍ နှစ်မျိုးရှိကြပါတယ်။

**အာရှဆင်ပုံပန်းသဏ္ဌာန်**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံအပါအဝင် အာရှဆင်ရှိသော နိုင်ငံမှာ ၁၃ နိုင်ငံဖြစ်ပါတယ်။ အာရှဆင်မျိုးတွင် အိန္ဒိယ(သို့) မြန်မာဆင်၊ သီရိလင်္ကာဆင်၊ မလေးယန်းဆင်နှင့် စူမားတြားဆင်မျိုးများမှာ လူသိများကြပြီး၊ ၎င်းဆင်များအားလုံး ပုံပန်းသဏ္ဌာန် တူညီကြပါတယ်။ အာရှဆင်များဟာ အာဖရိကဆင်မျိုးထက် နားရွက်သေးငယ်ပြီး ချောမွေ့စွာ သွယ်ဆင်းသွားသော နှာမောင်းရှိပါတယ်။ အာရှဆင်တွေမှာ အစွယ်ရှည်ရှည် မပါရှိကြပါ။ သီရိလင်္ကာဆင်မျိုး



# ဆင်အကြောင်း သိကောင်းစရာလေးများ

ပေါက်ပေါက်

# AFRICAN ELEPHANT | ASIAN ELEPHANT

*What are the differences?*



**EARS:** Large, "Africa-shaped" ear
**TRUNK TIP:** Two "fingers" for grasping
**HEAD:** Single dome
**HEIGHT** *(tallest at shoulder)*: 9 – 13'
**WEIGHT:** 8,800 – 15,400 lbs.

**EARS:** Small, rounded ear
**TRUNK TIP:** One "finger" for grasping
**HEAD:** Twin dome
**HEIGHT** *(tallest at back)*: 6.5 – 9'
**WEIGHT:** 6,600 – 13,200 lbs.

များတွင် အထီးရော၊ အမပါ အစွယ်မရှိကြပါ။ အာရှဆင်ထီးတစ်ကောင်၏ အလေးချိန်မှာ ပျမ်းမျှ ၄၃၀၀ ကီလိုဂရမ်ရှိတတ်ပြီး အမ၏ အလေးချိန်မှာ ပျမ်းမျှ ၂၃၀၀–၃၅၀၀ ကီလိုဂရမ်အတွင်း ရှိတတ်ပါတယ်။

**အာဖရိကဆင်ပုံပန်းသဏ္ဌာန်**

အာဖရိကဆင်မျိုးများက အာရှဆင်များထက် အရပ်ပိုမြင့်မား၍ ကလန်ကလားနိုင်သော ခန္ဓာကိုယ်ရှိပါတယ်။ ရှည်သော အစွယ်များရှိကြကာ၊ ကြီးမားသော နားရွက်နှင့် ရှည်သော နှာမောင်းများရှိပါတယ်။ အာဖရိက ဆင်ထီးတစ်ကောင်၏ အလေးချိန်မှာ ပျမ်းမျှ ၆၄၀၀ ကီလိုဂရမ်ရှိတတ်ပြီး အမ၏ အလေးချိန်မှာ ပျမ်းမျှ ၂၄၀၀–၃၀၀၀ ကီလိုဂရမ်အတွင်း ရှိတတ်ပါတယ်။

**ဆင်ဘဝ**

– သုံးနှစ်သားအရွယ်ရောက်သော ဆင်ထီးကလေး အစွယ်နှစ်ချောင်းပေါက်ပါက ၎င်းဆင်မျိုးဟာ စွယ်စုံဆင်ကြီး ဖြစ်လာပါမယ်။

– အစွယ်တစ်ချောင်းတည်းသာ၊ ဘယ် (သို့) ညာဘက်တွင် ပေါက်သော ဆင်မျိုးက "တယ်"ဆင်ကြီး ဖြစ်လာပါမယ်၊

– "ဟန်"ခေါ် အစွယ်ရှည်မပေါက်ဘဲ ဆင်မများကဲ့သို့ သစ်ခွံထိုးရန်မျှလောက်သော အစွယ်ရှိသောဆင်မျိုးက "စွယ်ပေါက်"ဆင်ကြီး ဖြစ်လာပါမယ်။

– အစွယ်လုံးဝမပေါက်ဘဲ နှာမောင်း၏ လုံးပတ်နှင့် ခန္ဓာကိုယ်ကြီးထွားမှု မြန်ဆန်လာသော ဆင်မျိုးက "ဟိုင်း"ဆင်ကြီး ဖြစ်လာပါမယ်။ ဟိုင်းဆင်များဟာ ၎င်းတို့၏ ကြီးမားသန်စွမ်းသော နှာမောင်းဖြင့် ပြိုင်ဘက်ဆင်များ၏အစွယ်ကို ရိုက်ချိုးပစ်နိုင်စွမ်း ရှိပါတယ်။

**ဆင် သွင်ပြင်လက္ခဏာ**

ဆင်တစ်ကောင်ဟာ တစ်နေ့လျှင် ပေါင် ၆၀၀၀ ခန့်မျှရှိသော အစာစိမ်းကို ရှာဖွေစားသောက်နိုင်ပါတယ်။ ဆင်၏အရေပြားဟာ ၁·၉– ၂·၄ စင်တီမီတာ ထူပါတယ်။ ဆင်၏ ရှေ့ခြေထောက်နှစ်ချောင်းမှာ ခြေသည်းငါးခုစီပါရှိပြီး နောက်ခြေထောက်နှစ်ချောင်းမှာ ခြေသည်းလေးခုစီသာ ပါရှိပါတယ်။ ကိုယ်အပူချိန်မှာ ၃၆ ·၂၇ ဒီဂရီစင်တီဂရိတ် (၉၇·၅ – ၉၉·၀ ဒီဂရီဖာရင်ဟိုက်) ရှိပါတယ်။ အဆုတ်မှာ ၄၆ ပေါင်ရှိပြီး ပါးစပ်နှင့် အသက်ရှူနိုင်သော်လည်း ရေ ရှာဖိုင်ခုန်းသောလေကို နှာမောင်းဖြင့် အသက်ရှူသွင်းကြပါတယ်။ ဆင်၏ နှလုံးဟာ ၂၄ ပေါင်လေးပြီး နှလုံးခုန်နှုန်းကို နားရွက်၏နောက်ဘက် အောက်ခြေမှာ တိုင်းယူနိုင်ပါတယ်။ နှလုံးခုန်နှုန်းမှာ တစ်မိနစ်လျှင် ၄၀–၅၀ ကြိမ်နှင့် အသက်ရှူနှုန်းမှာ တစ်မိနစ်လျှင် ၁၂–၁၆ ကြိမ် ဖြစ်ပါတယ်။ ဆင်တွေမှာ သည်းခြေအိတ်မရှိပါ။ ဆင်တို့သက်တမ်းဟာ လူတို့သက်တမ်းနှင့် အတူတူပင်ဖြစ်သော်လည်း အသက် ၆၀–၈၀ နှစ်အထိ အလုပ်လုပ်နိုင်ပါတယ်။ ဆင်တွေကို ဖွက်ပေးသောရောဂါမှာ ဆင်

ဒေါင့်သန်းရောဂါ ဖြစ်ပါတယ်။



**ဆင်မိတ်လိုက်ပုံ**

ဆင်ထီးကလေးများဟာ အသက် ၁၆-၂၀နှစ်တွင် ဆင်မလေးများကို စိတ်ဝင်စားမှု ဖြစ်ပေါ်လာပါတယ်။ ဆင်ထီး၏ ဝှေးအိတ်ဟာ ကပ်ပါးယ်အိတ်အတွင်းသို့ မည်သည့်အခါမှ ဆင်းမလာဘဲ ဝမ်းခေါင်းချိုင့်ထဲမှာသာ တစ်သက်လုံးရှိနေပါတယ်။ ဆင်ထီးဟာ မုန်မယိုဘဲ မိတ်လိုက်နိုင်ပါတယ်။

ဆင်မလေးများဟာ ပုံမှန်အားဖြင့် ၁၇-၂၀ နှစ်ကြား စတင်မိတ်လိုက်နိုင်တဲ့ အရွယ်သို့ ရောက်ရှိလာပါတယ်။ ဆင်မတွေမှာ မြှင်ပေါ်ခြင်း(သို့)ရာသီလာခြင်းကိစ္စတွေကို တွေ့မြင်ရမည်မဟုတ်ပါ။ သဘာဝတရား၏ စေ့ဆော်မှုကြောင့် ခံစားချက်များ ဖြစ်ပေါ်လာကြပြီး ဆင်မများ၏ မြှင်ကာလဟာ ပျမ်းမျှ ၁၆ ပတ်ကြာတတ်ပါတယ်။

ဆင်မနှင့် ဆင်ထီးတို့ဟာ သဘာဝတရား၏ လှုံ့ဆော်မှုကြောင့် မျက်မှန်းတန်းမိကြပြီး၊ ရက်ပေါင်းများစွာ(သို့) ရက်သတ္တပတ်ပေါင်းအတော်ကြာ သမီးရည်းစားအဖြစ်ဆက်သွယ်ခဲ့ကြပြီးနောက် အကြင်လင်မယားအဖြစ် ပေါင်းဖက်ကြမည့် ချစ်သူများဘဝသို့ ရောက်ရှိကြပါတယ်။ ၎င်းတို့ဟာ နေရာတစ်ခုကို ရွေးချယ်ကြပြီး ဆင်ထီးက ဆင်မ၏ ကျောပေါ်သို့ အသာအယာပင် ထပ်လိုက်ပါတယ်။ ၎င်းပုံစံအတိုင်း ၃-၄မိနစ်ပြီးမှ လင်မယားအရာမြောက်ပါတယ်။ ၅-၁၀မိနစ်အထိလည်း ကြာနိုင်ပါတယ်။ ဤပုံစံဖြင့် ၂၄နာရီအတွင်း ၃-၄ကြိမ်အထိ ပြုလုပ်တတ်ကြပါတယ်။ ၎င်းစုံတွဲဟာ မခွဲမခွာကြဘဲ လပေါင်းများစွာ အစာရှာဖွေ စားသောက်ကြပါတယ်။ ဆင်မ၏ ကိုယ်ဝန် ၁၀ လခန့်အထိ ထိုသို့ အတူနေထိုင်ကြပါတယ်။ ဆင်မ၏ ကိုယ်ဝန်ဆောင်ကာလဟာ ပျမ်းမျှ ၂၂ လ ကြာမြင့်ပြီး၊ ပထမ ၁၀ လအတွင်း သူ့ကိုယ်သူ ကိုယ်ဝန်ဆောင်မိပြီဆိုသည်ကို သတိထားမိမည်မဟုတ်ပါ။ မိတ်လိုက်ချိန်ကုန်ဆုံးတဲ့အခါ အတူနေ အတူစားခဲ့သောကြင်ဖော်ဆင်ထီး၏နေရာမှာ အခြား ဆင်မတစ်ကောင်က ကလေးထိန်း(သို့) နို့ထိန်းဆင်အဖြစ် ဝင်ရောက်အစားထိုး နေရာယူလာပါတော့တယ်။ ထိုဆင်မကာမွေးလာမည့် ဆင်ကလေး၏ မိထွေးဖြစ်ပြီး၊ ကိုယ်ဝန်ဆောင်ဆင်မနှင့် မခွဲမခွာ အတူနေပါတယ်။

**ဆင်ပေါက်ကလေးအရွယ်**

ဆင်ကလေးမွေးလာပြီး ၂လသားအရွယ်ရောက်တဲ့အထိ ဆင်များက ကျားသတ္တဝါများဘေးမှ ဝိုင်း၍ကာကွယ်ပေးကြပါတယ်။ နို့စို့ဆင်ကလေးဟာ ၃-၄နှစ်သားအရွယ်အထိ မိခင်၏နောက်သို့ တကောက်ကောက်လိုက်နေတတ်ပါတယ်။ နို့စို့တဲ့အခါ ရှေ့ခြေနှစ်ချောင်းကြားရှိ ရင်အုံမှ နို့စို့လေ့ရှိပြီး၊ နို့စို့စဉ် နှာမောင်းကိုဘေးသို့လွှဲပြီး ပါးစပ်ဖြင့်နို့စို့ပါတယ်။ ဆင်ကလေးများ ၅-၆ နှစ်သားအရွယ်ရောက်ရင် နို့မစို့ကြတော့ဘဲ သူ့ဘာသာသူ အစာရှာဖွေစားသောက်တတ်ပါပြီ။



**ဆင် မုန်ယိုခြင်း**

ဆင်ထီးအများစုဟာ အသက် ၂၀ အရွယ်ရောက်တဲ့အထိ မုန်ယိုသောလက္ခဏာ (စိတ်ရိုင်းဝင်ခြင်း)ကို မပြတတ်ကြပါဘူး။ ဆင်ထီးများဟာ အသက် ၂၀-၃၅ နှစ်အတွင်း မျက်စိအနီးရှိ မုန်ပေါက်မှ ပြင်းထန်သောအနံ့ဆိုးရည်များ အနည်းငယ်ကျဆင်းလာတတ်ပါတယ်။ မုန်ပေါက်မှ မုန်ရည်များဟာ ပါးစပ်တွင်းသို့ တိုက်ရိုက်စီးကျနိုင်ပါတယ်။



ကျန်းမာသော ဆင်ထီးတစ်ကောင်ဟာ နှစ်စဉ်မိတ်လိုက်ချိန်ဖြစ်သော နွေရာသီကာလမှာ မုန်ယိုတတ်ပါတယ်။ မုန်ယိုခြင်းကာလ နှစ်ပတ်ခန့်ကြာတတ်ပြီး၊ စိတ်ရိုင်းဝင်တတ်သော ကာလဖြစ်ပါတယ်။ အသက် ၃၅-၄၅ နှစ်အရွယ်မှာ မုန်ရည်များပြားစွာ စီးကျတတ်ပြီး ပါးစပ်တွင်းသို့ တစ်စက်စက်နှင့် စီးဝင်သွားတဲ့အခါ မုန်သောက်သည်ဟု ခေါ်ပြီး ရက်စက်ကြမ်းကြုတ်သောစိတ် ဖြစ်လာပါတယ်။ ၎င်းအချိန်မှာ ဆင်ကို သံကြိုးချည်မထားခဲ့ပါက ဆင်ဦးစီးနှင့် အခြားသူများအတွက် အန္တရာယ်ရှိနိုင်ပါတယ်။

## ဆင်များ၏ ဉာဏ်ရည်ဉာဏ်သွေး

ဆင်ဟာ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား စဉ်းစားတွေးခေါ်စွမ်းရည်ကိုပေးနိုင်တဲ့ တိရစ္ဆာန်တစ်မျိုး ဖြစ်ပါတယ်။ ကောင်းစွာလေ့ကျင့်ပေးခြင်းခံရတဲ့ဆင်ဟာ အသက် ၂၅ နှစ်အရွယ်ရှိလာတဲ့အခါ အမိန့်ပေးစေနိုင်းသံ ၂၄ မျိုးကို လိုက်နာဆောင်ရွက်နိုင်စွမ်း ရှိပါတယ်။ ဆင်ဟာ ရေအနံ့ခံရာတွင်လည်းကောင်း၊ ရေရှိသောအရပ်ကို ရှာဖွေရာတွင်လည်းကောင်း ပြိုင်စံရှားသတ္တဝါ ဖြစ်ပါတယ်။ မှန်ထဲကိုကြည့်လိုက်ရင် မိမိကိုယ်ကိုယ် မိမိမှန်းသိသည့် တိရစ္ဆာန်သုံးမျိုးရှိတဲ့အနက် ဆင်ကလည်း တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ ဆင်တစ်ကောင်၏ မှတ်ဉာဏ်ဟာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ကောင်းစွာကျက်စားခဲ့တဲ့ စားကျက်နယ်မြေများကို မှတ်မိနေနိုင်စွမ်းရှိပါတယ်။ အဲဒီလို ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်ရခြင်း၏ အကြောင်းရင်းမှာ ဆင်တို့၏ နောက်စေ့အတွင်းရှိ ဟိုက်ပိုသယ်လမက်(ခေါ်) ဦးနှောက်အပိုင်း၏ စွမ်းဆောင်ချက်ကြောင့်ဖြစ်ပါတယ်။ တောတောင်ထဲရှိ တချို့သော သစ်စေ့တို့ဟာ ဆင်၏အစာအိမ်ကိုဖြတ်သန်း၍ မစင်(ကျင်ကြီး)မှတစ်ဆင့် ဆင်၏ခန္ဓာကိုယ်တွင်း ဇီဝလုပ်ဆောင်ချက်ကြောင့်သာလျှင် အပင်ပြန်လည်၍ ပေါက်နိုင်ကြပါတယ်။ ဤနည်းအားဖြင့် ဆင်တစ်ကောင်က စားသုံးလိုက်သော အစာတွင်းရှိ သစ်စေ့ပေါင်းများစွာကို မစင်အဖြစ် ပင်မအပင်မှ မိုင်ပေါင်းများစွာတွင် စွန့်ထုတ်ပြီးနောက်၊ မြက်ခင်း၊ ချုံပုတ်၊ သစ်ပင်ပေါင်းများစွာကို ပေါက်ရောက်စေခြင်း (Seed Dispersal) ကို ဖြစ်စေပြီး၊ သစ်တောတစ်ခု၏ ဂေဟဗေဒစနစ်(Ecosystem)ကို ကျန်းမာသန်စွမ်းအောင် ဆင်တွေက တစ်ဖက်တစ်လမ်းမှနေ၍ ကူညီစောင့်ရှောက်ပေးနေကြပါတယ်။

## ဆင်နှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယဆင်ကောင်ရေအများဆုံး ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရားဝင်မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကအိမ်မွေးဆင် ၄၇၄၈ ကောင်အထိရှိပြီး၊ ၎င်း အိမ်မွေးဆင်များအပြင် မြန်မာ့သစ်လုပ်ငန်းတွင် အသုံးပြုနေသောဆင်များနှင့် တောထဲတောင်ထဲတွင် သဘာဝအတိုင်း နေထိုင်စားသောက်နေသော တောဆင်ရိုင်းများလည်း ရှိကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလအထိ မြန်မာနိုင်ငံ၏ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ တောင်ငူခရိုင်၊ ရခိုင်ပြည်နယ် စတဲ့ပြည်နယ်နှင့်တိုင်းများတွင် လက်ရှိ ဆင်



စခန်းစုစုပေါင်း ၁၅ ခု ဖွင့်လှစ်ထားပါတယ်။ ဆင်စခန်းများသို့ ဝင်ကြေးမှာ မြန်မာတိုင်းရင်းသားများအတွက် ကျပ် ၁၀၀၀ ဖြစ်ပြီး၊ နိုင်ငံခြားသားများအတွက် ကျပ် ၂၀၀၀၀ ဖြစ်ပါတယ်။ ဧည့်သည်များ ဆင်စီးရင်း ပျော်ရွှင်နိုင်ပြီး၊ ဆင်စီးခနှုန်းထားမှာ မြန်မာတိုင်းရင်းသားများအတွက် ကျပ် ၅၀၀၀ ဖြစ်ပြီး၊ နိုင်ငံခြားသားများအတွက် ကျပ် ၂၀၀၀၀ ဖြစ်ပါတယ်။



## စိုးရိမ်ဖွယ် မြန်မာ့တောရိုင်းဆင် ရှေ့ရေး

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆင်များရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးမှာ အများဆုံးဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ တောရိုင်းဆင်နှင့် လူ ပဋိပက္ခ ဖြစ်ခြင်း၊ ဆင်များ အမဲလိုက်ခံရခြင်းတို့ကြောင့် စုစုပေါင်း ဆင် ၁၃၃ ကောင် သေဆုံးခဲ့ရပြီး၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီမှ ဩဂုတ်လအတွင်း ၁၂ ကောင်အထိ စံချိန်တင် သေဆုံးနေကြရပါတယ်။ ယခုလို တောဆင်များ သေဆုံးမှုနှုန်း များပြားလာရခြင်းမှာ ဆင်မှောင်ခိုဈေးကွက်မှာ ဆင်စွယ်သာမက အရေခွံတွေပါ ဈေးကောင်းနေတာကြောင့် ဆင်အထီးရော၊ အမတွေကိုပါ သတ်ဖြတ်လာကြပါတယ်။ ယခုလို မှောင်ခိုဈေးကွက်မြင့်မား၍ ဒေသခံရွာသားများကိုယ်တိုင် ငွေကြေးအရလွယ်သည့် ဆင်သတ်မှုများမှာ ပူးပေါင်းပါဝင်လာကြပါတယ်။ တောရိုင်းဆင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံအစိုးရမှ တောရိုင်းဆင် ကာကွယ်ထိန်းသိမ်းရေး ဝန်ထမ်းများကို အထူးပြုနည်းပညာများ လေ့ကျင့်သင်ကြားပေးပြီး သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ပူးပေါင်း၍ ကာကွယ်ပေးလျက်ရှိပါတယ်။ သို့သော်လည်း ဆင်မုဆိုးများ၏ လက်ချက်ကြောင့် မြန်မာ့တောရိုင်းဆင်ကောင်ရေမှာ တစ်ဟုန်ထိုးကျဆင်းနေပြီး၊ အကောင်ရေ ၁၄၀၀ မှ ၂၀၀၀ ကြား ကျန်ရှိနေဦးမည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင် ၎င်းပမာဏထက် များစွာလျော့နည်းဖွယ်ရှိကြောင်း ဆင်ထိန်းသိမ်းရေးအဖွဲ့အစည်းများက သတင်းထုတ်ပြန်ထားပါတယ်။

ကမ္ဘာ့ပညာရှင်များ၏ တွက်ချက်ပုံအရ မြန်မာနိုင်ငံရှိ ဆင်များဟာ နောင်လာမည့် ၂၀၃၅ ခုနှစ်တွင် မျိုးသုဉ်းသွားနိုင်ကြောင်း သတိပေးနှိုးဆော်ထားပါတယ်။ သို့ပါ၍ အသိဉာဏ်ရှိ၍ လိမ္မာပါးနပ်သော ဆင်ကို တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးအဖြစ် ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း။

**ပေါက်ပေါက်**



# CITY CARTOON



# တောင်မြို့သား


| နိမ့်ကလေး |

ဒေါင်းတစ်ဖြူ
ရွှေ(ဂျီ)နှစ်ဖြူ

''တောက်--တောက်--တောက်--တောက်''

တင်ဝင်းက ထိုအသံကို နားထဲကမထွက်၊ အားလုံးကို တုတ်တစ်ချောင်းနှင့်ရိုက်၍ ထွက်လာသောအသံမဟုတ်။ သစ်တောက်ငှက်က သစ်ပင်ကို နှုတ်သီးနှင့်ပေါက်နေသော အသံမျိုးလည်းမဟုတ်၊ ကိုယ်တိုင်ကြုံလိုက်ရသောကြောင့် ဒီတောထဲမှာ ဒေါင်းရှိမည်ဆိုတာကို ကိုတင်ဝင်း သဘောပေါက်လိုက်သည်။

လုံသာမြောင်ကို တင်ဝင်းက နစ်ရက်စော၍ ရောက်နေသည်။ ရွာခံမုဆိုး ဖုန်ဆိုင်းက နှုတ်နှင့်တစ်မျိုး၊ စာနှင့်တစ်ဖုံလူကြုံများနှင့် မှာနေသောကြောင့် စောကျိမ်းတို့နှင့်တိုင်ပင်ကာ လုံးသာမြောင်ကိုအရောက်လာကြခြင်းဖြစ်သည်။



> မန်ကျည်းရွက်သုပ်၊
> ငါးပိထောင်း၊
> ဆိတ်သားခြောက်ဖုတ်၊
> ငရုတ်သီးနှင့်ကြော်ထားသော
> ဟင်းများနှင့် နှစ်ယောက်သား
> ဆာဆာနှင့်စားနေကြချိန်တွင်
> ရေစီးကြောင်းကလေး၏
> အရှေ့ဘက်ဆူးချုံပင်များကြားမှ--

ချိန်းဆိုထားသည့်ရက်တွင် ခေါက်ဂျိမ်းနှင့် ကျော်စိုးက ခရီးလွန်နေ၍ တင်ဝင်းက စော ရောက်နေခြင်းဖြစ်သည်။

ရောက်ပြီး နောက်တစ်နေ့တွင် ရွာခံ မုဆိုး ဖုန်ဆိုင်းဝက်သားလည်းစားချင်၊ သူ့ တူမီးကလည်း ပစ်မဖြစ်နေသောကြောင့် တင်ဝင်းထံတွင်ပါလာသော သေနတ်အား ကိုးနှင့် လုံးသာမြောင်ထဲသို့ ထွက်လာကြ ခြင်းဖြစ်သည်။ ဖုန်ဆိုင်းနေသော မန် ကျည်းကုန်းနှင့် လုံးသာမြောင်က ငါးမိုင်ခန့် ဝေးသည်။ တောင်ကျချောင်း သုံးခုကိုဖြတ် ရသည်။ မိုးတွင်းမဟုတ်၍ ချောင်းရေက မြောင်းသောသာသာပဲရှိသည်။

လုံးသာမြောင်ရောက်တော့ တောဝက် ခြေရာများ၊ ရွှံ့နေသောမြေအနေအထား ကြောင့် နှစ်ယောက်သား သတိနှင့်မြောင် တွင်းကိုဆင်းလာကြသည်။ ကွေ့ကောက်နေ သော မြောင်က တစ်မိုင်လောက်ရှည်သည် ဟု ဖုန်ဆိုင်းက ပြောသည်။ မွန်းတည့်ချိန် လောက်အထိ ခြေရာမှလွဲ၍ တောဝက်အရိပ် အယောင်မမြင်ရသေး။



ဝိုက်ဆာလာသောကြောင့် အရိပ် ကောင်းတစ်နေရာကိုရွေးကာ ပါလာသော ထမင်းထုပ်များကိုဖွင့်ကြသည်။ တင်ဝင်းတို့ နှစ်ယောက် ထမင်းထိုင်စားနေသောနေရာ နှင့် (၅)ကိုက်လောက်အကွာတွင် ကျောက် ကြိုကျောက်ကြားမှစိမ့်ထွက်ကာ စီးနေသော ရေစီးကြောင်းကလေးတစ်ခု။ ထိုနေရာမှ အရှေ့ဘက်တွင်စိမ်းလန်းနေသော ဆူးချုံပင် များ။

မန်ကျည်းရွက်သုပ်၊ ငါးပိထောင်း၊ ဆိတ်သားခြောက်ဖုတ်၊ ငရုတ်သီးနှင့်ကြော် ထားသောဟင်းများနှင့် နှစ်ယောက်သား ဆာဆာနှင့်စားနေကြချိန်တွင် ရေစီးကြောင်း ကလေး၏အရှေ့ဘက်ဆူးချုံပင်များကြားမှ–

"အီ– အီ– ဖြစ်– ဖြစ်"

"အီ– အီ– ဖြစ်– ဖြစ်"

နှစ်ယောက်သားထမင်းစားနေရာမှ အသံကြားရာဆီသို့ ခေါင်းထောင်ကြည့်လိုက် ကြသည်။ လူတစ်ရပ်နီးပါးရှိသော ဆူးချုံ ပင်များက လှုပ်နေ၍ အသံများက ထိုနေရာ မှထွက်လာနေကြောင်း သဘောပေါက် လိုက်ကြသည်။

နှစ်ယောက်သား လက်မဆေးအားပဲ အသံလာရာဆီသို့ သုတ်ခနဲထလာကြသည်။ တင်ဝင်းက သေနတ်ကိုင်ထား၍ ဖုန်ဆိုင်းက လှံကိုင်ထားသည်။ အသံများကလည်း ထွက် နေဆဲ။ ချုံများကလည်းလှုပ်နေဆဲ။

ချုံများလှုပ်နေရာနှင့် (၁၀)ပေကွာ လောက်အရောက်တွင်ပီပြင်လာသည်။ ထို နေရာတစ်ဝိုက်တွင် ချုံများက ပိပြားနေကာ စပါးကြီးမြွေတစ်ကောင်က တောဝက်တစ် ကောင်ကို ကိုယ်လုံးဖြင့်ရစ်ပတ်ထားသလို တောဝက်ကလည်း ရှုန်းကန်ရင်း မြင်သမျှ စပါးကြီးကိုယ်လုံးများကို ပါးစပ်နှင့်ကိုက်ထား သောကြောင့် နှစ်ကောင်စလုံးသွေးချင်းချင်း ရဲနေတော့သည်။

တောဝက်က ပိဿာ(၂၀)ခန့်ရှိသော အကောင်၊ တောဝက်က သူ့အသက်ရှင်ရေး အတွက် စပါးကြီးမြွေကို တဖြစ်ဖြစ်မြည် အောင် ကိုက်နေရသော်လည်း စပါးကြီးမြွေ ကြီး၏ ဖျစ်ညှစ်ထားသောဒဏ်ကြောင့် မြွေ မြွေသာ ကျန်တော့သည်။

"ဖုန်ဆိုင်းတို့တော့ ကံကောင်းပြီ ထင် တယ်ကွ။ ချိုကျိုးနွားရွက်ပုံလေးများ စွန့်ကြ ပါလို့တောင်းထားတာ ခုတော့ ချိုလည်းမ

**ဆူးချုံပင်များက ပတ်ဝန်းကျင်တဝိုက် လဲပြိုပိပြားနေသောကြောင့် ခြေရာမမြင်ရသော်လည်း တောဝက်အုပ်က ရေစီးကြောင်းကလေးထဲတွင် ရေဆင်းသောက်ကြမည်ဖြစ်ကြောင်း**

ကျိုး နားရွက်လည်းမပုံ၊ နိပ်တယ်ပေါ့''

ဖပါးကြီးမြွေကြီးလည်း အသက်မရှိတော့၊ တောဝက်ကတော့ အသက်ကိုဖုတ်လိုက်ဖုတ်လိုက်ရှူနေဆဲ။ ဆူးချုံပင်များက ပတ်ဝန်းကျင်တဝိုက် လဲပြိုပိပြားနေသောကြောင့် ခြေရာမမြင်ရသော်လည်း တောဝက်အုပ်က ရေစီးကြောင်းကလေးထဲတွင် ရေဆင်းသောက်ကြမည်ဖြစ်ကြောင်း ခန့်မှန်းမိသည်။ ဖုန်ဆိုင်းက–

''မုဆိုးကြီး မြောင်အတိုင်းလိုက်ရင် တောဝက်တွေ မိနိုင်သေးတယ်ဗျ''

''အေး–လိုက်မယ်၊ ဒီနှစ်ကောင်ကတော့ ကျည်တစ်တောင့်မှမကုန်ပဲ ဟင်းစားတော့ရပြီ၊ လောလောဆယ် တို့စားဝက်စ ထမင်းလေးစားပြီးမှ ဆက်လိုက်ကြတာပေါ့ကွာ''

ထမင်းကို ခပ်သုတ်သုတ်စားလိုက်ကြကာ မြောင်အတွင်းနှစ်ယောက်သား ချီတက်လာကြသည်။ ရှုပ်ရှက်ခတ်နေသော ခြေရာများအတိုင်းလိုက်ကြရာ နေစောင်းသည့်အထိ တောဝက်လည်းမတွေ့၊ အခြား ဟင်းစားကောင်လည်းမတွေ့။

''ဖုန်ဆိုင်း ဒီအတိုင်းဆို တို့ညအိပ်မှဖြစ်တော့မယ်ကွာ''

''ဟုတ်တယ် မုဆိုးကြီး''

''ကျန်နေတဲ့ ဟင်းစားကောင်တွေလည်း ပုပ်သွားမှာစိုးတယ်။ ကျတ်တင်တာလည်းလုပ်၊ ချက်တန်ချက်၊ ပြုတ်တန်ပြုတ် မကောင်းဘူးလား''

''ကျွန်တော်လည်း အဲဒီလိုစိတ်ကူးမိတယ်''

ဖပါးကြီးနှင့်တောဝက်သေနှစ်ကောင်ရှိရာသို့အရောက်သွားကြကာ ဖပါးကြီးကို အရေချွ သည်းခြေထုတ်၊ အသားများကို ဟင်းအတွက် ချက်တန်ချက်၊ ပြုတ်တန်ပြုတ် လုပ်လိုက်သည်။ တောဝက်ကိုလည်း ဖျက်ကာ ကျတ်တင်လိုက်သည်။

နှစ်ယောက်သား ထိုနှစ်ကောင်နှင့် အလုပ်ရှုပ်လိုက်သည်မှာ ညဦးအတော်နက်မှ ပြီးတော့သည်။ စားသောက်ပြီး မောမော နှင့်နားနေကြစဉ်။

''တောက် –တောက် –တောက် – တောက်'

''မုဆိုးကြီး ဘာသံလဲဗျ''

''ဖုန်ဆိုင်း မင်းလည်း မုဆိုးလုပ်နေတာပဲ အဲဒီအသံဘာအသံလည်း မသိဘူးလား''

''ဒီအချိန်မျိုးမှာ တောထဲမှာဝါးလာခုတ်တဲ့အသံမျိုးလည်း မဟုတ်လောက်ဘူးဗျ''

''ဒီတော ဒီတောင်တဝိုက်မှာ မင်းလည်း တောပစ်တောလိုက်လုပ်နေကျပဲ၊ ဒေါင်းကိုတွေ့ဖူးလား''

''ဗျာ–ဒေါင်း ဟုတ်လား''

''အေးလေ ကနေရင် အမြီးကပိုင်းပြီး အရမ်းလှတဲ့အကောင်လေ''

''ကျွန်တော် မြင်တောင်မမြင်ဖူးဘူး။ ကြားတော့ကြားဖူးတယ်''

''အေး ဒီတောထဲမှာ ဒေါင်းရှိတယ်ကွ၊ စောစောက တောက်–တောက်–တောက်ဆိုတာ သူတို့ တစ်ကောင်နဲ့တစ်ကောင် အချက်ပေးတဲ့အသံကွ''

''ဟုတ်လား–ကျွန်တော်ထင်တာက ဝါးပင်ကို ဓားနဲ့ခုတ်နေတဲ့အသံပဲထင်နေတာ''

''ငါမြင်လည်းမြင်ဖူးတယ်၊ ပစ်လည်းပစ်ဖူးတယ်၊ ဒါပေမယ့် မရလိုက်ဘူး''



"အဲဒီတော့ – –"

"မနက်ဖြန် အဲဒီကောင်ကို တွေ့အောင်ရှာပြီး ပစ်မှာပေါ့ကွာ၊ ငါစွဲတွဲမှုတဲ့ မုဆိုးတွေ အိမ်မှာ ချိတွေ၊ သားရေတွေပဲ တွေ့တယ်၊ ဒေါင်းတောင် တစ်ခါမှမတွေ့ဘူး သေးဘူး"

မိုးလင်းသောအခါ ချက်ထားသော စပါးကြီးဟင်း၊ ပြုတ်ထားသောအသားများနှင့် ဆတ်ဝက်သားကျပ်တင်များကို တာလပတ်အခင်းထဲတွင်ထည့်၍ ရှေ့နောက်ထမ်းလာကြသည်။ လုံးသောမြောင်မှထွက်၍ မှာရီဝက်ခနဲ့အကြားတွင် ဝါးလာခုတ်သော ပုန်ဆိုင်းတို့ရွာမှ ရွာသားနှစ်ယောက်ကိုတွေ့၍ ဝမ်းသာသွားကြသည်။ ပုန်ဆိုင်းက ထမ်းလာသောအထမ်းကို ထိုနှစ်ယောက်အား လွှဲလိုက်ကာ–

"မင်းတို့နှစ်ယောက် ဒါတွေပြန်ပို့လိုက်ကွာ၊ အဲဒီထဲက မင်းတို့ ဟင်းစားယူလိုက်၊ ဖြစ်မလား"

ရွာသားတစ်ယောက်က–

"သိပ်ဖြစ်တာပေါ့ဗျာ၊ ကျုပ်တို့လည်း ဟင်းစားငတ်နေတာကြာပြီ၊ ဒီအထုပ်ကြီးကို ခင်ဗျားအိမ်ကို ပို့လိုက်မယ်စိတ်ချ၊ ဪ ဒါထက် မနက်က ခင်ဗျားအိမ်ရှေ့ကဖြတ်လာတော့ ခင်ဗျားအိမ်ရှေ့မှာ ဧည့်သည်နှစ်ယောက်တွေ့တယ်ဗျ၊ သေနတ်တွေနဲ့ မုဆိုးတွေဖြစ်လိမ့်မယ်ထင်တယ်၊ အထုပ်အပိုးတွေ ပြင်နေကြတယ်"

"ကရင်လူမျိုးတစ်ယောက်နဲ့ မြန်မာ တစ်ယောက်မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"အေး–သူတို့ ငါ့နောက်လိုက်လာလိမ့်မယ်၊ မင်းတို့နဲ့လမ်းမှာတွေ့ရင် လုံးသောမြောင်တစ်ဝိုက်မှာ ငါရှိမယ်လို့ပြောလိုက်"

"စိတ်ချ၊ စိတ်ချ"

တင်ဝင်းနှင့် ပုန်ဆိုင်းတို့နှစ်ယောက် တစ်နာရီလောက် တောထဲတွင်လျှောက်နေကြသော်လည်း ဟင်းစားကောင်၏ခြေရာမှ လွဲ၍ ဘာကောင်မှမတွေ့ရသေး။ တင်ဝင်း လိုချင်သော ဒေါင်းကိုလည်း အရိပ်အယောင်ပင်မတွေ့။ နေထန်းတစ်ဖျားအရောက်တွင်–

"ဖောင်း"

"ဖောင်း"

တင်ဝင်းက–

"ပုန်ဆိုင်းရေ ဈောကျိမ်းနဲ့ကျော်စိုးတော့ တောထဲရောက်နေပြီဟော့၊ ဒါ ဈောကျိမ်းကိုင်တဲ့ ဒသမ၅၀၀ နိုင်ဖယ်သံကွ၊ သူ့အသံက လည်း တစ်ကောင်ကောင်ကိုထိတဲ့အသံကွ၊ နောက်လူကမှဟုတ်နေသေး၊ ငါတို့ ခုထိ ကျည်တစ်တောင့်မှတောင်မကုန်သေးဘူး"

ဒေါင်းဆိုတာ ရှားပါးသတ္တဝါကွ။
သစ်ကျုတ်(ကျားသစ်)လည်း
ရှားပါးသတ္တဝါပဲ၊
အဲဒီလိုသတ္တဝါမျိုးကို
ရှောင်ရတယ်၊
ဒေါင်းရဲ့အမြီးလည်းလှတယ်၊
ကျားသစ်ရဲ့အရေလည်းလှတယ်၊
အဲဒီလိုလှပေမယ့်
သူတို့က ရှားပါးသတ္တဝါတွေကွ၊
မပစ်ရဘူး။ ...

နောက်ထပ် တစ်နာရီလောက် အချိန်ကုန်သွားသည်အထိ တင်ဝင်းတို့နှစ်ယောက် ဘာကောင်မှမမြင်ရသေး။ ရေခမ်းနေသော သဲချောင်းတစ်ခု၏ ကမ်းနဖူးပေါ်တွင် မောမောနှင့်ထိုင်လိုက်ကြသည်။ နေပူရှိန်ကြောင့် သဲချောင်းထဲရှိ သဲပွင့်များက စိန်ပွင့်များလို တလက်လက်တောက်နေသည်။

ကမ်းပါးပေါ်တွင်ပေါက်နေသော မြရာပင်များအရိပ်တွင် ထိုင်နေကြခြင်းဖြစ်သည်။ သဲချောင်းက ကိုက်(၃၀)လောက် ကျယ်သည်။ တစ်ဖက်ကမ်းပါးတွင်လည်း မြရာပင်များ ထူထပ်စွာပေါက်နေသည်၊ တင်ဝင်း ကချက်လာခဲ့သော ထမင်းနှင့်တောဝက်သား ကလီစာဟင်းကို နည်းနည်းစီယူ၍ သစ်ပင် တစ်ပင်အောက်တွင် ကင်မြှောက်ပသလိုက် သည်။

"ပုန်ဆိုင်း၊ ဆာပြီလား၊ စားကြမလား"

ထမင်းဟင်းများကို ထုတ်ကာစားကြရန် ပြင်ဆင်နေရင်း တင်ဝင်းက အမှတ်မထင် သဲချောင်းတစ်ဖက်ကမ်းကို လှမ်းကြည့်လိုက်ရာ ဈောကျိမ်းနှင့်ကျော်စိုး မြရာပင်များအကြားတွင် ကုန်းကုန်းကွကွနှင့် ရှုပ်နေကြသည်။ ဈောကျိမ်းကလည်း တင်ဝင်းကို မြင်သွားသောကြောင့် လက်ထောင်ပြကာ တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

လက်ညှိုးထိုးပြသောနေရာကို ကြည့်လိုက်သောအခါ ကမ်းပါးစပ်တွင် ဈောကျိမ်းတို့ဘက်သို့ ကျောပေးကာ တစ်လှမ်းချင်း လျှောက်သွားနေသော ဒေါင်းဖိုကြီးတစ်ကောင်။ တင်ဝင်းတို့ဘက်မှဆိုလျှင် ကိုက် (၁၀၀) ခန့်မျှဝေးနိုင်၍ ကျော်စိုးတို့ဘက်မှ ကိုက်(၅၀)သာသာမျှသာရှိမည်။

ဒေါင်းပစ်၍ ဒေါင်းတောင်လိုချင်သော တင်ဝင်းဆန္ဒပြည့်တော့မည်။ သေနတ်ချိန်နေသော ဈောကျိမ်းကိုယုံသည်။ ထိုအကွာအဝေးလောက်ကတော့ တစ်ချက်တည်းနှင့် လုံလောက်သည်။ သို့ပေမယ့် တင်ဝင်းစိတ်ထဲမှာ မတင်မကျဖြစ်သွားသည်။ ဈောကျိမ်းကိုင်ထားတာက ဒသမ ၅၀၀နှစ်လုံးပြူးရိုင်ဖယ်ကြီး။ ထိုသေနတ်မျိုးက ကျည်အားပြင်းသည်။ တောကောင်ကြီးများသာပစ်ရန် လုံလောက်သော သေနတ်မျိုးဖြစ်သည်။

တင်ဝင်းနှင့်ကျော်စိုးနှစ်ယောက်လုံးက ဆရာတင်ထားရသော မုဆိုးကြီးက ဒါလောက်တော့မညံ့နိုင်။ ဒသမ ၅၀၀သေနတ်မျိုးနှင့် ထိုဒေါင်းက တစ်စစီဖြစ်သွားနိုင်သည်။ ကျော်စိုးထံတွင် နှစ်လုံးပြူးပါလျက် ဘာကြောင့် နှစ်လုံးပြူးနှင့် မပစ်သည်ကို တင်ဝင်း စဉ်းစားနေသည်။

မြရာတောထဲတွင် ကုန်းကုန်းကွကွနှင့် ဈောကျိမ်းတို့နှစ်ယောက်တစ်လှမ်းချင်းသွားနေသည်ကို တင်ဝင်းနှင့်ပုန်ဆိုင်းက အတိုင်းသား မြင်နေရသည်။ ဒေါင်းဖိုကြီးကလည်း တစ်လှမ်းချင်းလျှောက်နေသည်။ တစ်နေရာအရောက်တွင် မြရာပင်ကိုကွယ်၍ ဈောကျိမ်းက ရပ်လိုက်ကာ သေနတ်ကိုထိုးချိန်လိုက်သည်။

"ဖောင်း"

မြရာတောထဲမှ သတ္တဝါတစ်ကောင်က မြောက်တက်သွားကာ မြေပေါ်သို့ "ဖုန်း" ခနဲပြန်ကျသွားပြီး ငြိမ်သက်သွားတော့သည်။ တင်ဝင်းလိုချင်နေသော ဒေါင်းကတော့ အ

ဝေးကိုပြေးလေပြီ။ တင်ဝင်းအဖုမှ ဒသမ ၅၀၀ သေနတ်နှင့် စောဂျိမ်းချိန်လိုက်ခြင်းဟာ တကယ်တော့ပစ်ခြင်းမဟုတ်။ တင်ဝင်းတို့ဘက်မှ မမြင်ရသော ချေ(ဂျီ)ကောင်ကို ပစ်ခြင်းသာဖြစ်သည်။

စောဂျိမ်း၊ ကျော်စိုး၊ တင်ဝင်းနှင့်ဖုန်ဆိုင်းတို့ လေးယောက်က ချေ(ဂျီ)အနားသို့ ရောက်သွားချိန်တွင် ချေ(ဂျီ)က အသက်ပျောက်နေပြီဖြစ်သည်။ တင်ဝင်းက–

''စောဂျိမ်းတော့ ဒေါင်းကိုပစ်ပြီထင်ပြီး ဝမ်းသာနေတာ၊ နို့မို့ရင် ကျွန်တော်လှမ်းပစ်လိုက်ရင်ရတယ်၊ ဒီအကွာအဝေးလောက်က အေးအေးဆေးဆေးပဲ''

''ဒေါင်းသား မင်းမစားဖူးဘူးလား''

''မစားဖူးဘူး။ ဒါပေမယ့် စားချင်တာ မဟုတ်ဘဲ၊ လိုချင်တာ''

''နောက် မင်းမှတ်ထား ဒေါင်းဆိုတာ ရှားပါးသတ္တဝါကွ။ သစ်ကျုတ်(ကျားသစ်)လည်း ရှားပါးသတ္တဝါပဲ၊ အဲဒီလိုသတ္တဝါမျိုးကို ရှောင်ရတယ်၊ ဒေါင်းရဲ့အမြီးလည်းလှတယ်၊ ကျားသစ်ရဲ့အရေလည်းလှတယ်၊ အဲဒီလိုလှပေမယ့် သူတို့က ရှားပါးသတ္တဝါတွေကွ၊ မပစ်ရဘူး။ လူကိုအန္တရာယ်ပြုမှပဲ ပစ်သင့်တယ်၊ အမြီးလေးလိုချင်တာနဲ့ ဒေါင်းကိုမပစ်ပါနဲ့ကွာ၊ မင်းပစ်မယ်ဆိုရင်တောင် ငါက တားမှာပဲ''

''စောဂျိမ်း –ကျွန်တော်သဘောပေါက်ပါပြီဗျာ''

''ဒီရာသီမို့လို့ ဒေါင်းတွေကိုအမြီးတွေနဲ့တွေ့ရတာ။ မိုးတွင်းဆိုရင် သူတို့က အမြီးချတတ်တော့ အမြီးတိုနဲ့ သိပ်ကြည့်ရဆိုးတာ။ ဒေါင်းတစ်ဖ၊ ချေ(ဂျီ)တစ်မဆိုတာ ကြားဖူးလား''

''ကြားတော့ကြားဖူးတယ်၊ အဓိပ္ပာယ် မသိဘူး''

''ဒီလိုကွ၊ ဒေါင်းအထီးတွေက အတက်က နှစ်လက်မလောက်ရှိရင် သူတို့ပီသသာချိန်က လေးပိဿာ၊ ငါးပိဿာလောက်ရှိတယ်။ ချေ(ဂျီ)အမတစ်ကောင်ပစ်လို့ရတဲ့အသားထွက်နဲ့ အတူတူပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချေ(ဂျီ)ဆိုတဲ့အကောင်မျိုးက သူ့ခေါင်းနဲ့ အရိုးတွေ ဖယ်လိုက်ရင် အသားက သိပ်မကျန်တော့လို့ပဲ၊ ဒါကြောင့်မို့လို့ ဒေါင်းအဖတစ်ကောင်နဲ့ ချေ(ဂျီ)အမတစ်ကောင် အသားထွက်တူတူပဲ လို့ပြောတာ''

''ဒေါင်းမရလဲ အခုချေ(ဂျီ)တစ်ကောင် ရလိုက်ပါတယ်ကွာ။ စောစောကမင်းတို့အသံကြားလိုက်တယ်မဟုတ်လား။ အဲဒီမှာလည်း တစ်ကောင်ပစ်ပြီး ထားခဲ့တယ်''

''စောဂျိမ်းတို့ကမှ နောက်မှရောက်လာပြီး ဟုတ်နေပါလား။ ကျွန်တော်တို့နှစ်ယောက် ကျည်တစ်တောင့်မှတောင် မပစ်လိုက်ရသေးဘူး''

''ဒါပေမယ့် မင်းတို့က ကျည်မကုန်ပဲ တောဝက်ရော စပါးကြီးရော ရလိုက်တယ် မဟုတ်လား''

''ဒါတော့ ဒါပေါ့ဗျာ။ ပစ်ချင်လို့မှဆိုး လုပ်တာ၊ မပစ်ရတော့ ဟာတာတာကြီးပေါ့ဗျာ''

''ကဲ– ဒီတစ်ကောင်ကို နှစ်ယောက်ထမ်း။ လမ်းကပစ်ထည့်တဲ့အကောင်ကို နှစ်ယောက်ထမ်းရင်အဆင်ပြေပြီ၊ ညနေကျရင် ထန်းရည်ဝယ်ထားဖို့ ဖုန်ဆိုင်းမိန်းမကို မှာထားခဲ့တယ်''

ကျော်စိုးက–

''ညနေကျရင် ဝက်ကာလီစာဟင်းဗျာ၊ စပါးကြီးအသားတွေကိုပြုတ်ပြီး အသားထုတ် ငရုတ်သီးနဲ့ပြန်ကြော်မယ်ဗျာ၊ နောက် ချေ(ဂျီ)အူချိုသုပ်ဗျာ၊ ဝက်ရိုးတွေကတော့ ဟင်းချိုပေါ့ဗျာ၊ မကောင်းဘူးလား''

တင်ဝင်းက–

''မင်းပြောတာနဲ့ ငါဟာတာတာကြီး တောင်ပျောက်သွားပြီ၊ တောဝက်သားကို အသားလုံးကြော်လေးပါလုပ်လိုက်ပါလားကွာ၊ မင်းလုပ်တတ်ပါတယ်၊ ထန်းရည်နဲ့ဆို သိပ်လိုက်ပေါ့''

''အေးပါ ဟုတ်ပါပြီ။ ကဲ– ဒီတစ်ကောင်ကို မင်းနဲ့ဖုန်ဆိုင်းထမ်းကွာ၊ ငါနဲ့ စောဂျိမ်းက လမ်းမှာပစ်လာခဲ့တဲ့ အကောင်ပေါ့''

ဒေါင်းတစ်ဖမရသော်လည်း ချေ(ဂျီ)နှစ်မနှင့် မုဆိုးလေးယောက်မှာ လမ်းတစ်လျှောက် သီချင်းတကြော်ကြော်မြည်၏။

**မောင်မြင့်မား (ဗိုလ်ကလေး)**






# ထူးချွန်ထက်မြက်လိုသူများအတွက်

## လက်ဆောင်မွန်

ကိုဇော (ပထဝီဝင်)

ထူးချွန်ထက်မြက်လိုသူများအတွက် မြန်မာစာပေဆိုင်ရာကို ဆက်လက်လေ့လာ ဆည်းပူးနိုင်ရန်နှင့် ရေးသားပြုစုသူများ အမြဲမပြတ် အမှီသဟဲပြုနေရမည့် စာကြည့်တိုက်အကြောင်းကို ဆက်လက်ပြီး ဆွေးနွေးတင်ပြပေးသွားပါမယ်။ ယခုတင်ပြတဲ့ အကြောင်းအချက်များကတော့ စာကြည့်တိုက်တစ်ခုရဲ့ ရှိသင့်ရှိထိုက်၊ သိသင့်သိထိုက်တဲ့ အခြေခံအချက်အလက်များသာဖြစ်တယ်။ ခေတ်နဲ့လျော်ညီစွာ ဖြစ်ပေါ်တိုးတက်လာသော ခေတ်မီစာကြည့်တိုက်များအကြောင်း ရေးသားတင်ပြထားခြင်းမဟုတ်ပါ။ ဖွံ့ဖြိုးမှုနည်းသောဒေသ၊ စာကြည့်တိုက်တစ်ခုဖြစ်အောင် စတင်ကြိုးပမ်းဆောင်ရွက်နေသော ဒေသ၊ ကျောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် အခြေခံလိုအပ်ချက်များကိုသာ ရေးသားတင်ပြခြင်းဖြစ်တယ်။ စာကြည့်တိုက်တစ်ခုတွင် မရှိမဖြစ်လုပ်ဆောင်ထားရမည့် အချက်အလက်များကိုသာ ဖော်ပြခြင်းဖြစ်တယ်။ စာကြည့်တိုက်များရှိနေသော်လည်း စာကြည့်တိုက်များကို စနစ်တကျထိန်းသိမ်းနိုင်ရန်၊ စနစ်တကျ လေ့လာဖတ်စေရန်၊ စနစ်တကျ အသုံးချတတ်ရန်တို့ကို ရည်ရွယ်တင်ပြခြင်းဖြစ်တယ်။ စာကြည့်တိုက်တွင် ထားရှိရမည့်ကတ်ပြားများအကြောင်း ဆက်လက်တင်ပြပေးပါမယ်။

စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်ဆိုင်ရာ ကတ်ပြားများကို အနည်းဆုံး သုံးမျိုးခန့် ခွဲခြားထားတတ်တယ်–

၁။ စာပေကျမ်းဂန်အမည်ကတ်ပြား

၂။ စာရေးဆရာအမည်ကတ်ပြား

၃။ ဘာသာရပ်ဆိုင်ရာ အမည်ကတ်ပြားတို့ဖြစ်တယ်။

စာကြည့်တိုက်မှ စာအုပ်ကတ်ပြားများကို အင်္ဂလိပ်ဖြင့် ဖော်ပြထားတတ်ကြတယ်–

ကျမ်းခေါ်အမှတ် မှတ်ပုံတင်အမှတ်

ကျမ်းအမည် ————————

————————

အကျုံးဝင်သော ဘာသာရပ်ခေါင်းစဉ်

၁။

၂။

၃။

မှတ်ပုံတင်အမှတ်သည် စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို ဂဏန်းဖြင့် မှတ်သားထားသော သင်္ကေတဖြစ်သည်။ စာကြည့်တိုက်သို့ ရောက်ရှိလာသော စာအုပ်ဟူသမျှကို တိုက်ပိုင်စာရင်းသွင်းရသည်။ ယင်းအမှတ်သည် စာကြည့်တိုက်အုပ်ချုပ်မှုနှင့်သာသက်ဆိုင်ပြီး စာအုပ်ကတ်ပြား၏ ညာဘက်ထောင့်တွင် မှတ်သားလေ့ရှိသည်။ ကျမ်းအမည်ကွက်လပ်တွင် ကျမ်း၏ အင်္ဂလိပ်များကို အကျဉ်းချုံး၍ ရေးသားထားသည်။ ကျမ်းပြုစုသူအမည်၊ ကျမ်း အမည်၊ ထုတ်ဝေသူအမည်၊ ထုတ်ဝေသည့်ရက်စွဲ၊ စာမျက်နှာအရေ အတွက်၊ ကျမ်းတွင်ပါသော ဇယား၊ ရုပ်ပုံ စသည်တို့ကို အကျဉ်းချုပ်၍ ရေးသားထားပြီး ကတ်ပြား၏အလယ်တွင်ရေးလေ့ရေးထရှိကြတယ်၊

အကျွမ်းဝင်သော ဘာသာရပ်ခေါင်းစဉ်များကို ကျမ်းအမည်အောက်တွင် ဖော်ပြလေ့ရှိတယ်။ ကျွန်းဂဏန်းတစ်စောင်တွင် ဘာသာရပ်တစ်ခုကို ရည်မှန်းရေးသားကြသော်လည်း အခြားဘာသာရပ်များပါ ထည့်သွင်းရေးသားသောအလေ့ ရှိသောကြောင့် သီးခြားခေါင်းစဉ်တပ် ဖော်ပြလေ့ရှိတယ်။ စာအုပ်ကတ်ပြား၏ ဘယ်ဘက်ထောင့်တွင်ရှိသော ဂဏန်းမှာ စာအုပ်ခေါ်ယူဂဏန်းဖြစ်တယ်။ ဤဂဏန်းကို စာကြည့်တိုက်ရှိ အမှုထမ်း၊ အရာထမ်းများကိုပြော၍ စာအုပ်တောင်းလျှင် အချိန်အနည်းငယ်အတွင်း ရရှိနိုင်ပါတယ်။ ယင်းဂဏန်းများကို ဂျူဝီမျိုးတူစု ခွဲခြားမှုစနစ်အရ အောက်ပါအတိုင်း ခွဲခြားထားတယ်–

| | ဂဏန်းများဖြင့်မှတ်သားထားမှု |
|---|---|
| ၁။ အထွေထွေ | ၁။ ၀၀၀ အထွေထွေကျမ်းများ |
| ၂။ အဘိဓမ္မာ | ၂။ ၁၀၀ အဘိဓမ္မာကျမ်းများ |
| ၃။ ဘာသာရေး | ၃။ ၂၀၀ ဘာသာရေးကျမ်းများ |
| ၄။ လူမှုရေးသိပ္ပံ | ၄။ ၃၀၀ လူမှုရေးသိပ္ပံကျမ်းများ |
| ၅။ ဘာသာစကား | ၅။ ၄၀၀ ဘာသာရေးစကားကျမ်းများ |
| ၆။ သိပ္ပံပညာ | ၆။ ၅၀၀ သိပ္ပံပညာကျမ်းများ |
| ၇။ လက်တွေ့ကျွမ်းကျင်မှု | ၇။ ၆၀၀ လက်တွေ့ကျွမ်းကျင်မှုကျမ်းများ |
| ၈။ အနုပညာ | ၈။ ၇၀၀ အနုပညာကျမ်းများ |
| ၉။ စာပေရေးရာ | ၉။ ၈၀၀ စာပေရေးရာကျမ်းများ |
| ၁၀။ ရာဇဝင်သမိုင်း | ၁၀။ ၉၀၀ ရာဇဝင်သမိုင်းကျမ်းများ |

ယင်းခေါင်းစဉ်ဂဏန်းများကို တစ်ဖန် ဆယ်လီစိတ်ခွဲခြား သတ်မှတ်ကြပြန်တယ်။ ဥပမာ– ၀၁၀ မှ ၀၉၀ ကဲ့သို့ အခြားခေါင်းစဉ်ဂဏန်းများကိုလည်း ဆယ်လီစိတ်ခွဲခြားနိုင်ပါတယ်။ ထို့ပြင် ဆယ်လီစိတ်ထားသော ဂဏန်းများကိုပင် ထပ်မံဆယ်လီစိတ် ခွဲခြားသတ်မှတ်နိုင်တယ်။ ဥပမာ– ၅၁၀ သင်္ချာခေါင်းစဉ်အောက်တွင်ရှိသော ကိန်းကို ၅၁၁ (ဂဏန်းသင်္ချာ)၊ ၅၁၂ (အက္ခရာသင်္ချာ)ဟု ထပ်မံခွဲခြားနိုင်တယ်။

ဂုဏ်မြင့် ဒသမကိန်းများကိုလည်း ဆယ်လီစိတ်ခွဲခြားနိုင်တယ်။ ဤနည်းများဖြင့် စာကြည့်တိုက်ရှိစာအုပ်များနှင့် စာပေကျမ်းဂန်များကို ခွဲခြားထားနိုင်သောကြောင့် မရေမတွက်နိုင်သော စာပေကျမ်းဂန်များကို မျိုးတူစုအလိုက် ခွဲခြားနိုင်ကြတယ်။ စာပေပညာ လေ့လာဆည်းပူးသူနှင့် စာပေကျမ်းဂန် ရေးသားပြုစုသူများသည် ဂျူဝီမျိုးတူစု ခွဲနည်းစနစ်ကို အပြည့်အဝတတ်ကျွမ်းထားရန် မလိုသော်လည်း မိမိအလိုရှိသော အကြောင်းအရာများကို အလွယ်တကူရယူနိုင်ရန် အရေးကြီးသောအချက်အလက်များကို သိရှိထားရန်လိုအပ်ပါတယ်။ စာပေကျမ်းဂန်များကို မျိုးတူစုခွဲသော အမှုကိစ္စသည် စာကြည့်တိုက် အမှုထမ်း၊ အရာထမ်းများ၏ တာဝန်ဖြစ်သည်။ စာပေကျမ်းဂန်ပြုစုသူနှင့် လေ့လာဆည်းပူးသူတို့သည် မိမိအကျွမ်းတဝင်ရှိသော ဘာသာရပ်ကိုသာ စိတ်ဝင်စားမှုရှိတတ်ပေသည်။ စာအုပ်ခေါ်ကိန်းဂဏန်းအမှတ်ကို လေ့လာသိရှိထားရမည်။

စာပေလေ့လာသူနှင့် စာပေပြုစုသူတို့သည် စာကြည့်တိုက်ရှိ စာအုပ်ကတ်ပြားများမှ ကျမ်းစာရင်းကို ပြုစုလေ့လာရမည်။ ထို့နောက် စာအုပ်ခေါ် ကိန်းဂဏန်းအမှတ်ကိုခေါ်၍ စာအုပ်များတောင်းယူပြီးနောက် စာအုပ်မှစာညွှန်း၊ နိဒါန်းနှင့်မာတိကာများကိုဖတ်၍ အလိုရှိသော စာအုပ်စာတမ်းများကို စာကြည့်တိုက်များမှရှာဖွေထားသော စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ငှားယူအသုံးပြုနိုင်ပါတယ်။

ယခုတင်ပြခဲ့သော အချက်အလက်များသည် ယခင် စာကြည့်တိုက်များနှင့်ပတ်သက်သော သီသင့်သိထိုက်သည့် စာကြည့်တိုက်နှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ ဖြစ်ပါတယ်။ ခေတ်မီစာကြည့်တိုက်များသည်လည်း ဤအခြေခံအချက်အလက်များကို ယခုတိုင် မှီငြမ်းအသုံးပြုလျက်ရှိပါတယ်။ ယခုအခါတွင် E-Library စာကြည့်တိုက်များလည်း ပေါ်ပေါက်လာပြီဖြစ်ပေသည်။ မည်သည့်ခေတ်၊ မည်သည့်အချိန်အခါများ ရောက်သည်ဖြစ်စေ စာပေဗဟုသုတများ စုစည်းထားရှိရာ စာကြည့်တိုက်များသည် ပျောက်ကွယ်သွားမည် မဟုတ်ပေ။ စာကြည့်တိုက်များရှိနေသရွေ့ စာကြည့်တိုက်ရှိ စာပေကျမ်းဂန်များ၊ ထိန်းသိမ်းနည်းစနစ်များသည်လည်း ရှိနေရပေမည်။ လူ့ပတ်ဝန်းကျင်များတွင် စာကြည့်တိုက်များ အစဉ်ဖြစ်ထွန်းပေါ်ပေါက်နေမှသာ လူသားများ၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများ ဆထက်ထမ်းပိုး တိုးပွားလာမည်မှာ မလွဲဧကန်မင်ဖြစ်ပါတယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသူများ စာကြည့်တိုက်များသို့ မပျက်မကွက် ဆက်ဆက်သွားရောက် လေ့လာနေကြမှသာ စာပေဗဟုသုတ၊ အသိပညာ၊ အတတ်ပညာ အစဉ်တိုးတက်နေပါမည်။ ဒါကြောင့် စာပေကျမ်းဂန်များ ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ ပြုစုပါ၊ ဟုပရေးသားကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ကျောင်းသားကလေး မောင်ငြိမ်းချမ်းဝင်း(ယခုဆရာဝန်)၏ စာစီစာကုံးတစ်ပုဒ်ကို ရွေးထုတ်တင်ပြလိုက်ပါတယ်။






# စာဖတ်ဝါသနာ

ဝါသနာဆိုသည်မှာ အားလပ်သည့်အခါ မိမိစိတ်ဝင်စားရာ အလုပ်တစ်ခုခုကို မွေ့မြူစွာ ပြုလုပ်နေခြင်းပင် ဖြစ်ပါသည်။ လူတိုင်းတွင် ဝါသနာကိုယ်စီ ရှိတတ်ကြပါသည်။ တေးဂီတ ဝါသနာပါသူသည် အားအားရှိလျှင် သီချင်းနားထောင်နေတတ်သည်။ ပန်းချီသမားကမူ သူမြင်တွေ့နေသည်ကို စုတ်ချက်တို့၌ ခံစားမှုရသကို သရုပ်ဖော်နေပေမည်။ ဥယျာဉ်စိုက်သူကလည်း ပျိုးပင်ကလေး၏ဘဝ၊ ပန်းပင်ကလေး၏အလှကိုကြည့်၍ ဥယျာဉ်မှူး၏ပီတိကို ခံစားနေပါလိမ့်မည်။

ဝါသနာကိုပင် ကောင်းသည့်ဝါသနာ၊ မကောင်းသည့်ဝါသနာဟု ခွဲခြားသိသင့်ပါသည်။ ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်ခြင်းများကား မကောင်းသည့်ဝါသနာဖြစ်ပါသည်။ ငွေကုန်၏၊ အချိန်ကုန်၏၊ ကျန်းမာရေး ထိခိုက်၏။ ထိုဝါသနာမျိုးကို ဘုရားလည်း မကြိုက်။ ရုပ်ရှင်နှင့် ဘောလုံးပွဲတို့သည်လည်း စွဲသင့်သော ဝါသနာမဟုတ်ပါ။ အချိန်ကုန်၍ ငွေကုန်လူပန်း ဝါသနာမျိုးဖြစ်ပါသည်။ လူတစ်ဦးမှာ ဝါသနာတစ်မျိုးစီတော့ ရှိသင့်သည်ဟုဆိုငြားအံ့။ စာဖတ်ဝါသနာသည် လူကြီးလူငယ်တိုင်းနှင့် သင့်လျော်သည်ဟု ဆိုချင်ပါတော့သည်။

ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာ ကြီးထွားဖွံ့ဖြိုးရေးအတွက် အစားအာဟာရကို မှီခိုရသကဲ့သို့ အသိဉာဏ်ဖွံ့ဖြိုးရေးအတွက် စာဖတ်ကြရပါသည်။ စာဖတ်ခြင်းသည် စိတ်ကို အစာကျွေးခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ငယ်စဉ်ကပင် စာဖတ်အလေ့ရှိရမည်။ စာဖတ်ပြုစုပျိုးထောင်မှု အလေ့များလာလျှင် စာဖတ်ဝါသနာပါလာမည်။ စာအုပ်များကို နှစ်လိုစွာ ဖတ်ရှုတတ်ပြီး စွဲလမ်းလာပြီး ရင်းနှီးသောမိတ်ဆွေလို သဘောထားတတ်လာပြီဆိုလျှင် စာဖတ်ဝါသနာပါရှိလာပြီဟု ဆိုရပါမည်။ "စာဖတ်ခြင်းသည် အကောင်းဆုံးမိတ်ဆွေများနှင့် တပူးတွဲတွဲနေခြင်း ဖြစ်သည်"ဟု "ဆစ်ဒနီစမစ်"ဆိုသူ ပညာရှိကြီးက ပြောခဲ့ဖူးပါသည်။

စာဖတ်လိုလျှင် စာအုပ်လို၏။ စာကြည့်တိုက်နှင့် စာအုပ်အငှားဆိုင်များမှ ရှာဖွေရနိုင်ပါသည်။ စာပေမိတ်ဆွေများထံမှလည်း ငှား၍ဖတ်နိုင်သည်။ စာပေမွေ့သူအဖို့ စာတစ်အုပ်၊ နေစရာတစ်ခုနှင့် အလင်းရောင်ရှိလျှင် လုံလောက်ပေပြီ။ စာအုပ်သာရှိနေလျှင် ကိုယ်အားလပ်သည့်အချိန်ကလေးမှာ ဖတ်နေလိုက်ရုံသာပင်။ စာဖတ်ခြင်းသည် မည်သူ့ကိုမျှ ဒုက္ခမပေးတတ်။ စာဖတ်သူအဖို့ အချိန်မကုန်၊ လူမပန်းဘဲ အကျိုးရှိစေပါသည်။ မည်သည့်စာအုပ်မျိုးဖတ်ဖတ်၊ သုတ၊ ရသ၊ အတွေးအခေါ်တစ်ခုခုကို ရပေမည်။ စာပေမွေ့သူတစ်ဦးသည် စာပေ၏ ရသကိုးပါး





အနက် မိမိနှစ်သက်ရာကို ဆွတ်ခူးစားသုံးနိုင်ပါသည်။

''အလိမ္မာစာမှာရှိ''၊ ''စာအုပ်စာပေလူ့မိတ်ဆွေ''ဆိုသည့် စကားအတိုင်း စာအုပ်များသည် သစ္စာရှိသော ထာဝရမိတ်ဆွေ ဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် လူကိုပြည့်ဝစေ၏။ လိမ္မာယဉ်ကျေးစေ၏။ အသိအမြင် ကြွယ်ဝစေ၏။ တွေးခေါ်ဉာဏ် ရင့်သန်စေ၏။ စိတ်ကောင်းများ ကိန်းအောင်းစေ၏။ စာဖတ်ခြင်းက ပညာပြည့်ဝ နှလုံးလှစေပါသည်။

ကျွန်ုပ်တို့သည် ကျောင်းစာတစ်မျိုးတည်းကို ဖတ်နေရုံဖြင့် စာဖတ်ဝါသနာပါသူဟု မဆိုနိုင်ပါ။ စာမေးပွဲအောင်ရန်ဖတ်ခြင်း။ တာဝန်အရ ဖတ်ခြင်းသည် ဝါသနာမဟုတ်ပါ။ စာအုပ်တွေ့လျှင် မဖတ်ရမနေနိုင်ဘဲ ''စာပေပျော်၍ မွေ့လျော်ငြိမ်းချမ်း''လိုသည့်စိတ် ရှိရပါမည်။ စာဖတ်ဝါသနာကြီးသူသည် စာအုပ်ရလျှင် တစ်နေရာရာမှာ ခပ်အေးအေးနှင့် သုခတုံကလေး တည်ဆောက်နိုင်ပါသည်။ ''စာအုပ်တစ်အုပ်၊ ပေါင်မုန့်တစ်ချပ်၊ ဝိုင်တစ်ခွက်နှင့် သစ်ပင်ရိပ်သာရှိပါလျှင် ကျွန်ုပ်အတွက် လောကနိဗ္ဗာန်ပင်''ဟု ကဗျာဆရာ ''အိုမာခယမ်''က ဖွဲ့ဆိုဖူးပါသည်။

စာဖတ်ခြင်းသည် အတွေးအခေါ် သယံဇာတရွှေကြောကြီး တွေ့ထားခြင်းဖြစ်၏။ သုတအကြောကိုတွေ့လျှင် ယနေ့ ကမ္ဘာကြီးအကြောင်းကို သိရမည်။ ရသစာပေကြောကြီးကို တူးမိလျှင် ဝတ္ထု၊ ကဗျာများမှတစ်ဆင့် လူတို့၏ စိတ်သဏ္ဍာန်ကို သရုပ်မှန်စွာ မြင်ရပါမည်။ ဘာသာရေးစာပေများက ''မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား''တတ်သည့် မြတ်တရားကို သိရှိရပါသည်။ ''စာဖတ်ဝါသနာပါလျှင် ရဟန်းမြတ် မဖြစ်တောင်မှ ဘယ်တော့မှ လူသတ်သမား မဖြစ်နိုင်ပါ''ဟု ဆိုခဲ့ပါသည်။

ကျွန်ုပ်တို့ ကျောင်းသားလူငယ်များသည် ငယ်ရွယ်စဉ်ကပင် စာဖတ်အလေ့ရှိရပါမည်။ ရွှေသွေးနှင့် တောဇသည် ကျွန်ုပ်တို့ စာဖတ်လေ့ကျင့်ခန်းများ ဖြစ်သည်။ ''စာဖတ်ဝါသနာအစ ရုပ်ပြက''ဟု ဆိုရပေမည်။ ထိုမှတစ်ဆင့် မဂ္ဂဇင်း၊ ဝတ္ထုများ ဖတ်တတ်လာသည်။ တပါးဝလာသောအခါ ဝတ္ထု၊ ကဗျာကဲ့သို့သော ရသစာပေများ၊ သုတစာပေ၊ အတွေးအခေါ်နှင့် ဘာသာရေးစာပေများ၏ အရသာကို ခံစားဖတ်ရှုလာပေမည်။

စာဖတ်ဝါသနာပါသူသာ စာပေအရသာကို ခံစားတတ်ပါသည်။ မဟော်သဓာဇာတ်တော်ကို ဖတ်ရသောအခါ မဟော်သဓာပညာဉာဏ်ကို ချီးကျူးအားကျမိပါသည်။ မဟော်သဓာဇာတ်တော်သည် အချစ်၊ အလွမ်း၊ အကြမ်း၊ ပညာခန်းများနှင့် ရသစုံလှသည်။ ဂျာနယ်ကျော်မမလေး၏ ''သူလိုလူ''ကို ဖတ်ရသောအခါ ဂျာနယ်ကျော် ဦးချစ်မောင်၏ စာပေဝါသနာကြီးပုံကို အားကျမိတော့သည်။ ဇော်ဂျီ၏ ''ဗေဒါလမ်း''ကဗျာများနှင့် မင်းသုဝဏ်၏ ''ပျဉ်းမငုတ်တို''ကဗျာများက ကျွန်ုပ်တို့ကို အာဟာရသစ်များ မွေးမြူးစေပါသည်။

စာဖတ်ဝါသနာထုံသူများသည် တစ်နေ့တွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲကုန်၏။ စာတို့ညီသည် ဝန်ဖင်းမင်းရာဇာ ဖြစ်သွားသည်။ မီးလင်းဖိုဘေးမှာ စာဖတ်ခဲ့ရသော အီဘရာဟင်လင်ကွန်းသည် အမေရိကန်သမ္မတဖြစ်သွား၏။ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ ဂျာနယ်ကျော် ဦးချစ်မောင်တို့သည်လည်း ပညာဗဟုသုတကို သဲကြီးမဲကြီး ရှာမှီးခဲ့သူများ ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကပင် စာဖတ်ဝါသနာကြီးခဲ့သဖြင့် နိုင်ငံရေးအသိအမြင်ကြွယ်ဝကာ မြန်မာပြည်အား သူ့ကျွန်ဘဝမှ ကယ်တင်ခဲ့ပါသည်။



အချုပ်အားဖြင့်ဆိုရလျှင် စာဖတ်ခြင်းဖြင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်၏။ ဘဝပင်လယ်ပြင်ကို စာပေအလင်းဖြင့် ကူးဖြတ်ရပါမည်။ စာပေမှရသော အသိဖြင့် လူ့ဘဝကို အံဝင်ခွင်ကျနေတတ်လာပါမည်။ ဤသို့ဖြင့် စာဖတ်ဝါသနာကို နှစ်လိုစွာကျင့်သုံးပါက ကျွန်ုပ်တို့သည် ''ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေ'' လာမည် ဖြစ်ပါသည်။

**ကိုဇော(ပထဝီဝင်)**






# ဆောင်းဝေဒိုး

မောင့်မျက်နှာငယ်မှလေး

မေထွေး

ဟိုလွန်ခဲ့သော အနှစ်လေး ဆယ်ကျော်က ဖြစ်ပါသည်။

အညာသားလေး မောင်ထွေး စီးနင်းလိုက်ပါသော ရွှေမန်းမေ အစုန်ရထားကြီးသည် ဂျိုးဂျိုးဂျက်ဂျက် ရှူးရှူးရှဲရှဲဖြင့် အပြင်းခုတ်မောင်းနေရာမှ အရှိန်လျော့လာ၏။ ကူမဲက ထွက်လာခဲ့တာကြာပြီ။ မကြာမီ သာစည်ရောက်ပေတော့မည်။

နွေကာလမို့ ပတ်ဝန်းကျင်တစ်ခုလုံးက အရိုးပြိုင်းပြိုင်းနှင့် ကန္တာရဆူးပင်များသာ လွှမ်းနေသည်။ အချို့နေရာများတွင်ကား ဖုံများက တလိပ်လိပ်ထနေကြသည်။ နေကလည်း ခြစ်ခြစ်တောက် ပူနေ၏။ အချိန်က နေ့လယ်မွန်းတည့်ချိန်။

ရထားကြီးက သာစည်ဘူတာအတွင်း ဝင်ပြီ။ သာစည်ဘူတာအတွင်း၌ လူတွေက ရှုပ်ယှက်ခတ်ပြေးလွှားနေကြ၏။ ရထားစီးမည့်သူများ၊ ရေ၊ ထမင်းနှင့်အစားအသောက် ရောင်းကြမည့်သူများ။ မန္တလေးဘက်မှ လိုက်ပါလာပြီး သာစည်ဆင်းမည့် ခရီးသည်များကို လာရောက်စောင့်ကြိုသူများ။ ဆိုက်ကားမြင်းလှည်းစသော အခနေးယာဉ်မောင်းသမားများအစုံပါပေ။

သာစည်က လမ်းဆုံလည်းကျ၏။ အနောက်ဘက်တွင် မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ အရှေ့ဘက်တွင် လှိုင်းတက်၊ ယင်းမာပင်၊ ကလော၊ အောင်ပန်း။ မြောက်ဘက်တွင် ဝမ်းတွင်း၊ ကူမဲ၊ မြစ်သား၊ တောင်ဘက်တွင် ပျော်ဘွယ်၊ ရမည်းသင်း စသော မြို့များရှိပေသည်။ ထို့ကြောင့် လမ်းဆုံကျပြီး စည်ကားနေခြင်းပါပေ။

ပထဝီသမား မောင်ထွေးက သာစည် လူစည်ရသည့်အကြောင်း စဉ်းစားကောင်းနေစဉ် ရထားကြီးက ဘူတာအတွင်း၌ရပ်သွား၏။ သူနှင့်အတူ စီးလာသူ ခရီးသည် မိတ်ဆွေကြီးက သာစည်ဘူတာမှာပင် ဆင်းချသွားသည်။ ဆင်းသူများက ဆင်းမပြီးသေးချိန်မှာပင် တက်သူများက တိုးဝှေ့တက်လာကြ၏။

ဘယ်ညာအိတ်နှစ်လုံးကိုင်၍ ပထမဆုံးတက်လာသူမှာ မယုံနိုင်စရာကိုယ်ဝန် အရင့်အမာနှင့် အမျိုးသမီးငယ်တစ်ဦး။ အသက်က ၂၅နှစ်ခန့်ထင်ရ၏။

''ပေး…ပေး…အစ်မအိတ်တွေ''

မျက်စိရှေ့တွင်ဖြစ်နေသဖြင့် မနေနိုင်၍ မောင်ထွေးက ထိုအမျိုးသမီးလက်ထဲက အိတ်နှစ်လုံးကို ဆွဲယူပြီး သူမကိုပါလွတ်နေသည့်သူ၏ဘေးမှ ထိုင်ခုံ၌ နေရာချထားပေးလိုက်၏။

''ကျေးဇူးပါပဲ မောင်လေးရယ်''

''ဘာကျန်သေးလဲ အစ်မ''

''ညီမလေးနဲ့ပစ္စည်းနည်းနည်း ကျန်သေးတယ်''

''ဘယ်မှာလဲ''

''ဟိုမှာလေ''

လှမ်းကြည့်လိုက်တော့ အသားညိုညို မျက်လုံးမျက်ခုံးကောင်းကောင်း၊ အသက် ၁၆နှစ် ၁၇နှစ်အရွယ် မိန်းမငယ်လေးတစ်ဦးနှင့် သံသေတ္တာ ၂လုံးကိုမြင်ရ၏။

> ဤသို့ဖြင့်
> သာစည်ဘူတာတွင်
> မောင်ထွေးသည်
> အမည်မသိသေးသည့်
> အသားညိုညို
> အိအိထွေးထွေး
> ကိုယ်လုံးဖွံ့ဖွံ့ဖြိုးဖြိုး
> မိန်းကလေးတစ်ဦးနှင့်
> တစ်ခုံတည်း
> အတူထိုင်ရတော့၏။

''အစ်မ ဒီမှာနေ၊ ကျွန်တော်သွားသယ်ပေးမယ်''

မောင်ထွေးက ရထားပေါ်မှဆင်းပြီး သံသေတ္တာနှစ်လုံးကို သွားသယ်ပေးသည်။ သေတ္တာတွေက ခပ်ရွယ်ရွယ်ဖြစ်သော်လည်း အတော်တော့လေး၏။

''ကျွန်မကူသယ်ပေးပါမယ်''

မိန်းမငယ်လေးက အားတုံ့အားနာဆိုရှာ၏။

''ရပါတယ်ဗျ ကျွန်တော်တစ်ယောက်တည်း နိုင်ပါတယ်''

သံသေတ္တာနှစ်လုံးသယ်ပြီး မိန်းကလေးပါခေါ်၍ ရထားပေါ်၌နေရာပေးလိုက်၏။ သူထိုင်ခဲ့သော သူ့နေရာ။

''မောင်လေးက မထိုင်တော့ဘူးလား''

''အစ်မတို့နှစ်ယောက်ပဲ ထိုင်ပါ။ ကျွန်တော် ရပ်နိုင်ပါတယ်''

''အို · · ·ဒီလို ဘယ်ဟုတ်မှာလဲ။ ပစ္စည်းတွေလည်း ကူသယ်ပေးရသေးတယ်။ နေရာတည်းဖယ်ပေးရသေးတယ်။ ဒီလို ဘယ်ဖြစ်မှာလဲ။ သုံးယောက်ပူထိုင်ကြတာပေါ့။ လူငယ်တွေပဲဥစ္စာ။ သုံးယောက်အတူထိုင်လည်းရပါတယ်။ ကဲပါ၊ လာပါ မောင်လေးရဲ့''

ဤသို့ဖြင့် သာစည်ဘူတာတွင် မောင်ထွေးသည် အမည်မသိသေးသည့် အသားညိုညို အိအိထွေးထွေး၊ ကိုယ်လုံးဖွံ့ဖွံ့ဖြိုးဖြိုး မိန်းကလေးတစ်ဦးနှင့် တစ်ခုံတည်း အတူထိုင်ရတော့၏။ ဘာကြောင့်မှန်းမသိ၊ သူ့အစ်မ ကိုယ်ဝန်သည်က ညာအစွန်ထိုင်၍ အိအိထွေးထွေးမိန်းကလေးက အလယ်မှာထိုင်သည်။ မောင်ထွေးက ဘယ်အစွန်ဆုံး ပြတင်းပေါက်အနီးမှာ။

ထိုင်ခါစမို့ နှစ်ဦးလုံး ခပ်ရှိန့်ရှိန့်ဖြစ်နေကြသည်။ နှစ်ယောက်ခုံ သုံးယောက်ထိုင်ထား၍ ကြပ်ညှပ်နေ၏။ အသားချင်းထိနေရရာ ကလေးမကို အားနာသလိုလိုပင်။

''အစ်ကို ဘယ်သွားမှာလဲဟင်''

''ကျွန်တော်က ရန်ကုန်သွားမှာပါ''

''ခင်ဗျားတို့ကရော''

''ကျွန်မတို့က ပျဉ်းမနားပါရှင်''

''ဘယ်ကလာကြတာလဲ''

''ကလောက လာကြတာပါ။ ကျွန်မ အစ်ကိုက ကလောမှာ သစ်တောဘက်က ဝန်ထမ်းပါ။ ဒါက သူ့အမျိုးသမီး။ ပထမဆုံးကလေးမွေးဖို့ ပျဉ်းမနားပြန်ကြမလို့ပါ''

''ခြည်''

''အစ်ကိုက ဘာလဲဟင်။ ကျောင်းသားလား၊ ဝန်ထမ်းလား''

ကော်လာကတုံး အင်္ကျီအဖြူခင့်ရှေ့ကို ပို၊ ဆံပင်ခွန်လုံချည်အနီကို ဆင်မြန်းထားသည့် သူ့အား မိန်းကလေးက ဝေခွဲမရသည့် မျက်နှာလေးဖြင့်ကြည့်ကာမေးသည်။

''ကျွန်တော်လား၊ ကျွန်တော်က ကျောင်းသားဝန်ထမ်း''

''ရှင်''

''ဟုတ်တယ်။ ကျောင်းသားဝန်ထမ်း''

''ဘယ်လိုပါလိမ့် အစ်ကိုရယ်။ အစ်ကို့စကား တွေများရှုပ်သွားပြီ''

''ဒီလိုလေ၊ ကျွန်တော်က နေ့မှာကျောင်းဆရာ၊ ညမှာကျောင်းသား။ နေ့မှာ မူလတန်းပြဆရာလုပ်တယ်ဗျာ။ ညကျတော့ လုပ်သားများကောလိပ် တက်တယ်ဗျာ။ နောက်ဆုံးနှစ်။ ကဲ· · ·ရှင်းပြီလား''

သူ၏ဟာသနှောသည့်အပြောကို မိန်းကလေးက သဘောကျသွားပြီး....

''အစ်ကိုက အတော်ပြောတတ်တာပဲ။

တွေးက အစ်ကိုကိုကြည့်ရတာ အရွယ်က ကျောင်းသားအရွယ်၊ ဝတ်တာစားတာက လူကြီးလို၊ မျက်နှာထားကလည်း ခပ်တည်တည်ဆိုတော့ ဘာမှန်းမသိလို့ပါ''

''အခု သိပြီမဟုတ်လား''

''မသိသေးဘူး အစ်ကို''

''အစ်ကို့နာမည်''

''ခင်မျှားနဲ့အတူတူပဲ၊ မောင်တွေး အဲ ဗိုးတွေးဗျာ''

''ခင်မျှားနာမည်ကရောဗျာ။ တွေးပါတာတော့ သိပြီးပြီ''

''တွေးနာမည်လား။ တွေးနာမည် အပြည့်အစုံက ယဉ်ယဉ်တွေးပါအစ်ကို''

''ခင်မျှားကရော ကျောင်းသူလား။ ဝန်ထမ်းလား''

အသက်၁၆နှစ်၊ ၁၇နှစ်ခန့် အရွယ်လေးကို မောင်တွေးက ခပ်တည်တည်ဖြင့် ဝန်ထမ်းလားဟုစလိုက်ခြင်းဖြစ်၏။ ကောင်မလေးက စလိုက်သည်ကို စမှန်းသိဟန်မတူ။

''အစ်ကိုက လုပ်ရှော့မယ်။ တွေးက ဒီနှစ်မှ ဆယ်တန်းဖြေထားတာ အလုပ်မလုပ်ရသေးပါဘူး''

''ဪ''

သူတို့နှစ်ဦးအပြန်အလှန်စကားပြောနေစဉ် သူမ၏အစ်မကိုယ်ဝန်သည် အမျိုးသမီးက အိပ်မောကျနေ၏။ ရထားပန်ကာလေအေးအေးကြောင့် ခရီးပန်းလာသမျှ အတိုးချကာ အနားရသည်ထင်၏။ သူ့ညီမ အိအိတွေးတွေးလေးနှင့်မောင်တွေးတို့ လွတ်လွတ်လပ်လပ် စကားပြောကြပါစေတော့ဟု မသိမသာနှင့် ခွင့်ပြုထားလေသည်လား မပြောတတ်တော့ပါ။

''ခင်မျှား အစ်မ အိပ်လှချည်လား''

''ညက မစ္စည်းသိမ်းရင်း ကျွန်မ အစ်ကိုနဲ့စကားပြောရင်း ညနက်သွားလို့ပါ''

''ဪ''

စကားတပြောပြောနှင့် ရထားကြီးက ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းမြို့များကို ဖြတ်ကျော်လာ၏။ ဘူတာများတွင် ရပ်နားချိန်ကလည်းသိပ်မကြာ၊ ခဏမျှသာ။ မကြာမီ ပျဉ်းမနားသို့ ရောက်ပေတော့မည်။ မန္တလေး သာစည်ခရီးစဉ်တွင် ဟိုငေးဒီငေး ဟိုတွေးဒီတွေး တွေးလာသည့်မောင်တွေး အတွက် မိန်းကလေးငယ်ငယ်ရွယ်ရွယ် လေးနှင့်အတူ ပူးကပ်ထိုင်ပြီး စကားတွေ



စကားတပြောပြောနှင့်
ရထားကြီးက ပျော်ဘွယ်၊
ရမည်းသင်း၊
တပ်ကုန်းမြို့များကို
ဖြတ်ကျော်လာ၏။
ဘူတာများတွင်
ရပ်နားချိန်ကလည်း
သိပ်မကြာ၊ ခဏမျှသာ။
မကြာမီ ပျဉ်းမနားသို့
ရောက်ပေတော့မည်။

တတွတ်တွတ်ပြောလာရသဖြင့် ပတ်ဝန်းကျင်ကိုပင် သတိမရမိတော့။ ပူလို့ပင်ပူမှန်းမသိတော့။ သူ့မထံမှ အပျိုစင်မိန်းကလေးတစ်ဦး၏ ကိုယ်သင်းနံ့နှင့် အမွှေးနံ့သာများက သူ့အား အပူဒဏ်ကိုပင်မေ့စေ၏။ သူ့ထံမှမှ သူသုံးနေကျ မန္တလေးမွှေးနံ့များက တောင်လေအရှေ့၌ လွင့်ပျံ့နေမည်ထင်၏။ ရထားတွဲက Sound Box မှ သန်းထွန်းလေး၏ ''**မမေ့သောအညာ**''သီချင်းကိုလွှင့်ပေးနေ၏။

''အစ်ကို ဘယ်ဇာတိလဲဟင်''

''ကျွန်တော်လား။ အညာက အညာသား။ အခုဆိုနေတဲ့ သန်းထွန်းလေးရဲ့ သီချင်းထဲက ဖုံလုံးကြီးတွေ တလိပ်လိပ်တက်ကာ မြင်ယောင်သေးတော့သည်ဆိုတဲ့ အညာဒေသ ရွှေဘိုမြောက်လက်က''

''မြောက်လက်ဆိုတာ ဘာလဲဟင်''

''မြောက်လက်ဆိုတာ ကျွန်တော်တို့ အညာအခေါ်ပါဗျာ။ မြောက်ဘက်လို့ပြောတာ''

''ဪ…အခုနေတော့ရော ရန်ကုန် ဘယ်နားမှာနေလဲဟင်''

''ရန်ကုန် မင်္ဂလာတောင်ညွန့်မှာ၊ ကျောင်းဆရာက ပုဏ္ဏန်တောင်ချောင်း၊ အရှေ့ဘက်ကမ်းက ဒေါ်ပုံမှာ''

''ခင်မျှားက မေးလှချည်လား။ ဘာလုပ်မလို့လဲ''

''အစ်ကို့ကို လေးစားသဘောကျလို့ပါ''

''ဗျာ''

''ဟင်း…ဟင်း…ဟင်း''

သူက တဟင်းဟင်းဖြင့် ရယ်လိုက်သည်။

''ဘာရယ်တာလဲ အစ်ကို''

''ခင်မျှားပြောတာသဘောကျလို့ ကျွန်တော်က ဘာမှလေးစားစရာမရှိပါဘူးဗျာ၊ သူလို ငါလိုလူပါ။ မူလတန်းပြ ဆရာပေါက်စလေးပါ''

''ဘယ်ဟုတ်မှာလည်းအစ်ကိုရဲ့၊ အစ်ကိုက ကျူဝီတတ်တာပဲ၊ အလုပ်တစ်ဖက်နဲ့ ကျောင်းလည်းတက်ဆိုတော့ ကြိုးလည်းကြိုးစားတယ်၊ ဒါကြောင့် တွေးကသဘောကျတာပါ''

''ဪ''

စကားမပြတ်မီမှာပင် ရထားက ပျဉ်းမနားဘူတာကြီးသို့ ဝင်လာ၏။

''ဟော ပျဉ်းမနားရောက်ပြီအစ်ကို၊ အစ်ကို့လိပ်စာပေးမလား''

''ဘာလုပ်မလို့လဲ''

''ထွေး သတိရတဲ့အခါ အစ်ကို့ဆီစာ ရေးချင်လို့''

''ဒါဆို ခင်ဗျားလိပ်စာလည်းပေးခဲ့လေ''

လိပ်စာချင်းလဲလှယ်အပြီး၌ ယဉ်ယဉ်ထွေးက အစ်မကိုနှိုးပြီး ရထားပေါ်က ဆင်းရန်ပြင်သည်။ ပစ္စည်းများကိုင်းချပေးလိုက်၏။ ခဏအကြာ၌ ရထားကြီး ပျဉ်းမနားမှထွက်သည်။

''ကျေးဇူးပဲနော် မောင်လေး''

''ကျေးဇူးပဲနော် အစ်ကို''

သမီးယောင်းမနှစ်ယောက် ပျဉ်းမနားဘူတာကြီးထဲ၌ လက်တပြပြဖြင့် ကျန်ရစ်ခဲ့ကြသည်။

ဩော် . . . မောင်ထွေးတစ်ယောက် သမုဒယဇာတ်လမ်းတစ်ခုကို စလိုက်မိပြန်ပြီ ထင်ရဲ့။ ချစ်စရာနုနုငယ်ငယ်အရွယ်၊ ထွေးထွေးအိအိကလေး။ နာမည်ကလည်း ယဉ်ယဉ်ထွေးတဲ့။ ကလေးမလေးပေးခဲ့သည့် စာရွက်ကလေးကို ထုတ်ကြည့်မိ၏။

''မယဉ်ယဉ်ထွေး
အမှတ်၃၄၊ (၁)လမ်း
ရွာကောက်ရပ်၊ ပျဉ်းမနားမြို့''

ဆယ်ကျော်သက်အရွယ် လူငယ်လေးတွေဆိုတော့ ဒီလို ရင်ခုန်စရာဇာတ်လမ်းများက ဖြစ်တတ်ကြသည်ပေပဲ။

\+ \+ \+ \+

ခေ့ပိတ်ထားသည့် ကျောင်းတွေပြန်ဖွင့်ပြီ။

ဆရာလေးမောင်ထွေး ဒီနှစ် အတန်းတက်ကိုင်ရ၏။ မနှစ်က သူငယ်တန်း ဒီနှစ်တော့ ဒုတိယတန်း။

သူတာဝန်ကျသည့် ဒေါ်ပုံကြည်စုရွာကလေးက အတော်များများ၊ အစိုးရဝန်ထမ်းများနှင့် သဘော်ကျင်းအလုပ်သမားများသာဖြစ်ကြ၏။ အားလုံးနီးပါး ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်ကြ၍ အလှူအတန်းလည်းဝါသနာပါကြ၏။ ယခုလည်း ရွာထဲမှာ ရှင်ပြုနားသမင်္ဂလာရှိသည်။ သူ့တပည့်ကလေးသုံးလေးဦး ရှင်ပြုသည်။ တပည့်မလေး၊ လေးငါးဦး နားသကြသည်။

''ဆရာလေး လာဖြစ်အောင်လာနော်''

တပည့်ကလေးများက ဖိတ်ကြ၍ ကျောင်းနှင့်မဝေးသောအလှူသို့ သူသွားခဲ့ရ၏။ အလှူရှင်များနှင့် စကားကောင်းနေစဉ် အလှူ့အိမ်လော်စပီကာမှ တိုက်တိုက်ဆိုင်ဆိုင် သန်းထွန်းလေး၏ 'မမေ့သောအညာ'' သီချင်းကိုဖွင့်နေသည်။ ယခုနေ့ကျမှ မောင်ထွေးတစ်ယောက် အညာပြန်ခရီးကို သတိရနေသည်။ သူ့အားကျောင်းထားပေးသည့် မွေးစားအမေနှင့်ဆွေမျိုးများ၊ အနှစ်နှစ်အလလက ချစ်ခဲ့ရသည့်ချစ်ဦးသူ ပြီးတော့ အညာဒေသ၏ ပူပြင်းသောနွေကာလ၏ ပုံရိပ်များ။

''မွေးဌာနီ . . . အညာချပ်ဆီသို့ . . . ရော်ရည်မျှော်မှန်း . . . စိတ်ဝယ်တစ်းတလွမ်းရပါသည် . . . မှန်းဆကာအတည် . . . လှည်းလမ်းကြောင်းတစ်လျှောက် . . . ဖုံလုံးကြီးတွေ . . . တလိပ်လိပ်တက်ခါ မြင်ယောင်မေးတော့သည် . . . အညာဌာနီ . . . တစ်ခါလာမည် . . . ကျွန်တော့်အတွက်တော့ မမေ့ရပါလေပြီ''

မောင်ထွေးတစ်ယောက်
သမုဒယဇာတ်လမ်းတစ်ခုကို
စလိုက်မိပြန်ပြီ ထင်ရဲ့။
ချစ်စရာနုနုငယ်ငယ်အရွယ်၊
ထွေးထွေးအိအိကလေး။
နာမည်ကလည်း
ယဉ်ယဉ်ထွေးတဲ့ . . .

ဒီသီချင်းလေးကို အညာပြန်ခရီး ရွှေမန်းမေ ရထားကြီးစီးတော့ ကြားခဲ့ရ၏။ သာစည်နဲ့ ပျဉ်းမနားကြားမှာ–

ဩော် . . . အဲဒီတုန်းက ညိုညိုညက်ညက် အိအိထွေးထွေး ကောင်မလေးတစ်ယောက်နဲ့လည်း ဖိတ်ဆွေဖြစ်ခဲ့သေးသည်။ သာစည်နဲ့ ပျဉ်းမနားခရီးမှာ သုံးလေးနာရီကြာအောင် သူမနှင့်ပူးကပ်ထိုင်ပြီး စကားတွေပြောခဲ့မိသည်။ ဘယ်တုန်းကမှ မိန်းကလေးတစ်ဦးနဲ့ ယခုလိုနီးနီးကပ်ကပ် အတွေ့မထိုင်ခဲ့ဖူး၍ မောင်ထွေး ရင်ခုန်ချင်သလိုလိုပင်။ သို့ရာတွင် ဘဝတစ်ကွေ့မှာ ခဏတွေ့ကြရ၍ စိတ်ကိုထိန်းပြီးလာခဲ့ရ၏။ မေ့လို့တော့မှမရသေး။

အလှူ့အိမ်က ပြန်ရောက်တော့ သူ့အတွက် စာတစ်စောင်က အဆင်သင့်စောင့်နေသည်။

သို့
ဆရာဦးမောင်ထွေး
လက်ထောက်မူလတန်းပြဆရာ
ဒေါ်ပုံကြည်စု
အစိုးရမူလတန်းကျောင်း
ရန်ကုန်မြို့

မှ
မယဉ်ယဉ်ထွေး
ပျဉ်းမနား

ဟိုက် ....ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် အိအိထွေးထွေး ဟိုကောင်မလေးဆီက စာ ပါလာ။ ဘာတွေများရေးထားပါလိမ့်။

စာအိတ်ပြာပြာလေးကို ဖောက်ပြီး ဖတ်လိုက်မိသည်။ ဝိုင်းဝိုင်းစက်စက် လက်ရေးကောင်းကောင်းနှင့် . . .

အစ်ကို

ထွေးစာရေးလိုက်ပါတယ်။ အစ်ကို ဘာတွေလုပ်နေလဲဟင်။ ကျောင်းတွေပြန်တက်နေရပြီလား။ ကျောင်းတွေဖွင့်လို့ ပြန်တက်နေရပြီဆိုရင် ကျောင်းသားဝန်ထမ်းကြီး အလုပ်ဝင်နေပြီပေါ့။ နေ့မှာစာပြလိုက်၊ ညမှာ စာသင်လိုက်နဲ့ပေါ့။

ထွေးကတော့ ဆယ်တန်းအောင်စာရင်းစောင့်ရင်း အိမ်အလုပ်ပဲ ကူလုပ်နေရတယ်။ အောင်စာရင်း မထွက်သေးတော့ ဘာလုပ်ရမှန်းမသိသေးပါဘူး။ ထွေးနဲ့ သာစည် ပျဉ်းမနားခရီးတုန်းက ဘတွေ့ပါခဲ့တဲ့ အစ်မလည်း ကလေးမွေးပြီ။ မိန်းကလေး၊ မကြာသေး



ဘူး။ အစ်မက ကလေးမွေးတော့ အစ်ကို့ကို သတိတရမေးတယ်။ ''ဟဲ့–စာလေးဘာလေး လှမ်းရေးပါဦး။ အဲဒီ မောင်လေးက သိပ်ကျေးဇူးတင်ဖို့ကောင်းတယ်''လို့လည်း ပြောတယ်။

ထွေးကလည်းသတိရပါတယ်။ ဒါပေမယ့် ဘာရေးရမှန်းမသိလို့ အစ်မကိုပြောတော့ ရေးတတ်တာပဲရေးလိုက်ပါဟယ်တဲ့။ ဒါကြောင့် ရေးတတ်တာပဲ ရေးလိုက်ပါတယ်။

အစ်ကို အချိန်ရတဲ့အခါ စာပြန်ပါဦး။ ဒါလောက်ပဲနော်။

ခင်မင်စွာဖြင့်

မယဉ်ယဉ်ထွေး

မောင်ထွေးကစာဖတ်ပြီး နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ အင်း…စာပြန်ရေးပါဦးဆိုပါလား။ စာပြန်ရေးသင့် မရေးသင့် အိမ်ပြန်ရောက်မှ အတူနေနောင်တော်ကြီးနှင့် တိုင်ပင်ရဦးမည်။ မောင်ထွေးအစ်ကိုက အချစ်ဝတ္ထုများနှင့် နာမည်ရစပြုနေသည့်စာရေးဆရာ။ မိန်းကလေးတွေအကြောင်း မောင်ထွေးထက်ပိုသိသည်။ ထို့ကြောင့် သူ့အကြံဉာဏ်ယူကြည့်မည်။ အိမ်ရောက်တော့ စာပြကြည့်လိုက်သည်။

''ဘယ်က စာလဲကွ''

''ဖတ်ကြည့်စမ်းပါဗျာ။ ကောင်မလေး တစ်ယောက်ဆီကစာ''

အစ်ကိုက စာဖတ်ကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

''ကဲ ....ပြောဗျာ''

''ဘာပြောရမှာလဲ''

''စာပြန်သင့် မပြန်သင့်ပေါ့ဗျ''

''ကောင်မလေးက ဘယ်အရွယ်လဲ၊ လှလှပပလေးရော ဟုတ်ရဲ့လား၊ မင်းက ရော စိတ်ဝင်စားသလား''

အစ်ကိုက လားပေါင်းများစွာမေးတော့၏။

''ကောင်မလေးက ဆယ်တန်းဖြေထားတဲ့ကျောင်းသူလေး။ အီအီထွေးထွေးနဲ့၊ မျက်နှာဝိုင်းဝိုင်း။ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း။ ဆံပင်ကောင်းကောင်းနဲ့၊ အသက်ကတော့ ၁၆၊ ၁၇ လောက် ရှိမယ်ထင်တယ်၊ အလွန်ဆုံး ၁၈ ပေါ့။ နှုတ်ခမ်းလေးကလည်းလုံးလုံးလေးဗျ''

''ဟဲ…ဟဲ…ဟဲ''

အစ်ကိုက ရယ်သည်။

''အစ်ကို ဘာရယ်တာလဲ''

''မင်းကို သဘောကျလို့ကွ''

''ဘာ သဘောကျတာလဲ''

''မင်းပြောနေတာတွေကိုလေ''

''ကဲဗျာ…အဲဒါကို အသာထား။ သူ့စာက ဘယ်လိုသဘောရသလဲ''

''ကောင်မလေးသဘောထားက ဘာလဲ''

''ဘယ်လို သဘောရ ရမှာလဲကွ။ ကောင်မလေးက မင်းကိုသဘောကျနေပြီငါ့ ညီ''

''အဲဒီတော့''

''အဲဒီတော့ မင်းစာပြန်သင့်တယ်။ မင်းကလည်း ကောင်မလေးကို စိတ်ဝင်စားနေပြီပဲ''

''အစ်ကို ဘယ်လိုလုပ်သိလဲ''

''ဟော…ဟော့ကောင်ရ၊ ကောင်မလေးအကြောင်း ငါ့ကို မင်းပြောတဲ့အခါမှာ ဆယ်တန်းဖြေထားတာရော၊ မျက်လုံး မျက်ခုံးကောင်းတာရော၊ နှာတံပေါ်တာရော၊ အသက်က ၁၆၊ ၁၇၊ ၁၈ရှိတာရော၊ အသားအရေက ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အီအီထွေးထွေးလေးရှိနေတာရော၊ နှုတ်ခမ်းလေးက လုံးဝန်းနေတာရောဆိုတော့ ဟိုစာဆိုအတိုင်းတောင်ဖြစ်နေပြီ''

''ဘယ်စာဆိုအတိုင်းလဲ''

''ဟို…ဘာတဲ့ကွာ၊ ကောင်းခြောက်ဆယ့်လေးရပ် သွေးထပ်ထပ်ရုပ်ညီ၊ ရှေးနိပါတ်ထုတ်မီသည့် ဖုသသီထွတ်ထား။ ကုမ္မာရ နတ်ကိန္နရီလို တသီကိုယ်နိုးတော့မမှား။ ကမုန္နယ်နှုတ်ပျားက ပတ္တမြားသွေးယှဉ်၊ ကြယ်ဥက္ကာ ညည့်ရောင်မီးလို့ပ မင်းမောင်ကြီးထင်လိုက်တော့တယ်၊ ဖြစ်နေပြီ ငါ့ညီ ဟဲ.... ဟဲ ....ဟဲ''

''ကဲပါကွာ၊ မင်းစာပြန်မှာသာ ပြန်စမ်းပါ။ စာလာတိုင်းတော့ ငါ့ပြကွာ။ ငါ့အတွက် အချစ်ဝတ္ထုတစ်ပုဒ်ရတာပေါ့''

''ကောင်းပါပြီဗျာ။ ဒါဆို စာပြန်လိုက်မယ်''

ဤသို့ဖြင့် ယဉ်ယဉ်ထွေးနှင့် မောင်ထွေးတို့စာများ ရစ်ကုန် ပျှင်းမနား အပြန်အလှန်သွားကာ ငှက်ခါးလေးတွေ အခါခါနားဖြစ်လေတော့သတည်း။

တိုတိုပဲပြောပါမည်။ လောကတံထွာ မွေတာအရ ၁၉၊ ၂၀အရွယ် လူပျိုလေးနဲ့ အသက်၁၆၊ ၁၇၊ ၁၈ အရွယ်အပျိုလေးစာ

တွေ အကြိမ်ကြိမ်အပြန်အလှန်ရေးကြတော့ ထွေးတွေ၊ မောင်တွေ ဖြစ်ကုန်ကြတော့သည်။

*မောင်*

*ထွေးဆယ်တန်းအောင်တယ်။ မောင်ဘာဆုချမှာလဲဟင်။ တက္ကသိုလ်ဆက်မတက်ဖြစ်သေးဘူး။ တက်ရကောင်း မကောင်းစဉ်းစားတုန်းပဲ။ အခုလောလောဆယ်တော့ အိမ်နားက ကုန်သွယ်ရေးဆိုင်မှာ အရောင်းစျေးသည်လေးဝင်လုပ်နေတယ်။ လစဉ်ဝင်ငွေရှိတော့ ကိုယ်သုံးချင်တာလေးတွေသုံးရတာပေါ့ မောင်ရယ်။ အိမ်ကပိုက်ဆံသိပ်ရှိတာမဟုတ်ဘူး။*

*မောင်တို့ ဘီအေနောက်ဆုံးနှစ်ကဘယ်တော့ဖြေရမှာလဲ။ ထွေး မောင့်ကိုသိပ်သတိရတယ်။ ''မမေ့သောအညာ'' သီချင်းသံကိုကြားတိုင်း မောင့်စကားတွေထွေးကြားယောင်နေတယ်။ မောင် စာမေးပွဲကြီးပြီးရင် ထွေးဆီလာခဲ့ပါလား။ ထွေးမျှော်နေမယ်နော်''*

*မောင်ရဲ့*

*ချစ်သောထွေး*

ဒီစာကိုလည်း မောင်ထွေးက အစ်ကိုကို ပြလိုက်သည်။

''မောင်ရဲ့ထွေးက ဘာတဲ့လဲ မော့ကောင်ရေ''

''စာဖတ်ကြည့်ဗျာ''

အစ်ကိုက စာဖတ်ပြီးတော့မေးတော့၏။

''မင်း ဘယ်လိုသဘောရလဲ။ သွားတွေ့မှာလား''

''မသိသေးပါဘူးဗျာ။ ဘီအေ နောက်ဆုံးနှစ်ဖြေဖို့က အရေးကြီးနေတယ်။ လွှမ်းရေးထက်ဝမ်းရေးကအရေးကြီးနေတယ်။ စာမေးပွဲပြီးရင်တော့လည်း စိတ်ပြေလက်ပျောက် သွားတန်သင့် သွားရမှာပေါ့''

''အေး…အဲဒါတော့ မင်းသဘောပဲ။ ဒါပေမယ့် အရေးကြီးတာတစ်ခု မင်းကိုသတိပေးရဦးမယ်''

''ဘာလဲ ပြောဗျာ''

''မင်းကောင်မလေး စာတွေမှာ စာရွက်ထိပ်စီးတိုင်း ဂဏန်းတွေ ရေးရေးထားတယ်၊ အဲဒါ မင်းသတိထားမိလား''

''အမှတ်တမဲ့ပဲဗျ''

''မင်းက ကောင်မလေးရုပ်ကျတော့



အသေအချာကြည့်လာပြီး စာကျတော့ အသေအချာမကြည့်ဘူး''

''စာက အသက်မရှိဘူးဗျ''

''ကဲပါကွာ၊ ငါပဲပြောပါမယ်၊ စာရွက်ထိပ်စီးတိုင်းမှာ ရဂဲဆိုတဲ့ ဂဏန်းတွေတပ်ထားတယ်လေကွာ။ ကဲ ဟောဒီမှာ ကြည့်''

ဪ…. ဟုတ်ပေသားပဲ။

''အဲဒါ ဘာသဘောလဲ သိလား''

''မသိဘူးဗျာ''

''မင်းကောင်မလေး ဗုဒ္ဓဘာသာ မဟုတ်ဘူး။ B.M.O ဖြစ်မယ်ထင်တယ် ဟေ့ကောင်ရေ''

''ဗျာ''

''မဗျာနဲ့ ငါ့လူ၊ ဘာမှမဖြစ်ရင်တော့ ဘာမှမဖြစ်ဘူး။ တကယ်တမ်း ယူကြမယ်ဆိုရင်တော့ ဒါကပြဿနာပဲ၊ သေချာအောင် မေးကြည့်ဦးကွ၊ တော်ကြာ ယူခါနီးမှ ဘာသာမတူလို့ နှစ်ဖက်ညှိမရတာတွေ ဖြစ်နေဦးမယ်။ အရိုးနဲ့အမေနဲ့က ဘာသာမတူရင်တော့ လွယ်လွယ်နဲ့သဘောတူမယ် မထင်ဘူး''

''အင်း…အဲဒါလည်းဟုတ်တယ်ဗျာ၊ ဘာမှမဖြစ်သေးဘဲ ယူဖို့မယူဖို့ကတော့ မစဉ်းစားနိုင်သေးပါဘူး။ မေးတော့ လှမ်းမေးလိုက်မယ်၊ သေချာသွားအောင်''

မောင်ထွေးက မမေးမဖြစ်၍ အစ်ကိုပြောသည့်ကိစ္စကို မေးရတော့၏။ မောင်ထွေးတို့က အညာမှ တကယ့်မိရိုးဖလာ ဗုဒ္ဓဘာသာ

သာများ။ ထို့ကြောင့် အစုရှယ်မှ ဖနှောင်ရှင်း သောင်မေးရတော့သည်။

*မောင်*

*ထွေးစာပြန်လိုက်ပါတယ်။ မောင် မေးတဲ့အတိုင်းမှန်ပါတယ်။ ဘာလဲ ဘာသာ မတွေ့ရင် မောင်က မချစ်တော့ဘူးလား။ ထွေး မိဘတွေကသဘောတားကြီးပါတယ် မောင်။ ထွေးကို ဘာမှချုပ်ချယ်ကန့်သတ်တာမရှိပါဘူး။ မောင်နဲ့ထွေး တွေ့ချင်တာ အဲဒီကိစ္စလည်းပါပါတယ်။*

*ကဲ…မောင်ရယ်၊ ထွေးဆီသာ လာခဲ့ပါ။ မောင်နဲ့ထွေး လူချင်းတွေ့တော့ ဒီကိစ္စလည်းဆွေးနွေးကြတာပေါ့။*

*မောင်ရဲ့*

*ချစ်သောထွေး*

ဒီစာကို အစ်ကိုအားပြရပြန်သည်။

"ဘာမှတော့ မပြောချင်သေးဘူးကွာ။ မင်းတွေ့ချင်လည်း၊ စာမေးပွဲကြီးပြီးရင် အညာအပြန် ခဏဝင်တွေ့တာပေါ့ကွာ၊ အမျိုးနဲ့လူမျိုးတွေ့တာ မဆန်းပါဘူး။ မင်းနဲ့သူ လူချင်းတွေ့ပြီးမှ ကျန်တာပြောကြတာပေါ့"

စက်တင်ဘာတွင် ဘီအေနောက်ဆုံးနှစ် စာမေးပွဲကြီးဖြေဖြစ်သည်။ အညာက ဆင်းလာကတည်းက ဘွဲ့ရရေးသည် ပထမ၊ ဘွဲ့ရရေးသည်ဒုတိယ၊ ဘွဲ့ရရေးသည် တတိယမို့ မောင်ထွေး အသေအကြေ စာကျက်ကာ ဖြေခဲ့သဖြင့် စာမေးပွဲကြီးကောင်းစွာဖြေနိုင်ခဲ့ပါသည်။ စာမေးပွဲကြီးပြီးတော့ သိပ်မစောင့်ရပါ။ အောင်စာရင်းများ ထွက်လာသည်။ အညာသားလေး မောင်ထွေး အမှတ်ကောင်းကောင်းနဲ့ ဘီအေအောင်ပြီ။

ဟူး…ကြိုးစားလိုက်ရတာ။ ကဲ စာမေးပွဲအောင်ပြီ။ ဝီဇွာပြစ်ပြီ၊ ဝီဇွာပြစ်ကြောင်း ကြော်ငြာမောင်းခတ်ရအောင် ကျောင်းထား ပေးတဲ့ အရီးနဲ့ဆွေမျိုးတွေ ကျေနပ်အောင် အကျိုးအကြောင်း ပြောရအောင် သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ မောင်ထွေး အညာကိုပြန်ခဲ့၏။

အညာမှအပြန် ပျဉ်းမနား ခရီးစဉ်အတွက်စိတ်ကူးရသဖြင့် ပျဉ်းမနားမြို့မရှေးကြီးနားက ရန်ကုန်တက္ကသိုလ်အတူတက်ခဲ့သည့် သူငယ်ချင်းကြီး ကိုသိန်းအောင်ဆီ စာတစ်စောင် ရေးလိုက်သည်။ သူငယ်ချင်းနဲ့ တွေ့ချင်တဲ့အကြောင်း၊ တစ်ညလောက် တည်းခိုချင်ကြောင်း၊ စသည်များပါဝင်၏။

ထွေးတို့ရပ်ကွက်နှင့်မြို့မဈေးကြီးကား မြို့လယ်တံတား ကြီးသာခြား၏။ အောက်က ငလိုက်ချောင်းကြီးက အတော်တော့နက်သည်။

အညာအပြန်၌ အစ်ကို စာရေးဆရာက မောင်ထွေးအား စ၏။

"ကဲ…ပေ့ကောင်ရေ တစ်ထောင့်တစ်ည ပသီပုံပြင်ထဲက အာမက်လို မင်းကိုယ်မင်းသဘောထားပြီ၊ ကောဇောပျံစီးပေတော့ပေ့"

"ဘာဖြစ်လို့လဲ အစ်ကို"

"ကောဇောပျံစီးမှ လိုတဲ့ခရီးတစ်ခါတည်းရောက်မှကွ ဟား…ဟား…ဟား"

အစ်ကိုက ဘာပြောလိုက်ပါလိမ့်။

✦ ✦ ✦ ✦

စာတိချက်ကြေ မွေးရပ်မြေမှာ သုံးလေးရက်သာ ကြာခဲ့၏။ တွေ့သင့်သူများကိုတွေ့သည်၊ ကန်တော့သင့်သူများကို ကန်တော့သည်။ ပြီးသည်နှင့် မန္တလေးကို ကားစီးသည်။ မန္တလေး တရုတ်တန်းက အစ်ကိုဝမ်းကွဲ အိမ်မှာ ညဝင်အိပ်သည်။ တရုတ်တန်းနှင့်မန္တလေးဘူတာကြီးက အတော်ထရံသာခြား၏။ နောက်တစ်နေ့ ရထားစီးတာ လွှယ်သွားသည်။

မန္တလေးက ရွှေမန်းမေးအစုန်ရထားကြီးဖြင့်ပင် လိုက်ခဲ့ပါသည်။ မနက်ထွက်သည့်ရထားက ပျဉ်းမနားသို့ ညနေသုံးနာရီခန့်တွင်ဆိုက်သည်။ ဒါဆို အတော်ပါပဲ။

လမ်းတွင်"မမေ့သောအညာ"သီချင်းကို နားထောင်ရပြန်သည်။ ဒီလိုဆိုတော့ ချစ်သောထွေးကို သတိရမိသည်။ ထွေးက ပိုစလာသလား၊ ပိုလှလာသလား၊ သူကတော့ ကြိုးစားရလွန်းအားကြီးပြီး အရင်ကထက်တောင်ပိန်ချင်ချင်။

ရထားက ပျဉ်းမနားသို့ သတ်မှတ်ချိန် ထက်ပင်စောဆိုက်၏။ ဘူတာတွင် ဟိုဟိုဒီဒီ လိုက်ကြည့်မိ၏။

ဟော…ဟိုမှာထွေးပါလား။ ပိုတောင်လှလာ ဝလာသေးသည်။ ရပ်နေတာတစ်ယောက်တည်း။ အနီရောင်ရှည်သာအင်္ကျီလက်ရှည်၊ တက်ထရွန်လုံချည်အနက်ရောင်ဖြင့် ထွေးက အရင်တွေ့စဉ်ကထက်ပင် သားနားနေ၏။ ဆံပင်ကမူ Beehive ပုံပြင်ထား၏။ နှင်းဆီနီအပွင့်အကြီးကြီးတစ်ပွင့်လည်း ပန်ထား၏။ ပါးနှစ်ဖက်၌ သနပ်ခါးပါးကွက်ကြားလေးက ကူထားသေးသည်။ သူက အညာသား၊ ရွှေဘိုသနပ်ခါးကြိုက်ကြောင်း ရေးလိုက်မိလို့လေလားတော့မသိ။

"ပေ့…ထွေး"

"ဟယ်…အစ်ကို"

ရထားရပ်သည်နှင့် အိတ်ဆွဲပြီးဆင်းလိုက်သည်။ ကျောင်းဆရာပီပီ အရင်ကလိုပင် ကော်လာလည်ကတုံး အင်္ကျီအဖြူ၊ တောင်မြို့လုံချည်အနီနှင့် အပေါ်ကတော့ တိုက်ပုံအနက်၊ သုံးနေကျ မညွှန်ရေရှမ်းခွဲလေးက သင်းသင်း။

"တစ်ယောက်တည်းလား ထွေး"

"တစ်ယောက်တည်းပဲ အစ်ကို"

ထွေးက သူ့ကို ရှုံ့ရှုံ့စားစားကြည့်ပြီးပြောသည်။ တစ်ဦးနှင့်တစ်ဦး လက်ချင်းဖမ်းကိုင်မိကြသည်။ သူက အရင်ကထက် ပိုလှလာသော ထွေးအား အသေအချာကြည့်၍—

"ထွေးက ဟိုတုန်းကထက် ပိုလှလာ

> လမ်းတွင်"မမေ့သောအညာ"သီချင်းကို နားထောင်ရပြန်သည်။ ဒီလိုဆိုတော့ ချစ်သောထွေးကို သတိရမိသည်…

တယ်''

''ဟုတ်လား အစ်ကို၊ လှတယ်ဆိုတော့ ထွေး ကျေနပ်တယ်''

''ကျေနပ်တာ နောက်ထား။ ကိုယ့်ကို အစ်ကိုလို့ မခေါ်နဲ့တော့''

''ဘယ်လိုခေါ်ရမှာလဲဟင်''

''ဘယ်လိုခေါ်ရမှာလဲ ဟုတ်လား။ မောင်လို့ခေါ်ရမှာပေါ့ ထွေးရဲ့''

''ဟင်···မခေါ်ချင်ပါဘူး။ ရှက်စရာကြီး။ ဘာမှလည်း မဖြစ်သေးဘဲနဲ့''

''အခု ဖြစ်တော့မှာလေ''

ထွေးက မျက်နှာလေးတစ်ချက် ရဲသွားသည်။ ပြီးမှ ပြုံး၍-

''ကဲပါ ဒါတွေပြောမနေနဲ့၊ ဒီည ပျဉ်းမနားမှာ အိပ်မှာလား''

''ဒါပေါ့၊ ထွေးတို့အိမ်မှာ အိပ်မယ်လေ''

ထွေးက မျက်နှာတစ်ချက်တည့်လိုက်ပြန်သည်။

''အိမ်ကို ပြောမထားမိဘူး''

တိုးညင်းစွာဆို၏။

''ဒါဆို ကိုယ်က ဘယ်မှာတည်းရမှာလဲ''

သူကခပ်တည်တည်ဖြင့် ပြောလိုက်၏။

''ထွေး မိတ်ဆွေတစ်ယောက်အိမ် လိုက်ပို့ပေးမယ်။ စဉ်းတော့စဉ်းစားထားပါတယ်''

သူကကျေနပ်စွာပြုံးလိုက်၏။ ဒီလိုဆိုတော့လည်း ယဉ်ယဉ်ထွေးက ဘယ်ဆိုးလို့လဲ။

''အလကားနောက်တာပါထွေးရာ။ စိတ်ညစ်မသွားပါနဲ့ဦး။ မြို့ထဲကြီးနားက ကိုယ့်သူငယ်ချင်းအိမ်မှာတည်းဖို့ စီစဉ်ထားပါတယ်။ ထွေးတို့ရပ်ကွက်နဲ့လည်း နီးတယ်လေ။ ချောင်းဟိုဘက်ကမ်း ဒီဘက်ကမ်းပေါ့''

''အခုထွေးတို့ ဘာလုပ်ကြမှာလဲ''

''အဲဒါ ကိုယ်မေးရမှာ၊ ဘာမှ လုပ်စရာမရှိရင် စကားပြောကြတာပေါ့။ ပြီးတော့ ကိုယ့်သူငယ်ချင်းကိုစောင့်မယ်၊ သူလာခေါ်ရင် သူနဲ့လိုက်သွားမယ်၊ ကဲပါ ဘူတာထဲမှာ သိပ်စကားကြာကြာပြောလို့ မကောင်းဘူး။ ဟိုစားသောက်ဆိုင်ဝင်ထိုင်ရအောင်''

ဘူတာစားသောက်ဆိုင်ကြီးအတွင်း ဝင်ထိုင်ကြပြီး Soft Drink အချိုရည်နှစ်ပုလင်းမှာသောက်ကြ၏။

''ထွေးက တကယ်ပိုလှလာတယ်။ ဝပြီး ပြင်တတ်ဆင်တတ်လာတယ်''

''အစ်ကိုက အဲ···အဲ···မောင်ကတော့ ပိုပြီးပိန်သွားတယ်နော်''

ထွေးက သူ့ကိုမရဲတရဲဖြင့် မောင်ဟုခေါ်လိုက်တော့ သူအလွန်ကျေနပ်သွားသည်။ ထိုင်ခုံကိုရွှေ့ထိုင်ပြီး ဘေးချင်းကပ်၍ ထွေး၏ ဘယ်ဘက်ပါးဖောင်းဖောင်းလေးကို အငိုက်ဖမ်းကာ ရုတ်တရက်သူနမ်းလိုက်၏။ အားလား···ထွေးပါးလေးက တယ်မွှေးပါလား။

''မလုပ်နဲ့မောင်၊ ဘေးမှာလူတွေနဲ့''

ဒီလိုဆိုတော့လည်း ထွေးက ရှက်တတ်သားပဲ''

''ထွေး အခုအလုပ်ဆက်လုပ်မှာလား။ တက္ကသိုလ်ဆက်တက်မှာလား''

''တက္ကသိုလ်မတက်တော့ပါဘူး မောင်ရယ်၊ ဒီအလုပ်ပဲ ဆက်လုပ်မယ်''

''ဩော်···ဘာဖြစ်လို့လဲ''

''ထွေးတို့က မောင်နှမနှစ်ယောက်တည်းရှိတာ၊ ထွေးမရှိရင် အိမ်မှာ ဘယ်သူမှ မရှိတော့ဘူး။ အပါက ဆုံးသွားပြီမောင်ရဲ့၊ အိမ်မှာအမေပဲရှိတယ်၊ အမေတစ်ခု သမီးတစ်ခုပေါ့။

''ဩော်···ဟိုအစ်မကရော''

''ကလေးပြန်သွားပြီမောင်၊ အစ်ကိုဆီပြန်သွားပြီ၊ သူတို့ကလေးလည်း နည်းနည်းကြီးလာပြီလေ''

''ဩော်''

''မောင်ကရော ဘာဆက်လုပ်မှာလဲ၊ ကျောင်းပြီးသွားပြီဆိုတော့ ဘာလုပ်ဦးမှာလဲ''

''မောင်လည်း မသိသေးပါဘူး ထွေးရယ်၊ စာမေးပွဲအမှတ်ကောင်းရင်တော့ မဟာဝိဇ္ဇာ ဆက်တက်မလားလို့''

''ဘာဖြစ်လို့လဲ မောင်''

''ဩော် ဘာဖြစ်ရမှာလဲ ထွေးရယ်၊ မိန်းမယူရင် ကိုယ့်မိန်းမဂုဏ်ရှိအောင်ပေါ့၊ ဖိတ်စာမှာတွဲ့တပ်ပြီးဖိတ်လိုက်ရင် ပျဉ်းမနားက ကောင်မလေးတွေက ဟဲ့-ယဉ်ယဉ်ထွေးတစ်ယောက် လင်ရှာကောင်းတယ်ဟဲ့၊ M.A တောင် ရအောင်ယူနိုင်တယ်ဟဲ့လို့ ပြောကြမှာပေါ့ မဟုတ်ဘူးလား···ဟား···ဟား···ဟား''



ထွေးက သူ့ကို
မရဲတရဲဖြင့် မောင်ဟု
ခေါ်လိုက်တော့
သူအလွန်ကျေနပ်သွားသည်။
ထိုင်ခုံကိုရွှေ့ထိုင်ပြီး
ဘေးချင်းကပ်၍
ထွေး၏ ဘယ်ဘက်ပါး
ဖောင်းဖောင်းလေးကို···

''အို···မောင်ကလည်း အရေးထဲမှ စနေပြန်ပြီ၊ ကဲ စဦး···''

ထွေးက သူ့ကျောကို တဘုံးဘုံးထုလိုက်၏။ ရုတ်တရက်မို့ ကောင်တာက ဆိုင်ရှင်ပင် အံ့အားသင့်သွားသည်။ ဒီစုံတွဲလေးက ဘာများဖြစ်နေသလဲပေါ့။ သူကမူ တဟဲဟဲဖြင့် ရယ်နေသည်။

''ဟေ့ကောင် မောင်ထွေး''

''ဟာ ကိုသိန်းအောင်ကြီး''

ပြောပြောဆိုဆိုပင် ပုဂံဆောင်မှာ သူခေါ်ထားခဲ့ဖူးသော ကျောင်းတုန်းက သူ့ကျေးဇူးရှင် ပျဉ်းမနားသား ကိုသိန်းအောင်ကြီး ဝင်လာ၏။



"နေဝင်ချိန် တိမ်တောက်လို့ ပျိုကြောက်တဲ့ဒီအချိန်၊ မီးရောင်ကမိုန်" ဆိုသည့် စကားရှိခဲ့ဖူးသည်။ မီးရောင်ကမှိန်ပေမယ့် လရောင်ကတော့ ရှိပါသည်။

"စောင့်နေရတာ ကြာပြီလား"

"ကြာပြီပေါ့ဗျာ၊ ဒါပေမယ့် ရပါတယ်" ကိုသိန်းအောင်က ထွေးကိုကြည့်ပြီး ချက်ချင်းသဘောပေါက်၏။ သူက ချက်ဆို နားခွက်က မီးတောက်သူ။

"ကဲ…ထွေး၊ မောင်သွားတော့မယ်၊ ညနေ ဆက်ဆက်လာခဲ့နော်၊ စကားပြောရအောင် မောင် စောင့်နေမယ်"

ထွေးက သူ့ကိုစူးစူးစိုက်စိုက်ကြည့်ပြီး မသိမသာခေါင်းတစ်ချက်ညိတ်လိုက်၏။ သူတည်းမည့်လိပ်စာလေးပေးခဲ့သည်။

"ခြောက်…ထွေးရယ်"

သူနှင့်ကိုသိန်းအောင်တို့ အပြင်ထွက်လာတော့–

"ဟော့ကောင် မင်းက တော်တော် ဟုတ်တဲ့ကောင်။ ဘယ်တုန်းက တို့ ပျို၊ မနေကာကောင်မလေးနဲ့ ချိတ်မိသွားတာလဲ၊ ကောင်မလေးက အတော်ခိုင်သကွ"

"လှသလား"

"လှတာပေါ့ကွ၊ မေဝင်းမောင်လိုလို၊ နှင်းဆီလိုလို၊ နာခေါင်းချွန်မျက်လုံးပြူးလေးနဲ့ မင်းက တော်တော်လာတဲ့ကောင်ပဲ"

"လာလို့ ခင်ဗျားတို့ပျို့မနေသာတောင် ရောက်နေပြီပဲဗျာ"

"အေးလေ ဟုတ်တာပေါ့…ဟား ဟား…ဟား…"

ကိုသိန်းအောင်က ရိုးသားပွင့်လင်းသည်။ သူ့ထက် အသက်နှစ်နှစ်သုံးနှစ် ကြီးသည်။ အင်တာဗီတုန်းက သူ့ကိုနှစ်လ သုံးလမှက်ဆောင်မှာ ခေါ်ထားပြီး ကျွေးမွေး စောင့်ရှောက်ဖူးသည်။ ညီလေး ညီလေးဖြင့်လည်း သူ့ကိုချစ်ရှာ၏။ ယခုလည်း ထွေးနဲ့ ကိစ္စသူ့ကို အကျိုးအကြောင်းပြောကာ အကူ အညီတောင်းရ၏။

"မပူပါနဲ့ငါ့လူရာ၊ ငါ့အမေနဲ့အမေက မမလေးဘက် ဘုရားဖူးတက်သွားတယ်ကွ။ အိမ်မှာ ငါတစ်ယောက်တည်း၊ အစ်ကိုတွေ အစ်မတွေကလည်း အိမ်ထောင်ကွဲတွေ၊ မင်းကောင်မလေး ခေါ်သာခေါ်လိုက် ငါ့လူရေ၊ Everything O.K ပါကွာ"

ထိုနေ့ညနေ နေဝင်ချိန်၌ ကိုသိန်းအောင်တို့အိမ်သို့ ထွေးတစ်ယောက်ရောက်လာ၏။ ဘူတာလာကြိုတုန်းကလို ဒီးလိမ်းပြင်ဆင်လှပလျက်ပါပဲ။

"နေဝင်ချိန် တိမ်တောက်လို့ ပျိုကြောက်တဲ့ဒီအချိန်၊ မီးရောင်ကမှိန်" ဆိုသည့် စကားရှိခဲ့ဖူးသည်။ မီးရောင်ကမှိန်ပေမယ့် လရောင်ကတော့ရှိပါသည်။ လရောင်ကလည်း ဒီနေ့မှမှုန်ပြပြ လကလေးစောင်းစောင်း။ ညအရှေ့ကောင်းကောင်းမှာ မောင်ထွေးနဲ့မထွေးတို့ ခရွေးကျောင်းမှင့်ဖြစ်၏။

"မောင်"

"ထွေး"

"ထွေးကိုချစ်လား မောင်"

"ချစ်လို့လာတွေ့တာပေါ့ ထွေးရယ်"

"လူချင်းတွေ့မှပြောမယ်ဆိုတာ ပြောလေ"

"ဘာတွေပြောရမှာလဲ မောင်ရယ်"

"မသိဘူးလေကွာ၊ ထွေးပြောချင်တာတွေ ပြောလေ"

သူက ထွေးရဲ့ပါးပြင်မို့မို့အား နာခေါင်းဖြင့် အကြိမ်ကြိမ်နမ်းရှုံးပြောသည်။ လက်နှစ်ဖက်ကလည်း ကောင်မလေးကို တင်းကြပ်နေအောင်ဖက်ထား၏။

"သိပ်မဖက်နဲ့မောင်၊ ထွေးမနေတော့ဘူး"

"ဘာပြောမှာလဲပြောလေ၊ မဖက်နဲ့လို့ ပါးတို့သိပ်မနမ်းနဲ့လို့ ဆိုတာချည်းပဲတော့ ပြောမနေနဲ့၊ ဖက်ချင်လို့၊ နမ်းချင်လို့ အပင်ပန်းခံပြီး မယ်မင်းကြီးမဆီကို လာတွေ့တာဗျ၊ အခုလိုတွေ့တုန်းမှာ မယ်မင်းကြီးကို မဖက်ရ မနမ်းရရင် ကျွန်တော်မျိုးကြီးက ဘာလုပ်ရမှာလဲ။ ကဲ…ပြောဗျာ"

"ဟင်း အညာသား လူအ ထင်နေတာ၊ အညာသား လူလည်"

"ကဲပါ အတာတွေ၊ လည်တာတွေ မပြောနဲ့၊ မောင်နဲ့ထွေးနဲ့ ရှေ့ရေးကိုပြော၊ ထွေးဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ၊ မောင်က ဘာလုပ်ပေးရမှာလဲ"

"အဲဒါ ထွေးကမေးရမှာပါ မောင်၊ မောင်က ဘာသာမတူရင် မချစ်တော့ဘူး ဆို"

"မပြောမိပါဘူးဗျာ၊ အခုပဲ ချစ်တဲ့ အကြောင်း သက်သေပြမှာပါ"

"အဲဒါဆိုရင်"

ယဉ်ယဉ်ထွေး စကားမဆုံးလိုက်ပါ။ မောင်ထွေးနှင့် ယဉ်ယဉ်ထွေးတို့နှစ်ဦးသည် ဒွန္ဓယကြီးတွင် အဖိုအမတို့သဘာဝအတိုင်း လျှင်မြန်စွာပေါင်းစပ်သွားကြတော့၏။ လူငယ် လူရွယ်များပီပီ လှိုင်းတံပိုးပြင်းထန်သည့် အချစ်သမုဒ္ဒရာကြီးကိုကူးခတ်ကြတော့၏။ ချစ်ရေယဉ်ကြောတွင် မျောပါသွားကြတော့၏။ အေးအတူပူအမျှ အပေးအယူ သူနှင့်ကျွန်မ သဟဇာတဖြစ်သွားကြတော့၏။ ဒီမှာဘက်ကမ်းမှသည် ဟိုမှာဘက်ကမ်း၊ ရောက်သည်အထိ ချစ်သမုဒ္ဒရာကြီးကို သူတို့ ကူးသွားနိုင်ခဲ့ကြ၏။ အချစ်လှိုင်းတံပိုးတွင် မြုပ်ချီပေါ်ချီလည်း ဖြစ်သွားကြ၏။ နောက်ဆုံးတွင်ကား–

ချစ်အဏ္ဏဝါ ချစ်ဝဲဂယက်မယ်…
ဘူတွဲလို့ဖြင့် ပျော်ချင်တယ်…
ချစ်ဇိမ်မှာနှစ်ခရီးဝယ်…ချစ်ရေယာဉ်
စီးမယ်…အဏ္ဏဝါလှိုင်းလေကြားမှာ…

ကူးကာသန်းလို့ မောင်တို့ပျော်စရာကွယ် -

ဆိုသည့်စကားနှယ် ချစ်အဟ္တူဝါ ချစ်ဝဂယက်ကို အတူတွဲယှက်နွှဲပျော်ပြီး အချစ်ရေယာဉ်ကြီးကိုလည်း ပျော်ပျော်စီးလိုက်ကြပါသတည်း။

အစ်ကိုပြောတဲ့ ကောဇော်ပျံဆိုတာ ဒါလေးလားမသိ။ လိုတဲ့ခရီးကို သူတို့ နှစ်ယောက် ကောဇော်ပျံဖြင့် ရောက်ခဲ့ကြပါပြီ။

"မောင်"

ရင်ခွင်ထဲမှ သူမကခေါ်သည်။

"အင်"

သူကပါးချင်းအပ်၍ ပြန်ထူးသည်။

"ထွေးကို ချစ်လားမောင်"

"အချစ်ဆုံးပဲ"

"တကယ်လားမောင်"

"တကယ်ပေါ့"

"မယုံဘူးလား"

"အင်း အခုယုံပြီ"

"မောင် M.A အောင်ရင် ထွေးကို တကယ်လာခေါ်မှာလား"

"တကယ်ပေါ့"

"ဒါဆိုရင် မောင်က M.A တက်မှာပေါ့နော်"

"အင်းလေ"

"ဒါဆို ထွေးစောင့်နေမယ်နော်"

ဒီတစ်ကြိမ်တွင်တော့ သူကခေါင်းပဲ ညိတ်ပြလိုက်တော့၏။

ထိုနေ့က ယဉ်ယဉ်ထွေးတစ်ယောက် သူတည်းရာအိမ်က အတော်မိုးချုပ်မှပြန်သွားခဲ့သည်။ အမေ့ကို သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်မလို့ဟု ပြောခဲ့သည်ဆိုပဲ။ ပြောဲ့ မိန်းကလေးတွေများ ချစ်သူအတွက်ဆို ဒီလိုပဲ ပြောတတ်ကြသည်ထင်ရဲ့။

မောင်ထွေး ဒီအတိုင်းပဲ တွေးမိပါသည်။ အိအိထွေးထွေးလေးနှင့် သူမ၏ဖောဒ္ဓပါရွှံအထိအတွေ့ကိုလည်း တစိမ့်စိမ့် သတိရနေသည်။ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

✦ ✦ ✦ ✦

နောက်နေ့တွင် ပျဉ်းမနားသို့ညနေရောက်လာသည့် ရွှေမန်းမေကိုပင် စောင့်စီးပြီး သူ ရန်ကုန်ကို သူပြန်ခဲ့သည်။ ထွေးကိုတော့ လိုက်မပို့ရန်ပြောလိုက်၏။ ဘူတာရဲ့၌ သူငယ်ချင်းကိုသိန်းအောင်ကြီးနှင့် သူမပြန်ခင် နှစ်ယောက်တည်း စကားပြောတော့…

"ဟေ့ကောင်…မင်းကောင်မလေးက ချစ်စရာသနားစရာလေးပါကွာ၊ ငါ့လူရေ ပစ်တော့မထားလိုက်နဲ့ဟေ့၊ မင်းအမှုမှာ ငါပါတရားခံဖြစ်နေဦးမယ်"

ဟု ဆိုလာ၏။

"ကျုပ် ဒီလောက် မရိုင်းပါဘူးဗျာ"

ဟု သူဆိုခဲ့၏။

သို့ရာတွင် အရာအားလုံးသည် ထင်သလို မဖြစ်လာပါ။ သူလည်း M.A ခေါ် မဟာဝိဇ္ဇာ ဆက်မတက်ဖြစ်ပါ။ မထင်မှတ်သော အကြောင်းတရားကြောင့် တပ်ထဲသူ ဝင်လိုက်မိသည်။ ထွေးကိုတော့ သူတပ်ထဲ လိုက်သွားကြောင်း စာရေးခဲ့၏။ ဗိုလ်သင်တန်းမှာ တစ်နှစ်ခန့်ကြာသည်။ ဗိုလ်သင်တန်းတက်နေစဉ် တစ်နှစ်ခန့်ကာလ၌ ပြင်းထန်သော စစ်လေ့ကျင့်ခန်းများကြောင့် ပြင်ပကမ္ဘာနှင့်သူအဆက်အသွယ်ပြတ်သွားခဲ့သည်။ ထွေးနှင့်လည်း သူ အဆက်အသွယ် ပြတ်ခဲ့ပါသည်။



ဗိုလ်သင်တန်းဆင်းတော့ သူတာဝန်ကျရာတပ်ကို ချက်ချင်းသွားခဲ့ရသည်။ ထွေးဆီကို သူစာရေးခဲ့သည်။ ခွင့်ရလျှင် ပျဉ်းမနားသို့ သူလာခဲ့မည့်အကြောင်းပါ ထည့်ရေးထားသည်။ စစ်ဆင်ရေးတစ်ပတ်အပြီး ပြန်ခါနီးမှ ထွေးဆီက စာလေးတစ်စောင် လက်ခံရရှိသည်။ စာက တပ်ရင်းမှာ သောင်တင်နေသည်။ သူက ရှေ့တန်းသွားနေရသည်။ ဒီစာကို သူရတော့ စာက တပ်မှာ တစ်လလောက်နီးပါး ရှိပြီထင်သည်။

"မောင်"

*ထွေးစာရေးလိုက်တယ်။ မောင် M.A မတက်ဘဲ တပ်မတော်အရာရှိဖြစ်သွားတာကို ထွေးသိပ်ဝမ်းသာပါတယ်မောင်။ ဒါပေမယ့် အခုတော့ ထွေးသိပ်ဝမ်းနည်းနေရပြီမောင်။ ဒါကတော့ အမေစီစဉ်ပေးထားတဲ့သူနဲ့ မကြာခင်မှာ ထွေးယူရတော့မယ်မောင်။ သူက ထွေးတို့နဲ့တာသာတူပါပဲ။ အမေက ကုမရတော့တဲ့ကင်ဆာရောဂါနဲ့ မကြာခင်မှာကွယ်လွန်တော့မှာ။ သူမသေခင် ထွေးကို သူသဘောတူတဲ့လူနဲ့ လက်ထပ်ပေးခဲ့ချင်တယ်တဲ့။ မောင်နဲ့ထွေးအကြောင်းကို လုံးဝမသိတဲ့ အမေ့မျက်နှာကိုကြည့်ပြီး အမေတစ်ခု သမီးတစ်ခုနဲ့မို့ အမေ့ဆန္ဒကို ထွေးမငြင်းနိုင်ခဲ့ပါဘူးမောင်ရယ်။ အမေ့စကားကို နားထောင်ခေါင်းညိတ်လိုက်ရပါတယ်။ ဒါကြောင့် ထွေးကိုနားလည်ခွင့်လွှတ်ပေးပါလို့ နောက်ဆုံးတောင်းပန်လိုက်ပါတယ်မောင်။ ဒီကိစ္စအတွက် ထွေးမှာ ကိုသိန်းအောင်ကြီးနဲ့ ပျဉ်းမနားက သူငယ်ချင်းတွေတွေ့တိုင်း ဝမ်းနည်းမျက်နှာငယ်ရပါတယ်မောင်။ ယောင်းမကလည်း ပြောတယ်။ မီထွေး နင်မောင်ထွေးကို သက်သက်ဒုက္ခပေးတာတဲ့။ ထွေးကိုခွင့်လွှတ်ပါမောင်ရယ်။ မျက်နှာငယ်ငယ်နဲ့ပဲ မောင့်ကို နောက်ဆုံးတောင်းပန်လိုက်ပါတယ် မောင်။*

*မောင်ရဲ့တစ်ခါက မျက်နှာငယ်မလေး*

*ထွေး*

"ဟူး"

"တောက်"

"ပြောဲ့…ထွေးရယ်"

မောင်ထွေး တောက်တစ်ချက်ပြင်းပြင်းခေါက်လိုက်သည်။ အညာက ပထမဆုံးရည်းစားနဲ့တုန်းကလည်း ယူဖို့အဆင်မပြေ။ ဒီပျဉ်းမနားက ကောင်မလေးယူမည်လုပ်



သည်သို့နှင့် မောင်ထွေးတစ်ယောက်
သူတာဝန်ကျရာပြည်နယ်မှ တိုင်းရင်းသူ
မိန်းကလေးတစ်ယောက်နှင့် ဘုရားသခင်
အလိုတော်အရ အိမ်ထောင်ကျခဲ့တော့၏

တော့လည်း တလွဲတချော်။

ဗြောင် · · ·ဖူးစာကံမင်းရှည်ကာလည်း ကျဲလှချည့်လားဟုသာ ဆိုညည်းရတော့သည်။

သည်သို့နှင့် မောင်ထွေးတစ်ယောက် သူတာဝန်ကျရာပြည်နယ်မှ တိုင်းရင်းသူ မိန်းကလေးတစ်ယောက်နှင့် ဘုရားသခင် အလိုတော်အရ အိမ်ထောင်ကျခဲ့တော့၏။ တိုင်းရင်းသူမိန်းကလေးက ခရစ်ယာန်မို့ ဘုရားသခင်၏အလိုတော်အရဟု ဆိုခဲ့၏။ အကယ်၍ ယဉ်ယဉ်ထွေးသာဖြစ်ခဲ့လျှင် အလ္လာဟ့ရှင်မြတ်၏ အလိုတော်အရဟုသာ သူဆိုရမည်ထင်ပါ၏။

ပြီးခဲ့တာတွေက ပြီးခဲ့ပါပြီလေ။ ဒွန္ဒယာကြီးကတော့ အဲ့သဟာနှင့်ပင် သူဖြစ်ချင်တာတွေ ဖြစ်နေလေသည်တကား။

✦ ✦ ✦ ✦

နှစ်အနည်းငယ် ကြာသွားခဲ့ပါပြီ။

မောင်ထွေးလည်း သူ့အိမ်ထောင်နှင့်သူ အသားကျနေပါပြီ။

တစ်နေ့သ၌ မောင်ထွေးဇနီးချော ငယ်ငယ် တိုင်းရင်းသူလေးက အောက်ပါအတိုင်း ပြောလာ၏။

''ကို''

''ပြောပါ''

''ပြည်ဘက်မှာ ပါးပါးသစ်တွေ သွားထုတ်တယ်ကို''

''အဲဒါ ဘာဖြစ်လဲ''

''အဲဒီ သစ်ထုတ်လုပ်ရေးစခန်းမှာ မန်နေဂျာဆိုတဲ့သူက ပါးပါးနဲ့ တအားခင်တယ်။ သူ့မှာ ညီမတစ်ယောက်ရှိတယ်။ ကုလားဆင် ခပ်ချောချောလေးတဲ့''

''ပြောပါ မိန်းမရယ်၊ မင်းဘာပြောချင်တာလဲ''

''အဲဒီအမျိုးသမီးက ကို့ကိုသိတယ်ဆိုပဲ''

''သိချင်လည်း သိမှာပေ့ါ၊ အဲ့ဒါ ဘာဖြစ်လဲ''

''သူက ငယ်ငယ်တုန်းက ကိုနဲ့တအားကို ခင်ခဲ့တာတဲ့၊ အဲဒါ ဟုတ်လား ကို''

''နေပါဦး။ မင်းကို ဘယ်သူပြောတာလဲ၊ အဲဒီ အမျိုးသမီးနာမည်က ဘယ်သူတဲ့လဲ၊ ကိုယ်နဲ့ဘယ်တုန်းက ခင်ခဲ့တာတဲ့လဲ''

''နာမည်က ယဉ်ယဉ်ထွေးတဲ့။ ကိုနဲ့ သိပ်ခင်တာ၊ ဟို လွန်ခဲ့တဲ့ သုံးလေးနှစ်ကတဲ့၊ မေ့ကိုပြောလာတာတော့ မေ့အဖေ ပါးပါးကိုယ်တိုင်ပဲလေ''

''ဟင်''

''ဒါတွေကို မင်းအဖေက ဘယ်လိုတိတိကျကျ သိလာခဲ့တာလဲ''

''အဲဒီ အမျိုးသမီးက တပ်နာမည်ရော ကို့နာမည်ရော အသေအချာပြောနိုင်တယ်လေ၊ ဒါကြောင့် ပါးပါးက သိလာခဲ့တာ''

''အဲဒီတော့ မင်းအဖေက ဘာများ ပြောခဲ့သေးလဲ''

''ပါးပါးက အဲဒါ ကျွပ်သားမက်၊ ကျွပ်သမီးအကြီး ယောကျ်ားလို့ ပြောခဲ့တယ်တဲ့''

''ဗြောင်· · ·အင်း''

''အဲဒီတော့ အဲဒီအမျိုးသမီးက ဘာပြောသေးသတဲ့လဲ''

''ပါးပါးက အဲဒီလိုပြောတော့ သူက ငိုတယ်တဲ့၊ ငိုတာကတော့ သူငယ်ချင်း ကိုကို သတိရလို့ပါဆိုပြီးငိုတာတဲ့၊ မျက်ရည်ကျတာပေ့ါ ကိုရယ်''

''ဗြောင်''

''အဲဒီ အမျိုးသမီးနဲ့ကို တကယ်ရော သိခဲ့သလားဟင်''

''သိခဲ့တယ်လေ''

''ဘယ်လိုသိတာလဲ''

''မေ သိတဲ့အတိုင်း အဲဒီမန်နေဂျာရဲ့ ညီမလို့ သိခဲ့တာလေ''

''ကိုနဲ့ရော ဘယ်မှာသိခဲ့တာလဲ''

''ခရီးသွားရင်း ရထားပေါ်မှာ သိခဲ့တာပါကွာ''

''ဗြောင် · · ·ဒါနဲ့များ အဲဒီမိန်းမက မျက်ရည်ကျရတယ်လို့''

ဇနီးချော ငယ်ငယ်က စူးစမ်းဟန် မကျေနပ်ဟန်နှင့်ဆိုသည်။

မောင်ထွေး ဘာမှဆက်မပြောလိုတော့ပါ။ ဆက်ပြောရရင်တော့ ပြန်မပြောရင် ပြောချင်တယ်ဖြစ်သွားပါလိမ့်မည်။

ဒီဇာတ်လမ်းက ဒီမှာတင် တစ်ခန်းရပ်သင့်ပါပြီ။ ယဉ်ယဉ်ထွေး အမှန်တကယ်ပဲ အိမ်ထောင်ကျသွားခဲ့သလား။ မကျသေးလားဆိုတာ သူမသိတော့ပါ။ သိလည်း မသိချင်တော့ပါ။ အရာအားလုံးက ပြီးဆုံးသွားခဲ့ပါပြီ။ ရထားပေါ်မှာ ကြားခဲ့သည့် ''မမေ့သောအညာ''သီချင်းသံကို သူသဲ့သဲ့ကြားရပြန်၏။ တော်ပါပြီ။ ဒီသီချင်းကို သူမကြားလိုတော့ပါ။ မျက်နှာငယ်မလေး ထွေးကိုလည်း မမေ့မဖြစ်သူမေ့လိုက်ပါပြီ။ မေ့လိုက်ပြီဆိုပေမယ့် ''မမေ့သောအညာ''သီချင်းနှင့် တစ်ခါက ချစ်ခဲ့ရသူ မယဉ်ယဉ်ထွေးခေါ် အိအိထွေးထွေးညိုညက်ညက် မျက်နှာငယ်မလေး ထွေးကိုတော့ သူ့ရင်မှာ ထာဝစဉ်ရှိနေမည်ကို ကာယကံရှင်သူသာ အသိဆုံးပါတည်။

ဗြောင်· · ·မောင်ရဲ့ တစ်ခါက မျက်နှာငယ်မလေး ထွေးရယ်။

**သောင်းဝေဦး**

# ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940